# မရေရာမှုများဆီသို့ လှမ်းဝင်ခြင်း

## မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ပြည်တွင်း၊ ပြည်ပဒုက္ခသည်များ ၏ နေရပ်ပြန်သည့်အတွေ့အကြုံများ



KHRG ကရင်လူ့အခွင့်အရေးအဖွဲ့
ကျေးလက်နေပြည်သူများ၏အသံများကိုမှတ်တမ်းပြုစုခြင်း

# မရေရာမှုများဆီသို့ လှမ်းဝင်ခြင်း

မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ပြည်တွင်း၊ ပြည်ပဒုက္ခသည်များ၏ နေရပ်ပြန်သည့်
အတွေ့အကြုံများ

ကရင်လူ့အခွင့်အရေးအဖွဲ့
၂၀၂၀ ခုနှစ်၊ ဩဂုတ်လ

**မရေရာမှုများဆီသို့ လှမ်းဝင်ခြင်း**
မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ပြည်တွင်း၊ ပြည်ပဒုက္ခသည်များ၏ နေရပ်ပြန်သည့်အတွေ့အကြုံများ

ကရင်လူ့အခွင့်အရေးအဖွဲ့မှ ရေးသားထုတ်ဝေသည်။
၂၀၂၀ ခုနှစ်၊ ဩဂုတ်လ။ KHRG #2020-01

အရှေ့နှင့် အနောက်မျက်နှာဖုံးပုံ၏ ဓာတ်ပုံများအကြောင်းအား ဤအစီရင်ခံစာ၏နောက်ဆုံးစာမျက်နှာတွင် ကျေးဇူးပြု၍ကြည့်ပါ။

ကရင်လူ့အခွင့်အရေးအဖွဲ့အား ၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ပြီး မြန်မာပြည်အရှေ့တောင်ပိုင်းကျေးလက်ဒေသများရှိ ရွာသားများနှင့် ဒေသခံလူထုများ၏အခြေအနေများအား ၎င်းတို့နှင့်တိုက်ရိုက်တွေ့ဆုံမေးမြန်းခြင်းများ၊ ဓာတ်ပုံနှင့် အခြားအထောက်အထားများအားဖြင့် မှတ်တမ်းတင်မှုများပြုလုပ်ပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့သည် သီးခြားလွတ်လပ်စွာလှုပ်ရှားဆောင်ရွက်သော အဖွဲ့အစည်းဖြစ်ပြီး မည်သည့်နိုင်ငံရေး သို့မဟုတ် အခြားအဖွဲ့အစည်းများနှင့်ပတ်သက်ခြင်းမရှိပါ။ ကျွန်ုပ်တို့၏လုပ်ငန်းများကို သိရှိလိုပါက အင်တာနက်စာမျက်နှာဖြစ်သည့် www.khrg.org တွင် တွေ့ရှိနိုင်ပါသည်။ သို့မဟုတ် ကျွန်ုပ်တို့၏ ထုတ်ဝေပြီးသော အစီရင်ခံစာများကို ရယူလိုပါက အီးမေးလ်လိပ်စာ khrg@khrg.org သို့ ဆက်သွယ် တောင်းယူနိုင်ပါသည်။

ဤအစီရင်ခံစာအား ကရင်လူ့အခွင့်အရေးအဖွဲ့မှ ၂၀၂၀ တွင် ထုတ်ဝေပြီးအဖွဲ့၏မူပိုင်ဖြစ်သည်။ ဤအစီရင်ခံစာတွင်ပါရှိသောအကြောင်းအရာများကို မိမိကိုယ်ပိုင်အကျိုးအမြတ်အတွက်မဟုတ်ပဲ အများအကျိုးအတွက် သို့မဟုတ် သတင်းမီဒီယာများတွင်ဖော်ပြလိုခြင်းနှင့် ဆက်စပ်သည့်ရည်ရွယ်ချက်များအတွက် ထပ်မံကူးယူအသုံးပြုခြင်း သို့မဟုတ် ဖြန့်ဝေခြင်းများလုပ်ဆောင်နိုင်ပါသည်။ သို့သော် စီးပွားရေးအကျိုးအမြတ်အတွက်ပြန်လည်အသုံးပြုထုတ်ဝေလိုပါက ကရင်လူ့အခွင့်အရေးအဖွဲ့ထံမှ ဦးစွာခွင့်ပြုချက်ရယူရန်လိုအပ်ပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့မှ ဤအစီရင်ခံစာအား မူလအင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ပြန်ဆိုထားခြင်း ဖြစ်သည်။

**ဤအစီရင်ခံစာသည် ရောင်းရန်မဟုတ်ပါ။**

ဤအစီရင်ခံစာ စာအုပ်ထုတ်ဝေမှုအား အောက်ပါအဖွဲ့အစည်းများမှ ရန်ပုံငွေပံ့ပိုးပေးထားပါသည်။

Livelihoods and Food Security Fund

LIFT · UKaid · European Union · Swiss Agency for Development and Cooperation SDC · Australian Aid · USAID · Canada · New Zealand Foreign Affairs & Trade Aid Programme · Irish Aid · Norwegian Ministry of Foreign Affairs

managed by UNOPS

UKaid from the British people

HARP-F Humanitarian Assistance and Resilience Programme Facility

## ရှင်းလင်းချက်

ဤအစီရင်ခံစာတွင်ပါဝင်သော အကြောင်းအရာများသည် ကရင်လူ့အခွင့်အရေးနှင့်သက်ဆိုင်ပြီး LIFT၊ HARP Facility သို့မဟုတ် TBC အဖွဲ့တို့၏ ယူဆချက်အမြင်သက်ရောက်မှုများ လုံးဝမပါရှိကြောင်း ရှင်းလင်းအသိပေးအပ်ပါသည်။

# မာတိကာ

**အစီရင်ခံစာ အနှစ်ချုပ်** ---------- ၄

**နိဒါန်း** ---------- ၅
အစိကရာဖွေတွေ့ရှိချက်များ ---------- ၈
အကြံပြုချက်များ---------- ၁၂
အစီရင်ခံစာပြုစုပုံနည်းစနစ်---------- ၁၅
မြေပုံ ၁ - မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ပြည်တွင်းနေရပ်ရွှေ့ပြောင်း
နေထိုင်သူများ ပြန်လည်နေထိုင်ရာဒေသနှင့် ဒုက္ခသည်များပြန်လည်နေရာချထားရေး
နေရာများ (KHRG ၏တွေ့ဆုံမေးမြန်းမှုမှ ရရှိခြင်း) ---------- ၁၉
ဝေါဟာရနှင့် အတိုကောက်အသုံးအနှုန်းများ ---------- ၂၀

**အခန်း (၁) ပြန်လည်အခြေချနေထိုင်မှု အတွေ့အကြုံများနှင့် ပြန်လည်အခြေချနေထိုင်ရေးအစီအစဉ်** -- ၂၁
(က) နေရပ်ပြန်ရန် ဆုံးဖြတ်ချက်ချခြင်း ---------- ၂၁
(ခ) ပြန်လည်အခြေချနေထိုင်မှုပုံစံများနှင့် နည်းဗျူဟာများ---------- ၂၇
(ဂ) မိမိဆန္ဒအလျောက်ဘေးကင်းလုံခြုံစွာနှင့်သိက္ခာရှိစွာနေရပ်သို့ပြန်ခြင်းလော ---------- ၄၇

**အခန်း (၂) နိုင်ငံသားဖြစ်ခွင့်နှင့် လူထုလုပ်ငန်းများတွင်ပါဝင်ခွင့်များ** ---------- ၅၁
(က) တရားဝင်အထောက်အထားများ ---------- ၅၁
(ခ) တရားမျှတမှုရရှိခြင်း ---------- ၅၆
(ဂ) ရွေးကောက်ပွဲ ---------- ၅၈
(ဃ) ဒေသတွင်းဆုံးဖြတ်ချက်ချခြင်း ---------- ၆၀
(င) နေရပ်ပြန်သူများအား ခွဲခြားဆက်ဆံခြင်း ---------- ၆၁

**အခန်း (၃) ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်းလုပ်ငန်း** ---------- ၆၅
(က) အသက်မွေးဝမ်းကျောင်း ---------- ၆၅
(ခ) နေအိမ်နှင့် လူနေမှုအဆင့်အတန်းများ---------- ၇၄
(ဂ) ကျန်းမာရေး ---------- ၈၁
(ဃ) ပညာရေး ---------- ၈၄

**အခန်း (၄) ဘေးကင်းလုံခြုံရေး** ---------- ၈၈
(က) အကြမ်းဖက်မှုနှင့် ခြိမ်းခြောက်မှုများ---------- ၈၈
(ခ) အထွေထွေလုံခြုံရေးအခြေအနေ-UNHCR အစီအစဉ်ဖြင့် နေရပ်ပြန်ခဲ့သော ဒုက္ခသည်များ----- ၈၉
(ဂ) အထွေအထွလုံခြုံရေးအခြေအနေ-မိမိ၏အစီအစဉ်ဖြင့်နေရပ်ပြန်ကြသော IDP နှင့်
ဒုက္ခသည်များ ---------- ၉၁
မြေပုံ ၂ - မြန်မာပြည်အရှေ့တောင်ပိုင်းရှိ တပ်မတော်တည်ရှိရာနေရာများ
(ကေအဲန်ယူ မြောက်ပိုင်းရှိခရိုင်များ)---------- ၉၅
(ဃ) မပေါက်ကွဲသေးသော လက်နက်ခဲယမ်းများနှင့် မြေမြှုပ်မိုင်းများ ---------- ၉၆

**အခန်း (၅) နေရပ်ပြန်သူများ၏ အမြင်သဘောထားများနှင့် အကြံပြုချက်များ** ---------- ၁၀၁

**နိဂုံးချုပ်** ---------- ၁၀၅

**ဓာတ်ပုံ - အရှေ့မျက်နှာဖုံးနှင့် အနောက်မျက်နှာဖုံး** ---------- ၁၀၆

# အစီရင်ခံစာ အနှစ်ချုပ်

၂၀၁၅ ခုနှစ် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေး ထိုးပြီးနောက်ပိုင်း နေရပ်ပြန်လည်ပို့ဆောင်ရေးလုပ်ငန်း အစပြုလုပ်ဆောင်ခြင်းများရှိလာသည်နှင့်အမျှ မြန်မာပြည်တွင်း၌ ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူ(IDP)များ နေရပ်သို့ပြန်သွားခြင်းများမှာလည်း တစ်ဖြည်းဖြည်း ပို၍တိုးများလာခဲ့ပါသည်။ မြန်မာပြည်၏အနာဂတ်တွင် တိုင်းရင်းသားလူနည်းစုများအတွက် တန်းတူညီမျှမှုကိုအာမခံချက်ပေးလိုလျှင် ပြန်လည်အခြေချနေထိုင်သူများ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး ပြန်လည်ပေါင်းစည်းမှုများသည် အရေးကြီးလှပါသည်။ မြန်မာပြည်အရှေ့တောင်ပိုင်း ကျေးလက်ဒေသများတွင် ပြန်လည်နေထိုင်သူဒုက္ခသည်များနှင့် IDPများ၏ အခြေအနေသည် လွန်စွာခက်ခဲနေသေးသဖြင့် အများစုသည် အခြေခံလိုအပ်ချက်များအတွက် ရုန်းကန်နေရပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်စတင်ရန်အတွက်လည်း လိုအပ်ချက်များစွာ ရှိနေသေးသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့(KHRG) မှပြုလုပ်ခဲ့သော ပြန်လည်အခြေချနေထိုင်သူများနှင့် လူတွေ့မေးမြန်းခန်းများမှရရှိသော အချက်အလက်များအရ လက်ရှိကူညီထောက်ပံ့ရေးလမ်းကြောင်းများသည် လုံလောက်မှုမရှိပေ။ ကုလသမဂ္ဂမဟာမင်းကြီးရုံး (UNHCR)၏ အကူအညီဖြင့်ပြန်လာသူများသည် အစိုးရနှင့်အဖွဲ့အစည်းများ၏ အကူအညီမပါပဲ မိမိအစီအစဉ်ဖြင့် နေရပ်သို့ပြန်သွားသည့် ဒုက္ခသည်များကဲ့သို့ပင် ၎င်းတို့၏ဘဝပြန်လည်ထူထောင်ရာတွင် လုပ်ဆောင်နိုင်မှု စွမ်းရည်မရှိကြပေ။ ထို့ပြင် ပြန်လည်နေရာချထားရေးအထောက်အပံ့နှင့် နောက်ဆက်တွဲစီစစ်မှုများစောင့်ကြည့်ရန် ကတိပျက်ခြင်းသည် နေရပ်ပြန်သူများအား အထူးအကူအညီလိုအပ်သူများအဖြစ် ခက်ခဲသည့်ဘဝသို့တွန်းပို့စေသည်။ အကယ်၍ နေရပ်ဒေသအသစ်တွင် ၎င်းတို့၏ဘဝအား ပြည့်စုံစွာပြန်လည်ထူထောင်နိုင်ခြင်းမရှိပါက နောင်တွင်လည်းနေရပ်ရွှေ့ပြောင်းမှုကို ထပ်မံဖြစ်စေမည်ဖြစ်သည်။

နေရပ်ပြန်သူများအတွက် တရားဝင်စာရွက်စာတမ်းများပြုလုပ်ရာတွင် အကူအညီအချို့ရရှိကြသော်လည်း အများစုမှာ ၎င်းတို့ရရှိသင့်သည့် နိုင်ငံသားစိစစ်ရေးကပ်ပြားများရရှိရန်အတွက် အခက်အခဲများ ရှိနေကြဆဲဖြစ်သည်။ မြေယာ၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရန်အတွက် တရားဝင်စာရွက်စာတမ်းများလိုအပ်သောကြောင့် ဤအခက်အခဲသည် နေရပ်ပြန်သူများ၏ နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးပူးပေါင်းပါဝင်မှုများအတွက် အဟန့်အတားဖြစ်စေသည်။ နောက်ဆုံးအနေဖြင့် နေရပ်ပြန်သူများသည် မိမိတို့၏အခြခံလိုအပ်ချက်များအား ဖြည့်ဆည်းရန်အတွက် နေ့စဉ်နှင့်အမျှရုန်းကန်နေရသောကြောင့် လာမည့်ရွေးကောက်ပွဲနှင့် ဒေသတွင်းဆုံးဖြတ်ချက်ချမှုများတွင်ပါဝင်ရန် စိတ်ဝင်စားမှုနှုန်း အလွန်နည်းပါးလှပါသည်။ အချို့နေရပ်များတွင် လက်နက်ကိုင်အဖွဲ့များ၊ မပေါက်ကွဲသေးသော လက်နက်ခဲယမ်းများနှင့် မြေမြှုပ်မိုင်းများရှိနေသောကြောင့် အချို့နေရပ်ပြန်သူများ၏ ဘေးကင်းလုံခြုံမှုများအတွက် စိုးရိမ်စရာများရှိနေသေးသည်။ စီးပွားရေးနှင့်ရုပ်ပိုင်းဆိုင်ရာ ဘေးကင်းလုံခြုံမှုမရှိခြင်းသည် ရပ်ရွာတည်တံ့ခိုင်မြဲရေး၊ ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးဖော်ဆောင်ရေးတွင် နေရပ်ပြန်သူများအတွက် နိုင်ငံရေးနှင့်လူမှုရေးဘက်များမှ ပါဝင်နိုင်ခွင့်နည်းပါးသူများအဖြစ် ဆက်လက်ရပ်တည်နေရမည်ဖြစ်သည်။

ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ်တွင် ယုံကြည်မှုနည်းပါးခြင်း၊ အုပ်ချုပ်သူအစိုးရအပေါ် ယုံကြည်မှုမရှိခြင်းနှင့် လက်ရှိအစိုးရမှ၎င်းတို့အားထည့်သွင်းမစဉ်းစားခြင်း စသည့်ခံစားချက်များကို နေရပ်ပြန်သူများမှ ဖော်ပြကြသည်။ ၎င်းတို့၏ခံစားချက်များအရ သမိုင်းတစ်လျှောက်ဖြစ်ပွားလာခဲ့သည့် ပဋိပက္ခများနှင့် အကြမ်းဖက်မှုများသည် ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ပေါင်းစည်းရေးလုပ်ငန်းများအတွင်း ကိုင်တွယ်ဖြေရှင်းပေးမှုများမရှိကြောင်းကို ရှင်းလင်းစွာပြသနေသည်။ နေရပ်ပြန်သူများရင်ဆိုင်နေရသည့်အခက်အခဲများကို သတိမူလာကြစေရန် ယခုအစီရင်ခံစာတွင် မီးမောင်းထိုး ပြသထားပါသည်။ သို့မှသာလျှင် ရေရှည်တည်တံ့ပြီး ဂုဏ်သိက္ခာရှိသည့် ပြန်လည်နေရာချထားရေးလုပ်ငန်းများ ပို၍ကောင်းမွန်လာစေရန် လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ဤအစီရင်ခံစာ တစ်ခုလုံးတွင် KHRG မှ နေရပ်ပြန်သူများ၏ စိုးရိမ်ပူပန်မှုများကိုသိမြင်လာစေရန် ၎င်းတို့၏ကိုယ်တွေ့အတွေ့အကြုံများကို အလေးပေးဖော်ပြထားပါသည်။ မြန်မာအစိုးရ၊ သက်ဆိုင်ရာတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ကူညီထောက်ပံ့သူများအနေဖြင့် ၎င်းတို့၏အမြင်သဘောထားများကို တာဝန်ယူကိုင်တွယ်ဖြေရှင်းသင့်ပါသည်။

# နိဒါန်း

KHRG မှ ဘားအံခရိုင်၊ မယ်လဝေလယ်မူးနှင့် ဒူးပလာယာခရိုင်၊ လေးဖာထောသို့ လတ်တလောပြန်လည်အခြေချနေထိုင်သည့် ဒုက္ခသည်များ၏အခြေအနေနှင့်ပတ်သက်သည့် သတင်းအကျဉ်းချုပ်တစ်ခုကို ၂၀၁၉ ခုနှစ်၊ ဇွန်လတွင် ထုတ်ပြန်ခဲ့သည်။ အဆိုပါသတင်းအကျဉ်းချုပ်၏ဖော်ပြချက်အရ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် နေရပ်ပြန်သူအများစုမှာ UNHCR နှင့် အခြားလုပ်ဖော်ကိုင်ဖက်အဖွဲ့အစည်းများ၏အကူအညီဖြင့် ထိုင်းအစိုးရနှင့်မြန်မာအစိုးရတို့မှဦးဆောင်သော မိမိဆန္ဒအလျောက်ပြန်လည်နေရာချထားရေးအစီအစဉ်ဖြင့် မြန်မာပြည်တွင်းသို့ ပြန်လာခဲ့သူများဖြစ်ကြသည်။ ထိုသူများကို KHRG မှလူတွေ့မေးမြန်းမှုများပြုလုပ်ရာတွင် ၎င်းတို့၏အခြေခံလိုအပ်ချက်များဖြစ်သည့် မြေယာများ သို့မဟုတ် ဝင်ငွေအခွင့်အရေးများနည်းပါးခြင်း စသည့်စိန်ခေါ်မှုအခက်အခဲများကို ရင်ဆိုင်နေရကြောင်းတင်ပြခဲ့ကြသည်။ ၎င်းတို့မှ အခြားပြဿနာများဖြစ်သည့် မပေါက်ကွဲ သေးသောလက်နက်ခဲယမ်းများရှိနေခြင်း၊ ပြန်လာချိန်တွင် ဘေးကင်းလုံခြုံမှုမရှိသည့် ခရီးလမ်းများဖြတ်လာရခြင်းနှင့် ဒေသတွင်းလက်နက်ကိုင်များရှိနေခြင်းကြောင့် လုံခြုံရေးအတွက် စိုးရိမ်နေရခြင်းတို့ကိုပါ တင်ပြခဲ့ကြသည်။[1]

၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင်ပြုလုပ်ခဲ့သည့် UNHCR အကူအညီဖြင့်နေရာပြန်လည်ချထားမှုသည် တတိယအကြိမ်ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ဤအစီအစဉ်အား နောင်တွင်လည်းဆက်လက်လုပ်ဆောင်သွားရန်ရှိပါသည်။ အမှန်စင်စစ် ၂၀၁၉ ခုနှစ်တွင် မြန်မာအစိုးရနှင့်ထိုင်းအစိုးရတို့မှ ဒုက္ခသည်နှစ်စုကို မိုးရာသီမတိုင်ခင်နှင့် မိုးရာသီနောက်ပိုင်း တစ်နှစ်လျှင်နှစ်ကြိမ် ပြန်လည်နေရာချထားမည်ဟု သဘောတူညီခဲ့ကြပါသည်။[2] ထိုင်းနိုင်ငံအခြေစိုက် UNHCR မှလည်း နောင်လာမည့်လေးနှစ်အတွင်းတွင် ထိုင်းမြန်မာနယ်စပ်တစ်လျှောက်ရှိ ယာယီဒုက္ခသည်စခန်းများတွင် နေထိုင်နေကြသည့်ဒုက္ခသည်များ၏အရေအတွက်ကိုလျှော့ချရန် ဦးစားပေးလုပ်ငန်းတစ်ခုအနေဖြင့် ချမှတ်ထားသည်။[3] နောင်တွင် နေရပ်ပြန်မည့်သူများအနေဖြင့် အထက်ဖော်ပြပါ အလားတူစိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရခြေရှိပါသည်။ ထို့ကြောင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများကို ဆန်းစစ်ဖော်ထုတ်ရာတွင် အဆိုပါစိန်ခေါ်မှုများအား အဖြေရှာနိုင်မည့်အကြံပြုချက်များကို ပေးထားပါသည်။ ဤအစီရင်ခံစာသည် ၂၀၁၉ ခုနှစ်တွင်ထုတ်ဝေခဲ့သည့် သတင်းအကျဉ်းချုပ်ထက် နေရပ်ပြန်သူများ၏ရင်ဆိုင်ရသည့် အခက်အခဲများအပေါ် အသေးစိတ် ဆန်းစစ်ထားခြင်းဖြစ်ပါသည်။ ဤအစီရင်ခံစာတွင် ပြန်လည်အခြေချနေထိုင်မှုပုံစံများဖြစ်ကြသော UNHCR ၏အစီအစဉ်ဖြင့်ပြန်လည်နေထိုင်မှု၊ မိမိအစီအစဉ်ဖြင့်ပြန်လည်နေထိုင်မှုနှင့် IDP များမှ ပြန်လည်အခြေချနေထိုင်မှုတို့ ပါဝင်ပါသည်။

UNHCR ၏အစီအစဉ်ဖြင့် မြန်မာပြည်သို့ နေရပ်ပြန်လာသူစုစုပေါင်း ၁၀၃၉ ဦးရှိပြီး ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလတွင် ၇၁ ဦး၊ ၂၀၁၈ ခုနှစ်၊ မေလတွင် ၉၃ ဦး၊ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ၅၆၅ ဦးနှင့် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လတွင် ၃၁၀ ဦးဖြစ်ကြပါသည်။[4] UNHCR အစီအစဉ်ဖြင့် နေရပ်ပြန်သူများ၏ အရေအတွက်သည် အနာဂတ်တွင်များလာမည်ဖြစ်သော်လည်း အခြားပုံစံများဖြင့် နေရပ်ပြန်သူများ၏အရေအတွက်နှင့် နှိုင်းယှဉ်လျှင် အနည်းအကျဉ်းသာရှိနေသည်။ တရားဝင်ပြန်လည်နေရာချထားရေး လမ်းကြောင်းများရှိကြသော်လည်း နယ်စပ်ဒေသကူညီစောင့်ရှောက်ရေးညွန့်ပေါင်းအဖွဲ့ (TBC) ၏ခန့်မှန်းချက်အရ ပြန်လည်အခြေချနေထိုင်မှုအများစုသည် ထိုတရားဝင်လမ်းကြောင်းများ၏အပြင်ဖက်တွင် ဖြစ်ပေါ်နေသည်။ ၂၀၁၂ ခုနှစ် မှ ၂၀၁၇ ခုနှစ်အတွင်း

1 KHRG မှ ၂၀၁၉ ခုနှစ်၊ ဇွန်လတွင် ထုတ်ဝေသော "အကယ်၍ ကျွန်မသာသိခဲ့မယ်ဆိုရင် မြန်မာပြည်ကို ပြန်လာခဲ့မှာမဟုတ်ဘူး - ဒုက္ခသည်များ၏ ပြန်လည်နေရာချထားရေး နှင့် ပြန်လည်ထူထောင်ပေးခြင်းတို့၏ အားနည်းချက်များ" တွင်ကြည့်ပါ။

2 ထိုင်းနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ၂၀၁၉ခုနှစ်၊ ဇွန်လတွင်ထုတ်ဝေသော "Press Release : Cooperation between Thailand and Myanmar on the Voluntary Return of the 4th Batch of Myanmar Displaced Persons during 1 – 3 July 2019 in Tak, Kanchanaburi, and Mae Hong Son Provinces" တွင်ကြည့်ပါ။

3 ၂၀၁၉ခုနှစ်တွင် UNHCR Global Focus Thailand မှ ထုတ်ဝေသော "Operations - Thailand" တွင်ကြည့်ပါ။

4 ထိုင်းနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ၂၀၁၉ ခုနှစ်၊ ဇွန်လတွင်ထုတ်ဝေသော "Press Release : Cooperation between Thailand and Myanmar on the Voluntary Return of the 4th Batch of Myanmar Displaced Persons during 1 – 3 July 2019 in Tak, Kanchanaburi, and Mae Hong Son Provinces" တွင်ကြည့်ပါ။

မိမိအစီအစဉ်ဖြင့်(UNHCR နှင့်အစိုးရများ၏အကူအညီမပါပဲ) နေရပ်ပြန်သူ ၁၈,၀၀၀ ကျော်ရှိသည်ဟုခန့်မှန်းရပြီး[5] ၂၀၁၈ ခုနှစ်တွင် ထိုနည်းဖြင့်နေရပ်ပြန်သူ ၃,၃၉၀ ဦးရှိပါသည်။[6] ဤနည်းလမ်းဖြင့် ၎င်းတို့ထွက်သွားသည့်အချိန်တွင် အသိပေးအကြောင်းကြားခြင်းများ မရှိသောကြောင့် နေရပ်ပြန်သူများ၏အရေအတွက်ကို အတိအကျသိရန် ခဲယဉ်းလှပါသည်။[7] ထို့ကြောင့် ဤခန့်မှန်းခြေအရေအတွက်များသည် အမှန်တကယ်အရေအတွက်ထက် ပိုပြီး နည်းပါးနိုင်ပါသည်။

UNHCR မှ နေရာပြန်လည်ချထားမည့်အစီအစဉ်တွင် လူဦးရေပိုမိုတိုးမြင့်လာစေရန် စတင်ဆောင်ရွက်သော ကြောင့် တစ်ဖက်တွင်လည်း မိမိအစီအစဉ်ဖြင့် နေရပ်ပြန်သူများ၏လူဦးရေပိုမိုတိုးများလာစေပါသည်။ မြန်မာ ပြည်အခြေစိုက် UNHCR မှလည်း မိမိအစီအစဉ်ဖြင့် နေရပ်ပြန်သူဦးရေသည် လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်း များပြားလာခဲ့ကြောင်းကို သတိထားမိခဲ့ကြပါသည်။ ထိုကဲ့သို့ UNHCR ၏မိမိဆန္ဒအလျောက် ပြန်လည်နေရာချထား ရေးအစီအစဉ်ဆောင်ရွက်ရာတွင် အချိန်ကြန့်ကြာမှုများရှိခြင်းကြောင့် နေရပ်ပြန်သူများသည် ၎င်းတို့၏နာမည်များ ကို စာရင်းမှထုတ်ပယ်ရန်တောင်းဆိုကြပြီး မိမိအစီအစဉ်ဖြင့်သာ ပြန်လည်အခြေချနေထိုင်ရန် ရွေးချယ်ကြသည်။[8]

မကြာမီနှစ်များအတွင်း IDP များ၏ ပြန်လည်အခြေချနေထိုင်မှုများလည်း တိုးများလာခဲ့ကြသည်။ ၂၀၁၂ ခုနှစ် ပဏာမအပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးပြီးနောက်ပိုင်း လက်နက်ကိုင်ပဋိပက္ခများလျော့နည်းလာသကဲ့ သို့ ၂၀၁၅ ခုနှစ် NCA[9] လက်မှတ်ရေးထိုးပြီးနောက်ပိုင်းတွင်မှာလည်း ပဋိပက္ခများကြောင့် ပြည်တွင်းနေရပ်စွန့် ခွာရမှုများနည်းလာခဲ့သည်။ သို့ဖြစ်သောကြောင့် IDP များ၏ပြန်လည်အခြေချနေထိုင်မှု တိုးပွားလာရခြင်းဖြစ်သည်။ TBC ၏ဖော်ပြချက်အရ ၂၀၁၂ ခုနှစ် မှ ၂၀၁၈ ခုနှစ်အတွင်း နေရပ်စွန့်ခွာရသူ ၁၆၂,၀၀၀ ဦးခန့်သည် မိမိတို့၏ မူလရွာများ (သို့မဟုတ်) မြန်မာပြည်အရှေ့တောင်ပိုင်းတစ်ဝိုက်တွင် ပြန်လည်အခြေချနေထိုင်ရန် ကြိုးစားခဲ့ကြ သည်။ သို့သော်လည်း လုံခြုံရေးနှင့်အသက်မွေးဝမ်းကျောင်းများအတွက် စိုးရိမ်ပူပန်မှုများ ဆက်လက်ရှိနေသော ကြောင့် ထိုပြန်လည်အခြေချနေထိုင်မှုများ၏ ရေရှည်တည်တံ့မှုနှင့် ပြန်လည်ပေါင်းစည်းရေးအတွက် စိုးရိမ်ဖွယ် ရာအနေထားတွင် ရှိနေဆဲဖြစ်သည်ဟု TBC မှ တင်ပြခဲ့သည်။[10] အမှန်စင်စစ်၊ နေရပ်စွန့်ခွာခဲ့ရသူ ၁၆၂,၀၀၀ ဦး အနက် ၁၁,၀၀၀ ဦးတို့သည် မူလအားဖြင့် ပြန်လည်အခြေချနေထိုင်သူ ဒုက္ခသည်များဖြစ်ကြသော်လည်း TBC မှ၎င်းတို့ကို အထက်ဖော်ပြပါစာရင်းထဲတွင် ထည့်တွက်ခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် TBC မှ ပြန်လည်အခြေချနေထိုင်သည့် ဒုက္ခသည်များသည် ပြန်လည်အခြေချရာတွင် အခက်အခဲများရှိခြင်းကြောင့် ယခုအချိန်တွင် IDP များဖြစ်နေနိုင်သည်ဟု ယုံကြည်သောကြောင့်ဖြစ်သည်။

---

5 နယ်စပ်ဒေသကူညီစောင့်ရှောက်ရေးညွန့်ပေါင်းအဖွဲ့ (TBC) မှ ၂၀၁၈ ခုနှစ်တွင်ထုတ်ဝေသော "2017 Annual Report" ၏စာမျက် နှာ ၇ တွင် ကြည့်ပါ။

6 နယ်စပ်ဒေသကူညီစောင့်ရှောက်ရေးညွန့်ပေါင်းအဖွဲ့ (TBC) မှ ၂၀၁၈ ခုနှစ်တွင်ထုတ်ဝေသော "2017 Annual Report" ၏စာမျက် နှာ ၇ တွင် ကြည့်ပါ။

7 Southern Methodist University, PhD Dissertation, Carrie PERKINS မှ ၂၀၁၉ခုနှစ်တွင် ထုတ်ဝေသော "Rethinking Repatriation: Karen Refugees on the Thia-Myanmar Border" တွင်ကြည့်ပါ။

8 UNHCR Global Focus Myanmar မှ ၂၀၂၀ခုနှစ်တွင် ထုတ်ဝေသော "2020 (Plan) - Voluntary Return" တွင်ကြည့်ပါ။

9 တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့အများအပြားပါဝင်မှု မရှိသော အငြင်းပွားဖွယ်ရာဖြစ်စေသည့် ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ပြီးနောက်ပိုင်း ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့ တွင် မြန်မာအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် ၁၅ ဖွဲ့အနက် KNU အပါအဝင် ၈ ဖွဲ့သာ ဖိတ်ကြားခံရသော တိုင်းရင်းသားလက် နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များအကြား လက်မှတ်ရေးထိုးခဲ့ပါသည်။ အဆိုပါသဘောတူစာချုပ်မှပြဋ္ဌာန်းထားသော လေးစား လိုက်နာရမည့်ကတိကဝတ်များကို လက်မှတ်ရေးထိုးသည့်အဖွဲ့အစည်းများက ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလတွင် စတင်ကျင့်သုံးရပါ သည်။ မြန်မာအစိုးရ၏ဖိအားပေးမှုကြောင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့ နောက်ထပ် ၂ ဖွဲ့မှလည်း အဆိုပါ NCA စာချုပ်အား ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် သဘောတူလက်မှတ်ရေးထိုးခဲ့ပါသည်။

10 နယ်စပ်ဒေသကူညီစောင့်ရှောက်ရေးညွန့်ပေါင်းအဖွဲ့ (TBC) မှ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလတွင် ထုတ်ဝေထားသော "Human Security in South Eastern Myanmar" ၏ စာမျက်နှာ ၁၄ တွင်ကြည့်ပါ။ TBC မှထုတ်ဝေထားသော အစီရင်ခံစာတွင် KHRG ၏ သုတေသနနယ်မြေမဟုတ်သော ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တောင်ပိုင်းရှိ အခြေအနေများလည်း ပါဝင်ပါသည်။

ပုံစံသုံးမျိုး (အကူအညီဖြင့်၊ မိမိအစီအစဉ်ဖြင့်၊ ပြည်တွင်းနေရပ်ရွှေ့ပြောင်းပုံစံဖြင့်) ဖြင့်နေရပ်ပြန်သူများ၏ ကြုံတွေ့ရသောအခြေအနေများကို မီးမောင်းထိုးပြနိုင်ရန်အတွက် KHRG မှမြန်မာပြည်အရှေ့တောင်ပိုင်း ဒေသများတွင် IDP များနှင့် ဒုက္ခသည်စခန်းများမှပြန်လာသူများကို လူတွေ့မေးမြန်းခဲ့ပါသည်။ ထို့နောက် UNHCR ၏မိမိဆန္ဒအလျောက်နေရပ်ပြန်ခြင်းလက်စွဲစာအုပ် (၁၉၉၆)[11] နှင့် ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ပေါင်းစည်းရေးနှင့်ဆိုင်သောလက်စွဲစာအုပ် (၂၀၀၄) များကိုအသုံးပြုပြီး နေရပ်ပြန်သူများ၏ အခြေအနေများကို ဆန်းစစ်သုံးသပ်ထားပါသည်။ ထို့နည်းတူ ပြန်လည်ပေါင်းစည်းရေးအကူအညီများနှင့် နေရပ်ပြန်သူများ၏ *"အသက်မွေးဝမ်းကျောင်းနှင့် ဂုဏ်သိက္ခာများကိုကာကွယ်နိုင်ရန်အတွက် သင့်လျော်သောလူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးနှင့် တရားရေးအခြေအနေများရရှိရန်"*[12] အကူအညီတို့အား ပြန်လည်ချထားရေးလုပ်ငန်းမှ အောင်မြင်စွာပြန်လည်ပေါင်းစည်းနိုင်စွမ်းရှိမရှိကိုလည်း သုံးသပ်ထားပါသည်။ ဤလမ်းညွှန်ချက်လက်စွဲစာအုပ်များသည် မိမိဆန္ဒအလျောက် နေရပ်ပြန်လာသည့်ဒုက္ခသည်များအတွက် ဦးစားပေးချမှတ်ထားသော်လည်း နေရပ်စွန့်ခွာထွက်ပြေးရသူများအားလုံးနှင့် IDP များအပါအဝင် အခြားပဋိပက္ခဒဏ်ခံရသူများအတွက်ကိုပါ ရေရှည်တည်တံ့သောအဖြေများကိုရှာရန်အတွက် အသုံးဝင်သည့်လမ်းညွှန်ချက်များဖြစ်ပါသည်။ ဤလမ်းညွှန်ချက်များသည် နေရပ်ပြန်သူများအားလုံး၏အခြေအနေကိုသုံးသပ်ရာတွင် အလွန်အသုံးဝင်သောအရာများဖြစ်သည်။

ဤအစီရင်ခံစာမှ ပြန်လည်အခြေချနေထိုင်ရန်ဆုံးဖြတ်ချက်ချခြင်းနှင့် ပြန်လည်အခြေချနေထိုင်သည့် အတွေ့အကြုံတို့အား စတင်သုံးသပ်ဖော်ပြထားခြင်းဖြစ်သည်။ ထိုကဲ့သို့ လုပ်ဆောင်ခြင်းဖြင့် UNHCR ၏လုပ်ပိုင်ခွင့်ဖြစ်သော *"မိမိဆန္ဒအလျောက်ဖြင့်ပြန်လည်အခြေချနေထိုင်မှုများ သေချာစွာလုပ်ဆောင်ခြင်း၊ နေရပ်စွန့်ခွာသူများ၏ပြန်လည်အခြေချနေထိုင်မှုသည် လုံခြုံ၍ဂုဏ်သိက္ခာရှိစေခြင်းနှင့် ပိုမိုကောင်းမွန်ပြီး ရေရှည်တည်တံ့သောပြန်လည်ပေါင်းစည်းခြင်း"*[13] စသည့်အခြေအနေတို့အား သတိပြုနိုင်မည်ဖြစ်သည်။ ဆက်လက်ပြီး UNHCR ၏ပြဌာန်းချက်အရ မိမိဆန္ဒအလျောက်ပြန်လည်အခြေချနေထိုင်ခြင်းနှင့် ရေရှည်တည်တံ့သောပြန်လည်ပေါင်းစည်းခြင်းအခြေအနေများကို အဓိကထား ဆန်းစစ်သုံးသပ်ထားပါသည်။ အဆိုပါအခြေအနေများမှာ *"နိုင်ငံသားဆိုင်ရာ တရားဝင်စာရွက်စာတမ်းများကို လက်လှမ်းမှီခြင်း၊ ရုပ်ပိုင်းဆိုင်ရာ ဘေးကင်းလုံခြုံခြင်း၊ အိမ်၊မြေယာနှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်နိုင်ခွင့် ရရှိနိုင်ခြင်း၊ ငြိမ်းချမ်းသော အသက်ရှင်နေထိုင်မှုကိုအခြေခံသော လူထုအခြေပြုအသက်မွေးဝမ်းကျောင်းမှုနှင့် အခြေခံဝန်ဆောင်မှုများအား လက်လှမ်းမှီနိုင်ခြင်း"*[14] စသည်တို့ဖြစ်ပါသည်။

ပြန်လည်အခြေချ နေထိုင်မှုပုံစံတစ်ခုအား ချမှတ်ထားသော မူဝါဒများသည် အခြားသောပြန်လည်အခြေချနေထိုင်မှုလမ်းကြောင်းများကိုလည်း သက်ရောက်မှုရှိကြောင်းလက်ခံသည့်အပေါ် KHRG မှ ဤအစီရင်ခံစာတစ်ခုလုံးတွင် နေရပ်ပြန်သူများရင်ဆိုင်ရသည့် ကွဲပြားခြားနားသောအတွေ့အကြုံနှင့် အခြေအနေများကို မီးမောင်းထိုးပြထားပါသည်။ ထို့အပြင် နေရပ်ပြန်သူများ၏ တူညီမှုမရှိသောနေရပ်ပြန်မှုပုံစံများသည် တစ်ခါတစ်ရံပထဝီအနေအထားအရ သို့မဟုတ် အခြားအကြောင်းရင်းများထက် အရေးကြီးမှုမရှိကြောင်းကိုလည်း ဤအစီရင်ခံစာတွင်ဖော်ပြရန်ကြိုးစားထားပါသည်။ အကူအညီဖြင့် နေရပ်ပြန်သူများသည် ကနဦးပေးထားသည့်အကူအညီများကုန်ဆုံးသွားချိန်တွင် ၎င်းတို့နှင့်အတူယှဉ်တွဲနေထိုင်ကြသော အခြားသောပုံစံဖြင့်ပြန်လာသူများအပါအဝင် အခြားဒေသခံရွာသားများကဲ့သို့ အခက်အခဲများနှင့် ရင်ဆိုင်ကြရသည်။ အချို့သောကိစ္စရပ်များတွင် ကူညီမှုနှင့်ဖွံ့ဖြိုးရေးစီမံကိန်းများသည် နေရပ်ပြန်သူများအတွက် တိုက်ရိုက်ဦးတည်လုပ်ဆောင်ခြင်းမျိုးထက် ဒေသခံလူမှုအသိုက်အဝန်းတစ်ရပ်လုံးအတွက်ကို ဦးတည်လုပ်ဆောင်ကြသည်။ အထက်ပါအကြောင်းအရာများကြောင့် KHRG မှနေရပ်ပြန်သူများ၏ ပြန်လည်အခြေချနေထိုင်ခြင်းအစီအစဉ်မှ အကူအညီမည်မျှရရှိကြောင်းကိုသာမကပဲ ၎င်းတို့ပြန်လည် အခြေချသည့် နေရာဒေသနှင့်ပုံစံများကိုလည်း ထည့်သွင်းသုံးသပ်ထားပါသည်။

---

[11] ၁၉၉၆ ခုနှစ်တွင် UNHCR မှထုတ်ဝေသော "Handbook. Voluntary Repatriation: International Protection" တွင်ကြည့်ပါ။

[12] UNHCR မှ ၂၀၀၄ ခုနှစ်တွင် ထုတ်ဝေထားသော "Handbook for Repatriation and Reintegration Activities" တွင်ကြည့်ပါ။

[13] UNHCR မှ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ထုတ်ဝေထားသော "Third group of Myanmar refugees return home from Thialand with UNHCR support" တွင်ကြည့်ပါ။

[14] UNHCR မှ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ထုတ်ဝေထားသော "Third group of Myanmar refugees return home from Thialand with UNHCR support" တွင်ကြည့်ပါ။

**ထိုင်းနိုင်ငံ၏ "ယာယီစခန်းများ"**

ထိုင်းမြန်မာနယ်စပ်တွင် မြန်မာပြည်ဘက်ခြမ်းမှဒုက္ခသည်များ လာရောက်နေထိုင်သည့် စခန်းများကို အများအားဖြင့် ဒုက္ခသည်စခန်းအဖြစ်ခေါ်ဝေါ်ကြသော်လည်း ထိုင်းအစိုးရအနေဖြင့် ၎င်းတို့အား ယာယီစခန်းအဖြစ်သာ တရားဝင်မှတ်ယူပါသည်။ ထိုင်းနိုင်ငံသည် ၁၉၅၁ ခုနှစ်တွင်ပြဋ္ဌာန်းထားသော ဒုက္ခသည်များဆိုင်ရာသဘောတူညီမှုစာချုပ်၏အဖွဲ့ဝင်နိုင်ငံမဖြစ်သည့်အပြင် ၁၉၆၇ ခုနှစ်တွင်ပြဋ္ဌာန်းထားသော ထိုစာချုပ်၏ နောက်ဆက်တွဲသဘောတူညီချက်တွင်လည်း လက်မှတ်မထိုးထားပါ။ ထို့အပြင် ထိုင်းနိုင်ငံသည် ဒုက္ခသည်များနှင့် နိုင်ငံရေးခိုလှုံ ခွင့်တောင်းဆိုသူများ၏ အခွင့်အရေးများအား လေးစားကာကွယ်ရန် ချမှတ်ထားသော ပြည်တွင်းဥပဒေများ မရှိပါ။ ထို့ကြောင့် ထိုင်းနိုင်ငံအတွင်းရှိ ယာယီဒုက္ခသည်စခန်းတွင် ရွှေ့ပြောင်းနေထိုင်သူများကို UNHCR မှ ဒုက္ခသည်အဖြစ် အသိအမှတ်ပြုသော်လည်း ထိုင်းအစိုးရမှာမူ ထိုကဲ့သို့အသိအမှတ်ပြုခြင်းမရှိပါ။[15] ထို့အတွက်ကြောင့် ၎င်းတို့သည် ဒုက္ခသည်စခန်းပြင်ပတွင် သွားလာနေထိုင်ခွင့် စသည့်အခွင့်အရေးများ မရရှိကြပါ။

# အစိကရှာဖွေတွေ့ရှိချက်များ

ထိုင်းနိုင်ငံတွင် လွန်ခဲ့သောနှစ်အနည်းငယ်များအတွင်း ဒုက္ခသည်များကာကွယ်ရေးနှင့်ပတ်သက်ပြီး ၎င်းတို့၏ မူဝါဒများ ကောင်းမွန်လာခြင်းအချို့ရှိနေသော်လည်း ဥပဒေများသည်အလွန်တင်းကြပ်လျက်ရှိနေပြီး မြန်မာပြည်သို့ ပြန်လည်အခြေချရာတွင်လည်း နေရပ်ပြန်သူများ၏ကြုံတွေ့ရသော အသက်မွေးဝမ်းကျောင်းအခက်အခဲများကို တရားဝင်နည်းလမ်းဖြင့်ရှာဖွေဖြေရှင်းရန် ဖြစ်နိုင်ချေအနည်းငယ်မျှသာရှိပါသည်။ ထို့ကြောင့် ဒုက္ခသည်များပြန်လည်အခြေချရန်ဆုံးဖြတ်ရာတွင် အဓိကအားဖြင့် "တွန်းအား" များဖြစ်သော လွတ်လပ်စွာသွားလာခွင့်မရှိခြင်းနှင့် ထိုင်း-မြန်မာနယ်စပ်တွင် အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများ နည်းလာခြင်းတို့ပါဝင်သည်။ ၎င်းတို့၏ အခြေအနေကောင်းမွန်လာမည်ဟူသောမျှော်လင့်ချက်များ၊ အိမ်ပြန်ရန်ဆန္ဒများနှင့် မိမိတို့၏မြေယာပေါ်တွင် အလုပ်လုပ်နိုင်ခြေများကဲ့သို့သော"ဆွဲအား"များကိုတင်ပြထားသော်လည်း ဒုက္ခသည်စခန်းများတွင် ၎င်းတို့ရင်ဆိုင်ခဲ့ရသည့် တင်းကျပ်မှုများနှင့် ပြန်လည်အခြေချသည့်အချိန်တွင် အမှန်တကယ် ရင်ဆိုင်တွေ့ ကြုံရသည့်အခြေအနေများကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါသည်။

UNHCR မှ နေရပ်ပြန်လည်ချထားရေးလုပ်ငန်းဆောင်ရွက်မှုများအား ကောင်းမွန်လာအောင် ကြိုးစားလုပ်ဆောင်ကြသော်လည်း မြန်မာပြည်ဘက်ခြမ်းသို့ပြန်သွားသည့်ခရီးစဉ်စီစဉ်မှုများသည် ပြဿနာများဆက်လက်ရှိနေဆဲဖြစ်ပါသည်။ ၎င်းသည် နေရပ်ပြန်သူများ၏ ဂုဏ်သိက္ခာကို ထိပါးခြင်း၊ ၎င်းတို့အား လုံခြုံမှုမရှိစေခြင်းနှင့် ကျန်းမာရေးနှင့်ညီညွတ်မှုမရှိသည့် ခရီးအခြေအနေများဖြစ်သော စနစ်တကျစီစဉ်မှုမရှိခြင်း၊ သန့်ရှင်းမှုမရှိသည့်သယ်ယူပို့ဆောင်ခြင်း၊ အစာရေစာလုံလောက်မှုမရှိခြင်းနှင့် နေရပ်ပြန်သူများနှင့် ဆက်သွယ်ရာတွင်အားနည်းခြင်း စသည့်အခြေအနေများဖြင့် ကြုံတွေ့ရစေပြီး နေရပ်ပြန်သူများအနေနှင့် မှားယွင်းစွာဆက်ဆံခံရသည်ဟု ခံစားရစေပါသည်။

ထိုကဲ့သို့လုံလောက်သောအထောက်အပံ့မရှိခြင်း၊ ကာကွယ်ရေးနှင့်ထောက်ပံ့ရေးပြုလုပ်သောအဖွဲ့အစည်းများမှ ပြန်လည်စီစစ်မှုများမရှိခြင်းတို့ကြောင့် UNHCR သုံးပွင့်ဆိုင်သဘောတူညီမှုအထောက်အပံ့များဖြင့်

---

[15] UNHCR မှ ချမှတ်ထားသော ဥပဒေစံနှုန်းအရနှင့် ကမ္ဘာ့ကုလသမဂ္ဂ၏ အကာအကွယ်ပေးမည့်သူများအတွက် သတ်မှတ်ထားသော စံနှုန်းများအရ ဒုက္ခသည်အဖြစ် အကာအကွယ်ရယူနိုင်သည့်နိုင်ငံတစ်ငံသည် ဂျီနီဗာခေါ်၏ ဒုက္ခသည်များဆိုင်ရာ သဘောတူညီချက်နှင့် သံတမန်ကျင့်ဝတ်များကို လက်ခံကျင့်သုံးသည့်အဖွဲ့ဝင်နိုင်ငံ ဖြစ်ခြင်းမဖြစ်ခြင်းအပေါ် မသက်ဆိုင်ပါ။ ထို့နည်းအတူ ၎င်းတို့၏ ချမှတ်ထားသော စံချိန်စံနှုန်းအောက်တွင် ဒုက္ခသည်များကို လက်ခံပေးသည့်နိုင်ငံသည်လည်း ဒုက္ခသည်အဖြစ် အသိမှတ်ပြုခြင်း မပြုခြင်းအပေါ်မှာလည်း မသက်ဆိုင်ပါ။ ဤအချက်များနှင့် ပတ်သက်သောရှင်းလင်းချက်များကို "Glossary", European Commission Migration and Home Affairs တွင် ကြည့်ပါ။

နေရပ်ပြန်သူများသည်လည်း မိမိအစီအစဉ်ဖြင့်နေရပ်ပြန်သူများထက် ကောင်းမွန်သောအခြေအနေများတွင်ရှိမနေပေ။ ပြန်လည်နေရာချထားရေးနေရာတွင် စီစဉ်သူများအနေဖြင့် အခြေခံဝန်ဆောင်မှုများကိုရရှိရန် သေချာစွာလုပ်ဆောင်သင့်သော်လည်း နေရပ်ပြန်သူများမှ သန့်ရှင်းသောရေ၊ ကျန်းမာရေးနှင့်ပညာရေးရရှိရန် အခွင့်အလမ်းများအကန့်အသတ်ရှိကြောင်း တွေ့ရှိကြသည်။ အချို့သောနေရပ်ပြန်သူများသည် အခြေခံကျန်းမာရေးစောင့်ရှောက်မှုအတွက် ထိုင်းနိုင်ငံရှိယာယီစခန်းများသို့ပြန်သွားရပြီး ပြန်လည်နေရာချထားရေးနေရာများ၌ အခမဲ့ဖြစ်သင့်သည့် ကျောင်းများတွင်ကျောင်းစရိတ်များပေးနေရသည်။

မြန်မာအစိုးရ၊ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့အစည်းများဖြစ်သော UNHCR နှင့် ဒေသခံအဖွဲ့အစည်းများဖြစ်ကြသော ကရင်အမျိုးသားအစည်းအရုံး (KNU)၊[16] ကရင်အမျိုးသမီးအစည်းအရုံး(KWO), ဌာနေမဲ့ပြည်တွင်းကရင်ဒုက္ခသည်များဆိုင်ရာကော်မတီ(CIDKP)၊ ကရင်ကယ်ဆယ်ရေးနှင့်ဖွံ့ဖြိုးရေးရုံး (KORD)နှင့် ကရင်သဘာဝပတ်ဝန်းကျင်နှင့်လူမှုရေးလှုပ်ရှားမှုကွန်ယက်(KESAN) တို့မှပေးနေသောဝန်ဆောင်မှုများသည် ရေတိုအတွက်သာဖြစ်ပြီး ကနဦးပြန်လည်အခြေချမှုကုန်ကျစရိတ်များကိုသာ ကာပေးနိုင်သည်။ နေရပ်ပြန်သူများအား ၆ လစာထောက်ပံ့မှုရရှိမည်ဟု ကတိပေးထားသည်များရှိသော်လည်း လက်တွေ့တွင် ရရှိသောအထောက်အပံ့များသည် အများဆုံးတစ်လ သို့မဟုတ် နှစ်လမျှသာလုံလောက်သည်။ ထိုအချိန်အတွင်း မြေယာဝယ်ယူနိုင်ခွင့်နှင့် အခြားသောအသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးနိုင်ခြင်းများလည်းမရှိပါ။ မြေယာရရှိခဲ့သူများသည် ပိုမိုကောင်းမွန်သောအခြေအနေတွင်ရှိနေသော်လည်း ပြင်ပထောက်ပံ့မှုများအပေါ်တွင် မှီခိုနေရသေးသည်။ ဤထိရှလွယ်သောအခြေအနေတွင် နေရပ်ပြန်သူများသည် ထပ်မံထောက်ပံ့မှုများမရရှိလျှင် မြေယာဆုံးရှုံးနိုင်ခြေနှင့် ထိုမြေယာများအပေါ်တွင် မှီခိုနိုင်စွမ်းမရှိသည့်အခြေအနေများ ပိုမိုများပြားလာနိုင်သည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိနိုင်ခွင့်သည် အဘက်ဘက်တွင်ပြည့်စုံလုံလောက်မှုမရှိသေးပါ။ UNHCR အစီအစဉ်ဖြင့်ပြန်လည်အခြေချနေထိုင်သူများအပါအဝင် နေရပ်ပြန်သူအများအပြားမှာ တရားဝင်စာရွက်စာတမ်းများရယူရာတွင် များစွာသောလိုအပ်ချက်များနှင့်အုပ်ချုပ်ရေးလိုအပ်ချက်များကြောင့် အခက်အခဲများစွာနှင့်ရင်ဆိုင်ကြရသည်။ ယေဘုယျအားဖြင့် နေရပ်ပြန်သူများသည် တရားမျှတမှုရရှိရန်၊ မဲပေးနိုင်ခွင့်အပါအဝင် နိုင်ငံသားအခွင့်အရေးနားလည်ရန်အတွက် ကူညီထောက်ပံ့မှုပေးရာတွင် လိုအပ်ချက်များစွာရှိနေသေးသည်။ အများစုမှာ အစိုးရအုပ်ချုပ်ရေးအပေါ်တွင် ယုံကြည်မှုနည်းပြီး နိုင်ငံသားအဖြစ်ထည့်သွင်းခံရမှုရှိမရှိ သံသယရှိကြသည်။ အချို့သောဒေသများတွင် ဒေသခံများမှနေရပ်ပြန်သူများကို ခွဲခြားဆက်ဆံခြင်းများရှိပြီး နောင်အနာဂတ်တွင် ဖယ်ကျဉ်ခံရမှုများ ပိုမိုဖြစ်လာစေနိုင်သည်။

ဘေးကင်းလုံခြုံမှုနှင့်လုံခြုံရေး အာမခံချက်သည် ပြန်လည်နေရာချထားရေးလုပ်ငန်းများတွင် အဓိကကျသောအရာဖြစ်သောကြောင့် အချို့သောနေရာများတွင် ထိုလုပ်ငန်းများအား လုပ်ကိုင်နိုင်ခြင်း မရှိသေးပါ။ KHRG မှပြုလုပ်သောလူတွေ့မေးမြန်းခန်းတွင် ယင်းပြဿနာများကို ထင်ဟပ်ဖော်ပြထားပါသည်။ KHRG ၏ တွေ့ရှိချက်အရ ဘေးကင်းလုံခြုံသည်ဟုယူဆရသော ကရင်ဒေသများတွင် စနစ်ကျသောမိုင်းရှင်းလင်းရေးလုပ်ငန်းများမရှိသေးသောကြောင့် လုံခြုံရေးနှင့်ဘေးကင်းလုံခြုံရေးပြဿနာများ ရှိနေသေးသည်။ ပြန်လည်အခြေချမှုများသောဒေသများတွင် နေရပ်ပြန်သူများကို မြေမြှုပ်မိုင်းအသိပေးသင်တန်းပေးထားခြင်းများရှိသော်လည်း အချို့ဒေသများတွင် မပေါက်ကွဲသေးသောလက်နက်ခဲယမ်းများရှိနေသေးပြီး ၎င်းတို့၏လုံခြုံမှုကို အန္တရာယ်ပေးနေသောကြောင့် သွားလာလှုပ်ရှားမှုနှင့် စားဝတ်နေရေးအတွက် အခက်အခဲများဖြစ်စေပါသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တပ်မတော်စစ်ရေးလှုပ်ရှားမှုများ ဆက်လက်ရှိနေသေးသောကြောင့် နေရပ်ပြန်သူများမှာ စိုးရိမ်မှုများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် မယုံကြည်မှုများဖြစ်ပေါ်စေသည်။

16 KNU သည် ကရင်လူမျိုး၏ အဓိကနိုင်ငံရေးအဖွဲ့အစည်းဖြစ်သည်။ ၎င်းအား ၁၉၄၇ ခုနှစ်တွင်အစပြုပြီး မြန်မာအစိုးရနှင့် ၁၉၄၉ ခုနှစ်တွင်စ၍သဘောထားကွဲလွဲခဲ့ပြီးပဋိပက္ခဖြစ်ခဲ့ပါသည်။ KNU၏အာဏာသည်မြန်မာပြည်အရှေ့တောင်ပိုင်းဒေသတစ်ဝိုက်တွင် ကျယ်ပြန့်စွာအုပ်ချုပ်နိုင်ပြီး ဒီမိုကရက်တစ်ဖက်ဒရယ်စနစ်အား တည်ထောင်ဖို့ ၁၉၇၆ ခုနှစ်တွင် စတင်တောင်းဆိုခဲ့ခြင်းဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)အား ရေးထိုးခဲ့သော်လည်း အစိုးရနှင့်ဆက်ဆံရေး တင်းမာနေဆဲဖြစ်သည်။

နေရပ်ပြန်သူများကို လွတ်လပ်စွာရွေးချယ်ခွင့်ပေးခြင်း၊ လုံခြုံရေးနှင့် ဂုဏ်သိက္ခာရှိစေခြင်း၊ ရေရှည်တည်တံ့သော ပြန်လည်ပေါင်းစည်းရေးအားမြှင့်တင်ပေးခြင်း စသည်တို့ကို ယခုပြန်လည်နေရာချထားရေးလုပ်ငန်းမှ ပြီးပြည့်စုံအောင် လုပ်ဆောင်နိုင်ခြင်းမရှိသေးပါ။ ပြန်လည်နေရာချထားရေးလုပ်ငန်းများ၏ လိုအပ်ချက်များကို ဖော်ထုတ်ပြီးပြင်ဆင်နိုင်မှသာလျှင် နောင်နေရပ်ပြန်သူများအတွက် လုံလောက်သော အထောက်အပံ့များရရှိရန် အပြင် ပြန်လည်ပေါင်းစည်းရေးနှင့်ပတ်သက်သည့် တိကျသောအချက်အလက်များကို ပေးနိုင်မည်ဖြစ်သည်။

**သတ်မှတ်ထားသော ပြန်လည်နေရာချထားရေးနှင့်ပြန်လည်အခြေချနေထိုင်ရာနေရာများ**

ဒုက္ခသည်များနှင့် IDP အချို့သည် မိမိတို့၏ မူလကျေးရွာသို့ပြန်သွားချိန်တွင် အခြားသူများသည် အခြားကျေးရွာများ သို့မဟုတ် နေရပ်ပြန်သူများအတွက် အထူးချမှတ်ပေးထားသည့် ပြန်လည်နေရာချထားရေးနေရာများတွင် ပြန်လည်အခြေချနေထိုင်ခဲ့ကြပါသည်။ အဆိုပါချမှတ်ထားသော ပြန်လည်နေရာချရေးနေရာများသည် UNHCR ကဲ့သို့ အထောက်အကူပေးသည့်အဖွဲ့အစည်းများနှင့် ဒေသခံအစိုးရမှ သတ်မှတ်ထားသော အခြေခံစံနှုန်းများနှင့် ပြည့်မှီရမည်။ ထိုအခြေခံစံနှုန်းများမှာ အသက်မွေးဝမ်းကျောင်းပြုလုပ်နိုင်ခွင့်(အိမ်ယာနှင့်သင့်တော်သည့်မြေယာ)၊ ကျန်းမာရေးနှင့် ပညာရေးလက်လှမ်းမှီနိုင်ခွင့်၊ သောက်သုံးရေရရှိမှု စသည်တို့ပါဝင်ပါသည်။ ဤပြန်လည်နေရာချထားရေးအစီအစဉ်တွင် စီစဉ်လုပ်ဆောင်ပုံတို့သည် အမျိုးမျိုးကွဲပြားကြသော်လည်း အချို့အလှူရှင်များသည် အိမ်ယာ၊ အဆောက်အဦးပရိဘောဂများနှင့် မြေယာချမှတ်ပေးဝေခြင်းတို့အတွက်သာ ကူညီထောက်ပံ့ပေးကြပါသည်။ အချို့သော ပြန်လည်နေရာချထားရေးနေရာများသည် ကြီးမားကျယ်ဝန်းပြီး လူသိများသော်လည်း တရားဝင်ချမှတ်ထားသော ပြန်လည်နေရာချထားရေးနေရာ စာရင်းများကို KHRG မှ ရရှိနိုင်ခြင်းမရှိပါ။ ဤအစီရင် ခံစာတွင် KHRG အနေဖြင့် မေးခွန်းဖြေကြားသူများမှ မည်သည့်နေရာက ပြန်လည်နေရာချထားရေးအတွက် ပြင်ဆင်ထားသည့်နေရာဖြစ်ကြောင်း ဆုံးဖြတ်ပြောဆိုထားခြင်းအပေါ် တင်ပြထားသော သတင်းအချက်အလက်များအား အခြေခံထားပါသည်။ ဥပမာအားဖြင့် မေးခွန်းဖြေကြားသူမှ *"ဒီရွာက နေရပ်ပြန်တွေအတွက် ပြင်ဆင်ထားတဲ့နေရာဖြစ်တယ်"* ဟုတင်ပြသည်။

# ပြန်လည်နေရာချထားရေးနေရာများနှင့် ကျေးရွာများ




ဤပုံအား ၂၀၁၇ ခုနှစ်၊ ဖွန်လ ၂၄ ရက်နေ့တွင် ခလယ်လွီထူ(ညောင်လေးပင်)ခရိုင်၊ မူး(မုန်း)မြို့နယ်၊ မရမ်းပင်ကျေးရွာတွင် ရိုက်ယူခဲ့ပါသည်။ ဤပုံသည် မရမ်းပင်ကျေးရွာသို့ ပြန်လည်နေထိုင်ကြသော IDPများ၏အိမ်များပုံ ဖြစ်ပါသည်။ *[ဓာတ်ပုံ - KHRG]*




ဤပုံအား ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ဒူးပလာယာခရိုင်၊ ကော်တရီ(ကော့ကရိတ်)မြို့နယ်၊ ကော်လားကျေးရွာကို ရိုက်ယူခဲ့သည့် ဗီဒီယိုထဲမှပုံကိုပြန်လည်ယူထားခြင်းဖြစ်ပါသည်။ ကော်လားကျေးရွာသည် နေရပ်ပြန်သူများအတွက် ချမှတ်ထားသည့် ပြန်လည်နေရာချထားရေးနေရာထဲတွင် တစ်ခုအပါအဝင်ဖြစ်ပါသည်။ ဤပုံသည် ဒုက္ခသည်များနှင့် IDP နေရပ်ပြန်သူများအတွက် အသစ်ဆောက်လုပ်ထားသော အိမ်အလုံး (၃၀၀) ၏ ပုံဖြစ်ပါသည်။ *[ဓာတ်ပုံ - KHRG]*

# အကြံပြုချက်များ

အောက်ပါအကြံပြုချက်များသည် KHRG ၏သုတေသနပြုချက်၊ ဆန်းစစ်သုံးသပ်ချက်နှင့် ရှာဖွေတွေ့ရှိချက်များမှ အခြေခံထားပြီး ၎င်းတို့၏ကွင်းဆင်းအဖွဲ့နှင့် စည်းရုံးလှုံ့ဆော်ရေးအဖွဲ့ဝင်များမှ ပေးထားသောအကြံပြုချက်များဖြစ်ပါသည်။ မေးခွန်းဖြေကြားသူများမှပေးသော အကြံပြုချက်များကို ဤအစီရင်ခံစာ၏စာကိုယ်တွင် တိုက်ရိုက်ထည့်သွင်းထားပါသည်။ (အခန်း ၅ - နေရပ်ပြန်သူများ၏အမြင်များနှင့် အကြံပြုချက်များကိုကြည့်ပါ)

## အထွေထွေအကြံပြုချက်များ

မြန်မာအစိုးရ၊ UNHCR၊ CBO-CSO များ - အစိုးရ၏အကူအညီနှင့် UNHCR ၏ အစီအစဉ်ဖြင့် ပြန်လည်အခြေချနေထိုင်သူများ၏အခြေအနေကို စောင့်ကြည့်ရန်။ ဒေသခံ CBO-CSO များ၏ အကူအညီဖြင့် ၎င်းတို့တစ်ဦးချင်းစီ၏ လိုအပ်ချက်များကို ပုံမှန်ဆန်းစစ်ရန်နှင့် လိုအပ်သောအထောက်အပံ့များကို အပြည့်အဝဖြည့်ဆည်းပေးရန်။

မြန်မာအစိုးရ၊ EAO များ၊ UNHCR နှင့်အလှူရှင်များ - ပြန်လည်နေရာချထားရေးနေရာများသို့ ဝင်ရောက်နိုင်ရန်အတွက် ဒုက္ခသည်စခန်းများမှ မိမိအစီအစဉ်ဖြင့် ပြန်လည်အခြေချနေထိုင်သူများနှင့် IDP များ၏ ပြန်လည်အခြေချသည့်နေရာများကို လေ့လာရန်။ ထို့နောက် ထိုသူများ၏ အဓိကလိုအပ်ချက်များကို ဖော်ထုတ်ဖြည့်ဆည်းပေးရန်၊ ၎င်းတို့ပြန်လည်အခြေချနိုင်ရန်နှင့် ဘဝများပြန်လည်စတင်နိုင်ရန်အတွက် လိုအပ်သောကူညီမှုအစီအစဉ်များကို ပူးပေါင်းလုပ်ဆောင်ရန်။

မြန်မာအစိုးရ၊ EAO များ၊ UNHCR နှင့်အလှူရှင်များ - ပြန်လည်အခြေချနေထိုင်သူများကို အကူအညီပေးနေသောအဖွဲ့အစည်းများကိုဖော်ထုတ်ပြီးနောက် ၎င်းတို့ လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နိုင်ရန်အတွက် လိုအပ်သောငွေကြေးအထောက်အပံ့များပေးရန်၊ ဒေသအတွင်းသို့ ဝင်ရောက်ခွင့်ပေးရန်နှင့် လုပ်ပိုင်ခွင့်ပေးရန်။

## ပြန်လည်အခြေချနေထိုင်ခြင်း

UNHCR၊ မြန်မာအစိုးရ၊ အလှူရှင်များ၊ INGO များ - ဒုက္ခသည်များနှင့် IDP များရရှိသော စားနပ်ရိက္ခာ၊ အကူအညီများကို လျှော့ချခြင်းသည် ၎င်းတို့အား အတင်းအကြပ်ပြန်နိုင်းခြင်းဟု ယူဆသောကြောင့် ၎င်းတို့အတွက် လူသားချင်းစာနာထောက်ထားမှု အထောက်အပံ့များ တိုးမြှင့်ပေးရန်။

UNHCR၊ CBO-CSO များ၊ INGO များ - ပြန်လည်အခြေချနေထိုင်ခြင်းမပြုလိုသော ဒုက္ခသည်များအတွက် ထိုင်းအစိုးရနှင့် ဆက်လက်ပူးပေါင်းလုပ်ဆောင်ပြီး ထိုင်းနိုင်ငံတွင် အခြေချနေထိုင်နိုင်မည့် အခွင့်အလမ်းများနှင့် တရားဝင်နေထိုင်နိုင်မည့်နည်းလမ်းများ အကောင်အထည်ဖော်ဆောင်ရန်။

မြန်မာအစိုးရ၊ UNHCR - UNHCR အစီအစဉ်ဖြင့် နေရပ်ပြန်သူများကို သင့်လျော်သော သယ်သူပို့ဆောင်ရေးနှင့် ခရီးသွားလာမှုအခြေအနေပိုမိုကောင်းမွန်အောင် လုပ်ဆောင်ပေးရန်နှင့် ပြန်လည်အခြေချနေထိုင်မည့်ဒေသသို့ သွားရာတွင် လုံလောက်သော ရေနှင့်အစားအစာအပါအဝင် လိုအပ်သည့်အကူအညီများပေးရန်။

## တရားဝင်စာရွက်စာတမ်းများ

အစိုးရ၊ UNHCR - ပြန်လည်နေရာချထားရေးလုပ်ငန်းများဆောင်ရွက်နေစဉ်အတောအတွင်း တရားဝင်စာရွက်စာတမ်းများပြုလုပ်ပေးရာတွင် အချိတ်အဆက်ကောင်းမွန်စွာရရှိစေရန်အတွက် ပိုမိုပူးပေါင်းလုပ်ဆောင်ရန်နှင့် ပြန်ရောက်နေထိုင်သည့် နေရာသို့ရောက်သည့်အချိန်တွင် တရားဝင်စာရွက်စာတမ်းများ အချိန်မီရရှိစေရန်အတွက် အကူအညီများပေးရန်။

အစိုးရ - တရားဝင်စာရွက်စာတမ်းများပြုလုပ်ရာတွင် ပြန်လည်အခြေချနေထိုင်သူများ ရင်ဆိုင်ရသည့်အခက်အခဲများ (ဥပမာ - နာမည်ကွဲပြားမှု၊ အချို့သောစာရွက်စာတမ်းများကို မရယူနိုင်ခြင်း) ကို ထည့်သွင်းစဉ်းစားပေးပြီး တရားဝင်စာရွက်စာတမ်းပြုလုပ်ရာတွင် အုပ်ချုပ်ရေးဆိုင်ရာလိုအပ်ချက်များ လျှော့ချပေးရန်။

အစိုးရ၊ NGO များ - ပြန်လည်အခြေချနေထိုင်သူများအတွက် တရားဝင်စာရွက်စာတမ်းရယူနိုင်သည့် ဝန်ဆောင်မှုများပေးရန်နှင့် ကျေးလက်ဒေသများတွင် အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများပေးရာတွင် တိုင်းရင်းသားဘာသာစကားပါဝင်သည့် ဝန်ဆောင်မှုများထားရှိရန်။

## တရားမျှတမှုရရှိရေး

မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် - ပြည်သူလူထုများက တရားရေးစနစ်တွင် ယုံကြည်မှုရှိလာစေရန် စနစ်အတွင်းရှိနေသော အဂတိလိုက်စားမှုများကို ထိရောက်စွာတိုက်ဖျက်ပေးရန်။ ထိုသို့ပြုလုပ်ရာတွင် တိုင်းပြည်တစ်ခုလုံးရှိ ဒေသအလိုက် ရုံးများဖွင့်ထားရန်နှင့် ပြည်သူများကြုံတွေ့ရသော လာဘ်ပေးလာဘ်ယူမှုဆိုင်ရာကိစ္စရပ်များအပေါ် တက်ကြွစွာတိုင်ကြားမှုပြုလုပ်ရန်အတွက် အားပေးအားမြှောက်ပြုပေးရန်။

မြန်မာအစိုးရ - အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် ၎င်း၏လုပ်ငန်းစဉ်များတိုးချဲ့ရန်အတွက် လုံလောက်သော အရင်းအမြစ်များဖြည့်ဆည်းပေးရန်။ ထို့အပြင် အဂတိလိုက်စားမှုများအပေါ် ထုတ်ဖော်ပြောဆိုသူများကို အကာအကွယ်ပေးနိုင်ရန် သတင်းပေးများအား ကာကွယ်ရေးဥပဒေ (Whistleblower Protection Bill) ကိုပြဋ္ဌာန်းပေးရန်။

မြန်မာအစိုးရ၊ EAO များ၊ CBO-CSO များ - ပြန်လည်နေရာချထားသည့်နေရာများတွင် လူ့အခွင့်အရေးအကြောင်းနှင့် မြန်မာပြည်အရှေ့တောင်ပိုင်းတွင်ရှိသော တရားရေးစနစ်များအကြောင်းကို ပိုမိုသိရှိနားလည်လာစေရန် အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ပြီး ဥပဒေရေးရာယန္တရားများ လက်လှမ်းမီလာစေရန်အတွက် လိုအပ်သောအရင်းအမြစ်များပေးရန်။

## လူထုပူးပေါင်းပါဝင်မှု

မြန်မာအစိုးရ၊ CBO-CSO များ - ပြန်လည်အခြေချရာနေရာများတွင် မဲပေးမှုအသိပညာနှင့် ရွေးကောက်ပွဲများတွင် ပြည်သူများ ပူးပေါင်းပါဝင်မှု၏အရေးပါပုံကို အသိပညာပေးရန်။

မြန်မာအစိုးရ - ပြန်လည်အခြေချထားသည့် နေရာများတွင် ၂၀၂၀ ရွေးကောက်ပွဲမတိုင်မီ မဲပေးခွင့်စာရင်းပေးမှုစီစဉ်ပေးရန်နှင့် မဲပေးခွင့်ရှိရန်အတွက် ကျေးလက်ဒေသများတွင် မဲရုံအလုံအလောက်ထားရှိပေးရန်။

မြန်မာအစိုးရ၊ EAO များ၊ CBO-CSO များ - ဒေသအဆင့်ဆုံးဖြတ်ချက်ချမှတ်မှုများတွင် အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှုကိုအားပေးရန်နှင့် ပြန်လည်အခြေချရာနေရာများတွင် ကျားမရေးရာ အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲများ ကျင်းပရန်။

မြန်မာအစိုးရ၊ EAO များ - ခွဲခြားဆက်ဆံမှုစောင့်ကြည့်ရေးယန္တရားများဖွဲ့စည်းပြီး လူမှုအသိုက်အဝန်းအသစ်တွင် နေရပ်ပြန်သူများအား ခွဲခြားဆက်ဆံခံရမှုများမှ ကာကွယ်ပေးရန်။

## အသက်မွေးဝမ်းကျောင်းပြုမှု

မြန်မာအစိုးရ၊ EAO များ၊ UNHCR၊ CBO-CSO များ - နေရပ်ပြန်သူများအတွက် မြေနှင့်မြေယာပိုင်ဆိုင်ခွင့်များပေးရန်။ ထိုသို့လုပ်ဆောင်ရာတွင် မြေယာများတိုက်ရိုက်ပေးခြင်း၊ မြေယာပိုင်ဆိုင်ခွင့် တရားဝင်စာရွက်စာတမ်းများ ရရှိရန်အတွက် ငွေကြေးနှင့်အုပ်ချုပ်ရေးဆိုင်ရာ အကူအညီပေးခြင်း၊ ထောက်ပံ့ရေးမြေယာများနှင့် ဒေသတွင်း

မြေယာဈေးချမှတ်ခြင်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက်မြေယာများ ပြန်လည်ပြင်ဆင်ရာတွင် အကူအညီပေးရန်တို့ ပါဝင်သည်။

မြန်မာအစိုးရ၊ UNHCR၊ CBO-CSO များ - ကျေးလက်ဒေသများတွင် နေရပ်ပြန်သူများ ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရန်အတွက် သင့်လျော်သော အသက်မွေးဝမ်းကျောင်းသင်တန်းများပေးရန်။

မြန်မာအစိုးရ၊ EAO များ၊ CBO-CSO များ၊ NGO များ - စိုက်ပျိုးရေးဈေးကွက် လက်လှမ်းမီစေရန်အတွက် ပြန်လည်အခြေချသည့်နေရာများတွင် အသေးစားစိုက်ပျိုးရေးလုပ်ငန်းများ အထောက်အပံ့များပေးရန်။

မြန်မာအစိုးရ၊ EAO များ၊ UNHCR - နေရပ်ပြန်သူများ ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်းပြုမှုအား ပြန်လည်ထူထောင်နိုင်သည်အထိ အသီးသီးတွင်ရှိသော လိုအပ်ချက်များအတွက် အထောက်အပံ့များပေးရန်။

## အိမ်ယာ

မြန်မာအစိုးရ၊ EAO များ၊ UNHCR - UNHCR အစီအစဉ်ဖြင့် နေရပ်ပြန်သူများအတွက် ရေရှည်တည်တံ့သော အိမ်ယာများတည်ဆောက်ပေးရန်နှင့် ဈေးသက်သာပြီးရေရှည်တည်တံ့သော လျှပ်စစ်မီး, ရေသန့်နှင့် အခြားသောအိမ်သုံးပစ္စည်းတပ်ဆင်မှုများရရှိရန်။ (ဥပမာ - အိပ်ယာ၊ ခြင်ထောင်နှင့် မီးဖိုချောင်ပစ္စည်းများ)

မြန်မာအစိုးရ၊ EAO များ၊ အလှူရှင်များ၊ INGO များ - ပြန်လည်အခြေချထားသည့်နေရာတွင် အိမ်ယာတည်ဆောက်သည့်အခါ စစ်တပ်နှင့်ပတ်သက်ဆက်နွယ်သည့်အိမ်ယာဆောက်လုပ်ရေးကုမ္ပဏီများနှင့် စာချုပ်ချုပ်ဆိုခြင်းမှကာကွယ်ရန်အတွက် လိုအပ်သောမူဝါဒများထားရှိရန်။

မြန်မာအစိုးရ - ဈေးသက်သာပြီး ရေရှည်တည်တံ့သောလျှပ်စစ်မီးနှင့် ရေသန့်ရရှိမှု ပိုမိုကောင်းမွန်အောင်ပြုလုပ်ပြီး မြန်မာပြည်အရှေ့တောင်ပိုင်း အထူးသဖြင့် ပြန်လည်အခြေချသည့်နေရာများတွင် ရေရှည်အတွက်သင့်လျော်သော စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုစနစ်များ ကျင့်သုံးရန်။

မြန်မာအစိုးရ၊ CBO-CSO များ၊ EAO များ - မိမိအစီအစဉ်ဖြင့်နေရပ်ပြန်လာသူများနှင့် IDP များကို ပြန်လည်ထူထောင်ရေး သို့မဟုတ် ခိုင်ခံ့သောအိမ်ယာများ တည်ဆောက်ရာတွင် ကူညီပေးရန်။

## ပညာရေးနှင့်ကျန်းမာရေး

မြန်မာအစိုးရ၊ EAO များ - မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကျေးလက်ဒေသများတွင် ပညာရေးနှင့်ကျန်းမာရေး လက်လှမ်းမီနိုင်မှု တိုးတက်ကောင်းမွန်လာစေရန်အတွက် ကျောင်းများနှင့် ဆေးခန်းများ ဆောက်လုပ်ခြင်းနှင့် ဝန်ထမ်းများ တိုးမြှင့်ခန့်ထားရန်။

မြန်မာအစိုးရ၊ UNHCR - ပညာရေးနှင့်ကျန်းမာရေး အဆောက်အဦးများသည် ပြန်လည်အခြေချသည့်နေရာနှင့် သင့်တော်သည့်အကွာအဝေးတွင်သာထားရှိပြီး ထိုအဆောက်အဦးများတွင် ရှိလာမည့်လိုအပ်ချက်များကို ထပ်မံဖြည့်ဆည်းပေးရန်အတွက် လုံလောက်သောဝန်ထမ်းများ ခန့်အပ်ထားရန်။

မြန်မာအစိုးရ - ဒုက္ခသည်စခန်းရှိကျောင်းများနှင့် မြန်မာအစိုးရကျောင်းများ၏ သင်ရိုးညွှန်းတမ်းကွဲပြားမှုကို စောင့်ကြည့်သည့် ယန္တရားများဖွဲ့စည်းပြီး နေရပ်ပြန်သူများ၏ပညာရေး လက်လှမ်းမီနိုင်မှုကို ထောက်ပံ့ပေးရန်။

မြန်မာအစိုးရ - မိမိအစီအစဉ်ဖြင့်နေရပ်ပြန်လာသည့် IDP နှင့်ဒုက္ခသည်ကလေးသူငယ်များ အစိုးရကျောင်းများသို့ တက်ရောက်ပညာသင်ယူနိုင်ရန်အတွက် ကူညီထောက်ပံ့ပေးရန်နှင့် ၎င်းကလေးများ ဆက်လက်တက်ရောက်ရမည့်အတန်းပညာအတိုင်း သင်ယူနိုင်ရန် လိုအပ်သည့်သင်ကြားပို့ချမှုများ လုပ်ဆောင်ပေးရန်။

### ရုပ်ပိုင်းဆိုင်ရာလုံခြုံရေး

တပ်မတော်၊ မြန်မာအစိုးရ၊ EAO များ - မြေမြှုပ်မိုင်းများအားဆက်လက်အသုံးပြုခြင်းများကို တားမြစ်ရန်။ မြေမြှုပ်မိုင်းနှင့် မပေါက်ကွဲသေးသော လက်နက်ခဲယမ်းများရှိသည့်နေရာများကို အမှတ်အသားပြုလုပ်ပြီး လုံခြုံရေးအတွက် ထိုအမှတ်အသားပြုလုပ်ထားသည့်နေရာများကို ဒေသခံများအား အသိပေးရန်။

UNHCR၊ CBO-CSO များ - ပြန်လည်အခြေချပြီးသူများရှိသည့်နေရာများ၊ IDP များ နေသည့်စခန်းများနှင့် ထိုင်းနိုင်ငံရှိဒုက္ခသည်စခန်းများတွင် မိုင်းအန္တရာယ်ပညာပေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်သွားရန်။

မြန်မာအစိုးရ၊ EAO များ၊ UNHCR - ပြန်လည်နေရာချထားရေးနေရာများနှင့် ဘေးပတ်ဝန်းကျင်များတွင် မြေမြှုပ်မိုင်းနှင့်မပေါက်ကွဲသေးသော လက်နက်ခဲယမ်းများမရှိကြောင်း သေချာစွာစစ်ဆေးလုပ်ဆောင်ပေးရန်။

တပ်မတော်၊ အစိုးရ - ပြန်လည်နေရာချထားရေးနေရာများ၊ ရပ်ရွာများ၊ အသက်မွေးဝမ်းကျောင်းတည်ရှိရာနေရာများနှင့် နီးစပ်သောနေရာများတွင် စစ်ဘက်ဆိုင်ရာလုပ်ရှားမှု ကင်းမဲ့ဖို့ဖြစ်စေရန်အတွက် စစ်တပ်စခန်းများ ရုတ်သိမ်းပေးရန်နှင့် အရပ်သားနေရာများနှင့် နီးစပ်သောနေရာများတွင် ကင်းလှည့်ခြင်းများ မပြုလုပ်ရန်။

## အစီရင်ခံစာပြုစုပုံနည်းစနစ်

ဤအစီရင်ခံစာကို ဒုက္ခသည်များ၊ IDP များအပါအဝင် ပြန်လည်နေရာချထားရေးလုပ်ငန်းတွင်ပါဝင်သော ဒေသခံခေါင်းဆောင်များနှင့်ပြုလုပ်သော တွေ့ဆုံမေးမြန်းမှုများမှရရှိသော အချက်အလက်များအပေါ်တွင် မှီငြမ်းအသုံးပြုထားပါသည်။

ဤကဲ့သို့တွေ့ဆုံမေးမြန်းမှုပြုလုပ်ရာတွင် ပြန်လည်နေရာချထားရေးလုပ်ငန်းများကို ကူညီပေးနေသော (သို့မဟုတ်) လုပ်ဆောင်နေသောအဓိကပါဝင်သည့်အဖွဲ့အစည်းများ (UNHCR နှင့် မြန်မာအစိုးရ) နှင့်အရပ်ဘက်အဖွဲ့အစည်းများအား တွေ့ဆုံခဲ့ခြင်းများမရှိပါ။ ပြန်လည်နေရာချထားရေးလုပ်ငန်းအကြောင်းကို တင်ပြရာတွင် ပါဝင်လုပ်ဆောင်သူများနှင့် တာဝန်ရှိအဖွဲ့အစည်းများ၏ အမြင်များပါဝင်ခြင်းသည် ပိုမိုမျှတမှုရှိသော အမြင်များရှိသည်ဟုဆိုပါက အငြင်းပွားဖွယ်ဖြစ်စေပါမည်။ သို့စေကာမူ ထိုအငြင်းပွားမှုသည် အမြဲတမ်းမမှန်ကန်ပေ။ အကြောင်းမှာ အပယ်ခံရသူများနှင့် ချန်ထားခံသူများ၏အမြင်များ ပါဝင်ပါက မျှတသည့်အမြင်များလည်း ဖြစ်နိုင်ပါသည်။ KHRG ၏ရည်ရွယ်ချက်မှာ နေရပ်ပြန်သူများ၏အသံများကို ဦးစားပေးတင်ပြရန်ဖြစ်သည်။ နေရပ်ပြန်သူများမှ ထပ်ခါတလဲလဲတင်ပြသည်မှာ ၎င်းတို့ပြန်လည်ရောက်ရှိချိန်မှစ၍ တာဝန်ရှိအဖွဲ့အစည်းများမှ ပြန်လည်ဆန်းစစ်မှုများပြုလုပ်ခြင်း တစ်စုံတစ်ရာမရှိပါ။ ထို့ကြောင့် ၎င်းတို့၏ပြန်လည်နေရာချထားရေးလုပ်ငန်းများ သာမကနောင်ပြန်လာမည့် နေရပ်ပြန်သူများအတွက်ပါ တာဝန်ယူနေရသော အဖွဲ့အစည်းများထံသို့ ၎င်းတို့၏နေရပ်ပြန်သည့်အတွေ့အကြုံကို တင်ပြနိုင်ခွင့်မရှိသေးပါ။ KHRG မှ နေရပ်ပြန်သူများ၏အသံကို အလေးထားပြီး လူတွေ့မေးမြန်းခန်းမှကောက်နှုတ်ချက်များကိုတင်ပြခြင်းအားဖြင့် ၎င်းတို့၏အတွေ့အကြုံနှင့်စိုးရိမ်မှုများကို လူအများကြားသိနိုင်မည်ဟု မျှော်လင့်ပါသည်။

### ကွင်းပိုင်းသုတေသနနှင့်အချက်အလက်များ

ဤအစီရင်ခံစာတွင် နတ်သက်သေခံချက်များ အဓိကပါဝင်ပါသည်။ ထိုသက်သေခံချက်များကို KHRG မှပြင်ဆင်ထားသည့်မေးခွန်းနှင့် ပြင်လွယ်ပြောင်းလွယ်စေရန်ပုံစံချထားသည့်မေးခွန်းများ (semi-structure interview) ၏ အသံသွင်းရရှိမှုအပေါ်အခြေခံကာ ပြုစုထားခြင်းဖြစ်ပါသည်။ KHRG မှ သတင်းအချက်အလက်များ ကောက်ယူစုဆောင်းပုံနည်းစနစ်များကို ရွာသားများအား သင်ကြားပို့ချပေးပြီး ၎င်းရွာသားများဖြင့်ဖွဲ့စည်းထားသော သတင်းရယူသူများကွန်ယက်သည် ဤအစီရင်ခံစာ ရေးသားပြုစုရန်အတွက် သတင်းအချက်အလက်များကို

ရယူပေးခဲ့ကြပါသည်။ လူတွေ့မေးမြန်းခဲ့သည့်မေးခွန်းဖြေကြားသူများအားလုံးထံမှ မေးခွန်းမေးမြန်းခြင်း၏ ရည်ရွယ်ချက်နှင့် ရရှိလာသောအချက်အလက်များအားအစီရင်ခံစာအတွင်း မည်သို့ထည့်သွင်းအသုံးပြုလို ကြောင်းကို သဘောတူညီမှုရယူခဲ့ပါသည်။ ထိုလူတွေ့မေးမြန်းမှုများအား စကောကရင်ဘာသာစကားအပြင် မြန်မာဘာသာစကားတို့ဖြင့်ပါ ပြုလုပ်ခဲ့ပါသည်။

ဤအစီရင်ခံစာအတွက် တွေ့ဆုံမေးမြန်းမှုနှစ်ပိုင်းမှရရှိထားသော အချက်အလက်များကို အသုံးပြုထားပါသည်။ တစ်ပိုင်းမှာ ၂၀၁၉ ခုနှစ်၊ ဖွန်လမှသတင်းအကျဉ်းချုပ်အတွက်ပြုလုပ်ခဲ့သော လူတွေ့မေးမြန်းခန်းများဖြစ်သည်။ ၂၀၁၉ ခုနှစ်၊ မတ်လနှင့်ဧပြီလများတွင် KHRG မှ မယ်လဝေလယ်မူး[17] နှင့် လေးဖာထော[18] ရှိ ပြန်လည်အခြေ ချသည့်ဒုက္ခသည် ၁၃ ဦးတို့နှင့် ဒေသခံခေါင်းဆောင် ၃ ဦးတို့ကို တွေ့ဆုံမေးမြန်းမှုပြုလုပ်ခဲ့ပါသည်။ ကနဦးပိုင်း တွင်ပြုလုပ်ခဲ့သည့် တွေ့ဆုံမေးမြန်းမှု ၁၃ ခုအနက် ၁၁ ခုကိုသာ ဤလက်ရှိအစီရင်ခံစာတွင် အသုံးပြုနိုင်ပါ သည်။ ဒေသခံခေါင်းဆောင်များနှင့်ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းမှု ၃ ခုစလုံးကို အသုံးပြုထားပြီးဖြစ်ပါသည်။

ထိုလူတွေ့မေးမြန်းခန်းများအပြင် KHRG မှ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလနှင့် ၂၀၂၀ ခုနှစ်၊ မတ်လအတွင်းအခြား တွေ့ဆုံမေးမြန်းမှု ၃၀ ခုတို့မှာ -

- နေရပ်ပြန်သူဒုက္ခသည်များနှင့် IDP ၂၈ ဦး
- ချမှတ်ထားသောပြန်လည်နေရာချထားရေးနေရာမဟုတ်သည့်နေရာတွင် နေထိုင်သည့် IDP တစ်ဦး
- အီးတူထ စစ်ဘေးရှောင်ဒုက္ခသည်စခန်းတွင်းရှိ ကရင်အမျိုးသမီးအစည်းအရုံးအဖွဲ့ဝင်ဖြစ်သည့် ဒေသခံခေါင်း ဆောင် ၁ ဦး

KHRG မှ နေရပ်ပြန်သူစုစုပေါင်း ၄၀ ဦး (အမျိုးသား ၂၁ ဦး၊ အမျိုးသမီး ၁၉ ဦး)နှင့် ဒေသခံခေါင်းဆောင် ၄ ဦး (အမျိုးသား ၂ ဦး၊ အမျိုးသမီး ၂ ဦး)တို့အား လူတွေ့မေးမြန်းခဲ့ပါသည်။

လူတွေ့မေးမြန်းမှုများကို KHRG ၏လုပ်ရှားရာနယ်မြေများဖြစ်သည့် ခရိုင် ၇ ခုအတွင်းရှိ ကျေးရွာ ၂၀ ရွာတွင် ပြုလုပ်ခဲ့ပါသည်။ လူတွေ့မေးမြန်းမှုပြုလုပ်ခဲ့သည့် နေရပ်ပြန်သူ ၂၄ ဦးသည်ပြန်လည်နေရာချထားရေးနေရာအဖြစ် သတ်မှတ်ထားသည့်ကျေးရွာများ သို့မဟုတ် ပြန်လည်နေရာချထားသည့်နေရာများဖြစ်သည့် မယ်လတာလော် သော၊ မယ်လဝေလယ်မူး၊ လေးဖာထော၊ ကော်လားနှင့် ထီးသဘလုခီး စသည့်နေရာများတွင် လက်ရှိနေထိုင် လျက်ရှိနေပါသည်။ ဤနေရာများမှ တွေ့ဆုံမေးမြန်းခဲ့သော နေရပ်ပြန်သူများသည် UNHCR ၏ အကူအညီ ရရှိသူများ သို့မဟုတ် မိမိအစီအစဉ်ဖြင့် ပြန်လည်အခြေချနေထိုင်သည့်ဒုက္ခသည်များသာ ဖြစ်ကြသည်။ ၎င်း လူတွေ့မေးမြန်းမှုများသည် တမင်တကာရွေးချယ်ထားခြင်း မဟုတ်ပါ။ အဆိုပါ ပြန်လည်ချထားသည့်နေရာ များတွင် IDP များလည်း အခြေချနေထိုင်ပါသည်။ သို့သော် ၎င်းတို့အားတွေ့ဆုံမေးမြန်းမှု မပြုလုပ်မိခဲ့ပါ။ အဆိုပါ ပြန်လည်အခြေချသည့်နေရာနှင့် ပြန်လည်နေရာချထားရေးနေရာများအားလုံးသည် ဒူးပလာယာခရိုင်နှင့် ဘားအံခရိုင်တွင် တည်ရှိပါသည်။ တွေ့ဆုံမေးမြန်းခံရသူတစ်ဦးမှလွဲ၍ ကျန်တွေ့ဆုံမေးမြန်းခံရသူများ အားလုံး သည် ဤခရိုင်နှစ်ခုအတွင်းရှိ သတ်မှတ်ထားသော ပြန်လည်နေရာချထားသည့် နေရာများထဲတွင် ပြန်လည်နေ ထိုင်သူများ ဖြစ်ကြသည်။ မြန်မာပြည်အရှေ့တောင်ပိုင်း၏ လက်ရှိနိုင်ငံရေးအခြေအနေအရ ဤခရိုင်နှစ်ခု (ဒူးပလာယာနှင့်ဘားအံ) အတွင်းတွင် လူတွေ့မေးမြန်းမှုပို၍ ပြုလုပ်နိုင်ခဲ့ရခြင်းမှာ အဆိုပါဒေသအတွင်း ချမှတ် ထားသော ပြန်လည်နေရာချထားသည့်နေရာများသည် အခြားဇရိယာများထက် ပိုမိုတည်ငြိမ်မှုရှိခြင်းနှင့် လုံခြုံမှု ရှိခြင်းတို့ကြောင့်ပင် ဖြစ်သည်။

ဒူးသထူ (သထုံ) ခရိုင်မှ မေးခွန်းဖြေကြားသူ ၄ ဦးစလုံးမှာ ၎င်းတို့၏မူလကျေးရွာဖြစ်သည့် ထီးဆီဘောခီးကျေးရွာသို့ ပြန်လည်အခြေချထားသော IDP များ ဖြစ်ကြသည်။ တောအူး (တောင်ငူ)၊ ဘိတ်-ထားဝယ် (မြိတ်-ထားဝယ်)နှင့် မူတြော် (ဖာပွန်)ခရိုင်များမှ ပြုလုပ်ခဲ့သော လူတွေ့မေးမြန်းမှုများတွင်မူ IDPများနှင့် ထိုင်းမြန်မာနယ်စပ်မှ

[17] မယ်လထာဟု ယခင်ကတည်းက သိရသည်။

[18] ကရင်လို 'မော်တော့ထူ' ဟုသိရပြီး မြန်မာလို 'ဇီးပင်' ဟုသိရသည်။

မိမိအစီစဉ်ဖြင့် နေရပ်ပြန်လာသူများကို ရောနှောပြီးတွေ့ဆုံမေးမြန်းထားခြင်းဖြစ်သည်။ မေးခွန်းဖြေကြားသူအများ အပြားသည် ယခုအချိန်တွင် ၎င်းတို့၏မူလကျေးရွာတွင်ပင်မဟုတ်ဘဲ ယခင်၎င်းတို့၏မူလဒေသအတွင်းတွင် ပြန်လည်အခြေချလျက်ရှိသည်။ ခလယ်လွီထူ (ညောင်လေးပင်) ခရိုင်တွင် KHRG မှ တွေ့ဆုံမေးမြန်းမှုပြုလုပ်ခဲ့သော သူ ၅ ဦးမှာ IDP များဖြစ်ကြပြီး အချို့သူများသည် ၎င်းတို့၏မူလကျေးရွာသို့ ပြန်လည်အခြေချနေထိုင်ခဲ့သည်။

KHRG မှ လူတွေ့မေးမြန်းခဲ့သော သူအများစုမှာမူ UNHCR ၏ အစီအစဉ်ဖြင့် နေရပ်ပြန်သူများဖြစ်ကြပြီး လက်တွေ့တွင်မူ နေရပ်ပြန်အများစုမှာ မိမိအစီအစဉ်ဖြင့် နေရပ်ပြန်သူများဖြစ်ကြသည်။ ထို့ကြောင့် KHRG မှ ရရှိထားသော လူတွေ့မေးမြန်းမှုရလဒ်သည် မြန်မာပြည်အရှေ့တောင်ပိုင်းတွင်ဖြစ်ပွားနေသော နေရပ်ပြန်မှုပုံစံနှင့် ကွဲပြားနေပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့ပြန်လည်နေရာချထားရေးနေရာများသည် လွယ်ကူစွာဝင်ရောက်သွားလာနိုင်ခြင်း၊ သတင်းအချက်အလက်များစုဆောင်းရယူရန် ပိုမိုလွယ်ကူခြင်းနှင့် သတင်းအချက်အလက်များ ရရှိရန် လူဦးရေအများအပြားရှိခြင်း စသည်တို့ကြောင့်ဖြစ်ပါသည်။ မိမိအစီအစဉ်ဖြင့်ပြန်သွားကြသောဒုက္ခသည်နှင့် IDP များကိုတွေ့ရှိရန် အကန့်အသတ်ရှိသောကြောင့် ၎င်းတို့၏နေရပ်ပြန်မှုနှင့်ပတ်သက်သော အတွေ့အကြုံများကို သုတေသနပြုရန်ခက်ခဲပါသည်။ ထို့ကြောင့် နောင်တွင်၎င်းတို့၏အသံများနှင့် အတွေ့အကြုံများကို ကိုယ်စားပြုနိုင်ရန်တင်ပြရာတွင် ၎င်းတို့၏ပြန်လည်အခြေချနေထိုင်သည့်နေရာများသို့ ရောက်ရှိနိုင်မှသာလျှင် ပြည့်စုံသောသုတေသနများကို ပြုလုပ်နိုင်မည်ဖြစ်ပါသည်။

မှတ်ချက်။ ။ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသည့်အချိန်တွင် KHRG သတင်းမှတ်တမ်းပြုစုသူများမှ လူတွေ့မေးမြန်းမှုများ ပြုလုပ်ပြီးခဲ့ပြီဖြစ်သည်။ သို့သော်ထိုအချိန်တွင် ထိုင်းနှင့်မြန်မာနိုင်ငံ နယ်စပ်တစ်လျှောက်တွင် လမ်းကြောင်းများပိတ်ဆို့ခြင်းနှင့် သွားလာရေးများတင်းကြပ်ခြင်းများကြောင့် ရရှိထားသောအချက်အလက်များအပေါ် လိုအပ်သည့်ထပ်မံတွေ့ဆုံမေးမြန်းမှုနှင့် ရည်ရွယ်ထားသောလူတွေ့မေးမြန်းမှုများ ပြုလုပ်နိုင်ခြင်းမရှိတော့ပေ။

## သတင်းအချက်အလက်စုဆောင်းသည့်နေရာများ

KHRG သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ခရိုင် ၇ ခု ဖြစ်သည့် ဒူးသထူ(သထုံ)၊ တောအူး (တောင်ငူ)၊ ခလယ်လွီထူ (ညောင်လေးပင်)၊ ဘိတ်-ထားဝယ် (မြိတ်-ထားဝယ်)၊ မူတြော်(ဖာပွန်)၊ ဒူးပလာယာနှင့် ဘားအံခရိုင်များတွင် လုပ်ငန်းဆောင်ရွက်လျက်ရှိပါသည်။[19] ထို "ခရိုင်" များသည် KNU မှ သတ်မှတ်ထားသော အသုံးအနှုန်းဖြစ်ပြီး KNU နှင့် ဆက်စပ်သည့်ဒေသခံကရင်အဖွဲ့အစည်းများဖြစ်စေ၊ ပတ်သက်ဆက်နွယ်မှု မရှိသည့်အဖွဲ့အစည်းများဖြစ်စေ ၎င်းအသုံးအနှုန်းကို သုံးစွဲခေါ်ဝေါ်ကြပါသည်။ ကွင်းထဲမှရရှိသော သတင်းအချက်အလက်များကို KHRG မှ ဤနယ်မြေ ခုနစ်ခု၏ဖွဲ့စည်းပုံအတိုင်း စီစစ်လုပ်ဆောင်နေပါသည်။

ထို့အပြင် KHRGမှ ဤသုတေသနပြုထားသော သတင်းအချက်အလက်များတွင် "မြန်မာနိုင်ငံ" ဟူသော ဝေါဟာရအား သုံးစွဲထားပါသည်။ အကြောင်းမှာ စစ်အစိုးရမှတိုင်းပြည်အား ဗမာနိုင်ငံမှ မြန်မာနိုင်ငံသို့ ၁၉၈၉ ခုနှစ်တွင် တရားဝင်ပြောင်းလဲခေါ်ဝေါ်သုံးစွဲခဲ့သောကြောင့်ဖြစ်သည်။

ကရင်ကျေးရွာအမည်များအား ဘာသာပြန်ဆိုသည့်အခါတွင်လည်း နေရာဒေသအမည်များနှင့် စာလုံးပေါင်း သတ်ပုံမှန်ကန်စေရန်အတွက် ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလတွင် ကရင် CBOs/CSOs နှင့် NGOs ၁၄ ဖွဲ့တို့နှင့်အတူ ကရင်အသံထွက် ဘာသာပြန်ဆိုမှုစနစ်တစ်ခုကိုချမှတ်ပြီး အဆိုပါစနစ်အား အတူသုံးစွဲခဲ့ပါသည်။

19 မြန်မာဘာသာဖြင့်အသုံးပြုခေါ်ဝေါ်သောခရိုင်များကိုကွင်းထဲ၌ရှင်းလင်းဖော်ပြထားသော်လည်း၎င်းတို့သည်မြန်မာအစိုးရအုပ်ချုပ်ရေးပိုင်းဆိုင်ရာ ခွဲခြမ်းစိတ်ဖြာပုံနှင့် တူညီမှုမရှိပေ။


## အရင်းအမြစ်နှင့် မှီငြမ်းကိုးကားချက်များ

ဤအစီရင်ခံစာပါ သတင်းအချက်အလက်များသည် ရွာသားများနှင့်ဒေသခံခေါင်းဆောင်များ ကိုယ်တိုင်တင်ပြထားသည့် သက်သေခံချက်များအပေါ် တိုက်ရိုက်အခြေခံထားပါသည်။ ဖော်ပြထားသောအချက်အလက်များအပေါ် ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် စီစစ်ပိုင်းခြားနိုင်ရန် ကိုးကားထားသောသက်သေခံချက်အားလုံးနှင့် ဥပမာများအားလုံး၏ သတင်းအရင်းအမြစ် ၄၃ ခုကို အောက်ခြေမှတ်စု (Footnote) ထားရှိပြီး အဆိုပါ နောက်ဆက်တွဲမူရင်းသတင်းမှတ်တမ်းအရင်းအမြစ်များကို KHRG ၏ ဝက်ဘ်ဆိုဒ်တွင် ရှာဖွေတွေ့ရှိနိုင်ပါသည်။ လူတွေ့မေးမြန်းခန်းများ မရရှိသောအချက်အလက်များအပြင် မူဝါဒနှင့်ဥပဒေပိုင်းဆိုင်ရာ အချက်အလက်များ၊ အရေးအတွက်နှင့်ဆက်စပ်သော သတင်းအချက်အလက်များဖြစ်သည့် ပြင်ပအရင်းအမြစ်များကိုလည်း KHRG မှ ရယူကိုးကားသုံးသပ်မှုပြုလုပ်ထားပါသည်။ ယင်းပြင်ပအရင်းအမြစ်များကို သတ်မှတ်ထားသော စံချိန်စံနှုန်းနှင့်အညီ မှီငြမ်းကိုးကားအသုံးပြုထားပါသည်။ KHRG ၏ ယခင်ကထုတ်ဝေခဲ့သည့်အစီရင်ခံစာများကိုလည်း ဤအစီရင်ခံစာတွင် ပြင်ဆင်၍ သတ်မှတ်ထားသောစံချိန်စံနှုန်းပုံစံနှင့်အညီ မှီငြမ်းကိုးကားအသုံးပြုထားပါသည်။

## အမည်နာမများ၊ တည်နေရာများနှင့် အခြားအသေးစိတ်အချက်အလက်များကို ဆင်ဆာဖြတ်ထားခြင်း

KHRG အနေဖြင့် သတင်းအချက်အလက်များဖော်ပြရာတွင် ပြောဆိုချက်များ သို့မဟုတ် ကိုးကားချက်များထည့်သွင်းရာ၌ အထူးသဖြင့် လူပုဂ္ဂိုလ်တစ်ဦးချင်းအမည်၊ ရွာအမည်များအားပါရှိပါက ရွာသားများအား သို့မဟုတ် ဒေသခံအဖွဲ့ဝင်များအား အန္တရာယ်ရှိစေနိုင်သည်ဟုယူဆသောကြောင့် ထိုအမည်နာမ အချက်အလက်များကို ဆင်ဆာဖြတ်ထားပါသည်။ ကျေးရွာအမည်နှင့် လူပုဂ္ဂိုလ်နာမည်များကို က---မှအ---အက္ခရာများအသုံးပြု၍ ဆင်ဆာဖြတ်ထားပါသည်။ သက်ဆိုင်ရာ ဘာသာစကားများတွင် ဖြတ်တောက်ဖော်ပြထားသော စကားလုံးများသည် အမည်နာမအစစ်အမှန်များနှင့် ဆက်စပ်အသုံးပြုခြင်းမရှိသကဲ့သို့ KHRG ၏ ယခင်အစီရင်ခံစာများတွင် အသုံးပြုခဲ့သော စကားလုံးများနှင့်လည်း သက်ဆိုင်မှုမရှိပါ။ ဤအစီရင်ခံစာတွင် အသုံးပြုသော ဆင်ဆာဖြတ်ထားသည့် အမည်နာမများသည် KHRG ၏ ဝက်ဘ်ဆိုဒ်တွင်ဖော်ပြထားသော နောက်ဆက်တွဲ မူရင်းသတင်းမှတ်တမ်းနှင့် တူညီမှုရှိပါသည်။ ဤကဲ့သို့ဆင်ဆာဖြတ်ထားသည့် အမည်နာမများနှင့် နေရာများ၏အမည် အစစ်အမှန်များကို KHRG ၏ ဖိုင်တွဲတွင် သိမ်းဆည်းထားသည်။ ထို့ကြောင့် ဆင်ဆာဖြတ်တောက်ထားမှုကို သတင်းအချက်အလက် အခြေအမြစ်မရှိဟု သတ်မှတ်ယူ၍မရပါ။ အချို့ကိစ္စရပ်များတွင် ရွာသားများနှင့် KHRG သတင်းမှတ်တမ်းပြုစုသူများ၏ လုံခြုံရေးအတွက် အသေးစိတ်အချက်အလက်များကို ချန်လှပ်ထားပါသည်။

## မြေပုံ ၁ - မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူများ ပြန်လည်နေထိုင်ရာဒေသနှင့် ဒုက္ခသည်များပြန်လည်နေရာချထားရေးနေရာများ (KHRG ၏တွေ့ဆုံမေးမြန်းမှုမှ ရရှိခြင်း)



# ဝေါဟာရနှင့် အတိုကောက်အသုံးအနှုန်းများ

| | |
|---|---|
| BGF | နယ်ခြားစောင့်တပ် |
| CBO | လူထုအခြေပြုအဖွဲ့အစည်း |
| CIDKP | ဌာနေမဲ့ ပြည်တွင်းကရင်ဒုက္ခသည်များဆိုင်ရာကော်မတီ |
| COI | သက်သေခံလက်မှတ် |
| CSC | နိုင်ငံသားစီစစ်ရေးကဒ်ပြား |
| CSO | အရပ်ဖက်အဖွဲ့အစည်း |
| DKBA Splinter | တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် (ခွဲထွက်အဖွဲ့) |
| EAO | တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း |
| FAO | ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ |
| IDP | ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူ |
| IOM | နိုင်ငံတစ်ကာရွှေ့ပြောင်းနေထိုင်သူများဆိုင်ရာအဖွဲ့အစည်း |
| JMC | အပစ်ခတ်ရပ်စဲရေး စောင့်ကြည့်ရေးကော်မတီ |
| KECD | ကရင့်ပညာရေးနှင့် ယဉ်ကျေးမှုဌာန |
| KESAN | ကရင်သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ လှုပ်ရှားမှုကွန်ယက် |
| KNDO | ကရင်အမျိုးသားကာကွယ်ရေးအဖွဲ့အစည်း |
| KNLA | ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် |
| KNU | ကရင်အမျိုးသားအစည်းအရုံး |
| KNU/KNLA PC | ကရင်ငြိမ်းချမ်းရေးကောင်စီ |
| KORD | ကရင်ကယ်ဆယ်ရေးနှင့်ဖွံ့ဖြိုးရေးရုံး |
| KRC | ကရင်ဒုက္ခသည်များကော်မတီ |
| KWO | ကရင်အမျိုးသမီးအစည်းအရုံး |
| KYO | ကရင်လူငယ်အစည်းအရုံး |
| NCA | တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| NIC | နိုင်ငံသားစီစစ်ရေးကဒ်ပြား |
| RSD | ဒုက္ခသည်အဖြစ်ဆုံးဖြတ်ပေးခြင်း |
| TBC | နယ်စပ်ဒေသ ကူညီစောင့်ရှောက်ရေးညွန့်ပေါင်းအဖွဲ့ |
| UN | ကုလသမဂ္ဂ |
| UNHCR | ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး |
| UNICEF | ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာကလေးများအတွက် ရန်ပုံငွေအဖွဲ့ |
| UXO | မပေါက်ကွဲသေးသော လက်နက်ခဲယမ်းများ |
| VRC | ဆန္ဒအလျောက်ဌာနေပြန်သွားရေးအကျိုးဆောင်ဗဟိုဌာန |

## ကရင်ဘာသာ အထူးအခေါ်အဝေါ်များ

| | |
|---|---|
| နော်၊ စော | စကောကရင် အမျိုးသား၊ အမျိုးသမီးများ၏ နာမည်ရှေ့တွင် ခေါ်ဝေါ်သုံးစွဲသော အသုံးအနှုန်း |

# အခန်း (၁) ပြန်လည်အခြေချနေထိုင်မှုအတွေ့အကြုံများနှင့် ပြန်လည်အခြေချ နေထိုင်ရေး အစီအစဉ်

နေရပ်ပြန်သူများ၏အတွေ့အကြုံများနှင့် ပြန်လည်နေရာချထားရေး အစီအစဉ်များသည် ပြန်လည်ပေါင်းစည်း နေထိုင်ခြင်းတွင် သိသာထင်ရှားသည့် သက်ရောက်မှုရှိစေနိုင်သည်။ နေရပ်ပြန်သူ အုပ်စုအမျိုးမျိုးကွဲပြားသော ကြောင့် မည်သည့်ပုံစံဖြင့် နေရပ်သို့ပြန်လာသည်ကို သိရှိနားလည်ရန် အရေးကြီးသည်။ ဤအခန်းတွင် နေရပ်ပြန် သူများနှင့် လူတွေ့မေးမြန်းခန်းများအပေါ် အခြေခံပြီး ၎င်းတို့၏ပြန်လည်အခြေချရန် ဆုံးဖြတ်စေသည့် အခြေအနေ များ၊ နေရပ်ပြန်သည့်ပုံစံများနှင့် ၎င်းတို့ရရှိခဲ့သည့် သို့မဟုတ် မရရှိသည့်ကူညီထောက်ပံ့မှုများကို KHRG မှ အသေးစိတ်ဖော်ပြထားသည်။ ဤအခန်းတွင် နေရပ်ရွှေ့ပြောင်းနေထိုင်သူများအား မိမိဆန္ဒအလျောက်၊ လုံခြုံ စွာနှင့် သိက္ခာရှိစွာ ပြန်လည်နေရာချထားရေးဟူသည့် UNHCR ၏ ပြဋ္ဌာန်းချက်ကိုလည်း KHRG မှ လူတွေ့မေးမြန်း ထားသူများ၏ အတွေ့အကြုံပေါ် အခြေခံပြီး ပြန်လည်သုံးသပ်ထားသည်။

## (က) နေရပ်ပြန်ရန် ဆုံးဖြတ်ချက်ချခြင်း

### ၁) နေရပ်ပြန်ရန် ဆုံးဖြတ်ချက်ချခြင်း။ ။ဒုက္ခသည်များ

*"ကျွန်မတို့ စခန်းထဲမှာ မနေနိုင်တော့ဘူး။ အဲ့ဒီမှာ လွတ်လွတ်လပ်လပ် သွားလာခွင့်မရှိဘူး။ ဥပမာ၊ စခန်းအပြင် ဘက်မှာ ဟင်းသီးဟင်းရွက်သွားရှာတာမျိုး တစ်နေရာရာကိုသွားချင်တယ်ဆိုရင်လည်း ထိုင်းအာဏာပိုင်တွေက ခွင့်မပြုတဲ့အတွက်ကြောင့် ကျွန်မတို့ စခန်းအပြင်ကိုခိုးထွက်ပြီး [မိသားစုဝင်ငွေရအောင်] နေ့စားအနေနဲ့ အလုပ် လုပ်ရတယ်။ ကျွန်မတို့ ကရင်ပြည်နယ်မှာဖြစ်နေတဲ့ အခြေအနေတွေအကြောင်းသိရတယ်။ ပြီးတော့ ပြည်တွင်း ထဲမှာရှိတဲ့သူတွေ ကောင်းကောင်းနေနိုင်တာတွေ့ရတော့ ကျွန်မတို့လည်းသူတို့လိုပဲ နေနိုင်မယ်လို့ စဉ်းစားမိ တယ်။"*[20] (နော်အ---၊ မယ်လစခန်းတွင် နေထိုင်ခဲ့သူ)

KHRG ၏ နေရပ်ပြန်သူများနှင့် လူတွေ့မေးမြန်းမှုများတွင် ဒုက္ခသည်များအနေဖြင့် ပြန်လည်အခြေချနေထိုင် ရသည့် အဓိကအကြောင်းရင်းများမှာ စခန်းအတွင်းရိက္ခာနှင့် အထောက်အပံ့များလျော့နည်းလာခြင်း၊ လွတ်လပ် စွာသွားလာခွင့်မရရှိခြင်းနှင့် မိမိ၏တိုင်းပြည်တွင် ပြန်လည်နေထိုင်လိုခြင်းတို့ကြောင့်ဖြစ်သည်။[21] ထိုအချက် သုံးချက်သည် တစ်ခုနှင့်တစ်ခု လွန်စွာချိတ်ဆက်လျက်ရှိသည်။ စခန်းအတွင်းရိက္ခာနှင့် အထောက်အပံ့များ လျော့နည်းခြင်းကြောင့် စားဝတ်နေရေးအတွက်လိုအပ်ချက်များကို စခန်းအတွင်းမှ ထွက်ခွာခြင်းမရှိပဲ ဖြည့်ဆည်း နိုင်ရန်ခက်ခဲသည်။ စခန်းမှထွက်ခွာရန်နှင့် ပြန်လည်ဝင်ရောက်နိုင်ရန် ကန့်သတ်ထားခြင်းနှင့် ထိုင်းရဲများ၏ ပစ်မှတ်ထားခြင်းများကို ကြုံတွေ့ရသည့်အခါတွင် ဒုက္ခသည်များအနေဖြင့် မိမိတို့ကိုလက်ခံခြင်းမရှိသော တိုင်း တစ်ပါးနယ်မြေတွင် နေထိုင်သကဲ့သို့ ခံစားရစေသည်။ စခန်းအပြင်ဘက်ရှိဘဝကို လွတ်လပ်စွာ ခံစားနိုင်ခြင်းမရှိ သကဲ့သို့ ရိက္ခာနှင့်အထောက်အပံ့များလည်း လျော့နည်းလာသည့်အတွက် ဒုက္ခသည်များအနေဖြင့် ၎င်းတို့၏ စားဝတ်နေရေးလိုအပ်ချက်များကို ဖြေရှင်းနိုင်ရန်အတွက် အခြားနည်းလမ်းများကိုရှာဖွေရန် လိုအပ်လာသည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်အား ၂၀၁၅ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ခြင်း သည် နိုင်ငံတကာအသိုင်းအဝိုင်းအတွက် ဒုက္ခသည်များအနေဖြင့် မကြာမီကာလတွင် မြန်မာနိုင်ငံအတွင်းသို့ ပြန်လည်နေထိုင်နိုင်မည်ဟူသည့် မျှော်လင့်ချက်ကို ယူဆောင်လာသည်။ သို့သော်လည်း ဒုက္ခသည်များနှင့် KHRG အပါအဝင် မြေပြင်အခြေအနေအား ကောင်းစွာသိကျွမ်းသည့်အဖွဲ့အစည်းများမှာမူ ထိုအချိန်က နေရပ် ပြန်ရေးနှင့်ပတ်သက်ပြီး သံသယရှိခဲ့သည်။ သို့သော်လည်း နိုင်ငံတကာအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အ

[20] Source #1 တွင်ကြည့်ပါ။

[21] KHRG မှ မေးမြန်းခဲ့သော ဒုက္ခသည်များသည် ထိုင်းမြန်မာနယ်စပ် ယာယီဒုက္ခသည်စခန်းတွင် နေထိုင်ခဲ့ကြသည်။ ၎င်းတို့အနက် မေးမြန်းခဲ့သောဒုက္ခသည်တစ်ဦးမှာ အခန်းငှားနေခဲ့ပြီး အလုပ်လည်းရှာလုပ်နိုင်ခဲ့သည်။

စည်းများကမူ ၎င်းတို့၏လုပ်ငန်းများအား ပြန်လည်နေရာချထားရေးအတွက် ဦးတည်စေခဲ့ပြီး ထိုင်း-မြန်မာနယ်စပ်ရှိ ယာယီစခန်းများအတွက် ငွေကြေးပေးလှူမှုများအား လျှော့ချခဲ့သည်။ KHRG မှ လူတွေ့မေးမြန်းခဲ့သူများက နှစ်စဉ်နှစ်တိုင်းစခန်းအတွင်း ရိက္ခာပေးဝေမှုပမာဏ လျော့နည်းလာသည်ဟု တင်ပြခဲ့ကြသည်။ ၂၀၁၀ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်အကြားတွင် ဆန်ပေးဝေမှုမှာ ထက်ဝက်လျော့နည်းသွားခဲ့ပြီး ထိုပမာဏသည် နိုင်ငံတကာ၏အနိမ့်ဆုံး အာဟာရစံနှုန်းများထက်ပင် လွန်စွာ နိမ့်ကျလျက်ရှိသည်။ Leitner Center ၏ ၂၀၁၅ ခုနှစ် မြန်မာနိုင်ငံအတွက် လူ့အခွင့်အရေးအခြေအနေအား သုံးသပ်သည့်လုပ်ငန်းစဉ် (Universal Periodic Review)တင်သွင်းသည့် အစီရင်ခံစာအရ *"စခန်းတွင်း နေထိုင်သူများသည် နိုင်ငံတကာ အနိမ့်ဆုံးအာဟာရ စံချိန်စံနှုန်းပြည့်မီခြင်းမရှိ ကြောင်း နိုင်ငံတကာအဖွဲ့အစည်းများမှ ၂၀၁၁ ခုနှစ်တွင် ထုတ်ပြန်ခြင်းမပြုမီအချိန်ကတည်းက စခန်းတွင်းနေထိုင်ကြသူများသည် နာတာရှည်၊ အာဟာရချို့တဲ့မှုနှင့် သွေးအားနည်းရောဂါများအား ခံစားရလျက်ရှိကြသည်။"* [22]

ဒူးပလာယာခရိုင်၊ နို့တကော (ကြာအင်းဆိပ်ကြီး) မြို့နယ်၊ ကြာအင်းကျေးရွာအုပ်စု၊ ခ--- ကျေးရွာသို့ ၂၀၁၉ ခုနှစ်တွင် ပြန်လည်နေထိုင်ခြင်းမပြုမီ နို့ဖိုးဒုက္ခသည်စခန်းတွင် ၁၃ နှစ် နေထိုင်ခဲ့သည့် နော်ဘ--- က ဤသို့ မှတ်ချက်ပြုခဲ့သည်။ *"ဒုက္ခသည်စခန်းထဲမှာ ကျွန်မတို့ရတဲ့ အထောက်အပံ့တွေက နည်းသထက်နည်းလာတယ်။ […] ရိက္ခာတွေကိုလည်း လျှော့လိုက်ကြတယ်။ ပြီးတော့ အိမ်ဆောက်ပစ္စည်းတွေလို တခြားအထောက်အပံ့တွေကိုလည်း လျှော့လိုက်ကြတယ်။"* [23] ထောက်ပံ့ငွေများလျှော့ချခြင်းသည် အခြားအထောက်အပံ့များနှင့် ဝန်ဆောင်မှုများကိုလည်း ထိခိုက်မှုရှိစေသည်။ စခန်းများအား အကူအညီများထောက်ပံ့ပေးနေသည့် အဓိကအဖွဲ့အစည်းဖြစ်သော TBC က *"၎င်းတို့၏ အဓိကမဟုတ်သောလုပ်ငန်းများအားရုတ်သိမ်းပြီး ဝန်ထမ်းများနှင့် လခများအားလျှော့ချခဲ့ရပြီး ထိုဝန်ထမ်းအများစုမှာ ဒုက္ခသည်အသိုင်းအဝိုင်းမှ ဖြစ်ကြသည်။"* [24] ရိက္ခာနှင့် အထောက်အပံ့များ ဖြတ်တောက်ခြင်းကြောင့် ဒုက္ခသည်များအတွက် အလုပ်ကိုင်အခွင့်အရေးများ လျော့နည်းသွားသည်သာမက စခန်းများ၏ပညာရေးနှင့် ကျန်းမာရေးကိုထိခိုက်စေပြီး ဆေးခန်းများပိတ်သိမ်းရခြင်း၊ ကျောင်းစရိတ်များတိုးမြှင့်ကောက်ခံရခြင်းများကို တွေ့ကြုံခံစားကြရသည်။

ဒုက္ခသည်များအတွက် ကိုယ်ပိုင်သီးနှံစိုက်ပျိုးခွင့်သို့မဟုတ် လုပ်ကိုင်စားသောက်ခွင့်များ နည်းပါးသဖြင့် ထိုင်း-မြန်မာနယ်စပ်စခန်းများမှ ဒုက္ခသည်များသည် စခန်းအပြင်ဘက်တွင် အလုပ်အကိုင်ရှာဖွေရန်မှလွဲ၍ အခြားရွေးချယ်စရာ နည်းပါးသည်။ သို့သော်လည်း ထိုင်းအစိုးရအနေဖြင့် ဤဒုက္ခသည်များအား ထိုင်းနိုင်ငံတွင်အလုပ်လုပ်ကိုင်ခွင့်မပေးပဲ ၎င်းတို့အား စခန်းအပြင်သို့ထွက်ခွာချိန်တွင် ၎င်းတို့၏သွားလာလှုပ်ရှားမှုအား တင်းကြပ်စွာ တားမြစ်ထားသည်။ စခန်းမှထွက်ခွာရန်အတွက် ဒုက္ခသည်များအနေဖြင့် ခရီးသွားလာခွင့်ထောက်ခံချက် လိုအပ်သည်။ ထိုထောက်ခံစာပြုလုပ်ရန်အတွက် ကုန်ကျစရိတ်နှင့် ခွင့်ပြုချိန်ကာလမှာ စခန်းတစ်ခုနှင့်တစ်ခု ကွဲပြားမှုရှိသည်။ ထောက်ခံစာပြုလုပ်ရန်အတွက် ကုန်ကျစရိတ် ဘတ် ၂၀၀ မှ ၅၀၀ [၉၀၆၅ ကျပ်မှ ၂၂၆၆၃ ကျပ်[ftn] အထိ ရှိနိုင်ပြီး သွားလာခွင့်လည်း သုံးရက်မှဆယ်ရက်အထိ ရရှိနိုင်သည်။[25] မယ်လစခန်းတွင် နှစ်ပေါင်း ၃၀ ခန့် နေထိုင်ခဲ့သော နော် ဒ--- က *"ကျွန်မတို့ စခန်းထဲမှာနေတုန်းက ဘာမှမလုပ်နိုင်ခဲ့ဘူး။ ပြီးတော့ နေ့စားအလုပ်လုပ်ဖို့ဆိုတာလည်း မလွယ်ဘူး။ စခန်းကနေရိက္ခာရပေမယ့် အဲ့ဒါက ကျွန်မတို့အတွက်မလောက်ဘူး။ ဒါကြောင့်*

Ftn: ဤအစီရင်ခံစာတွင်ဖော်ပြထားသည့်ငွေကြေးလဲလှယ်နှုန်းသည် ၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၁ရက်နေ့၏ တရားဝင်ဈေးနှုန်းဖြစ်သည့် ၁ ဘတ်လျှင် မြန်မာကျပ် ၄၃.၀၁၁၂၀ ဖြစ်ပါသည်။ ဤအချက်ကို အောက်ပါဝဘ်ဆိုဒ် https://transferwise.com/gb/currency-converter/ မှရယူထားခြင်းဖြစ်ပါသည်။

---

[22] Leitner Center for International Law and Justice at Fordham Law School မှ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလတွင် ထုတ်ဝေခဲ့သော "Universal Periodic Review, 25th Session of the UPR Working Group, Stakeholder Submission, Thailand" တွင်ကြည့်ပါ။

[23] Source #24 တွင်ကြည့်ပါ။

[24] Karen News မှ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလတွင် ထုတ်ဝေခဲ့သော "In Thai Border Camps, Funding Cuts Leave Refugees in Limbo" တွင်ကြည့်ပါ။

[25] Thomas WILKIE-BLACK မှ ၂၀၁၉ ခုနှစ်၊ ဧပြီလ Asia Times တွင်ထုတ်ဝေခဲ့သော "Myanmar's Karen Displaced in a Quagmire" တွင်ကြည့်ပါ။

*လိုအပ်တာတွေထပ်ဝယ်ဖို့ စခန်းအပြင်မှာအလုပ်ရှာရတယ်။ ဒါကလည်း ကျွန်မတို့အတွက် မလွယ်ဘူး။ ဘာကြောင့်လဲဆိုတော့ စခန်းအပြင်ကိုသွားဖို့အတွက် ကျွန်မတို့ ခရီးသွားထောက်ခံစာယူရတယ်။ ထောက်ခံစာတစ်စောင်ကို ဘတ် ၂၀၀ [၉၀၆၅ ကျပ်] ပေးရပြီး သွားလာခွင့်က သုံးလေးရက်ပဲရတယ်။"* [26]

ခရီးသွားခွင့်ထောက်ခံစာပြုလုပ်ရန် ကုန်ကျစရိတ်နှင့် သွားလာခွင့်ရသည့် အချိန်ကာလကိုကြည့်လျှင် ဒုက္ခသည်များအနေဖြင့် ထောက်ခံစာကြေးပေးရန် လုံလောက်သည့်အခကြေးငွေရရှိရန်ပင် မလွယ်ကူပေ။ ထိုအခြေအနေက ၎င်းတို့အားစခန်းမှထွက်ပြီး အလုပ်ရှာရန်အတွက် ပိုမိုခက်ခဲစေသည်။ ဆက်လက်ပြီး နော်ဒ---က တင်ပြခဲ့သည်မှာ *"ခရီးသွားထောက်ခံစာတစ်စောင်လုပ်ပြီး တစ်ရက်လောက်ပဲအလုပ်သွားလုပ်ရင် ရတဲ့လုပ်အားခနဲ့ ထောက်ခံစာအတွက် စရိတ်လောက်ပဲရလိမ့်မယ်။"* [27] ဒုက္ခသည်များအနေဖြင့် ထိုင်းနိုင်ငံအတွင်း တရားဝင်အလုပ်လုပ်နိုင်ခွင့်ရနိုင်ရန်မဆိုထားနှင့် ထိုသတ်မှတ်ထားသောအချိန်ကာလအတွင်း စခန်းပြင်ပတွင် အတည်တကျအလုပ်လုပ်ခွင့်ပင် မရနိုင်ပေ။ ဒုက္ခသည်အများစုက စခန်းအတွင်းမှ ခွင့်ပြုချက်မပါပဲထွက်ခွာခဲ့ရသည့်အခြေအနေများနှင့်ပတ်သက်ပြီး တင်ပြခဲ့ကြသည်။ သို့သော်လည်း ထိုသို့ပြုလုပ်ခြင်းအားတွေ့ရှိပါက နောက်ဆက်တွဲအကျိုးဆက်များစွာ ကြုံတွေ့ရနိုင်သည်။

ဦးအ--- သည် မယ်လ စခန်းတွင် ရှစ်နှစ်နီးပါးနေထိုင်ခဲ့ပြီး မူတြော် (ဖာပွန်) ခရိုင်၊ ဘူးသိုမြို့နယ်၊ ရ--- ကျေးရွာသို့ မိမိကိုယ်ပိုင်အစီအစဉ်ဖြင့် ပြန်လည်နေထိုင်ခဲ့သည်။ ၎င်းအနေဖြင့် အာဏာပိုင်များနှင့် ပြဿနာမရှိသော်လည်း သူက *"ဒုက္ခသည်တွေက စခန်းအပြင်ကို ထွက်ခွင့်မရှိဘူး။ ပလ [စခန်းဗိုလ်အား ထိုင်းဘာသာစကားဖြင့်ခေါ်ခြင်း] တွေဆီကနေ ခွင့်ပြုမိန့်ယူရတယ်။ တကယ်လို့ခင်ဗျားမှာ အဲ့ဒါရပြီဆို စခန်းအပြင်ကိုသွားလို့ရပြီ။ ခွင့်ပြုချက်မပါပဲ သွားမယ်ဆိုရင်တော့ ခင်ဗျားအဖမ်းခံရပြီး ဒဏ်ရိုက်ခံရမယ်။ ဒါမှမဟုတ် ရိက္ခာနှစ်လစာ အဖြတ်ခံရမယ်။ ဒါ့အပြင် လုပ်အားပေးလည်း နှစ်ပတ်လုပ်ရမယ်"* [28] ဟုပြောခဲ့သည်။

ဘန့်ဒုံယန်းစခန်းတွင် ၁၅ နှစ်ခန့်နေထိုင်ခဲ့သော နော်ဂ--- က အခြေအနေကို ဤသို့ အကျဉ်းချုပ်တင်ပြခဲ့သည်။ *"စခန်းထဲမှာနေတုန်းက ဘဝကအရမ်းကျဉ်းကျပ်ခဲ့တယ်။ စခန်းရဲ့ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာခဲ့ရတဲ့အတွက် ကျွန်မတို့အနေနဲ့ ဝင်ငွေရနိုင်မယ့်လမ်းကြောင်းမရှိခဲ့ဘူး။ [...] ကျွန်မတို့ စခန်းအပြင်ထွက်ခွင့်မရခဲ့ဘူး။ ကျွန်မတို့ အကျယ်ချုပ်ကျနေသလို ခံစားရတယ်။"* [29] စခန်းများအား ထိုင်းစစ်တပ်နှင့် စစ်တပ်မဟုတ်သော လက်နက်ကိုင်အဖွဲ့များက လုံခြုံရေးစောင့်ကြပ်လျက်ရှိသည်။ အကယ်၍ ဒုက္ခသည်များအနေဖြင့် ခရီးသွားထောက်ခံစာမပါပဲ စခန်းမှထွက်ခွာခြင်း သို့မဟုတ် ခွင့်ပြုမိန့်မပါပဲ အလုပ်လုပ်ကိုင်ခြင်းများအား တွေ့ရှိပါက ၎င်းတို့အနေဖြင့် ထိန်းသိမ်းခံရခြင်း၊ မေးခွန်းများမေးမြန်းခံရခြင်းနှင့် ထိုင်းရဲများ၏ဖမ်းဆီးခြင်းများကို ခံရနိုင်သည်။[30]

၎င်းတို့၏ လှုပ်ရှားသွားလာခွင့်များအား ကန့်သတ်ထားခြင်းကြောင့် နေရပ်သို့ ပြန်လည်နေထိုင်ရန် ရွေးချယ်ခဲ့ကြသော ဒုက္ခသည်အများစုက စခန်းအတွင်းရှိအခြေအနေများသည် ၎င်းတို့အတွက် ခိုင်မာသည့်ဘဝကိုတည်ဆောက်ရန် အဟန့်အတားဖြစ်စေကြောင်းကို နားလည်ကြသည်။ ထိုသို့ သွားလာခွင့်ကန့်သတ်ခြင်းက ၎င်းတို့သည် မိမိ၏တိုင်းပြည်တွင် နေထိုင်နေခြင်းမဟုတ်ကြောင်း ၎င်းတို့အားသတိပေးနေသကဲ့သို့ ခံစားရစေသည်။ မယ်လဝေလယ်မူးပြန်လည်နေရာချထားရေးနေရာတွင် လက်ရှိနေထိုင်သော စောဟ---နှင့် နော်အ--- အား မည်သည့်အတွက်ကြောင့် မယ်လစခန်းမှထွက်ခွာခဲ့သနည်းဟု မေးမြန်းခဲ့ရာတွင် သူမက *"ကျွန်မတို့အနေနဲ့ ကိုယ့်ဒေသဖြစ်တဲ့ ကရင်ပြည်နယ်မှာ ပြန်လာနေချင်ကြတယ်။ အဲ့ဒါကြောင့် ပြန်လာတာပါ။"* [31] ထို့နောက် သူမ၏အမျိုးသား စောဟ--- က *"[...]ကျွန်တော်တို့ စခန်းထဲမှာနေနေတဲ့အချိန်တုန်းက ကျွန်တော်တို့ ဘယ်မှ*

[26] Source #3 တွင်ကြည့်ပါ။

[27] Source #3 တွင်ကြည့်ပါ။

[28] Source #4 တွင်ကြည့်ပါ။

[29] Source #5 တွင်ကြည့်ပါ။

[30] Human Rights Watch မှ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလတွင် ထုတ်ဝေခဲ့သော "Ad Hoc and Inadequate: Thailand's Treatment of Refugees and Asylum Seekers" တွင်ကြည့်ပါ။

[31] Source #6 တွင်ကြည့်ပါ။

*သွားလို့မရသလို ဘယ်မှလည်း မသွားရဲဘူး။ ဒီမှာ ကျွန်တော်တို့ လွတ်လွတ်လပ်လပ်လျှောက်သွားလို့ရတယ်။”*[32] ဘန့်ဒုံယန်းတွင်နေထိုင်ခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် UNHCR အစီအစဉ်ဖြင့် လေးဖာထောပြန်လည်နေရာချထားရေးနေရာသို့ ပြန်လည်နေထိုင်သည့် စောဂျ--- ကလည်း ဤသို့ထပ်လောင်းပြောပြခဲ့သည်။ *“ပြဿနာက အဲ့ဒီနေရာဟာ ကျွန်တော်တို့ရဲ့ နိုင်ငံမဟုတ်ဘူး။ ကျွန်တော်တို့အနေနဲ့ လွယ်လွယ်ကူကူနဲ့ အလုပ်လုပ်လို့မရသလို အလုပ်ရှာလို့လဲမရဘူး။ ကျွန်တော်တို့ရဲ့ ဘဝနောင်ရေးအတွက် အစီအစဉ်ချပြီး အလုပ်လုပ်ဖို့မလွယ်ဘူး။”*[33]

## ၂) နေရပ်ပြန်ရန်ဆုံးဖြတ်ချက်ချခြင်း။ ။IDP များ

ဒုက္ခသည်များကဲ့သို့ နိုင်ငံရပ်ခြားတွင် နေထိုင်ခြင်းမဟုတ်သော်လည်း IDP များသည်လည်း ရွှေ့ပြောင်းနေထိုင်ခြင်းနှင့်ပတ်သက်၍ စိန်ခေါ်မှုများ ကြုံတွေ့ကြရသည်။ ဒုက္ခသည်များကဲ့သို့ပင် ၎င်းတို့သည်လည်း မိမိတို့ခြေထောက်ပေါ်ရပ်တည်၍ ခိုင်မာသည့်အနာဂတ်အား တည်ဆောက်နိုင်မည့် မိမိ၏ဇာတိရပ်ရွာသို့ ပြန်လည်နေထိုင်လိုသည့် ဆန္ဒပြင်းပြလျက်ရှိကြောင်း ဖော်ပြခဲ့သည်။ သို့သော် IDP များအကြားတွင်လည်း ၎င်းတို့၏အခြေအနေအပေါ်မူတည်၍ နေရပ်ပြန်ရန် ဆုံးဖြတ်ချက်နှင့်ပတ်သက်ပြီး ကွဲပြားခြားနားမှုများ ရှိကြသည်။ အခြေအနေဆိုသည်မှာ သတ်မှတ်ထားသည့်စခန်းများတွင် နေထိုင်ခြင်း သို့မဟုတ် စနစ်တကျသတ်မှတ်ထားခြင်းမရှိသည့်နေရာများ [များသောအားဖြင့် အသိအမှတ်ပြုခြင်းမရှိသော၊ ထောက်ပံ့ရေးအဖွဲ့များ မရောက်နိုင်သော လူမသိသူမသိနေရာများ]တွင် နေထိုင်ခြင်းများအပေါ်မူတည်သည်။[34]

IDP များသည် “ပုန်းခိုရာနေရာ” အများအပြားတွင် အစုအဖွဲ့ငယ်များဖြင့် ရွှေ့ပြောင်းနေထိုင်ကြခြင်း၊ သို့မဟုတ် အခြားကျေးရွာပြင်ပတွင် ရှောင်တိမ်းနေထိုင်ခြင်း သို့မဟုတ် မိသားစုများ၊ သူငယ်ချင်းများနှင့် သွားရောက်နေထိုင်ခြင်းများ ပြုလုပ်လေ့ရှိသည်။ စနစ်တကျ သတ်မှတ်ထားခြင်းမရှိသောနေရာများမှ IDP များ၏ နေရပ်ပြန်လာရခြင်းအဓိကအကြောင်းရင်းမှာ တခြားသူများပိုင်ဆိုင်သောမြေပေါ်တွင် ယာယီနေထိုင်ရခြင်းနှင့် ကိုယ်ပိုင်မြေသို့မဟုတ်နေရာမရှိခြင်းတို့ကြောင့်ဖြစ်သည်။ စောက---သည် ၁၉၇၄-၇၅ ခုနှစ်တွင် နို့ရဲရွာမှ အဓမ္မပြောင်းရွှေ့ခြင်းခံခဲ့ရပြီး ၂၀၁၆ ခုနှစ်အထိ နေရပ်ပြန်ခွင့်မရခဲ့ပေ။ စောက--- က *“ကျွန်တော်တို့တွေ ရွှေ့ပြောင်းနေထိုင်ခဲ့ရပြီး တခြားလူရဲ့မြေပေါ်မှာ နေခဲ့ရတယ်။ ကျွန်တော်တို့ လုပ်ကိုင်စားဖို့နဲ့ နေဖို့အတွက်မြေမရှိဘူး။ စားစရာလည်း လုံလုံလောက်လောက်မရှိဘူး။ ကျွန်တော်တို့အတွက် မြေနဲ့ပိုင်ဆိုင်မှုနည်းနည်းပဲရှိတယ်။ ကျွန်တော်တို့ ခုလိုကိုယ့်ရွာမှာကိုယ်ပြန်နေခွင့်ရတော့ လွတ်လပ်သွားသလိုခံစားရတယ်။ ပြီးတော့ ကိုယ့်မြေပေါ်မှာ လွတ်လွတ်လပ်လပ် လုပ်စားလို့ရတယ်။”*[35]

စစ်ရှောင်စခန်းများတွင် နေထိုင်ကြသော IDP များက ဒုက္ခသည်များတင်ပြသကဲ့သို့ အလားတူစိုးရိမ်မှုများကိုတင်ပြခဲ့သည်။ အချို့စခန်းများတွင် IDP များအား အလှူရှင်အဖွဲ့အစည်းများက နယ်စပ်ဖြတ်ကျော်၍ အစားအသောက်များ ထောက်ပံ့ပေးကြသည်။ သို့သော်လည်း စခန်းတွင်းအကန့်အသတ်ဖြင့် ရရှိသောရိက္ခာများနှင့်အလုပ်အကိုင်အခွင့်အလမ်း နည်းပါးခြင်းများကြောင့် နေရပ်ပြန်သူများအနေဖြင့် ၎င်းတို့၏ကျေးရွာသို့လွန်စွာပြန်လည်နေထိုင်ချင်ကြသည်။ ၂၀၁၄ ခုနှစ်တွင် အီးတူထာစခန်းမှထွက်ပြီး ၎င်း၏မူလနေရာဖြစ်သော စောမူဒဲကျေးရွာသို့ပြန်လည်နေထိုင်သည့် စောလ---က ဤသို့မှတ်ချက်ပြုခဲ့သည်။ *“ကျွန်တော်တို့ စစရောက်ခြင်းမှာတော့ စခန်းထဲက အစားအသောက်အခြေအနေတွေက ကောင်းတယ်။ နောက်ပိုင်းကျတော့ အခြေအနေဆိုးလာတယ်။ ကျွန်တော်တို့အလှူရှင်တွေဆီကနေ အထောက်အပံ့တွေအများကြီးရခဲ့တယ်။ ဆီ၊ ဆား၊ငပိ လုံလုံလောက်လောက်ရတယ်။ ဒါပေမယ့် တစ်နှစ်လောက်ကြာတော့ ဆီနဲ့ငပိမရတော့ဘူး။ ကျွန်တော်တို့ ဆန်ရတယ်။ ဒါပေမယ့် အဲ့ဒါ*

---

32 Source #6 တွင်ကြည့်ပါ။

33 Source #7 တွင်ကြည့်ပါ။

34 UNHCR မှ ပြည်တွင်းရွှေ့ပြောင်းနေထိုင်ရသူများနှင့် ဒုက္ခသည်များ ပြန်လည်နေထိုင်ရန် သို့မဟုတ်အခြားနေရာတွင် အခြေချနေထိုင်ရန် နေရာများကို စစ်ဆေးမှုများပြုလုပ်ခဲ့သည်။ UNHCR မှ ၂၀၁၈ ခုနှစ်၊ မတ်လတွင် ထုတ်ဝေခဲ့သော “Return Assessments-Kayin State” တွင်ကြည့်ပါ။

35 Source #8 တွင်ကြည့်ပါ။

*ကလည်း ကျွန်တော်တို့အတွက်မလုံလောက်ဘူး။ အဲ့ဒီမှာနေရတာ အရမ်းခက်ခဲတဲ့အတွက် ကျွန်တော်တို့ ဒီကို ပြန်လာကြတာ။"* [36]

အီးတူထာစခန်းနှင့်ပတ်သက်၍ ဆွေးနွေးရာတွင် ထိုစခန်းမှ KWO အဖွဲ့ဝင် နော်ထ---မှ *"အီးတူထာ စခန်းက လူတွေကိုနေရပ်ပြန်ဖို့ စိတ်အားထက်သန်မှု ရှိမရှိနဲ့ပတ်သက်ပြီး မေးကြည့်တော့ တစ်ချို့က ဒီစခန်းထဲမှာ ဆက်နေရင် သူတို့ရဲ့ ဝေစု [အစားအသောက်] ရတော့မှာမဟုတ်ဘူးလို့ ထင်ကြတယ်။ တခြားတစ်ဖက်မှာလည်း သူတို့အနေနဲ့ ကိုယ့်ဒေသကိုယ်ပြန်ရင် သူတို့ရဲ့ လုံခြုံရေးနဲ့ပတ်သက်ပြီး စိုးရိမ်ကြပြန်တယ်။ ဒါပေမယ့် သူတို့တွေ စခန်းထဲမှာနေရင် စားစရာရမှာမဟုတ်သလို စားဝတ်နေရေးအတွက် အလုပ်လုပ်ဖို့နေရာလည်းမရှိတော့ ပြန်ဖို့ ကိုပဲရွေးချယ်ကြတယ်။"* [37]

မကြာသေးမီနှစ်များက IDP များနေထိုင်ကြသည့် စခန်းများ၏အခြေအနေမှာ ပိုမိုဆိုးရွားလာသည်ကို ဂရုပြုရမည်။ အီးတူထစခန်းအတွက် ထောက်ပံ့ငွေပေးခြင်းအား ၂၀၁၇ ခုနှစ်တွင် လုံးဝရပ်တန့်ခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် ထိုစခန်းအတွင်းနေထိုင်ခဲ့သော IDP အရေအတွက်မှာ ၃၄၀၀ ဦးခန့်ရှိသည်။[38] အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းအချို့က အခြားအလှူရှင်များထံမှ ထောက်ပံ့မှုအနည်းငယ်ရရှိသဖြင့် ၅ နှစ်အောက်ကလေးများအတွက် စားနပ်ရိက္ခာများ ဆက်လက်ထောက်ပံ့ပေးနိုင်ခဲ့သည်။ သို့သော် အာဟာရချို့တဲ့မှုနှုန်းမှာ မြင့်မားဆဲဖြစ်ပြီး မိသားစု အများအပြားသည် ၎င်းတို့၏ ကလေးများအား အဝေးသို့ ပို့ခဲ့ရသည်။ ကျန်းမာရေးစောင့်ရှောက်မှုများလည်းအလွန်အမင်းနည်းပါးလာသည်။[39]ထို့အပြင် ထောက်ပံ့ငွေဖြတ်တောက်မှုများကြောင့် မကြာမီကာလအတွင်း စခန်းပိတ်သိမ်းရမည်ကို စိုးရိမ်နေကြသည်။ ဆိုးရွားသည့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ရှိသော်လည်း ထိုအခြေအနေက ၎င်းတို့၏ကျေးရွာများသို့ ပြန်လည်နေထိုင်ရန်အတွက် ကြီးမားသောဖိအားပေးမှုများ ဖြစ်စေသည်။ လုံခြုံရေးအခြေအနေ တည်ငြိမ်မှု မရှိသေးသဖြင့် အချို့သောနေရပ်ပြန်များသည် နောင်ဖြစ်လာနိုင်မည့် ထိခိုက်မှုအန္တရာယ်များမှ ၎င်းတို့ကိုယ်ကိုကာကွယ်ရန်အတွက် ၎င်းတို့၏ကျေးရွာပြင်ပတွင်နေထိုင်ရန် ရွေးချယ်ခဲ့ကြသည်။ *"တချို့တွေက ပြန်သွားကြပေမယ့် ရွာထဲမှာနေလို့မရတော့ ရွာဘေးမှာပဲနေကြတယ်။ သူတို့က ရွာဘေးမှာနေပြီး စားဝတ်နေရေးအတွက် လယ်ယာနဲ့ ဥယာဉ်ခြံတွေလုပ်တယ်။ ဒါပေမယ့် သူတို့ရဲ့ လုံခြုံရေးအတွက် စိုးရိမ်မှုတွေ ရှိနေတုန်းပဲ"* ဟု နော်ထ--- မှ ရှင်းပြခဲ့သည်။[40]

(စခန်းအတွင်းနေထိုင်သူများသာမက) IDP အများစုသည် နေရပ်ပြန်ရန် ဆုံးဖြတ်ချက်ချသည့်အခါတွင် လုံခြုံရေးနှင့်ပတ်သက်ပြီး စိုးရိမ်မှုများခံစားရလျက်ရှိသည်။ အချို့သောကိစ္စရပ်များတွင် IDP များအား နေရပ်ပြန်ခွင့်ရှိကြောင်း ပြောသော်လည်း ၎င်းတို့အား မည်သည့်အကာအကွယ်မှ မပေးခဲ့ပါ။ စောမ--- သည် ကလေးဘဝအရွယ်က ပထမဆုံးအကြိမ်အဖြစ် နေရပ်ရွှေ့ပြောင်းနေထိုင်ခဲ့ရပြီး နောက်ပိုင်းတွင် ၎င်း၏ကျေးရွာဖြစ်သော ကုန်နီမှနောက်ထပ်နှစ်ကြိမ်တိုင်တိုင် ရွှေ့ပြောင်းနေထိုင်ခဲ့ရသည်။ (၂၀၁၁/၂၀၁၂) ပဏာမ အပစ်ခတ်ရပ်စဲရေးသဘောတူညီမှုစာချုပ်အား လက်မှတ်ရေးထိုးပြီးနောက်တွင် စောမ---အား ပြည်တွင်းရွှေ့ ပြောင်းကရင်ဒုက္ခသည်များကော်မတီ (CIDKP) ၏ အဖွဲ့ဝင်တစ်ဦးက နေရပ်ပြန်များ၏လုံခြုံရေးကို အာမမခံနိုင်သေးသော်လည်း ၎င်းအနေဖြင့် နေရပ်သို့ပြန်နိုင်ပြီဖြစ်ကြောင်း ပြောခဲ့သည်။ *"CIDKP က ကျွန်တော်တို့တွေ ကိုယ့်ရွာကိုယ်ပြန်လို့တော့ရပြီ။ ဒါပေမယ့် သူတို့အနေနဲ့ ပြည်သူတွေရဲ့ လုံခြုံရေးကို အပြည့်အဝပေးနိုင်မှာမဟုတ်ဘူးလို့ပြောတယ်။ ဒါပေမယ့် ကျွန်တော်တို့ပြန်ချင်ရင် ပြန်လို့ရတယ်လို့ပြောတယ်။"*[41] CIDKP ၏ အဓိကလုပ်ငန်းစဉ်များမှာ IDP များအား ကယ်ဆယ်ရေးဆိုင်ရာအကူအညီများ ထောက်ပံ့ပေးခြင်းဖြစ်သည်။ လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် နေရပ်သို့ပြန်ခွင့်

---

[36] Source #9 တွင်ကြည့်ပါ။

[37] Source #10 တွင်ကြည့်ပါ။

[38] S'Phan Shuang မှ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ Karen News တွင် ထုတ်ဝေခဲ့သော "End of Funding will Force Ei Tu Hta Karen Displaced People's Camp to Close" တွင်ကြည့်ပါ။

[39] Thomas WILKIE-BLACK မှ ၂၀၁၉ ခုနှစ်၊ ဧပြီလ Asia Times တွင်ထုတ်ဝေခဲ့သော "Myanmar's Karen Displaced in a Quagmire" တွင်ကြည့်ပါ။

[40] Source #10 တွင်ကြည့်ပါ။

[41] Source #10 တွင်ကြည့်ပါ။

ပြုခြင်းများမှာ ၎င်းတို့၏တာဝန်ယူထားသော နယ်ပယ်အပြင်ဘက်တွင်ဖြစ်သည်။ ထို့ကြောင့် နေရပ်ပြန်ရန် အကြံပြုချက်များသည် တရားမဝင်ပေ။

လုံခြုံရေးဆိုင်ရာစိုးရိမ်ပူပန်မှုများ ဆက်လက်ရှိနေသော်လည်း ၂၀၁၂/၂၀၁၃ ခုနှစ်တွင် စောမ---နှင့် (အခြားအိမ်ထောင်စု ၄၂ စု အပါအဝင်) စွန့်စားပြီးနေရပ်ပြန်ရန် ရွေးချယ်ခဲ့ကြသည်။ *"ကျွန်တော့်အနေနဲ့ ရွာထဲမှာနေဖို့ စိုးရိမ်သလို ကြောက်လည်းကြောက်တယ်။ ကျွန်တော်တို့ရွာထဲမှာ ကြိုးစားပြီးနေတယ်ဆိုတာက ကျွန်တော်တို့မြေ၊ ကျွန်တော်တို့ရွာနဲ့ဒီနေရာကို ကျွန်တော်တို့ချစ်လို့ပါ။ ဒါကြောင့်ဘာပဲဖြစ်ဖြစ် ကျွန်တော်ဒီမှာပဲနေပြီး ဒီမှာပဲ သေတဲ့အထိနေသွားမယ်။ တကယ်လို့ ကျွန်တော့်ကလေးတွေက တခြားနေရာမှာနေချင်တယ်ဆိုရင် သူတို့သွားနိုင်တယ်။ ကျွန်တော်ကတော့ ဘယ်မှသွားမှာမဟုတ်ဘူး။ ကျွန်တော်တို့ ဒီနေရာမှာ အခက်အခဲတွေ အတားအဆီးတွေကို ခံခဲ့ရပြီးပြီ။ အခုဆို ကျွန်တော်တို့ဘိုးဘေးတွေရဲ့ မြေပေါ်မှာ လုပ်ကိုင်စားသောက်ခွင့်ရပြီ။ ကျွန်တော်တို့[ဒီမှာပြန်လာနေတဲ့သူတွေက]အချင်းချင်းကူညီကြတယ်။ အကြံတွေပေးကြတယ်။ ဘုရားကျေးဇူးတော်ကြောင့် ကျွန်တော်တို့တွေနေ့တိုင်း အခက်အခဲတွေကို ရင်ဆိုင်နိုင်တာ။"*[42]

ကုန်းနီရွာတွင် IDP များအတွက် နေရာထိုင်ခင်းစီစဉ်ပေးရသော စောန--- က *"ကျွန်တော်တို့ ရွာကိုပြန်လာဖို့ ဆုံးဖြတ်ခဲ့ကြတယ်။ တကယ်လို့ ကျွန်တော်တို့တွေကို ထပ်ပြောင်းရွှေ့ခိုင်းမယ်ဆိုရင်လည်း ကျွန်တော်တို့တွေ ပြောင်းရမှာပဲ။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့တွေက သူများနေရာမှာ နှစ်ပေါင်းများစွာနေလာခဲ့ပြီးပြီ။ မြေပိုင်ရှင်တွေကလည်း သူတို့မြေပေါ်မှာလုပ်ကိုင်စားသောက်ချင်ကြမှာပဲ။"*[43] အချို့သော အခြေအနေများတွင် IDP များအနေဖြင့် မကြာခဏ နေရပ်ရွှေ့ပြောင်းနေထိုင်ကြရသဖြင့် ပြောင်းရွှေ့နေထိုင်ခြင်းနှင့် အသားကျလာကာ အတည်တကျနေထိုင်ရမည်ဟူသော အာမခံချက်မရှိခြင်းက ၎င်းတို့အား ရွာသို့ပြန်လည်နေထိုင်ရန် တားဆီးနိုင်စွမ်းမရှိတော့ပေ။ တိုက်ပွဲများ တဖန်ဖြစ်ပေါ်လာပါက ၎င်းတို့အနေဖြင့် ထပ်မံရွှေ့ပြောင်းနေထိုင်ကြမည်သာ ဖြစ်သည်။ စောမ---၏ ပြောကြားချက်အရ *"ကျွန်တော်တို့ အရင်ကပြောင်းခဲ့တဲ့နေရာကိုပဲ ပြောင်းပြီးပြန်နေကြတယ်။"*[44]

ခေါင်းဆောင်များမှ နေရပ်သို့ပြန်နိုင်ကြောင်း (သို့မဟုတ်ပြန်သင့်ကြောင်း) ပြောသော်လည်း KHRG မှ လူတွေ့မေးမြန်းခဲ့သော IDP များက နေရပ်ပြန်သည့်အခြေအနေကို ၎င်းတို့ကိုယ်တိုင်လေ့လာကြသည်။ ၎င်းတို့၏လုံခြုံရေးအတွက်သာမဟုတ်ပဲ လယ်လုပ်ကိုင်ရန်အဆင်ပြေမပြေနှင့် မြေအခြေအနေများအပေါ်တွင်လည်း စိုးရိမ်ကြသည့်အလျောက် ကုန်းနီသို့ ပြန်လည်အခြေချနေထိုင်သူများက ဆုံးဖြတ်ချက်မချမီ ၎င်းတို့၏ကျေးရွာသို့ သွားရောက်ကာ အခြေအနေအား ကြည့်ရှုခဲ့ကြသည်။ ထိုအခြေအနေအား စောန--- က ဤသို့ရှင်းပြခဲ့သည်။ *"ပထမတော့ နေရပ်ရွှေ့ပြောင်းနေထိုင်ကြတဲ့ ရွာသားတွေက [သူတို့တွေရွာပြန်ပြီး နေလို့ရတယ်ဆိုတာ] မယုံကြဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့တွေ [ပြန်ရမှာ] ကြောက်ကြတယ်။ [...] ကျွန်တော်တို့ ရွာသားတွေအချင်းချင်း ရွာမှာပြန်နေမယ့်ကိစ္စကို ဆွေးနွေးကြတယ်။ ရွာသားတွေက သူတို့ရဲ့ နှစ်ရှည်သီးနှံတွေကောင်းနေသေးတယ်ဆိုရင် ပြန်နေဖို့အတွက် စိတ်ထက်သန်ကြတယ်။ ဒါကြောင့် ကျွန်တော်တို့ရွာထဲကအခြေအနေကို အရင်ဆုံးသွားကြည့်ပြီးတော့ ပြန်လာနေဖို့အတွက် ဆုံးဖြတ်ခဲ့ကြတယ်။"*[45]

ဒုက္ခသည်များကဲ့သို့ပင် IDP များကလည်း ၎င်းတို့၏မူရင်းနေရပ်သို့ ပြန်လည်နေထိုင်ပြီး ဘိုးဘေးများ၏မြေပေါ်တွင် လုပ်ကိုင်စားသောက်လိုကြောင်း ဖော်ပြခဲ့ကြသည်။ *"ကျွန်တော်တို့က ကိုယ့်ရွာနဲ့ဒီဒေသကိုချစ်တယ်။ ကျွန်တော်တို့အနေနဲ့ ကိုယ့်ရွာနဲ့ကိုယ့်ဒေသမှာပဲ နေချင်တယ်။ ကျွန်တော်တို့တွေ သွားနေတဲ့ရွာက ကျွန်တော်*

[42] Source #11 တွင်ကြည့်ပါ။
[43] Source #12 တွင်ကြည့်ပါ။
[44] Source #11 တွင်ကြည့်ပါ။
[45] Source #11 တွင်ကြည့်ပါ။

*တို့ရဲ့ ရွာလည်းမဟုတ်ဘူး။ ကျွန်တော်တို့ရဲ့ နယ်မြေလည်းမဟုတ်ဘူး။ ကျွန်တော်တို့တွေက ကိုယ့်ရွာအကြောင်းနဲ့ ဘိုးဘေးတွေချန်ထားခဲ့ပေးတဲ့ နယ်မြေအကြောင်းကိုသိတယ်။"* [46]

## (ခ) ပြန်လည်အခြေချနေထိုင်မှုပုံစံများနှင့် နည်းဗျူဟာများ

KHRG အနေဖြင့် IDP များနှင့် လူတွေ့မေးမြန်းခန်းများမှတဆင့် ကွဲပြားသော ပြန်လာသည့်ပုံစံမျိုးစုံကို တွေ့ရှိလေ့လာနိုင်ခဲ့သည်။ အချို့သောသူများနှင့် မိသားစုများမှာ မိမိအစီအစဉ်ဖြင့်ပြန်လာခဲ့ကြသည်။ ဆိုလိုသည်မှာ ၎င်းတို့ကိုယ်တိုင် မည်သည့်အဖွဲ့အစည်းတစ်ခု၏ အကူအညီမှမယူပဲ ပြန်လာခြင်းဖြစ်သည်။ ကျန်အဖွဲ့များမှာ ကူညီထောက်ပံ့မှုအစီအစဉ်ဖြင့် ပြန်လည်နေထိုင်ကြခြင်းဖြစ်ပြီး အများအားဖြင့် UNHCR၊ မြန်မာနှင့် ထိုင်းအစိုးရတို့ သုံးပွင့်ဆိုင်သဘောတူညီချက်ဖြင့် ပြန်လည်နေထိုင်ခြင်းဖြစ်ပြီး ထိုအဖွဲ့များသည် ဒေသတွင်း အာဏာပိုင်များဖြစ်သည့် ကေအဲန်ယူ/ကေအဲန်အယ်လ်အေ-ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA PC)[47] ကဲ့သို့သော အဖွဲ့များနှင့် လက်တွဲကာ ဆောင်ရွက်ကြသည်ဟု ဘားအံခရိုင်မှ မေးခွန်းဖြေကြားခဲ့သူများက တင်ပြခဲ့ကြသည်။ အချို့သော ပြန်လည်နေရာချထားရေး ဖြစ်စဉ်များတွင် KNU မှ တိုက်ရိုက်ကူညီဆောင်ရွက်ပေးသည်။ အခြားသော နေရပ်ပြန်သူများကမူ နည်းလမ်းမျိုးစုံဖြင့် ပြန်လည်နေထိုင်ကြသည်။ အထူးသဖြင့် ၎င်းတို့၏လိုအပ်ချက်နှင့် ကိုက်ညီအောင် လိုက်လျောညီထွေစွာ ပြန်လာခဲ့ကြသည်။ KHRG ၏ တွေ့ဆုံမေးမြန်းခဲ့သူများတွင် IDP များမှာ အများအားဖြင့် မိမိ၏ကိုယ်ပိုင်အစီအစဉ်နှင့် ပြန်လာကြခြင်းဖြစ်ပြီး ဒုက္ခသည်အများစုမှာ ပြန်လည်နေရာချထားရေးအစီအစဉ်များဖြင့် ပြန်လာကြခြင်းဖြစ်သည်။ ဤဖော်ပြချက်သည် နေရပ်ပြန်သူအများစု၏ ပြန်လာသည့်ပုံစံအား ကိုယ်စားပြုခြင်းမရှိပေ။ စခန်းတွင်နေထိုင်သော ဒုက္ခသည်များအတွက် ကူညီထောက်ပံ့မှုအစီအစဉ်များဖြင့် နေရပ်သို့ ပြန်လာရန် အခွင့်အလမ်းပိုများသော်လည်း မြန်မာပြည်အရှေ့တောင်ပိုင်းသို့ ပြန်လည်နေထိုင်ကြသောသူ (IDP ဖြစ်စေ၊ ဒုက္ခသည်ဖြစ်စေ) အများစုမှာ မိမိကိုယ်ပိုင်အစီအစဉ်ဖြင့်သာ ပြန်လာကြခြင်းဖြစ်သည်။

### ၁) UNHCR အစီအစဉ်ဖြင့် ဒုက္ခသည်များ နေရပ်ပြန်ခြင်း

လူတွေ့မေးမြန်းခဲ့သည့် ဒုက္ခသည် ၂၄ ဦး အနက် ၁၄ ဦးမှာ UNHCR ၏ အစီအစဉ်ဖြင့် ပြန်လာခြင်းဖြစ်ပြီး ထိုအထဲမှ ၁၃ ဦးမှာ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင်ပြုလုပ်ခဲ့သော UNHCR ၏ တတိယအကြိမ် ပြန်လည်နေရာချထားရေးအစီအစဉ်ဖြင့် ပြန်လာခဲ့ခြင်းဖြစ်သည်။ (တစ်ဦးမှာ နေရပ်ပြန်ခဲ့သည့်နေ့ရက်ကို မှတ်မိခြင်းမရှိပေ။)[48] အခြားမေးခွန်းဖြေကြားသူနှစ်ဦးသည်လည်း UNHCR ၏အစီအစဉ်ဖြင့် ပြန်လည်ရောက်ရှိလာသယောင်ရှိသော်လည်း ထိုအကြောင်းနှင့်ပတ်သက်၍ အသေးစိတ်ဖော်ပြခြင်းမရှိပေ။ UNHCR အစီအစဉ်ဖြင့် ပြန်လာကြသူအများစုမှာ ၎င်းတို့စခန်းအတွင်းရှိနေစဉ်ကတည်းက မြန်မာပြည်သို့ပြန်နိုင်သည်ဟု ကြားသိခဲ့ကြရသည်။ UNHCR မှ ၂၀၁၆ ခုနှစ်တွင်ပြန်လည်နေရာချထားရေး အချက်အလက်များ၊ ပြန်လည်နေရာချထားရန် ဆန္ဒရှိသောဒုက္ခသည်များကိုကူညီရန်နှင့် ပြန်လည်နေရာချထားရေးတွင်ကူညီရန်အတွက် မိမိဆန္ဒအလျောက်

---

46 Source #11 တွင်ကြည့်ပါ။

47 KNU/KNLA-PC လက်နက်ကိုင်အဖွဲ့သည် ဘားအံခရိုင်၊ ထို့ကော်ကိုးကျေးရွာအုပ်စုတွင် အခြေချနေထိုင်သောအဖွဲ့ဖြစ်သည်။ ၎င်းသည် KNU မှ ခွဲထွက်ခဲ့ပြီး မြန်မာနိုင်ငံအစိုးရနှင့် ၂၀၀၇ ခုနှစ်တွင် အပစ်ခတ်ရပ်စဲရေးသဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့သည်။ သို့သော် ၂၀၁၀ ခုနှစ်တွင် နယ်ခြားစောင့်တပ်အသွင်ပြောင်းရန် ငြင်းဆိုခဲ့သည်။ ထို့နောက်၎င်းသည် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတွင် တစ်နိုင်ငံလုံးဆိုင်ရာပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို လက်မှတ်ထိုးခဲ့သည်။

48 ထိုင်းမြန်မာနယ်စပ်ရှိ ဒုက္ခသည်စခန်းများတွင် နေထိုင်ကြသောဒုက္ခသည်များပြန်လည် နေထိုင်နိုင်ရန်အတွက် UNHCR မှ လေးကြိမ် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ ပထမအကြိမ်သည် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလတွင် ဖြစ်ပြီး၊ ဒုတိယအကြိမ်သည် ၂၀၁၈ ခုနှစ်၊ မေလတွင်ဖြစ်သည်။ တတိယအကြိမ်သည် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင်ဖြစ်ပြီး နောက်ဆုံးအကြိမ်သည် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လတွင် ဖြစ်သည်။ ပြန်လည်နေထိုင်သူများမှာ ကရင်လူမျိုးများသာမဟုတ်ပေ။ Karen News မှ ၂၀၁၆ ခုနှစ်၊ မေလတွင် ထုတ်ဝေခဲ့သော "UNHCR Organize Repatriation of 161 Refugees from Thai Camps" တွင်ကြည့်ပါ။

ဌာနေပြန်သွားရေး အကျိုးဆောင်ဗဟိုဌာန (VRCs) များကို ထိုင်း-မြန်မာနယ်စပ်တစ်လျှောက်တွင်ရှိသော ဒုက္ခသည်စခန်းများအတွင်းတွင် တည်ဆောက်ခဲ့ကြသည်။

KHRG သည် နေရပ်ပြန်သူများအား တွေ့ဆုံမေးမြန်းခဲ့ရာတွင် အမည်စာရင်းသွင်းခြင်းဆိုင်ရာ လုပ်ငန်းစဉ်အစပိုင်းနှင့်ပတ်သက်ပြီး ၎င်းတို့၏ အတွေ့အကြုံ (သို့မဟုတ်) မိမိဆန္ဒအလျောက် နေရပ်ပြန်ရေးကော်မတီမှရရှိသည့် သတင်းအချက်အလက်အနည်းငယ်ကိုသာ ဖော်ပြခဲ့သည်။[49] မယ်လစခန်းမှ မယ်လတာလော်သော ပြန်လည်ချထားရေးနေရာသို့ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ပြန်လည်နေထိုင်ခဲ့သည့် နော်အ--- က ဤသို့ တင်ပြခဲ့သည်။ *"ကျွန်မလည်းမသိဘူး။ ကျွန်မတို့တွေလည်းပြန်ဖို့စာရင်းသွင်းလို့ရတယ်ဆိုလို့ကျွန်မလည်းစာရင်းသွင်းလိုက်တာ။ နောက်တော့ ကျွန်မတို့ကို ၄ ခါလောက် သူတို့ကတွေ့ဆုံမေးမြန်းကြတယ်။ ပြီးတော့ ကျွန်မတို့ပြန်ခွင့်ရခဲ့တယ်။"*[50]

၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် လေးဖာထောပြန်လည်နေရာချထားရေးနေရာသို့ ပြန်မလာမီ ဘန့်ဒုံယန်းစခန်းတွင်နေထိုင်ခဲ့သော စောပ--- က KHRG အား ဤသို့ပြောခဲ့သည်။ *"VRC တွေကိုဖွဲ့ပြီးတော့ မြန်မာနိုင်ငံကို ပြန်ချင်တဲ့သူတွေအနေနဲ့ ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ လာလျှောက်လို့ရတယ်လို့ ကြေညာတယ်။ နောက်ပိုင်းမှာတော့ သူတို့ ကျွန်တော်တို့ကို လူတွေမေးမြန်းပြီး တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်သွားတယ်။ မြန်မာသံရုံးကလာပြီးတော့ ကျွန်တော်တို့နဲ့တွေ့တယ်။ လုပ်ငန်းစဉ် သေချာဖြစ်မြောက်ဖို့အတွက် ကျွန်တော်တို့တွေ ၁၀ လ ကျော် ၁ နှစ် နီးပါးစောင့်လိုက်ရတယ်။"*[51]

ကိုယ်ရေးကိုယ်တာ အချက်အလက်များ စစ်ဆေးခြင်းလုပ်ငန်းစဉ်သည် ပြန်လည်နေရာချထားရေးတွင် လုပ်လေ့လုပ်ထရှိသည့် လုပ်ငန်းစဉ်ဖြစ်သော်လည်း အထူးသဖြင့်စခန်းများတွင် ဒုက္ခသည်အမည်စာရင်းသွင်းခြင်းနှင့် ပတ်သက်ပြီး ခိုင်မာသည့်စနစ်များ ရှိပြီးဖြစ်ပါက နေရပ်ပြန်လိုသူများအား ကနဦးစစ်ဆေးခြင်းများကို UNHCR ဝန်ထမ်းများနှင့် အိမ်ရှင်နိုင်ငံမှဝန်ထမ်းများမှ လုပ်ဆောင်သင့်ကြောင်း UNHCR မှ အကြံပြုထားသည်။ UNHCR ၏ပြောကြားချက်အရ *"အကယ်၍ တစ်စုံတစ်ဦးမှ RTG (ထိုင်းဘုရင်အစိုးရ) နှင့် UNHCR ထံတွင် အမည်စာရင်းသွင်းခြင်း သို့မဟုတ် စစ်ဆေးအတည်ပြုပြီး ဖြစ်ပါကနေရပ်သို့ပြန်နိုင်ကြောင်းနှင့် ထိုမှတစ်ဆင့် ၎င်းတို့အနေဖြင့် ပြန်လည်နေထိုင်မည့်ဒေသသို့ ရောက်ရှိမှသာလျှင် မှတ်ပုံတင်ခြင်းများကို ဆက်လက်ပြုလုပ်နိုင်ကြောင်း အကြံပြုထားသည်။"*[52] သို့သော်လည်း သက်သေခံလက်မှတ်များ (COI) ပေးအပ်နိုင်ရန်အတွက် VRC များတွင် လုပ်ဆောင်သည့် ကိုယ်ရေးအချက်အလက်စစ်ဆေးမှုများကို မြန်မာအစိုးရဝန်ထမ်းများမှ ကိုယ်တိုင်လုပ်ဆောင်ရန် အပြင်းအထန်တောင်းဆိုခဲ့ကြသည်။ ပြန်လည်နေရာချထားရေး လုပ်ငန်းစဉ်၏ ကနဦးလေ့လာဆန်းစစ်ချက်များ လုပ်ဆောင်ရာတွင် ပြန်လည်အခြေချနေထိုင်လိုသူများအနေဖြင့် ၎င်းတို့အား အပြစ်သားကဲ့သို့စစ်ဆေးမေးမြန်းမှုများ ပြုလုပ်သည်ဟု ခံစားရကြောင်း UNHCR မှ မှတ်ချက်ပြုခဲ့သည်။[53] UNHCR အနေဖြင့် ထိုသို့ဆောင်ရွက်ခြင်းအား ရပ်တန့်ရန် အကြံပြုခဲ့သော်လည်း မြန်မာအစိုးရမှ ထိုသို့မေးမြန်းမှုများ ဆက်လက်ဆောင်ရွက်ခဲ့ကြသည်။[54]

---

[49] UNHCR မှ ပြန်လည်နေရာချထားရေး အစီအစဉ်အသေးစိတ်နှင့်ပတ်သက်၍ သင်ကြားပို့ချသော ဗီဒီယိုတစ်ခုအား ထုတ်လုပ်ခဲ့ပါသည်။ အချက်အလက်အား ဒုက္ခသည်များအတွက် ရှင်းပြချက်ကဲ့သို့ တင်ပြခဲ့ပါသည်။ ထိုဗီဒီယိုအား UNHCR-sponsored Thailand-Myanmar Cross Border Operational Portal လူမှုကွန်ရက်စာမျက်နှာတွင် ၂၀၁၉ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် တင်ခဲ့ပါသည်။ UNHCR, Facilitated Voluntary Repatriation Process, n.d. တွင်ကြည့်ပါ။

[50] Source #1 တွင်ကြည့်ပါ။

[51] Source #13 တွင်ကြည့်ပါ။

[52] UNHCR မှ ရက်စွဲမရှိသည့်ခုနှစ်တွင် ထုတ်ဝေခဲ့သော "Facilitated voluntary repatriation from Thailand to Myanmar: A "Win-Win" in actualizing the New York Declaration" တွင်ကြည့်ပါ။

[53] UNHCR မှ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလတွင်ထုတ်ဝေခဲ့သော "Voluntary Repatriation to Myanmar: Verified refugees residing in the nine Temporary Shelters. Aide Memoire" တွင်ကြည့်ပါ။

[54] UNHCR မှ(ရက်စွဲမရှိသည့်)နှစ်တွင် ထုတ်ဝေခဲ့သော Facilitated Voluntary Repatriation Process ဗီဒီယိုတွင်ကြည့်ပါ။

စခန်းမှ ထွက်ခွာခြင်းမပြုမီ ၎င်းတို့အနေဖြင့် မြေမြှုပ်မိုင်းနှင့် မပေါက်ကွဲသေးသည့် လက်နက်ခဲယမ်းများနှင့် ဆိုင်သော အန္တရာယ်ကြိုတင်ကာကွယ်ရေး သင်တန်းများကိုလည်း တက်ရောက်ခဲ့ရကြောင်း ဖြေကြားသူများက ပြောဆိုခဲ့သည်။ နေရပ်ပြန်သူများအတွက် ဤသို့သောသင်တန်းများသည် ပြန်လည်နေထိုင်ရေးလုပ်ငန်းစဉ်များ၏ အဓိကအစိတ်အပိုင်းတစ်ခုဖြစ်ပြီး ဆန္ဒအလျောက် ပြန်လည်အခြေချနေထိုင်ခြင်းနှင့် ပြန်လည်ပေါင်းစည်းခြင်းတွင် နေရပ်ပြန်များ၏ ရုပ်ပိုင်းဆိုင်ရာလုံခြုံမှုရှိစေရန် ဆောင်ရွက်ရေးဟူသော UNHCR ၏ သဘောထားရပ်တည်ချက်နှင့်လည်း သက်ဆိုင်နေသည်။

### (က) နေရပ်ပြန်သူများ၏ ခရီးသွားလာမှု အခြေအနေများ

အကယ်၍ နေရပ်ပြန်များအနေဖြင့် အမည်စာရင်းပေးသွင်းရေး လုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး တင်ပြရန်အနည်းငယ်သာရှိပါက ၎င်းတို့တွင် နေရပ်သို့ပြန်သည့် ခရီးစဉ်အတွေ့အကြုံနှင့်ပတ်သက်ပြီးပြောရန် များစွာရှိနေတတ်သည်။[55] မေးခွန်းဖြေကြားသူအားလုံးက ၎င်းတို့အနေဖြင့် ထိုင်းနိုင်ငံဘက်တွင် မည်သည့်အခက်အခဲမှမရှိကြောင်းနှင့် ထိုင်းနိုင်ငံအတွင်းခရီးစဉ်များမှာ ကောင်းမွန်စွာစီစဉ်ထားခြင်းဖြစ်ပြီး သက်တောင့်သက်သာရှိကြောင်း တင်ပြခဲ့သည်။ အဓိကအခက်အခဲမှာ မြဝတီသို့ရောက်ရှိပြီးနောက်ပိုင်း မြန်မာနိုင်ငံဘက်ခြမ်းရှိ ခရီးစဉ်အတွက် စီစဉ်ထားပုံပင်ဖြစ်သည်။ KHRG မှ တွေ့ဆုံမေးမြန်းခဲ့သော UNHCR အစီအစဉ်ဖြင့် နေရပ်ပြန်သူအားလုံး မြဝတီဂိတ်အားဖြတ်ကျော်ရသည်။ မြဝတီဂိတ်သည် မြန်မာပြည်အရှေ့တောင်ပိုင်းသို့ ပြန်လည်နေထိုင်ကြမည့် ဒုက္ခသည်များအတွက် ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်များအား လုပ်ဆောင်နိုင်ရန် ခွင့်ပြုချက်ပေးနိုင်သည့် တစ်ခုတည်းသော နယ်စပ်ဂိတ်ဖြစ်သည်။[56] ထို့အတွက်ကြောင့် မြဝတီမြို့သို့ သွားနိုင်ရန်အတွက် ခရီးစဉ်စီစဉ်ခြင်းမှာ ရိုးရှင်းသည်။ (ထို့အပြင် ထိုင်းအစိုးရနှင့် IOM မှ ဦးဆောင်စီစဉ်ပေးခြင်းဖြစ်သည်။) UNHCR သည် မြန်မာအစိုးရ၊ ဒေသတွင်းအာဏာပိုင်များနှင့် ကိုယ်စားလှယ်အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရသည့်အတွက် မြန်မာနိုင်ငံဘက်ခြမ်းတွင် သယ်ယူပို့ဆောင်ရေးအတွက်စီစဉ်ရာတွင် ပိုမိုရှုပ်ထွေးစေသည်။ ဒုက္ခသည်အားကရင်ပြည်နယ်တစ်ဝှမ်းရှိ မတူညီသောနေရာများသို့ ပို့ဆောင်ပေးရသည်။ (အခြားတိုင်းရင်းသား ဒုက္ခသည်များကိုလည်း မြန်မာနိုင်ငံ၏ အခြားဒေသများသို့ ပို့ဆောင်ရသည်။)[57]

နေရပ်ပြန်သူအများစုက မြဝတီမြို့မှ ၎င်းတို့၏ကျေးရွာသို့ ပြန်လာသည့်ခရီးစဉ်သည် ခက်ခဲကြောင်း ပြောပြခဲ့ပြီး အချို့သောသူများအတွက်မှာမူ ပိုမိုခက်ခဲကြောင်းဖော်ပြကြသည်။ KHRG မှလူတွေ့မေးမြန်းခဲ့သော နေရပ်ပြန်သူတစ်ဦးက မြန်မာပြည်သို့ပြန်လာခဲ့သော ခရီးစဉ်အခြေအနေနှင့်ပတ်သက်၍ ပြန်ပြောပြခဲ့သည်။ နော်ဘ--- သည် နို့ဖိုးဒုက္ခသည်စခန်းမှ ဒူးပလာယာခရိုင်၊ နို့တကော (ကြာအင်းဆိပ်ကြီး) မြို့နယ်၊ ကြာအင်းကျေးရွာအုပ်စု၊ စ---ရွာသို့ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် UNHCR ၏ တတိယအကြိမ်မြောက် အကြီးမားဆုံး (ဒုက္ခသည်ပေါင်း ၅၃၅ ဦး ပါဝင်သော) ပြန်လည်နေရာချထားရေးအစီအစဉ်ဖြင့် ပြန်လာခဲ့သည်။ နော်ဘ--- ၏ ပြောကြားချက်အရ နို့ဖိုးဒုက္ခသည်စခန်းမှ အိမ်ထောင်စု ၁၀ စုခန့် သူမနှင့်အတူ ပြန်လာကြသည်။ (ထည့်သွင်းဖော်ပြချက်အား ကြည့်ပါ။)

နေရပ်ပြန်သူများ မြဝတီသို့ရောက်သောအခါ ၎င်းတို့အတွက် မတူညီသည့် ပို့ဆောင်ရေးအစီအစဉ်များကို စီစဉ်ပေးခဲ့ကြသည်။ မြန်မာအစိုးရနှင့် ဒေသခံ (မြို့နယ်နှင့်ကျေးရွာ) တာဝန်ရှိသူများ၏ အစီအစဉ်အပေါ် မူတည်ပြီး အချို့သောကိစ္စရပ်များတွင် အဆင်မပြေမှုများရှိသည်။ ဘန့်ဒုံယန်းစခန်းမှ လေးဖာထော ပြန်လည်နေရာချထားရေးသို့ ပြန်လည်နေထိုင်သော စောဂ--- က ဤသို့ အတည်ပြုခဲ့သည်။ "*မြန်မာအစိုးရက ကျွန်တော်တို့အတွက်*

---

55 နောက်ထပ်နေရပ်ပြန်သူများ၏ သွားလာရေးအခြေအနေဆွေးနွေးမှုကို KHRG မှ ၂၀၁၉ ခုနှစ်၊ ဇွန်လတွင်ထုတ်ဝေခဲ့သောသတင်းအကျဉ်းချုပ် "အကယ်၍ ကျွန်မသာသိခဲ့မယ်ဆိုရင် မြန်မာပြည်ကိုပြန်လာခဲ့မှာမဟုတ်ဘူး" တွင်ကြည့်ပါ။

56 အခြားနယ်စပ်ဂိတ်များသည်လည်း မြန်မာပြည်တောင်ပိုင်းရှိ နေရာပြန်လည်ချထားသည့်ဒေသများတွင် တည်ရှိသည်။

57 မှတ်ချက်၊ KHRG မှ မေးမြန်းမှုများပြုလုပ်ခဲ့သည့် UHNCR ၏အစီစဉ်မှတစ်ဆင့် နေရပ်သို့ပြန်လည်နေထိုင်ကြသော ဒုက္ခသည်များသည် ဒူးပလာယာနှင့် ဘားအံခရိုင်များတွင် ပြန်လည်အခြေချနေထိုင်သူများဖြစ်ကြသည်။

*ပို့ဆောင်ရေးအစီအစဉ် ကောင်းကောင်းမလုပ်ပေးဘူးဆိုတာ တွေ့ရတယ်။ သူတို့အချင်းချင်း ချိတ်ဆက်မှုတွေက မကောင်းတော့ ကျွန်တော်တို့တွေ အချိန်မီသွားနိုင်ဖို့ ကားမစီစဉ်နိုင်ခဲ့ဘူး။"* [58]

***"မြန်မာပြည်ပြန်တဲ့အချိန်အတွင်း ဘယ်သူမှ ကျွန်မတို့ကို စောင့်ရှောက်တာမရှိဘူး။ ဘာအကာအကွယ် ပေးမှုမှလည်း မရှိခဲ့ဘူး။"* နော်ဘ---**

*"ကျွန်မတို့ နို့ဖိုးစခန်းကနေ မြဝတီမြို့ အထိ သွားတဲ့လမ်းတစ်လျှောက် အရာအားလုံးက အဆင်ပြေပါတယ်။ သူတို့ [UNHCR နဲ့ ထိုင်းအစိုးရ] က ခရီးစဉ်တစ်လျှောက်လုံး ကျွန်မတို့လိုအပ်တဲ့ အကာအကွယ်တွေ အားလုံးပေးခဲ့တယ်။ မြဝတီမြို့ ကိုရောက်တော့ ညနေသုံးနာရီထိုးပြီ။ [...] မြဝတီမြို့မှာ စစ်ဆေးရေးဂိတ် တစ်ခုရှိတယ်။ သူတို့က ကျွန်မတို့ကို မေးခွန်းတွေအများကြီးမေးတယ်။ တော်တော်ကြာတယ်။ ဂိတ်က [မြန်မာအစိုးရ] ဝန်ထမ်းတွေက သူတို့ကို သတင်းမပို့လို့ဆိုပြီးတော့ ကျွန်မတို့ကိုဆူတယ်။ သူတို့ ကျွန်မတို့ ကို အချိန်တော်တော်ကြာအောင်ဆူတာ။"*

*"မြန်မာအစိုးရက ကျွန်မတို့စားဖို့ ဆန်နဲ့ကြက်ဥပေးတယ်။ ဒါပေမယ့် အစားအသောက်ကျွေးမွေးတာနဲ့ ပတ်သက်ပြီး အဆင်မပြေတာတွေရှိတယ်ဆိုတာ ကျွန်မသိတယ်။ ကျွန်မတို့ ထမင်းစားခန်းထဲမှာ သွားစား ဖို့အတွက် ကူပွန်စာရွက်ရတယ်။ အဲ့ဒီစာရွက်မရရင် သွားစားလို့မရဘူး။ [...] ကျွန်မသူငယ်ချင်းတစ်ချို့က ဘာတွေဖြစ်နေလဲမသိတော့ အစားအသောက်အတွက် ကူပွန်စာရွက်မရကြဘူး။ ကျွန်မက ဒါနဲ့ပတ်သက် ပြီး ကျွန်မသူငယ်ချင်းတစ်ချို့ စာရွက်မရဘူးလို့ အာဏာပိုင်တွေကိုပြောလိုက်တယ်။ ကျွန်မတို့တွေက စာရွက်ရပေမယ့် လူတိုင်းတော့ထမင်းစားခန်းထဲ သွားစားခွင့်မရခဲ့ဘူး။ လင်မယားစုံတွဲတစ်တွဲဆိုရင် ယောကျ်ားက စာရွက်ရတော့ ထမင်းသွားစားလို့ရပေမယ့် သူ့မိန်းမကတော့ စာရွက်တွေကုန်သွားလို့ သွားစားခွင့်မရခဲ့ဘူး။ ကျွန်မသာ ထမင်းကျွေးတဲ့အဖွဲ့ကိုသွားမပြောပေးရင် သူ့မိန်းမ ထမင်းစားရမှာမဟုတ် ဘူး။ တချို့လူတွေကျတော့ ထမင်းကျွေးတဲ့အဖွဲ့ကို မပြောရဲကြဘူး။"*

*"ကျွန်မတို့ စားပြီးသောက်ပြီး အနားယူခဲ့တယ်။ သူတို့[မြန်မာအစိုးရ]က ကျွန်မတို့ကို ကြိုဆိုတဲ့ပွဲလုပ်ပေးပြီး ပွဲမှာ ကျွန်မတို့ရဲ့ ဓါတ်ပုံတွေရိုက်တယ်။ ပြီးတော့ကျွန်မတို့ကို ပြန်လည်နေရာချထားရေးစခန်းကိုသွားဖို့ အတွက် ကားမရှိဘူးလို့ပြောတယ်။ ကရင်ပြည်နယ်ရဲ့ တခြားနေရာတွေကိုပြန်မယ့် ဒုက္ခသည်တွေအတွက် ပြန်ပို့ဖို့ ကားတွေစီစဉ်ထားပေမယ့် ကြာအင်းဆိပ်ကြီးမြို့နယ်ကိုပြန်မယ့် ကျွန်မတို့အတွက်ကျတော့ ကား မရှိဘူး။"*

အစပိုင်းတွင် နော်ဘ--- အား နို့တကောမြို့နယ်အုပ်ချုပ်ရေးမှူး လာရောက်ခြင်းမရှိသည့်အတွက် သူမတို့ အနေဖြင့် မြဝတီမြို့တွင် တစ်ညအိပ်ရမည်ဟုပြောခဲ့သော်လည်း ကျိုက်ဒုံမြို့အုပ်ချုပ်ရေးမှူးမှ လာရောက် ပြီး ၎င်းတို့သွားလာရန်စီစဉ်ပေးသည့်အတွက် အစီအစဉ်ပြောင်းသွားခဲ့သည်။ ၎င်းတို့အား အိမ်သို့ပို့ဆောင် ရန်အတွက် ကုန်တင်ကားကြီးနှစ်စီး စီစဉ်ပေးခဲ့သည်။

*"ကားကြီးပေါ်တက်တော့ ကားပေါ်မှာ မီးသွေးမှုန့်တွေနဲ့ဘိလပ်မြေမှုန့်တွေကြောင့် ကျွန်မတို့တွေ တစ် ကိုယ်လုံးပေကုန်တယ်။ ကျွန်မတို့တွေ ရွာကိုရောက်တော့ အဝတ်တွေကအရမ်းညစ်ပတ်ကုန်လို့ လျှော် လို့တောင်မရတော့ဘူး။ ဘာပဲဖြစ်ဖြစ်ကျွန်မတို့ကို သူတို့က ကြာအင်းဆိပ်ကြီးမြို့က ရုံးကြီးတစ်ရုံးမှာချ ထားခဲ့တယ်။ ကျွန်မတို့ ကြာအင်းဆိပ်ကြီးမြို့ကို မနက်သုံးနာရီလောက် ရောက်တယ်။ မြဝတီမြို့နဲ့ ကြာအင်းဆိပ်ကြီးမြို့ကနီးပေမယ့် သွားရတဲ့ခရီးကအရမ်းကြာတယ်။"*

[58] Source #7 တွင်ကြည့်ပါ။

သူမကြုံတွေ့ရသည့် အခက်အခဲများမှာ ထိုမျှနှင့်မပြီးဆုံးပေ။ အဘယ်ကြောင့်ဆိုသော် သူမ၏ဒေသခံတာဝန်ရှိသူမှ သူမရောက်ရှိမှုနှင့်ပတ်သက်ပြီး လက်မှတ်ရေးထိုးရန် လိုအပ်သည့်အတွက်ဖြစ်သည်။ သို့သော် နော်ဘ---အနေဖြင့် သူမအား ထိုအစီအစဉ်များနှင့်ပတ်သက်ပြီး ကြိုတင်အကြောင်းကြားခံထားရခြင်းမရှိသဖြင့် ထိုကိစ္စများကို စီစဉ်နိုင်ခြင်းမရှိခဲ့ပါ။

*"မနက်ကျတော့ ကျွန်မတို့ကို ဘယ်သူမှလာမခေါ်ဘူး။ ကျွန်မရဲ့ရွာက ကြာအင်းဆိပ်ကြီးမြို့နဲ့ နီးတဲ့အတွက် ကျွန်မကသူတို့ကို တက္ကစီငှါးစီးပြီး ရွာကိုကိုယ့်ဟာကိုယ် ပြန်မည့်အကြောင်းပြောခဲ့တယ်။ ဒါပေမယ့် သူတို့က သွားခွင့်မပေးဘူး။ [...] တခြားသူတွေ စာရွက်မှာလက်မှတ်ထိုးပြီးမှပဲ ကျွန်မတို့ ပြန်လို့ရမယ်လို့ သူတို့ကပြောတယ်။ ကျွန်မပြန်လာတုန်းက ကျွန်မရဲ့ရွာလူကြီးကို ကြိုအသိပေးဖို့ အချိန်မရှိခဲ့ဘူး။ နေ့လည်ကျတော့ ရွာလူကြီးက ကျွန်မတို့ကိုလာခေါ်တယ်။ ကလေးတွေကဗိုက်ဆာတော့ အရမ်းငိုကြတယ်။ သူတို့ဘာမှမစားရသေးဘူး။ ကျွန်မအနေနဲ့ ရွာကိုဘယ်လိုပြန်ရမယ်ဆိုတာသိပေမယ့် သူတို့ကပေးမပြန်ဘူး။ ဒုက္ခသည်အများစုက ပြန်ရမယ့်အချိန်မပြန်ရလို့ သူတို့ကိုဒေါသထွက်ပြီး မကျေမနပ်ပြောကြတယ်။ ရွာလူကြီးလာပြီး ကျွန်မအတွက်လက်မှတ်ထိုးပြီးတဲ့အခါမှာလည်း ကျွန်မကိုယ့်ဟာကိုယ်တက္ကစီငှါးပြီး ပြန်ခဲ့ရတယ်။ ကျွန်မတို့ကို ဘယ်သူမှလိုက်မပို့ဘူး။"* [59]

နေရပ်ပြန်သူအများစုက ခရီးစဉ်အကွာအဝေး (စောင့်စားရန်ကြာချိန်)၊ ဖြစ်ပျက်နေသောအရာများနှင့် ပတ်သက်ပြီး သတင်းအချက်အလက်မရခြင်း၊ ကျဉ်းကျပ်ပြီး သန့်ရှင်းမှုမရှိသောယာဉ်များအပါအဝင် အထူးသဖြင့် အစားအသောက် လုံလောက်မှုမရှိခြင်း (မည်သည့်အချိန်တွင် အစားအသောက်စားခွင့်ရမည်ကို မသိခြင်း) များနှင့် ပတ်သက်ပြီး ညည်းတွားကြသည်။ နေရပ်ပြန်သူတစ်ဦးမှ သိုးနေသောအစားအစာများ ရရှိခဲ့ကြောင်း ပြောခဲ့သည်။[60]

နော်က---က သူမ၏ မယ်လစခန်းမှ မယ်လတာလော်သော ပြန်လည်နေရာချထားရေးနေရာသို့ ပြန်လာရသော ခရီးစဉ်အကြောင်းကို ဤသို့ဖော်ပြခဲ့သည်။ *"ကျွန်မတို့တွေ မနက်စာအတွက် ထမင်းကြော်တစ်ပန်းကန်၊ ကြက်ဥနဲ့လက်ဘက်ရည်တစ်ခွက်ရတယ်။ ဒါက ကျွန်မတို့စားနေကြမနက်စာမဟုတ်တော့ နေ့လည်ခင်းဆိုဗိုက်ဆာတယ်။ ဒါပေမယ့် ကျွန်မတို့ကိုပြန်ပို့ပေးတဲ့သူတွေက နေ့လည်စာစားဖို့ လမ်းမှာမနားတော့ ကျွန်မတို့တွေ ကလေးတွေအတွက်တောင် စားစရာနဲ့မုန့်ဝယ်ပေးလို့မရဘူး။ သူတို့တွေက ထမင်းဆိုင်တွေအကုန် ကျော်လာတယ်။ ကံကောင်းလို့ ထီးဝါကလေးကျေးရွာမှာ ဆီဖြည့်ဖို့ကားရပ်တုန်း ကျွန်မတို့ အစားအသောက်တွေဝယ်ကြတယ်။ ကျွန်မတို့ ဆိုင်မှာစားမယ်လုပ်တော့ သူတို့ကသွားတော့မယ်ဆိုလို့ ကျွန်မတို့မစားရဘူး။ အဲ့ဒါကြောင့် ကျွန်မတို့ အစားအသောက်တွေကော ဆိုင်ရှင်ဆီကဇွန်းကောတောင်းပြီး ကားဆီကိုယူလာကြတယ်။ [...] မယ်တဝေကလိုးထမင်းဆိုင်ကိုရောက်တော့ ကျွန်မတို့တွေ သူတို့ကိုမေးလိုက်တယ်။ "နင်တို့ငါတို့ကို ထမင်းစားခွင့်မပေးတော့ဘူးလား။ လမ်းမှာ ထမင်းဆိုင်ဆိုလို့ ဒီတစ်ဆိုင်ပဲကျန်တော့တယ်။" နောက်တော့ ကျွန်မတို့ကိုယ့်ဟာကိုယ်ပဲ ဆင်းပြီးထမင်းဝယ်စားလိုက်ကြတယ်။"* [61]

မယ်လစခန်းမှ မယ်လတာလော်သောသို့ (UNHCR မှ အချက်အလက်အရ ပြန်လာသည့်နေ့ရက်ကိုမသိရပေ။) ပြန်လည်ရောက်ရှိလာခဲ့သော နော်ဒ--- က ခရီးစဉ်အတွင်း စားစရာမရှိခြင်းနှင့် တပ်မတော်[62] စစ်သားများ ရှိနေသည့်အတွက် ထိုအကြောင်းကို မည်သူတစ်ဦးတစ်ယောက်ကိုမျှ မပြောရဲကြောင်း ဖော်ပြခဲ့သည်။ *"ကျွန်မတို့ မယ်လစခန်းကနေမထွက်ခင် စခန်းမှာ စားစရာအလုံအလောက်ရတယ်။ ပြီးတော့ ကျွန်မတို့ ထိုင်းလူဝင်မှုကြီးကြပ်ရေးရုံးကနေ ဆန်အိတ်တွေရတော့ မြဝတီမှာချက်စားကြတယ်။ ဒါပေမယ့် မြဝတီကနေထွက်ပြီး ရွာရောက်တဲ့*

---

[59] Source #2 တွင်ကြည့်ပါ။

[60] Source #43 တွင်ကြည့်ပါ။

[61] Source #14 တွင်ကြည့်ပါ။

[62] တပ်မတော်သည် မြန်မာစစ်တပ်ကို ရည်ညွှန်းထားခြင်းဖြစ်သည်။

*အထိကိုတော့ ဘာမှမစားရဘူး။ [...] ကျွန်မတို့တွေ ဗိုက်ဆာတယ်။ [...] တပ်မတော်စစ်သားတွေကလည်း အများကြီးဆိုတော့ ကျွန်မတို့လည်း သူတို့ကိုပြောရမှာကြောက်တယ်။ [...] ကားမောင်းတဲ့သူ အပါအဝင် စစ်သားသုံးယောက်ပါတယ်။ သူတို့ထဲကတစ်ယောက်က ဗိုလ်ဖြစ်မယ်လို့ကျွန်မထင်တယ်။"* [63]

UNHCR ၏ မိမိဆန္ဒအလျောက် နေရပ်ပြန်ခြင်းဆိုင်ရာလမ်းညွှန်ချက်များ (၁၉၉၆ ခုနှစ်မှစ၍) တွင် နေရပ်ပြန်များ၏ ဘေးကင်းလုံခြုံမှုရှိရေးနှင့် ဂုဏ်သိက္ခာရှိရေးအတွက် ရှင်းလင်းပြတ်သားစွာဖော်ပြထားပြီး ထိုအချက်များမှာ ၎င်းတို့၏ နေရပ်သို့ပြန်လည်နေထိုင်ခြင်းအတွက်သာမဟုတ်ပဲ ၎င်းတို့ပြန်လည်နေထိုင်ရန် ရွေးချယ်ခဲ့သောနေရာသို့ သွားရာလမ်းခရီးတစ်လျှောက်နှင့် ကြိုဆိုလက်ခံသည့်နေရာများအတွက်လည်း အကျုံးဝင်သည်။[64] ထိုအထဲတွင် ပြောင်းရွှေ့သည့်ခရီးစဉ်တစ်လျှောက် အစားအသောက်၊ ရေနှင့်ဆေးဝါးများ ပြင်ဆင်ပေးခြင်းတို့လည်း ပါဝင်သည်။ KHRG မှ မေးခွန်းဖြေကြားသူများထောက်ပြသကဲ့သို့ အစားအသောက်နှင့်ပတ်သက်၍ အခက်အခဲများရှိသည့်အပြင် ၎င်းတို့၏လိုအပ်ချက်များအား ပြောရန်ကြိုးစားခဲ့သော်လည်း ဖြည့်ဆည်းပေးမှုမရှိခြင်း စသည့်ပြဿနာများရှိသည်။ နေရပ်ပြန်သူအများစုမှာ စခန်းမှမထွက်ခွါမီ ကျန်းမာရေးစစ်ဆေးချက်များ ပြုလုပ်ခဲ့ရသော်လည်း ခရီးစဉ်အတွင်း ကျန်းမာရေးလုပ်သားပါရှိကြောင်း ၎င်းတို့ထဲမှတစ်ဦးကသာ တင်ပြခဲ့သည်။[65] သူနှင့်တစ်ချိန်တည်းတွင်ပြန်လာသည့် အခြားသောနေရပ်ပြန်များကမူ ကျန်းမာရေးလုပ်သားမပါကြောင်း ပြောခဲ့သည်။ ဖြစ်နိုင်ချေရှိသည်မှာ အချို့အဖွဲ့များအတွက်သာ ကျန်းမာရေးလုပ်သားများထားပေးခြင်း သို့မဟုတ် နေရပ်ပြန်သူများအား လိုအပ်ပါက ၎င်းတို့၏ကျန်းမာရေးအတွက်ကူညီရန် တစ်စုံတစ်ဦးရှိကြောင်း ရှင်းလင်းစွာမပြောပြခြင်း ဖြစ်နိုင်သည်။

အထက်ဖော်ပြပါ နေရပ်သို့ပြန်လာသည့် ခရီးစဉ်အတွေ့အကြုံရှိသူ နော်ဘ---က ပြန်လည်နေရာချထားရေးနှင့်ဆိုင်သည့် အခြေအနေများနှင့်ပတ်သက်၍ သူမအနေဖြင့် စာတစ်စောင်ကြိုတင်လက်ခံရရှိခဲ့ကြောင်း ပြောသည်။ *"ကျွန်မ ဒီနေရပ်ပြန်အစီအစဉ်နှင့်ပတ်သက်၍ သတင်းအချက်အလက်တွေပါတဲ့ စာရတယ်။ အဲ့ဒီစာအရ မြန်မာအစိုးရက ဒုက္ခသည်တွေကို နွေးနွေးထွေးထွေး ကြိုဆိုဖို့ဆန္ဒရှိပြီးတော့ ဒုက္ခသည်တွေကို ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်နဲ့နေထိုင်ဖို့အတွက် အိမ်ယာတွေအပြည့်အဝပံ့ပိုးပေးမယ်။"*[66] ပြန်လည်နေရာချထားရေးစာစောင်တွင် မြန်မာအစိုးရအနေဖြင့် "နွေးထွေးစွာ ကြိုဆိုရန်" ကတိပေးထားသော်လည်း နေရပ်ပြန်သူများအနေဖြင့် မြန်မာပြည်သို့ ပြန်လည်ရောက်ရှိသည့်အခါတွင် ၎င်းတို့အား သေချာစွာဂရုစိုက်ခြင်းမရှိကြောင်း ခံစားရသည်။ ဤသို့ ၎င်းတို့၏ဂုဏ်သိက္ခာအားဂရုမစိုက်ခြင်းက နေရပ်ပြန်သည့်ခရီးစဉ်တွင်စတင်ခဲ့ပြီး ၎င်းတို့၏နေရပ်ပြန်သည့်အချိန်မှစ၍ နောက်ပိုင်းတွင် ထောက်ပံ့မှုများမရရှိတော့ပေ။

### (ခ) နေရပ်ပြန်ခြင်းအတွက် UNHCR ၏ ကူညီထောက်ပံ့မှုများ

နေရပ်ပြန်ခြင်းတွင် နေရပ်ပြန်သူများအား ကူညီထောက်ပံ့ရာတွင် နည်းလမ်းမျိုးစုံရှိပါသည်။ ထိုအထဲတွင် ငွေကြေး၊ ပစ္စည်း၊ ပို့ဆောင်ဆက်သွယ်ရေးနှင့် ကူညီထောက်ပံ့ရေးဝန်ဆောင်မှုများ စသည်တို့ပါဝင်သည်။ ဤအစီအစဉ်တွင် UNHCR က ၎င်းအနေဖြင့် ပို့ဆောင်ဆက်သွယ်ရေး (သို့မဟုတ် ပို့ဆောင်ဆက်သွယ်ရေးအတွက် ကုန်ကျစရိတ်)နှင့် ကနဦးပြန်လည်တည်ဆောက်ရေးကုန်ကျစရိတ်များအား ကာမိစေရန်အတွက် ငွေကြေးဆိုင်ရာအထောက်အပံ့များကို ပေးအပ်သွားမည်ဟု အသေးစိတ်ထည့်သွင်းထားသည်။[67] ထို့အပြင် ၎င်းတို့၏မိတ်ဖက်အဖွဲ့များနှင့်ပူးပေါင်းပြီး နေရပ်ပြန်များအတွက်တစ်နှစ်စာ အစားအသောက်ဖူလုံမှုရရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်သည်။ သို့သော်လည်း အစီအစဉ်စတင်သည့်အချိန်တွင်မူ အချိန်ကာလကို ခြောက်လသို့ လျှော့ချခဲ့သည်။

---

63 Source #3 တွင်ကြည့်ပါ။

64 UNHCR မှ ၁၉၉၆ ခုနှစ်တွင် ထုတ်ဝေခဲ့သော "Handbook. Voluntary Repatriation: International Protection" တွင်ကြည့်ပါ။

65 Source #15 တွင်ကြည့်ပါ။

66 Source #2 တွင်ကြည့်ပါ။

67 UNHCR မှ ၂၀၁၅ ခုနှစ်၊ မတ်လတွင် ထုတ်ဝေခဲ့သော "Strategic Roadmap for Voluntary Repatriation: Refugees from Myanmar and Thailand, 2015-2017" တွင်ကြည့်ပါ။

TBC ၏တင်ပြချက်အရ UNHCR အနေဖြင့် တစ်နှစ်စာထောက်ပံ့မှုရရှိရန်အတွက် လုံလောက်သည့်ထောက်ပံ့ငွေ မရှိသေးသော်လည်း ၎င်းတို့အနေဖြင့် စည်းရုံးလှုံ့ဆော်မှုများ ဆက်လက်ပြုလုပ်လျက်ရှိသည်။[68]

ပြန်လည်နေရာချထားရေးအစီအစဉ်၏ သဘောတူညီမှုအရ UNHCR ထံမှ လူကြီးတစ်ဦးလျှင် ဘတ်ငွေ ၉၃၀၀ [၄၂၁,၅၂၉ ကျပ်] နှင့် ကလေးတစ်ဦးလျှင် ၇,၅၀၀ ဘတ် [၃၃၉,၉၄၃ ကျပ်] လက်ခံရရှိကြောင်း ဒုက္ခသည်များက တသမတ်တည်း တင်ပြခဲ့ကြသည်။ မြန်မာအစိုးရမှ ငွေကြေးထောက်ပံ့မှုများ ပြုလုပ်ခဲ့သော်လည်း ပေးအပ်သည့် ပမာဏမှာ တသမတ်တည်းမဟုတ်ပေ။ KHRG လူတွေ့မေးမြန်းခဲ့သောသူများက လူတစ်ဦးလျှင် ကျပ် ၁၀၀,၀၀၀ မှ ၄၀၀,၀၀၀ ကျပ်နှင့် မိသားစု တစ်စုလျှင် ၁၆၀၀၀၀ မှ ၄၀၀,၀၀၀ ကျပ် အစရှိသဖြင့် ရရှိကြောင်း ဖြေကြားခဲ့သည်။[69] မြန်မာအစိုးရမှပေးအပ်သော ငွေကြေးပမာဏများ၏ကွာခြားချက်ကို နေရပ်ပြန်များက ကောင်းစွာ သတိထားမိခဲ့သည်။ မေးခွန်းဖြေကြားသူတစ်ဦးကပြောသည်မှာ သူမက (တစ်အိမ်ထောင်လျှင်) ၅ သိန်းမှ ၁၀ သိန်းရရှိမည်ဟု ထင်ခဲ့ကြောင်း တင်ပြခဲ့သည်။[70] အချို့က ၎င်းတို့အရင်ကြိုတင်ပြန်လာကြသူများမှ အကူအညီ အထောက်အပံ့များ ပိုမိုရရှိကြောင်း ပြောပြခဲ့ကြသည်။ တစ်ဦးချင်းစီရရှိသည့် ငွေပမာဏများအကြား အဘယ် ကြောင့် ဤမျှကွာခြားချက်ကြီးကြီးမားမားရှိကြောင်း နားလည်ရန်ခက်ခဲသည်။ မြန်မာအစိုးရမှ ပေးအပ်သော အထောက်အပံ့ပမာဏမှာ ရှင်းလင်းမှုမရှိကြောင်း TBC က ပြောသည်။[71]

UNHCR ၏ အစီအစဉ်ဖြင့်ပြန်လာသော မေးခွန်းဖြေကြားသူအများစုက ၎င်းတို့ စိတ်ပျက်ရဆုံးအချက်မှာ ပြန်ရောက်လာပြီးနောက် အထောက်အပံ့ရရှိမည်ဟု UNHCR မှ ကတိပြုထားသော်လည်း မည်သည့်အထောက် အပံ့မှရရှိခြင်း မရှိသည့်အချက်ပင်ဖြစ်သည်။ နေရပ်ပြန်သူများက ၎င်းတို့အနေဖြင့် နေရပ်သို့ပြန်လည်နေထိုင်ပြီး ခြောက်လ (အချို့မှာ ၃ လ) အထိ ထောက်ပံ့မှုများ ဆက်လက်ရရှိမည်ဟု သိရသည်။ UNHCR ၏ တင်ပြချက်အရ ခြောက်လအတွက် မူလထောက်ပံ့ငွေ လူကြီးတစ်ဦးလျှင် ၉၃၀၀ ဘတ်နှင့် ကလေးတစ်ဦးလျှင် ၇၅၀၀ဘတ် ဖြစ်သည်။ တိကျစွာဖော်ပြရလျှင် အောက်ပါအတိုင်းဖြစ်သည်။ ခရီးသွားလာစရိတ်အတွက် လူတစ်ဦးလျှင် ၁၈၀၀ ဘတ် [၈၁၅၈၆ ကျပ်]၊ အထွေထွေပြန်လည်ပေါင်းစည်းရေး အထောက်အပံ့စရိတ်မှာ လူကြီးတစ်ဦးလျှင် ၅၄၀၀ ဘတ် [၂၄၄၇၅၉ ကျပ်] နှင့် ကလေးတစ်ဦးလျှင် ၃၆၀၀ ဘတ် [၁၆၃၁၇၃ ကျပ်] နှင့် (ကမ္ဘာ့စားနပ်ရိက္ခာ အဖွဲ့မှရရှိသော) ရိက္ခာခြောက်လစာမှာ တစ်ဦးလျှင် ၂၁၀၀ ဘတ် [၉၅၁၈၄ ကျပ်] တို့ဖြစ်သည်။[72] ထိုသို့ခွဲခြားပြ ထားခြင်းမှာ အချို့သောနေရပ်ပြန်များအတွက် ရှင်းလင်းမှုမရှိပါ။ ထို့ကြောင့် ၎င်းတို့ပြန်ရောက်ပြီး နောက်ပိုင်းတွင် ထောက်ပံ့မှုများနှင့်ပတ်သက်၍ မေးခွန်းထုတ်လာကြသည်။ ဤသို့သော ပြဿနာများဖြစ်ပေါ်ရခြင်း၏အကြောင်း ရင်းတစိတ်တပိုင်းမှာ နေရပ်ပြန်သူများအတွက် ၎င်းတို့ရရှိသော ထောက်ပံ့ငွေသည် ခြောက်လစာအသုံးပြုရန် မလုံလောက်သည့်အတွက်ဖြစ်သည်။ နေရပ်ပြန်သူအများစုက (မြန်မာအစိုးရ၏ ထောက်ပံ့ငွေအပါအဝင်) ၎င်းတို့ရရှိသောပမာဏသည် လအနည်းငယ်အတွက်သာ လုံလောက်မှုရှိကြောင်းပြောခဲ့သည်။

၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်၊ ကြာအင်းကျေးရွာအုပ်စု၊ ခ--- ကျေးရွာ တွင် ပြန်လည်နေထိုင်ခဲ့သော နော်ဘ--- က "*ကျွန်မတို့မြန်မာပြည်ကို ပထမဆုံးပြန်လာတော့ သူတို့တွေ ကျွန်မ တို့ကို ထောက်ပံ့ပေးခဲ့တယ်။ ဒါပေမယ့် အဲ့ဒါတွေက တစ်လစာအတွက်ပဲလုံလောက်တယ်။ ကျွန်မတို့ [မြန်မာ အစိုးရဆီကနေ] ဆန်၊ ဆီနဲ့ တခြားအစားအစာတွေရတယ်။ ဒါပေမယ့်ဒါတွေက တစ်လစာပဲလုံလောက်တယ်။ မြန်မာအစိုးရက လူတစ်ယောက်ကို ၉၃၀၀၀ ကျပ် ပေးတယ်။ ကြက်ခြေနီအဖွဲ့၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ကလည်း အဝတ်အစားနဲ့ ငွေကြေးအနည်းငယ် ထောက်ပံ့ပေးတယ်။ အစိုးရ၊ ကြက်ခြေနီနဲ့ လူကယ်ပြန်ကနေရရှိတဲ့ ပိုက်ဆံတွေအားလုံးကို ပေါင်းလိုက်မယ်ဆိုရင် ၄၇၀၀၀၀ ကျပ်*

68 နယ်စပ်ဒေသ ကူညီစောင့်ရှောက်ရေး ညွှန့်ပေါင်းအဖွဲ့၏ ၂၀၁၉ ခုနှစ်တွင် ထုတ်ဝေထားသော 2018 Annual Report တွင်ကြည့်ပါ။

69 Source #3 နှင့် Source #1 တွင်ကြည့်ပါ။

70 Source #40 တွင်ကြည့်ပါ။

71 နယ်စပ်ဒေသ ကူညီစောင့်ရှောက်ရေး ညွှန့်ပေါင်းအဖွဲ့၏ ၂၀၁၉ ခုနှစ်တွင် ထုတ်ဝေထားသော 2018 Annual Report တွင်ကြည့်ပါ။

72 UNHCR မှ ၂၀၁၈ ခုနှစ်၊ ဧပြီလတွင် ထုတ်ဝေထားသော "Assistance for Verified Refugees Returning to Myanmar through Facilitated Voluntary Repatriation" တွင်ကြည့်ပါ။

*ရတယ်။ မြန်မာအစိုးရဆီကနေ ဆန်နဲ့ငွေ ၉၃၀၀၀ ကျပ်ရပေမယ့် အဲ့ဒါက တစ်လပဲခံတယ်။”* [73] သူမအနေဖြင့် UNHCR မှ ထောက်ပံ့ငွေ ဘတ် ၉၃၀၀ (၄၁၄၇၃၀ ကျပ်) ကိုလည်း ရရှိပါလိမ့်မည်။

ထီးသဘလုခီးကျေးရွာတွင် လက်ရှိနေထိုင်နေသော မုဆိုးမတစ်ဦးဖြစ်သည့် ဒေါ်စ---သည်လည်း UNHCR ၏ ထောက်ပံ့ငွေအပြင် မြန်မာအစိုးရထံမှ ငွေ ၁၅၀၀၀၀ ကျပ်ကိုလည်း လက်ခံရရှိခဲ့သည်။ ထို့အပြင် ဆန်တစ်အိတ်၊ ဆီနှစ်ပုံးနှင့် ခေါက်ဆွဲခြောက်တစ်ဖာကိုလည်း လက်ခံရရှိခဲ့သည်။ သူမက *“ဘယ်သူတစ်ယောက်ကမှ ကျွန်မတို့ကို အစားအသောက်တွေထောက်ပံ့တာ ဂရုစိုက်တာမရှိခဲ့ဘူး။ သူတို့က ကျွန်မတို့အတွက် အစားအသောက်နဲ့ ပိုက်ဆံတွေကို ပြန်ရောက်ရောက်ချင်း ပထမလအတွက်ပဲထောက်ပံ့ခဲ့တာ။ [...] ကျွန်မတို့ ကျိုက်ဒုံကိုရောက်တော့ မြန်မာအစိုးရက ကျွန်မတို့ကို သုံးလထောက်ပံ့မယ်လို့ပြောတယ်။ သူတို့တွေ ကျွန်မတို့ အဆင်ပြေမပြေ လာစစ်ဆေးပေးမယ်ဆိုပြီး ပြောတယ်။ ကျွန်မတို့ပြောင်းလာပြီး တစ်လနှစ်လလောက်ထိကို သူတို့တစ်ခါပဲ လာတယ်။ သူတို့ရဲ့ဝန်ထမ်းတွေ အခြေအနေတွေကို လာစစ်ဆေးခိုင်းတယ်။”* [74]

အခြားကျေးရွာနှင့်ခရိုင်များသို့ ပြောင်းရွှေ့နေထိုင်ကြသောသူများက ၎င်းတို့ထံသို့ လာရောက်စစ်ဆေးခြင်း လုံးဝမရှိကြောင်း တင်ပြခဲ့ကြသည်။ အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့၏ထောက်ပံ့မှုများအား အမှန်တကယ်အသုံးပြုနိုင်သည့်အချိန်ထက် ပိုမိုကြာရှည်ခံရန်ရည်ရွယ်၍ ပေးအပ်ခဲ့သည်ကို အချို့သောနေရပ်ပြန်များက နားလည်သော်လည်း မည်သူတစ်ဦးတစ်ယောက်ကမျှ လာရောက်စစ်ဆေးခြင်း မရှိသည်နှင့်ပတ်သက်၍ ၎င်းတို့အနေဖြင့် စိတ်ကသိကအောင့်ဖြစ်ပုံပေါ်သည်။ ထို့အတွက်ကြောင့် ၎င်းတို့အနေဖြင့် ကြုံတွေ့နေရသည့်အခြေအနေများကို UNHCR (သို့မဟုတ်) မြန်မာအစိုးရအား တင်ပြနိုင်ခြင်းမရှိပေ။ မယ်လတာလော်သောတွင် နေထိုင်သော နော်ဒ--- က *“သူတို့ပြောတာက ကျွန်မတို့ကို ခြောက်လတစ်ခါလာကြည့်မယ်။ ဒါပေမယ့် ကျွန်မတို့ပြန်လာကတည်းက သူတို့ကို တစ်ခါမှမတွေ့ရတော့ဘူး။ သူတို့တွေ တစ်ခါတစ်လေတော့ လာကြည့်သင့်တယ်လို့ ကျွန်မထင်တယ်။ သူတို့သာလာရင် ကျွန်မတို့ပျော်မှာပဲ။ သူတို့က ကျွန်မတို့မှာ ပြဿနာတစ်ခုခုရှိရင် သူတို့ကို ဆက်သွယ်ဖို့ပြောတယ်။ သူတို့ရဲ့ဖုန်းနံပါတ်ကိုလည်း ကျွန်မတို့ကိုပေးတယ်။ [...] သူတို့ဖုန်းကို ကျွန်မတို့ဆက်သွယ်ကြည့်ပေမယ့် ခေါ်လို့မရဘူး။ သူတို့ဖုန်းကို ဘာလို့ခေါ်လို့မရလဲ ကျွန်မတို့လည်းမသိဘူး။ [...] သူတို့ကတော့ ကျွန်မတို့မှာပြဿနာတစ်ခုခုရှိရင် ခေါ်ဖို့ပြောတယ်။ ကျွန်မတို့ပြဿနာရှိလို့ သူတို့ကိုခေါ်တော့ ခေါ်လို့မရဘူး။”* [75]

UNHCR ၏ မဟာဗျူဟာစီမံကိန်းတွင် ဆန္ဒအလျောက် ပြန်လည်နေရာချထားရေးအား ပံ့ပိုးကူညီရာတွင် အဓိကလုပ်ငန်းတစ်ခုမှာ *“နောက်ဆက်တွဲထောက်ပံ့မှုများနှင့် အကဲဖြတ်မှုများပြုလုပ်နိုင်ရန်အတွက် ပြန်လည်နေရာချထားသည့်နေရာဒေသများအား UNHCR မှ သွားရောက်ခွင့် အပြည့်အဝရရန်”* ဖြစ်သည်။[76] မြန်မာအခြေစိုက် UNHCR ၏ နှစ်ပတ်လည်အစီရင်ခံစာအရ နေရပ်ပြန်လည်နေထိုင်သည့်ဒုက္ခသည်များအား ပုံမှန်အကဲဖြတ်မှုများ ပြုလုပ်ရန်ဖြစ်ပါသည်။ သို့သော်လည်း KHRG ၏ မေးခွန်းဖြေကြားသူတစ်ဦးသာလျှင် UNHCR ၏ နောက်ဆက်တွဲ လာရောက်ကြည့်ရှုခြင်းနှင့်ပတ်သက်ပြီး ပြန်လည်ပြောပြနိုင်ခဲ့သည်။

ပထမဆုံး နေရပ်ပြန်သည့်အဖွဲ့အတွက် UNHCR မှ သယ်ယူပို့ဆောင်ရေး အစီအစဉ်ပြုလုပ်ပေးခဲ့သော်လည်း နေရပ်ပြန်အများစုမှာ UNHCR ၏ အစီအစဉ် (အချိန်) အတိုင်း ပြန်ရခြင်းကို ကျေနပ်မှုမရှိကြောင်းနှင့် လူအများနှင့်ပြန်ရသည်မှာ အချိန်များစွာ ပိုမိုကြာမြင့်ကြောင်း တွေ့ရှိခဲ့ရသည်။[77] နောက်ပိုင်းအဖွဲ့များအတွက်မူ UNHCR နှင့် မြန်မာအစိုးရမှပံ့ပိုးပေးသည့် ထောက်ပံ့ငွေများမှနေ၍ နေရပ်ပြန်များအား ခရီးစရိတ်များပေးခဲ့သည်။ သယ်ယူ

---

[73] Source #2 တွင်ကြည့်ပါ။

[74] Source #15 တွင်ကြည့်ပါ။

[75] Source #3 တွင်ကြည့်ပါ။

[76] UNHCR မှ ၂၀၁၅ ခုနှစ်တွင် ထုတ်ဝေထားသော “Strategic Roadmap for Voluntary Repatriation: Refugees from Myanamr and Thailand, 2015-2017” တွင်ကြည့်ပါ။

[77] UNHCR မှ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလတွင် “Voluntary Repatriation to Myanmar: verified refugees residing in the nine Temporary Shelters. Aide Memoire” တွင်ကြည့်ပါ။

ပို့ဆောင်ရေးနှင့်ပတ်သက်၍ အခြားအဖွဲ့တစ်ဖွဲ့က (မြန်မာအစိုးရနှင့် ဒေသခံအာဏာပိုင်များပူးပေါင်း၍) စီစဉ်ပေးသော်လည်း ခရီးစရိတ်အား နေရပ်ပြန်များမှ ကားသမား(သို့မဟုတ်) စီစဉ်သူအား တိုက်ရိုက်ပေးရသည်။ KHRG မှလူတွေ့မေးမြန်းခဲ့သောနေရပ်ပြန်များ၏ ပြောကြားချက်အရ UNHCR နှင့် မြန်မာအစိုးရ၏ငွေကြေးထောက်ပံ့မှု တစ်စိတ်တစ်ပိုင်းမှာ ခရီးစရိတ်အတွက်ဖြစ်ကြောင်း နေရပ်ပြန်များအနေဖြင့်နားလည်သော်လည်း ၎င်းတို့မှ ခရီးစရိတ်နှင့်ပတ်သက်သည့်ပြဿနာများကို တင်ပြလေ့ရှိသည်။ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် UNHCR ၏ အကူအညီဖြင့် မယ်လတာလော်သောသို့ ပြန်လည်နေထိုင်သော နော်ယ--- က ဤသို့ မှတ်ချက်ပြုခဲ့သည်။ *"ကျွန်မတို့တွေခရီးစရိတ်ကို ကိုယ့်ဟာကိုယ်ရှင်းခဲ့ရတယ်။ ဒါပေမယ့် ပထမဆုံးပြန်တဲ့အဖွဲ့ကတော့ ကျွန်မတို့လိုမျိုး ပေးစရာမလိုဘူး။"*[78] UNHCR အနေဖြင့် ၎င်းတို့၏အစီအစဉ်သစ်မှာ နေရပ်ပြန်များအတွက် ပိုမိုကောင်းမွန်စေမည်ဟုယုံကြည်သော်လည်း KHRG မှ တွေ့ဆုံစကားပြောခဲ့သည့် နေရပ်ပြန်များကမူ ထိုသို့ပေးချေရခြင်းကို ၎င်းတို့အတွက် ကုန်ကျစရိတ်(ငွေကြေးဝန်ထုတ်)တစ်ခုအနေဖြင့် ခံစားကြသည်။

အချို့သော နေရပ်ပြန်များကလည်း မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းများကဲ့သို့သော စာရွက်စာတမ်းများအား အခမဲ့ထုတ်ပေးရမည်ဖြစ်သော်လည်း ၎င်းတို့အနေဖြင့် ငွေကုန်ကြေးကုန်ကျခံရကြောင်း ဖော်ပြခဲ့သည်။ စာရွက်စာတမ်းများပြုလုပ်ရန်မှာ မြဝတီမြို့တွင်ဆောင်ရွက်ရမည့် ပြန်လည်နေရာချထားရေးအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်သော်လည်း ကျေးရွာတွင် ပြန်လည်ဆောင်ရွက်ရမည့်အဆင့်များ ရှိနေသေးသည့်အတွက် ဒေသတွင်းရှိ အုပ်ချုပ်ရေးမှူးများအား တရားမဝင်သည့် အခကြေးငွေများရရှိရန်အတွက် အခွင့်အရေးပေးသကဲ့သို့ ဖြစ်သွားသည်။ ဤသို့ ခရီးစဉ်တစ်လျှောက်နှင့် ခရီးစဉ်နောက်ပိုင်းပေးရသည့် ကုန်ကျစရိတ်များသည် ၎င်းတို့ရရှိသည့် ထောက်ပံ့ကြေးများအား လျော့နည်းသွားစေသည်။ ထို့ပြင် နေရပ်ပြန်သူများအတွက် UNHCR နှင့် မြန်မာအစိုးရတို့မှ ၎င်းတို့၏ နေရပ်သို့ပြန်ရေးနှင့် အခြေချနေထိုင်ရန် အခြေခံလိုအပ်ချက်များအား လုံလောက်သောထောက်ပံ့မှု မပေးသကဲ့သို့ ခံစားရစေသည်။

### (ဂ) UNHCR ၏ မိတ်ဖက်ဆောင်ရွက်ခြင်းများ

မြန်မာအစိုးရ၊ ထိုင်းအစိုးရနှင့် သုံးပွင့်ဆိုင်သဘောတူညီချက်ရယူပြီးနောက်တွင် UNHCR က ၎င်း၏အဓိကတာဝန်အား ကူညီဆောင်ရွက်ခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းအဖြစ် သတ်မှတ်ခဲ့သည်။ ထိုသုံးပွင့်ဆိုင်သဘောတူညီချက်သည် *"နေရပ်ပြန်လည်နေထိုင်ရေးအား ဒုက္ခသည်များအနေဖြင့် ယုံကြည်စိတ်ချမှုရှိလာစေရန် အပြုသဘောဆောင်သည့် လွှမ်းမိုးမှုများပေးခြင်း"* အပြင် *"သက်ဆိုင်ရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးသည့် အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီများနှင့် အလှူရှင်များအကြား ပိုမို အားကောင်းသောဆက်ဆံရေး ရရှိစေရန်"* အတွက်လည်း ရည်ရွယ်ထားသည်။[79] UNHCR အရ လုံခြုံ၍ရေရှည်ခိုင်မာမှုရှိသော ပြန်လည်နေရာချထားရေးအစီအစဉ် ဖြစ်မြောက်စေရန်အတွက် ကူညီဆောင်ရွက်ရာတွင် မြန်မာအစိုးရ၊ ပြည်တွင်းအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများအနေဖြင့် ထိုလုပ်ငန်းစဉ်တွင်ပါဝင်ရန် လုံးဝလိုအပ်သည်။ ထိုအခြေအနေအား ဘားအံခရိုင်တွင် KNU/KNLA- PC မှ တက်ကြွစွာပါဝင်နေမှုကို ကြည့်ခြင်းဖြင့် ရှင်းလင်းစွာတွေ့နိုင်သည်။

မယ်လဝေလယ်မူးတွင် KNU/KNLA- PC ၏ စစ်ဗိုလ်နှစ်ဦးနှင့် လူတွေ့မေးမြန်းခန်းပြုလုပ်ခဲ့ရာ ဒုက္ခသည်များအား ပြန်လည်နေရာချထားရေးနေရာများအဖြစ်သတ်မှတ်ရန် ကျေးရွာများအား ရွေးချယ်ခြင်းနှင့် နေအိမ်များအပါအဝင် ကျေးရွာသို့ ပြန်လာရန်အတွက် သယ်ယူပို့ဆောင်ရေးစီစဉ်ခြင်းများအား ၎င်းတို့အဖွဲ့မှ ပါဝင်ဆောင်ရွက်ပေးခဲ့သည်ဟုသိရသည်။[80] KNU/KNLA- PC အဖွဲ့ဝင်များမှ UNHCR ဝန်ထမ်းများနှင့် အခြားငွေကြေးထောက်ပံ့သောအဖွဲ့အစည်းများအားတွေ့ဆုံပြီး မြေပြင်အခြေအနေအားလေ့လာကာ အစီရင်ခံတင်ပြကြသည်။

---

78 Source #16 တွင်ကြည့်ပါ။

79 UNHCR မှ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလတွင် ထုတ်ဝေထားသော "Voluntary Repatriation to Myanmar: verified refugees residing in the nine Temporary Shelters. Aide Memoire" တွင်ကြည့်ပါ။

80 Source #17 နှင့် Source #18 တွင်ကြည့်ပါ။

KHRG မှ လူတွေ့မေးမြန်းခဲ့သော KNU/KNLA-PC မှ စစ်ဗိုလ်များက ဤပူးပေါင်းဆောင်ရွက်မှုမှာ ၎င်းတို့မျှော်လင့်ထားသည့်အတိုင်း မဖြစ်လာသည့်အကြောင်းကို ရှင်းပြခဲ့သည်။ ၎င်းတို့အနေဖြင့် နေရပ်ပြန်သူများ၏ လိုအပ်ချက်ကိုဖြည့်ဆည်းပေးရန်အတွက် အပြည့်အဝတာဝန်ယူနေရကြောင်း တွေ့ရှိခဲ့ရသည်။ ထိုစစ်ဗိုလ်တစ်ဦးက *"ကျွန်တော်တို့ကို သူတို့က နေရပ်ပြန်တွေကိုလက်ခံနိုင်မလား မေးတယ်။ ကျွန်တော်တို့ကတော့ သူတို့အနေနဲ့ ဒီကိုပြန်လာချင်ရင် သူတို့ကိုလက်ခံကြိုဆိုပါတယ်။ ဒါပေမယ့် ကျွန်တော်တို့အနေနဲ့ သူတို့ကို အတင်းပြန်လာခိုင်းမှာမဟုတ်ဘူး။ [KNU/KNLA-PC ၏ စစ်ဗိုလ်ဖြစ်သူ] ဗိုလ်ရင်နက UN [UNHCR] နဲ့ တွေ့တုန်းက ဒီကိစ္စနဲ့ ပတ်သက်ပြီး စကားပြောဖြစ်ခဲ့သေးတယ်။ UN ကတော့ နေရပ်ပြန်တဲ့သူတွေကို သူတို့တွေ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်တည်နိုင်တဲ့အထိ စောင့်ရှောက်ပေးသွားမယ်လို့ပြောတယ်။"*[81] သို့သော် ၎င်းတို့အနေဖြင့် ပေးထားသည့်ကတိအား မတည်ကြောင်းကိုလည်း ထပ်လောင်းပြောကြားခဲ့သည်။

*"တကယ်တော့ ကျွန်တော်တို့တွေ UN [UNHCR] ကို နားမလည်ဘူး။ ကျွန်တော်တို့တွေ နေရပ်ပြန်လာမယ့်သူတွေကို ကြိုဆိုလက်ခံဖို့သဘောတူပြီး အိမ်ထောင်စု ၃၀ လောက်ရှိတဲ့ ပထမဆုံး ဒုက္ခသည်အဖွဲ့ကို လက်ခံခဲ့တုန်းက သူတို့တွေ ဘာအကူအညီအထောက်အပံ့မှ မပေးခဲ့ဘူး။ သူတို့က ကျွန်တော်တို့ကို နေရပ်ပြန်တွေနဲ့ပတ်သက်ပြီး အပြည့်အဝတာဝန်ယူခိုင်းသလိုပဲ။ အဖွဲ့အစည်းတွေက ကျွန်တော်တို့ကိုထောက်ပံ့ပေးပြီး ကျွန်တော်တို့နဲ့အတူတူလက်တွဲလုပ်မယ်လို့ ထင်ခဲ့ပေမယ့် ဒီလိုဖြစ်သွားတော့ ကျွန်တော်တို့တွေ ဘာမှလုပ်လို့မရတော့ဘူး"* ဟု ၎င်း၏လုပ်ဖော်ကိုင်ဖက်မှ ထပ်မံရှင်းပြခဲ့သည်။[82]

မယ်လဝေလယ်မူးသို့ ပြန်လည်နေထိုင်သော နေရပ်ပြန်သူများအားလုံးက UNHCR နှင့် မြန်မာအစိုးရ၏ ထောက်ပံ့မှုများမှာ လုံလောက်မှုမရှိကြောင်း ပြောပြခဲ့သည်။ မူလပေးထားသည့် ထောက်ပံ့မှုများအားလုံး ကုန်သည့်အခါ ၎င်းတို့အနေဖြင့် လက်ရှိတွင် KNU/KNLA-PC (အထူးသဖြင့် ဗိုလ်ရင်န) ပေးလျက်ရှိသော ဆန်နှင့် အထောက်အပံ့များအပေါ် မှီခိုရလျက်ရှိကြောင်း တွေ့ရသည်။ ကူညီထောက်ပံ့မှုများမှာ မည်သည့်နေရာကမှ လာရောက်ခြင်းမရှိသည့်အတွက် KNU/KNLA-PC အဖွဲ့ဝင်များအနေဖြင့် အထောက်အပံ့များအား ဆက်လက်ထောက်ပံ့ရန်အပြင် ၎င်းတို့တွင် အခြားရွေးချယ်စရာမရှိဟု ခံစားရလျက်ရှိသည်။

KNU/KNLA-PC အနေဖြင့် လက်ရှိတွင် UNHCR မှ ၎င်းတို့နှင့် ဆွေးနွေးသဘောတူညီချက်ရယူမှုမရှိခြင်းနှင့် မည်သည့်လိုအပ်ချက်များရှိနေသည်ကို နောက်ဆက်တွဲမေးမြန်းမှုမရှိခြင်းများအပေါ် ဒုက္ခသည်များအား ဆက်လက်ပို့ဆောင်နေမည်ကို စိုးရိမ်လျက်ရှိသည်။ *"သူတို့အနေနဲ့ နေရပ်ပြန်တွေထပ်ပို့ဖို့ အစီအစဉ်ရှိတယ်ဆိုရင် ကျွန်တော်တို့ကို အကြောင်းကြားပြီး အဲ့ဒီလူတွေအတွက် အထောက်အပံ့တွေပေးသင့်တယ်။ တကယ်လို့ ကျွန်တော်တို့တွေသာ အတူတူလက်တွဲပြီး နေရပ်ပြန်တွေကို ထောက်ပံ့ကြမယ်ဆိုရင် ဒါဟာ ကျွန်တော်တို့အတွက် လုံလောက်ပြီ။ ကျွန်တော်တို့အနေနဲ့ကတော့ သူတို့နဲ့တွေ့ပြီး ချမှတ်မယ့်အစီအစဉ်ကို ဆွေးနွေးစေချင်တယ်။ အရေးကြီးတဲ့အချက်ကတော့ အကူအညီပေးမယ့်သူတွေအနေနဲ့ သူတို့ရဲ့ အထောက်အပံ့တွေကို အမှန်တကယ်ပေးဖို့ပဲ။ [...] ကျွန်တော်တို့တွေအနေနဲ့ ကိုယ့်လူမျိုးတွေခံစားနေရတာကို မကြည့်နိုင်ဘူး။ [...] ကျွန်တော်တို့အတွက်ကတော့ နေရပ်ပြန်သူတွေဟာ ကျွန်တော်တို့ရဲ့ လူမျိုးတွေပဲ။"*[83]

သို့သော်လည်း ထိုပြဿနာအား UNHCR နှင့်သာ ဖြေရှင်းခြင်းမဟုတ်ပဲ ၎င်း၏အခြားမိတ်ဖက်အဖွဲ့များအနေဖြင့် လုပ်ငန်းကောင်းမွန်စွာ ဆောင်ရွက်ခြင်းရှိမရှိကိုလည်း လေ့လာသုံးသပ်ရန် လိုအပ်သည်။ မြန်မာအစိုးရအနေဖြင့် သုံးပွင့်ဆိုင်သဘောတူညီချက်တွင်ပါဝင်သည့် တာဝန်များအား လေးစားစွာလိုက်နာဆောင်ရွက်မှု မရှိခြင်းသည်လည်း ပြဿနာတစ်ရပ်ဖြစ်နေပါသည်။ ဒေသခံမိတ်ဖက်အဖွဲ့များအနေဖြင့် အထောက်အပံ့နှင့် ဝန်ဆောင်မှုများအား ပေးရန်လိုအပ်သော်လည်း မယ်လဝေလယ်မူးကဲ့သို့သောအခြေအနေတွင် ဒေသခံမိတ်ဖက်အဖွဲ့များသာလျှင် ဤထောက်ပံ့ရေးလုပ်ငန်းစဉ်အတွင်း လုပ်ငန်းဆောင်ရွက်သည့် တစ်ခုတည်းသောအဖွဲ့ဖြစ်နေပါက ၎င်းတို့အပေါ်

---

[81] Source #17 တွင်ကြည့်ပါ။
[82] Source #18 တွင်ကြည့်ပါ။
[83] Source #18 တွင်ကြည့်ပါ။

ဝန်ထုတ်ဝန်ပိုးမှာ အလွန်ကြီးလာမည်ဖြစ်သည်။ ဤပြဿနာသည် တဖြည်းဖြည်းကြီးမားလာပြီး လူမှုအသိုက်အဝန်းတစ်ခုလုံးအပေါ် သက်ရောက်မှုရှိလာမည်ဖြစ်သည်။

### ဓာတ်ပုံ - UNHCR ၏ အစီအစဉ်ဖြင့် မိမိဆန္ဒအလျောက်ပြန်လည်နေရာချထား ရေးလုပ်ငန်းစဉ်







ဤပုံများအား ၂၀၁၈ ခုနှစ်၊ မေလ ၈ ရက်နေ့တွင် နို့ဖိုးယာယီဒုက္ခသည်စခန်းတွင်ရိုက်ယူခဲ့ပါသည်။ ထိုင်း-မြန်မာအစိုးရနှင့် UNHCR တို့မှဦးစီးဆောင်ရွက်ပြီး ဒုတိယအကြိမ်အဖြစ် ပြန်လည်နေရာချထားခြင်းဖြစ်ပါသည်။ ဤအကြိမ်တွင် စုစုပေါင်းဒုက္ခသည် ၉၃ ဦး ပြန်လာခဲ့ကြပါသည်။ *[ဓာတ်ပုံ - KHRG]*




ဤပုံအား ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်နေ့တွင် ထိုင်းနိုင်ငံရှိ နို့ဖိုးယာယီဒုက္ခသည်စခန်းတွင် ရိုက်ယူခဲ့ပါသည်။ အဆိုပါဒုက္ခသည် စုစုပေါင်း ၇၁ တစ်ဦးသည် မြန်မာ-ထိုင်းအစိုးရတို့၏ သုံးပွင့်ဆိုင်သဘောတူညီမှုနှင့်အတူ UNHCR၏ အစီအစဉ်ဖြင့် မိမိဆန္ဒအလျောက် ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်ဖြင့် ပြန်လည်အခြေချသော ပထမဦးဆုံးအဖွဲ့ဖြစ်ပါသည်။ ဤပုံသည် နို့ဖိုးစခန်းကိုထွက်ခွာမည့် ဒုက္ခသည်များအတွက် နိုင်ငံတကာရွှေ့ပြောင်းနေထိုင်သူများဆိုင်ရာအဖွဲ့ (IOM)၊ ထိုင်းအစိုးရနှင့် UNHCR မှလမ်းခရီးစီစဉ်ပေးနေသည့် ပုံဖြစ်ပါသည်။ *[ဓာတ်ပုံ - KHRG]*

## ၂) မိမိအစီအစဉ်ဖြင့် နေရပ်ပြန်သည့်ဒုက္ခသည်များ

KHRG မှ မိမိအစီအစဉ်ဖြင့် နေရပ်ပြန်ခဲ့သည့် ဒုက္ခသည် ၈ ဦးအား လူတွေ့မေးမြန်းခဲ့ပြီး ၎င်းတို့အနက် ၅ ဦးမှာ UNHCR ကူညီဆောင်ရွက်ပေးသော ပြန်လည်နေရာချထားရေး အစီအစဉ်မတိုင်မီကတည်းက ပြန်လာခဲ့ကြခြင်း ဖြစ်သည်။ အခြား ၃ ဦးထဲမှတစ်ဦးမှာ ၎င်းပြန်လာသည့်နေ့ရက်အား မသိရှိရပဲ ကျန် ၂ ဦးမှာမူ ပြန်လည်နေရာ ချထားရေးအစီအစဉ်ရှိနေသော်လည်း မိမိတို့အစီအစဉ်ဖြင့် ပြန်လာကြသူများဖြစ်သည်။

အထက်ဖော်ပြပါစာရင်းတွင် မပါသော အခြား ၄ ဦးမှာ UNHCR ၏ အစီအစဉ် မစတင်မီက နေရပ်သို့ ပြန်လည် နေထိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် ကူညီဆောင်ရွက်ပေးသောနည်းလမ်းဖြင့် ပြန်လည်နေရာချထားရေး အစီအစဉ်တွင် အမည်စာရင်းသွင်းနိုင်ရန်အတွက် ထိုင်း-မြန်မာနယ်စပ်ရှိ ယာယီဒုက္ခသည်စခန်းများသို့ ပြန်လည် နေထိုင်ခဲ့ကြသည်။[84] သေချာသည်မှာ နေရပ်ပြန်အားလုံး ထိုသို့သောအခွင့်ရှိမည်မဟုတ်ပေ။ UNHCR ၏ ပြန်လည်နေရာချထားရေးအစီအစဉ်တွင် ပါဝင်နိုင်ရန်အတွက် ဒုက္ခသည်များအနေဖြင့် ယာယီဒုက္ခသည်စခန်း များတွင် အမည်စာရင်းသွင်းထားရန် လိုအပ်သည်။ ထိုသို့ အမည်စာရင်းရှိနေရန်အတွက် ဒုက္ခသည်များအနေဖြင့် သတိရှိရှိဖြင့် နေထိုင်ရမည်ဖြစ်ပြီး ပုံမှန်စစ်ဆေးမှုများအား ခံယူရမည်ဖြစ်သည်။ TBC သည် လူဦးရေစာရင်း စစ်ဆေးမှုအား စခန်းအတွင်းတစ်နှစ်တစ်ကြိမ် ပြုလုပ်လေ့ရှိသည်။ ထိုအချိန်တွင် အိမ်ထောင်စုအားလုံး ရှိနေရ မည်ဖြစ်ပြီး ၎င်းတို့၏ကိုယ်ရေးအချက်အလက်များအား စစ်ဆေးခံရမည်ဖြစ်သည်။ လစဉ်ရိက္ခာ ပေးဝေသည့်အခါ တွင်လည်း လူကိုယ်တိုင်သွားရောက်ထုတ်ယူရသည်။ ထိုကဲ့သို့ပျက်ကွက်ပါက အကြောင်းကြားစာပို့ရမည်။ ဤသည်မှာလည်း ထပ်လောင်းစစ်ဆေးမှုဖြစ်သည်။[85]

KHRG မှ လူတွေ့မေးမြန်းခဲ့သော ဒုက္ခသည်အများစုသည် နေရပ်သို့ပြန်လည်နေထိုင်ခြင်းမပြုမီ ဒုက္ခသည်စခန်း များတွင် နေထိုင်ခဲ့ကြသည်။ နော်ဗ--- မှာမူ ၂၀၁၄ ခုနှစ်တွင် မိမိအစီအစဉ်ဖြင့် ပြန်မလာမီက ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကာ အိမ်ငှါးနေထိုင်ခဲ့ပြီး စားဝတ်နေရေးအဆင်မပြေသဖြင့် ပြန်လာခဲ့ခြင်းဖြစ်သည်။[86] ထိုအချိန် ကာလတွင် မိမိအစီအစဉ်ဖြင့်နေရပ်ပြန်ခြင်းက သူမအတွက် တစ်ခုတည်းသော ရွေးချယ်စရာဖြစ်သည်။ နော်ဗ---သည် မည်သည့်ယာယီဒုက္ခသည်စခန်းတွင် စာရင်းသွင်းထားကြောင်း မပြောပြခဲ့ပါ။ ထို့ကြောင့် သူမ သည် UNHCR ၏ထောက်ပံ့မှုဖြင့် ပြန်လာနိုင်ခွင့်မရှိပါ။ နော်ဗ--- ၏အခြေအနေက အခြားပြဿနာတစ်ခုဖြစ်သည့် UNHCR ၏ ကူညီဆောင်ရွက်ပေးသော ပြန်လည်နေရာချထားရေးအစီအစဉ်တွင် စာရင်းဝင်ခြင်းမရှိသော မြို့ ပေါ်ဒုက္ခသည်များနှင့် ထိုင်းနိုင်ငံတွင် ခိုလှုံခွင့်တောင်းခံသူများ၏အခြေအနေကို ဖော်ပြနေသည်။ အကာအကွယ် ပေးမှုမရှိခြင်းနှင့် ဖမ်းဆီးထိန်းသိမ်းခံရမှုအခြေအနေများအပြင် ထိုသူများအနေဖြင့် မြန်မာနိုင်ငံသို့ ပြန်လည် နေထိုင်လိုသည့်အခါများတွင် မိမိ၏ကိုယ်ပိုင်အစီအစဉ်ဖြင့် ပြန်လည်နေထိုင်ရန် (သို့မဟုတ်) ယာယီဒုက္ခသည် စခန်းတွင် အမည်စာရင်းပေးသွင်းရန် ပြုလုပ်ရမည်ဖြစ်သည်။[87]

ဦးအ---သည် မယ်လစခန်းတွင် ၂၀၁၀ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ နေထိုင်ခဲ့ပြီး ကူညီဆောင်ရွက်ပေးသော ပြန်လည်နေရာချထားရေးအစီအစဉ် အကြောင်းကြားသိခဲ့သည်။ သူ့အနေဖြင့် အကူအညီနှင့် နေရပ်သို့ပြန်ခွင့် ရှိသော်လည်း ထိုလမ်းကြောင်းဖြင့်မပြန်ရန် ရွေးချယ်ခဲ့သည်။ ၎င်း၏ပြောဆိုချက်အရ *"ကျွန်တော်ဘယ်သူ့ကိုမှ ဘာမှမပြောပဲ ဒီအတိုင်းပြန်လာခဲ့တယ်။ [...] တကယ်လို့ကျွန်တော်သာ တာဝန်ရှိသူတွေကိုပြောရင် သူတို့ဆီက နေ အထောက်အပံ့တွေရမှာပဲ။"* သို့သော်လည်း ဦးအ--- ကြားခဲ့ရသည့်သတင်းမှာ နို့ဖိုးစခန်းမှပြန်သည့် ဒုက္ခ သည်များအား ရန်ကုန်သို့ပို့ပြီး နေရာထိုင်ခင်းတစ်နေရာစာရရှိရန်အတွက် ကျပ်သိန်း ၃၀ ပေးရသည်ဟု ကြားခဲ့ရ သည်။ ထို့ပြင်မှတ ထိုသူများသည် ယခုအချိန်တွင် သွားစရာနေရာမရှိပဲ လမ်းပေါ်တွင်နေကြရသည်ဟု ကြားသိရ

---

84 Source #24၊ Source #31၊ Source #14 နှင့် Source #3 တွင်ကြည့်ပါ။

85 နယ်စပ်ဒေသ ကူညီစောင့်ရှောက်ရေးညွန့်ပေါင်းအဖွဲ့၏ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ မှ ဇွန်လအထိ ထုတ်ဝေထားသော "Programme Report" တွင်ကြည့်ပါ။

86 Source #19 တွင်ကြည့်ပါ။

87 Caleb QUINLEY မှ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ The New Humanitarian တွင်ထုတ်ဝေထားသော "Life in the Shadows: Thailand's Urban Refugees" တွင်ကြည့်ပါ။

သည်။ *"ကျွန်တော်က အဲ့ဒါကိုကြောက်လို့ အဲ့ဒီအကြောင်း ဘယ်သူ့ကိုမှမပြောပဲ တိတ်တိတ်လေးပြန်လာခဲ့တယ်။ တကယ်လို့ကျွန်တော်သာ သူတို့ကိုပြောခဲ့ရင် သူတို့ကျွန်တော့်ကို တခြားတစ်နေရာရာကို ခေါ်သွားလိမ့်မယ်။ ကျွန်တော့်ရွာမှာရှိတဲ့ မိသားစုဆီကို ပြန်ခွင့်မရမှာစိုးတယ်။"* [88]

ဦးအ--- သည် KHRG မှ လူတွေ့မေးမြန်းထားသည့် နေရပ်ပြန်သူများအနက် တစ်ဦးတည်းသော မူစလင်လူမျိုး ဖြစ်သည်။ ဤသို့သောစိုးရိမ်မှုများမှာ မူစလင်ဒုက္ခသည်များအကြား ပိုမိုပျံ့နှံ့ခြင်းရှိမရှိ ရှင်းလင်းမှုမရှိပါ။ အခြားသောနေရပ်ပြန်သူများက ၎င်းတို့အနေဖြင့် ပြန်လိုသည့်နေရာအား ရွေးချယ်ခွင့်ရှိကြောင်း တွေ့ဆုံမေးမြန်းမှုတွင် အလေးထားပြောခဲ့သည်။ အချို့သောနေရပ်ပြန်သူများက ၎င်းတို့၏ရွေးချယ်မှုအား အလေးပေးခြင်းမပြုမည်ကို စိုးရိမ်ကြသည်။ ဖြစ်နိုင်ခြေရှိသည်မှာ မူစလင်လူမျိုးများအတွက် နေရာရွေးချယ်မှုမှာ အကန့်အသတ်ရှိနိုင်သည်။ အချို့သောနေရာများတွင် မူစလင်များအား ရဲများမှရပ်တန့်စစ်ဆေးခြင်းများရှိကြောင်း ကြားသည့်အတွက် ဦးအ---က ၎င်း၏ ကျေးရွာဖြစ်သော အရ--- ကျေးရွာသို့ပြန်သည့်လမ်းတစ်လျှောက်တွင် သတိဖြင့်သွားရကြောင်း ပြောခဲ့သည်။ ထို့ကြောင့်၎င်းအနေဖြင့် ပြဿနာမဖြစ်နိုင်မည့်လမ်းများကိုသာ ရွေးချယ်ပြီးသွားခဲ့သည်။

UNHCR ၏ ပြန်လည်နေရာချထားရေးအစီအစဉ်ဖြင့် ပြန်လာခွင့်ရှိသော်လည်း နော်ဇ--- သည် မိမိ၏ကိုယ်ပိုင် အစီအစဉ်ဖြင့် ပြန်လာခဲ့သည်။ နော်ဇ--- သည် ၂၀၀၆ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ မယ်ရာမိုဒုက္ခသည်စခန်းတွင် နေထိုင်ခဲ့သည်။ သို့သော် သူမ၏အမျိုးသားဖြစ်သူမှာ တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်၊ ခလယ်မူဂါးကျေးရွာ တွင် အခြေချနိုင်ရန်အတွက် ဒုက္ခသည်စခန်းမှထွက်ခွာခဲ့သည်။ သူမအနေဖြင့် အခြားသူများနှင့်အတူ ပြန်လာခဲ့ သော်လည်း သူမ၏သမီးဖြစ်သူမှာ ကျန်းမာရေးဆိုင်ရာအထူးစောင့်ရှောက်ရန်လိုအပ်သဖြင့် ခရီးသွားလာမှုအား ခက်ခဲစေခဲ့သည်။[89]

မိမိအစီအစဉ်ဖြင့် နေရပ်ပြန်သည့်သူများအတွက်မူ ထိုင်းနယ်စပ်နှင့် မြန်မာနိုင်ငံနှစ်ဖက်စလုံးတွင် ခရီးသွားရန် အခက်အခဲများရှိသည်။ ဘန့်ဒုံယန်းစခန်းတွင် ၁၅ နှစ်ကျော်နေထိုင်ခဲ့ပြီး ၂၀၁၄ ခုနှစ်၊ ဧပြီလတွင် မိမိအစီအစဉ် ဖြင့် ပြန်လာခဲ့သည့် နော် ဂ--- က ထိုအကြောင်းကို ဤသို့ ပြန်လည်ပြောပြခဲ့သည်။ *"အစကတော့ ကျွန်မတို့မှာ UN ကဒ်ရှိလို့ ထိုင်းဖက်မှာခရီးသွားရတာ ပိုပြီးအဆင်ပြေမယ်လို့ထင်ခဲ့တယ်။ တကယ်တော့အဲ့ဒါက ဘာမှအသုံး မဝင်ဘူး။ ကျွန်မတို့တွေ ထိုင်းဘက်မှာကားစီးလို့မရတဲ့အတွက် ကျွန်မတို့ရဲ့ ပစ္စည်းတွေကိုပဲ ပို့ခဲ့တယ်။ ပစ္စည်း တွေကို ကျွန်မတို့သွားယူလို့ရမယ့်နေရာမှာ ထားပေးဖို့ ကားသမားကိုပြောရတယ်။ အဲ့လိုမလုပ်ဘူးဆိုရင် မြန်မာ နိုင်ငံကိုရောက်တဲ့အခါ ကျွန်မတို့ သူတောင်းစားဖြစ်သွားလိမ့်မယ်။"* [90] မြန်မာနိုင်ငံအတွင်းသို့ ပြန်ရောက်သည့် အခါတွင်လည်း ဂိတ်များတွင် စစ်သားများ၏မေးမြန်းခြင်းကို ခံရသော်လည်း ခြိမ်းခြောက်ခံရခြင်းမရှိကြောင်း နော်ဂ--- က ပြောသည်။

နေရပ်ပြန်သူများအတွက် ခရီးစီစဉ်ရခြင်းမှာ အထူးသဖြင့် ခရီးရှည်ပြန်ရမည့်သူများအတွက် ညှိနှိုင်းဆောင်ရွက် ခြင်းများနှင့် ကိုယ်တိုင်အချိတ်အဆက်များအား ဆက်သွယ်ရန်လိုအပ်သောကြောင့် များသောအားဖြင့် ရှုပ်ထွေး လေ့ရှိသည်။ နယ်စပ်နှင့်မဝေးသော ကျေးရွာများ (ဥပမာ ပြန်လည်နေရာချထားရေးစခန်းများဖြစ်သည့် ကော် လား၊ မယ်လတာလော်သော၊ မယ်လဝေလယ်မူး)သို့ပြန်သည့်သူများအတွက်မူ နည်းလမ်းအမျိုးမျိုးဖြင့် သွားလာ နိုင်ပြီး ခြေလျင်ဖြင့်ပင်သွားလာနိုင်ကြသည်။ မြန်မာပြည်တောင်ပိုင်းအစွန်းရှိ တနင်္သာရီမြို့နယ်သို့ပြန်သည့် နော်ဂ---အတွက် ထိုခရီးလမ်းသည် ရှည်လျားပြီးကုန်ကျစရိတ်လည်း မြင့်မားသည်။ *"ကျွန်မ ဒီကိုပြန်ရောက်ဖို့ အတွက် ဘတ်ငွေထောင်ပေါင်းများစွာ ကုန်ကျခံရတယ်။ ကားသမားတစ်ယောက်ကို ကျွန်မဘတ်တစ်ထောင် ပေးရပြီး နောက်တစ်ယောက်ကို ဘတ်သုံးထောင်ပေးရတယ်။ ကျွန်မတို့တွေ ကားသမားနဲ့ကားခကို ညှိရတယ်။ ကျွန်မတို့ရဲ့ ပစ္စည်းတွေကို စန်ခလဘူရီ [ထိုင်းနိုင်ငံ]မှာ ထားခဲ့ဖို့ သူ့ကိုပြောတယ်။ ပြီးတော့အဲ့ဒီမှာ ကျွန်မတူလေး တစ်ယောက်ကို လာကြိုခိုင်းတယ်။ ကျွန်မတူလေးက ကျွန်မတို့ဒုက္ခသည်တွေရဲ့ အခြေအနေကိုသိတော့ ကျွန်မ*

88 Source #4 တွင်ကြည့်ပါ။
89 Source #20 တွင်ကြည့်ပါ။
90 Source #5 တွင်ကြည့်ပါ။

*တို့ကို ဈေးအများကြီးမတောင်းဘူး။ ဆီဖိုးပဲယူတယ်။ မနောရှိရွာကိုရောက်ဖို့အတွက် မြို့နယ်ငါးခုလောက် ဖြတ်မောင်းပေးရတယ်။ [...] နှစ်ပတ်လောက်ကြာတယ်။ ကျွန်မတို့ ဒီ [သူးလေပလော]ကို ရောက်ဖို့အတွက် ဆိုင်ကယ်ထပ်ငှါးရသေးတယ်။ ဆိုင်ကယ်တက္ကစီဆရာက ကျွန်မတို့ကို ၇၀၀၀၀ ကျပ်တောင်းပေမယ့် ကျွန်မမှာပေးစရာပိုက်ဆံ အဲ့လောက်မရှိလို့ ဆိုင်ကယ်သမားကိုဈေးလျှော့ပေးဖို့ တောင်းပန်ခဲ့ရတယ်။"* [91]

ဤကဲ့သို့သော ခရီးသွားလာမှုအခြေအနေများသည် UNHCR ၏ ပြန်လည်နေရာချထားရေးအစီအစဉ်ဖြင့် ပြန်သည့်နေရပ်ပြန်များအတွက် လျော့နည်းသွားပြီဖြစ်သည်။ ကြမ်းတမ်းသောခရီးစဉ်များ၊ သယ်ယူပို့ဆောင်ရေးအခြေအနေများနှင့်ပတ်သက်၍ တိုင်တန်းမှုများ အများအပြားရှိခဲ့သော်လည်း UNHCR ၏ အစီအစဉ်ဖြင့် နေရပ်ပြန်များသည် ၎င်းတို့၏ပိုင်ဆိုင်မှုများအား ချန်လှပ်ထားရခြင်း (သို့မဟုတ်) ခရီးစရိတ်ညှိနှိုင်းရခြင်းများနှင့် ပတ်သက်ပြီး တင်ပြခြင်းများမရှိတော့ပါ။ အဆိုပါကိစ္စများအား UNHCR မှ လုပ်ဆောင်ပေးပြီးဖြစ်သည်။ UNHCR ၏ ပြန်လည်နေရာချထားရေးအစီအစဉ်ဖြင့် နေရပ်ပြန်သူများသည် မြန်မာနိုင်ငံသို့ပြန်ရောက်သည့်အခါတွင် ၎င်းတို့၏လုံခြုံရေးအတွက် အာမခံချက်ပေးနိုင်ရန် COI ခရီးသွားလက်မှတ်များကိုလည်း ထုတ်ပေးခဲ့သည်။ KHRG မှ လူတွေ့မေးမြန်းခဲ့သော မိမိအစီအစဉ်ဖြင့် ပြန်လာသူတစ်ဦးကမူ ၎င်းတို့ပြန်လာသည့်အချိန်တွင် လုံခြုံရေးပြဿနာ ကိစ္စတစ်စုံတစ်ခုရှိခဲ့ကြောင်း တင်ပြခြင်းမရှိသည့်အတွက် ယခင်ကမိမိအစီအစဉ်ဖြင့် ပြန်လာသောသူများ၏ လုံခြုံရေးဆိုင်ရာအခြေအနေများကို သိရှိရန်ခက်ခဲသည်။ သို့သော်လည်း နေရပ်ပြန်သူများအနေဖြင့် UNHCR ၏အစီအစဉ်ဖြင့် ပြန်လာသည်ဖြစ်စေ၊ မိမိအစီအစဉ်ဖြင့် ပြန်လာသည်ဖြစ်စေ နေရပ်ပြန်လာသည့် ခရီးစဉ်များတွင် စိန်ခေါ်မှုများစွာကြုံတွေ့ရပြီး ထိုစိန်ခေါ်မှုများက နေရပ်ပြန်သူများအတွက် ဘဝကိုပြန်လည်ထူထောင်ရန် ပို၍အားနည်းစေသည်။

နော်ဂ--- အနေဖြင့် ၂၀၁၄ ခုနှစ်၊ ဧပြီလတွင် UNHCR (သို့မဟုတ်) အဖွဲ့အစည်းတစ်ခုခု၏ ထောက်ပံ့မှုမရရှိပဲ ပြန်လာခဲ့သော်လည်း နေရပ်ပြန်ရေးနှင့်ပတ်သက်သည့် အချက်အလက်များကို စခန်းတွင်နေထိုင်စဉ် ကာလအတွင်း ရရှိခဲ့ကြောင်းပြောခဲ့သည်။ *"သူတို့တွေကကျွန်မတို့ကို ဗီဒီယိုတွေပြပြီး မြန်မာနိုင်ငံကို ဘယ်လိုပြန်ရမလဲဆိုတဲ့အချက်အလက်တွေပေးတယ်။ ကျွန်မတို့ကို နိုင်ငံခြားဘာသာစကားနဲ့ ဗီဒီယိုတွေပြပြီး ကရင်လိုသူတို့ကဘာသာပြန်ပေးတယ်။ မြန်မာနိုင်ငံထဲမှာ တိုက်ပွဲတွေမရှိတော့ဘူးဆိုတာကို သူတို့ကယုံကြည်ပြီး ကျွန်မတို့ကိုယ့်ရွာကို ကိုယ်ပြန်လို့ရတယ်ဆိုတဲ့မျှော်လင့်ချက်နဲ့ ဒီသင်တန်းတွေပေးတာပေါ့။ အဲ့ဒီဗီဒီယိုဖိုင်ကိုတွေ့တာနဲ့ ကျွန်မတို့တွေ ပြန်သင့်ပြီလို့သိလိုက်တယ်။"* [92] ထိုသတင်းအချက်အလက်များအား မည်သူကပေးသည်ကိုမူ သူမအနေနှင့် ဖော်ပြခဲ့ခြင်းမရှိပါ။

၂၀၁၅ ခုနှစ် NCA လက်မှတ်ရေးထိုးခဲ့ချိန်တွင် UNHCR မှ ဒုက္ခသည်များအတွက် မိမိဆန္ဒအလျောက် နေရပ်ပြန်ခြင်းမှာ လွန်စွာစောနေသေးသည်ဟုဆိုသည်။[93] သို့သော် UNHCR သည် ထိုင်း NGO တစ်ခုအား *"ယာယီဒုက္ခသည်စခန်းများအလွန် အနာဂတ်အစီအစဉ်များအား ကူညီရန်အတွက် အခြေခံအုတ်မြစ်အဖြစ် အသုံးပြုနိုင်ရန် ယာယီဒုက္ခသည်စခန်းများရှိ နေရပ်ရွှေ့ပြောင်းနေထိုင်ကြသူများ၏လူဦးရေနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ"* နှင့်ပတ်သက်ပြီး နားလည်နိုင်ရန် စစ်တမ်းကောက်ယူရန်အတွက် တာဝန်ပေးခဲ့သည်။ [94] ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ မှ ၂၀၁၄ ခုနှစ်၊ ဖွန်လအထိပြုလုပ်ခဲ့သော စစ်တမ်းကောက်ယူမှုတွင် 'ပြန်လည်နေရာချထားရေးအားအလေးပေးသည့် အဖြေများ'နှင့်အတူ ကျယ်ပြန့်သော စည်းရုံးလှုံ့ဆော်မှုများပါဝင်နေပြီး မိမိဆန္ဒအလျောက် နေရပ်ပြန်ခြင်းသည် စခန်းအတွင်းနေထိုင်သော ဒုက္ခသည်များအတွက် အကောင်းဆုံးရွေးချယ်မှု ဖြစ်သည်ဆို

[91] Source #5 တွင်ကြည့်ပါ။

[92] Source #5 တွင်ကြည့်ပါ။

[93] UNHCR မှ ၂၀၁၅ ခုနှစ်တွင် ထုတ်ဝေထားသော "Strategic Roadmap for Voluntary Repatriation: Refugees from Myanamr and Thailand, 2015-2017" တွင်ကြည့်ပါ။

[94] UNHCR မှ ၂၀၁၄ ခုနှစ်တွင် ထုတ်ဝေထားသော "Displaced Persons in the Temporary Shelters Along the Thia-Myanmar Border, 2014" တွင်ကြည့်ပါ။

သည့် သတင်းစကားပေးခြင်းဖြစ်သည်ဟု Burma Link က မှတ်ချက်ပြုခဲ့သည်။[95] ၁၉၉၅ ခုနှစ်နှင့် ၁၉၉၆ ခုနှစ်များတွင် ပြုလုပ်ခဲ့သော ထိုင်းအစိုးရနှင့် UNHCR ၏ ပြန်လည်နေရာချထားရေး အစီအစဉ်တွင် နေရပ်ပြန်များအား အကာအကွယ်ပေးခြင်းမရှိခဲ့သည့် အခြေအနေများနှင့် ထိုစစ်တမ်းကြောင့် အချိန်မတန်မီ နေရပ်ပြန်ရန် ကြောက်ရွံ့ကြသည့်အတွက် ဒုက္ခသည်များက ထိုစစ်တမ်းနှင့် ၎င်းတွင်ပါရှိသော သတင်းအချက်အလက်များအား ဆန့်ကျင်မှုများ ဖြစ်ပေါ်စေခဲ့သည်။

NCA ရေးထိုးပြီးသည့်နောက်ပိုင်းတွင် မိမိအစီအစဉ်ဖြင့် နေရပ်ပြန်လာသည့်ဒုက္ခသည် များပြားလာခြင်းသည် ပြန်လည်နေရာချထားရေးစီစဉ်ပေးသည့် အဓိကအဖွဲ့အစည်းများနှင့် တာဝန်ရှိသူများအပေါ် ယုံကြည်မှုမရှိခြင်းနှင့်ဆက်စပ်နိုင်သည်။ UNHCR ၏အကူအညီဖြင့် နေရပ်သို့ပြန်လာသူတစ်ဦးက သူမအနေဖြင့် အစပိုင်းတွင် မိမိအစီအစဉ်ဖြင့်ပြန်လာရခြင်းမှာ နေရပ်ပြန်ရန်အတွက် မြန်မာအစိုးရ၏အထောက်အပံ့ (ငွေ) အား ယူခြင်းက ၎င်းတို့အား အန္တရာယ်ကျရောက်စေနိုင်မည်ဟူသည့် သူမ၏ကျေးရွာတွင်ပျံ့နှံ့လျက်ရှိသော သတင်းအမှားတစ်ခုကြောင့်ဖြစ်သည်။[96] ဤသို့ဒုက္ခသည်များအား အကူအညီပေးမည့်အဖွဲ့များမှာ ဒုက္ခသည်များ ယုံကြည်၍မရသည့် အဖွဲ့များဖြစ်လာခြင်းနှင့် ဘေးကင်းလုံခြုံမှု၊ ဂုဏ်သိက္ခာရှိမှုနှင့် အဓိပ္ပါယ်ပြည့်ဝသော ခိုင်မာသည့် ပြန်လည်ပေါင်းစည်းရေး စသည့်ကတိကဝတ်များရှိသော်လည်း မိမိအစီအစဉ်ဖြင့် နေရပ်ပြန်ခြင်းသည် ကူညီပံ့ပိုးမှုဖြင့် နေရပ်ပြန်ခြင်းထက်ပို၍ကောင်းသည်ဟု ထင်မြင်ခြင်းမှာ စိုးရိမ်ဖွယ်ရာဖြစ်ပါသည်။

### ၃) IDP များ ပြန်လည်အခြေချနေထိုင်ခြင်းနှင့် အထောက်အပံ့များ

မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ရွှေ့ပြောင်းနေထိုင်သူပေါင်း ၁၆၂,၀၀၀ ဦးသည် ၂၀၁၃ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း ပြန်လည်နေထိုင်ခြင်း (သို့မဟုတ်) ပြောင်းရွှေ့အခြေချမှုများ ပြုလုပ်ခဲ့ကြသည်ဟု TBC မှ ခန့်မှန်းထားသည်။[97] အများစုမှာIDP များဖြစ်ကြသည်။ နေရပ်ပြန်လာသည့်ဒုက္ခသည်ဦးရေမှာ ရာခိုင်နှုန်း အနည်းငယ်သာဖြစ်သော်လည်း TBC ၏ရေတွက်မှုများတွင် ပါဝင်သည်။ အဘယ်ကြောင့်ဆိုသော် ဆက်လက်ဖြစ်ပွားနေသော တိုက်ပွဲများနှင့် ၎င်းတို့၏ဘဝများအား ပြန်လည်တည်ဆောက်ရန် ကြုံတွေ့ရသည့်အခက်အခဲများကြောင့် နေရပ်ပြန်သောဒုက္ခသည်များသည် IDP များ ဖြစ်လာနိုင်သည်။ IDP များသည် များသောအားဖြင့် မိမိအစီအစဉ်နှင့်သာ နေရပ်ပြန်လာသူများ ဖြစ်ကြသည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံတကာအကာအကွယ်ပေးသော အဖွဲ့အစည်းများ၏ စံနှုန်းများအရ ၎င်းတို့အနေနှင့် IDP ဖြစ်နေခြင်းက အကူအညီဖြင့် နေရပ်ပြန်ခြင်းအစီအစဉ်များမှ အထောက်အပံ့များကို လက်ခံရရှိရန် အခွင့်အလမ်းမရှိပေ။ သို့သော် အချို့သော IDP များသည် KNU ၏ အကူအညီဖြင့် ပြန်လာခဲ့ကြသည်။

ပြန်လည်အခြေချနေထိုင်ခြင်းနှင့် ပြန်လည်ပေါင်းစည်းခြင်းများတွင် IDP များနှင့် ဒုက္ခသည်များအနေဖြင့် တူညီသောအခက်အခဲများကို ရင်ဆိုင်နိုင်ရသော်လည်း ဒုက္ခသည်များ၏နေရပ်ပြန်ခြင်းနှင့် IDP များ၏ နေရပ်ပြန်ခြင်းများကို နှိုင်းယှဉ်ပါက သိသာထင်ရှားသော ကွဲပြားမှုအချို့ရှိနေပါသည်။ အချို့သောကိစ္စရပ်များတွင် မြိတ်-ထားဝယ်ခရိုင်၊ တကဲဒေသရှိ အပ--- ကဲ့သို့သော တရားဝင်မဟုတ်သည့် IDP စခန်းများသည် အမြဲတမ်းအခြေချနေထိုင်ရာစခန်းများ ဖြစ်သွားတတ်သည်။[98] IDP များအတွက် ကူညီထောက်ပံ့မှုများသည်လည်း ခြားနားသည့် ပုံစံများဖြင့်ဖြစ်တတ်ပြီး ဒုက္ခသည်များ၏အလှူရှင်များနှင့် အကူအညီပေးသည့်အဖွဲ့အစည်းများနှင့်မတူပဲ ကွဲပြားမှု

[95] Burma Link မှ ၂၀၁၃ ခုနှစ်၊ ဖွန်လတွင် ထုတ်ဝေထားသော "I Believe this Survey is Designed to Reflect What They Want" နှင့် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ပြန်လည်မွမ်းမံထုတ်ဝေထားသော "Recent Developments: Repatriation of Refugees" တွင်ကြည့်ပါ။

[96] Source #1 တွင်ကြည့်ပါ။

[97] နယ်စပ်ဒေသ ကူညီစောင့်ရှောက်ရေး ညွန့်ပေါင်းအဖွဲ့၏ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလတွင် ထုတ်ဝေထားသော "Human Security in South Eastern Myanmar" တွင်ကြည့်ပါ။

[98] Source #29 တွင်ကြည့်ပါ။

ရှိသည်။ ဥပမာအားဖြင့် နေရပ်ပြန်သော IDP အတွက် ကျေးရွာအဆင့်ရရှိသည့် ဖွံ့ဖြိုးရေးနှင့်ဒေသတွင်းရှိ ပြည်သူများအားပေးအပ်သည့် ထောက်ပံ့မှုကဲ့သို့သော အကူအညီများရရှိရာတွင် အကန့်အသတ်များရှိသည်။

IDP များအနေဖြင့် နေရပ်ပြန်ကြသည်မှာ မိမိ၏အစီအစဉ်ဖြင့်သာ လုပ်ဆောင်ခြင်းဖြစ်သော်လည်း KHRG ၏ တွေ့ဆုံမေးမြန်းမှုတစ်ချို့တွင် ၎င်းတို့အနေဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံအာဏာပိုင်များမှ နေရပ်ပြန်ရန်အတွက် အားပေးသကဲ့သို့ဖြစ်ကြောင်း ဖော်ပြခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် လေးဖိုးထမှ ၎င်း၏မူလကျေးရွာဖြစ်သည့် ထီးဆီဘောခီးသို့ပြန်လာသော စောရ--- က ထိုကာလအတွင်း နေရပ်ပြန်နိုင်ရန်အတွက် လူစုဆောင်းမှုများရှိသည်ဟုပြောသည်။ *"လူစုဆောင်းတာတွေရှိတော့ ကျွန်တော်တို့လည်း ဒီကိုပြန်ပြောင်းလာကြတယ်။ [...] ဒီမှာရှိတဲ့ အာဏာပိုင်တစ်ယောက်ကို ကျွန်တော်တို့ပြန်ချင်တယ်လို့ ပြောလိုက်တယ်။ အဲ့ဒါနဲ့သူက ပြန်မယ့်လူစာရင်းထဲ နာမည်ထည့်ဖို့ပြောလို့ ကျွန်တော်လည်းစာရင်းသွင်းပြီး ဒီကိုပြန်လာခဲ့တာ။"* [99] သို့သော် စောရ--- အပါအဝင် လေးဖိုးထမှ အခြားနေရပ်ပြန်သည့်သူများအတွက် နေရပ်ပြန်ရန် မည်သည့်အကူအညီမှ ရရှိခဲ့ခြင်းမရှိပါ။

လက်ရှိဇာတိဖြစ်သော ကုန်းနီးရွာတွင် နေထိုင်လျက်ရှိသည့် စောန--- က *"KNU နဲ့ မြန်မာအစိုးရတို့ကြားမှာ NCA လက်မှတ်ထိုးပြီးကတည်းက ကျွန်တော်တို့တွေ ဒီမှာပြန်လာနေကြတယ်။ [မုန်း]မြို့နယ် အုပ်ချုပ်ရေးမှူးက သူ့ဆီသွားလည်ဖို့ ကျွန်တော်တို့ကိုဖိတ်တယ်။ ကျွန်တော်တို့ကိုသူက အပစ်ခတ်ရပ်စဲရေးစာချုပ်အကြောင်း ပြောပြပြီးတော့ အဲ့ဒီထဲမှာ နေရပ်ရွှေ့ပြောင်းနေထိုင်တဲ့သူတွေလည်း ပြန်လာနေရမယ်လို့ သတ်မှတ်ထားတယ်ဆိုပြီးရှင်းပြတယ်။"*[100] ရလာဒ်အနေဖြင့် အိမ်ထောင်စု ၄၃ စု [ရွာ၏လူဦးရေ သုံးပုံတစ်ပုံခန့်] မှ နေရပ်ပြန်ဖို့ရန်အတွက် ဆုံးဖြတ်ခဲ့ကြသည်။

IDP များက KNU နှင့် အခြားအဖွဲ့အစည်းများဖြစ်သည့် (CIDKP၊ KWO နှင့် နိုင်ငံတကာအဖွဲ့အစည်းအချို့) ထံမှ ထောက်ပံ့ပစ္စည်းအနည်းငယ် ရရှိခဲ့ကြောင်းဖော်ပြခဲ့ကြသည်။ ထိုထောက်ပံ့ပစ္စည်းများထဲတွင် အစားအသောက်မှအစ ရေရရှိသည်အထိပါဝင်ပြီး တိရိစ္ဆာန်ဝယ်ယူမွေးမြူရန်နှင့် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် ထောက်ပံ့ခြင်းများပါဝင်သည်။[101] ထိုသို့သောအထောက်အပံ့များသည် နေရပ်ပြန်သူများတွက်သာ အထူးစီစဉ်ပေးထားခြင်းမဟုတ်ပါ။

IDP စခန်းများတွင် နေထိုင်ကြသူများ၏နေရပ်ပြန်မှုပုံစံသည် ဒုက္ခသည်များ၏ ပြန်လည်နေရာချထားရေး အစီအစဉ်နှင့် ဆင်တူမှုများရှိသည်။ သို့သော်လည်း IDP များရရှိသည့် အထောက်အပံ့နှင့် အကူအညီပေးသည့် အဖွဲ့အစည်း အလွန်နည်းပါးပါသည်။ ၂၀၀၆ ခုနှစ်တွင် အီးတူထာစခန်းသို့ ရွှေ့ပြောင်းနေထိုင်ခဲ့ရသည့် နော်ဇ--- သည် KNU ၏အကူအညီဖြင့် သူမ၏ကျေးရွာဖြစ်သည့် ကလေခီးကျေးရွာသို့ အခြားမိသားစုလေးစုဖြင့် အတူတကွပြန်လာခဲ့ကြသည်။ KWO နှင့် KORD အပါအဝင် KNU မှ ၎င်းတို့၏နေရပ်ပြန်ခရီးစဉ်အတွက် စီစဉ်ပေးခဲ့ကြသည်။ *"ကျွန်မတို့ရဲ့ ခေါင်းဆောင်တွေက ကျွန်မတို့ကို ငါးမိုင်ကိုပို့တယ်။ အဲ့ဒီနောက်မှာတော့ ကျွန်မတို့ရဲ့ ခရီးစရိတ်အတွက် တစ်ယောက်ကို ငွေ ၁၁၀,၀၀၀ ကျပ်ရတယ်။ အဲ့ဒီကရတဲ့ငွေတွေကို အကုန်သုံးပြီး ငါးမိုင်ကနေ ကော်သေးဒဲကိုသွားဖို့ ကျွန်မတို့ကားငှါးခဲ့တယ်။ အဲ့ဒါ ကျွန်မတို့ရတဲ့ အထောက်အပံ့အကုန်ပဲ။"* [102]

အီးတူထာစခန်းတွင် KWO ၏ အဖွဲ့ဝင်ဖြစ်သော နော်ထ ---က မူလကျေးရွာသို့ ပြန်လည်နေထိုင်မည့် IDP များ အတွက် အရပ်ဖက်အဖွဲ့အစည်းများဖြစ်သော KESAN, KWO နှင့် KORD အဖွဲ့အစည်းများမှ ခရီးစဉ်စရိတ်နှင့် အစားအသောက်စရိတ်များအတွက် ထောက်ပံ့ပေးမှုများရှိသည်။ UNHCR ၏ အကူအညီဖြင့် နေရပ်ပြန်ခဲ့သည့် ဒုက္ခသည်များကဲ့သို့ပင် IDP နေရပ်ပြန်သူများသည်လည်း နေရပ်သို့ပြန်ရောက်သည့်အခါတွင် ၎င်းတို့အား ထောက်ပံ့ခဲ့သည့် အဖွဲ့အစည်းများထံမှ အထောက်အပံ့နှင့် နောက်ဆက်တွဲအကူအညီများ ဆက်လက်မရတော့

[99] Source #21 တွင်ကြည့်ပါ။

[100] Source #12 တွင်ကြည့်ပါ။ NCA ၏လိုက်နာရမည့် ကတိကဝတ်သည် ဤပြဋ္ဌာန်းချက်အားမလုပ်ဆောင်ပါ။

[101] Source #22၊ နှင့် Source #12 တွင်ကြည့်ပါ။

[102] Source #23 တွင်ကြည့်ပါ။

မည်ကို စိုးရိမ်လျက်ရှိသည်။ နော်ဇ--- မှ သူမမိသားစုရရှိခဲ့သော သုံးလစာကူညီထောက်ပံ့မှုငွေများသည် အပြန်ခရီးစရိတ်အတွက် ကုန်သွားကြောင်း ဤကဲ့သို့ပြောပြခဲ့သည်။ *"ကျွန်မတို့မိသားစုကို အဖွဲ့အစည်းသုံးခု ပေါင်းပြီး ငွေ ၁၁၀,၀၀၀ ကျပ်လောက် ထောက်ပံ့ခဲ့တယ်။ အဲ့ဒီအဖွဲ့တွေက KWO၊ KYO နဲ့ တခြားတစ်ဖွဲ့ကတော့ နာမည်မမှတ်မိတော့ဘူး။ သူတို့ကဒီငွေတွေကို ကျွန်မတို့ သုံးလသုံးရမယ်လို့ ပြောတယ်။ ဒါပေမယ့် သူတို့တွေ ကျွန်မတို့ကို ငါးမိုင်ကိုပို့ပြီးတာနဲ့ တခြားသွားလာဖို့ ကုန်ကျစရိတ်တွေကို ကိုယ်ဟာကိုယ် ပေးရမယ်လို့ပြောတယ်။ ကျွန်မတို့တွေကားခကို ၁၀၀,၀၀၀ ကျပ်လောက်ပေးလိုက်ရတော့ အဲ့ဒီပိုက်ဆံတွေအကုန်ကုန်သွားတယ်။"*[103]

၎င်းတို့ကတိပြုထားသော နောက်ဆက်တွဲ စောင့်ကြည့်စစ်ဆေးခြင်းဆိုသည်ကိုလည်း လုပ်ဆောင်ခြင်းမရှိကြောင်း နော်ဇ---မှ ထပ်လောင်းပြောဆိုခဲ့သည်။ *"KNU, KRC နဲ့ တခြားအဖွဲ့တွေအနေနဲ့ ကျွန်မတို့ကိုကတိပေးထားတဲ့အတိုင်း ထောက်ပံ့ပေးသင့်တယ်။ သူတို့က ကျွန်မတို့ကို ကိုယ့်ဟာကိုယ်ရပ်တည်နိုင်အောင်လို့ သုံးနှစ် ထောက်ပံ့မယ်လို့ ကတိပေးထားတယ်။ သူတို့က ကျွန်မတို့ကို သုံးလတစ်ခါစောင့်ကြည့်မယ်လို့လည်း ပြောထားတယ်။ ကျွန်မတို့ပြန်လာတာ သုံးနှစ်ရှိပြီ။ ဒါပေမယ့် သူတို့တွေဒီကိုလာတာကို တစ်ခါမှမတွေ့ဖူးသေးဘူး။ ကျွန်မ ပြောချင်တာကတော့ သူတို့တွေက အပြောနဲ့အလုပ် မကိုက်ညီဘူး။ သူတို့ကအလုပ်မလုပ်ပဲ အပြောသက်သက်ပဲ ပြောခဲ့တာ။ ကျွန်မတို့ကတော့ မျှော်လင့်ခဲ့ကြသေးတယ်။ နောက်ပိုင်းကျတော့ ကျွန်မတို့အတွက် ဘာမှလာလုပ် ပေးတာမရှိလို့ ဒါကအပြောသက်သက်ပဲဖြစ်မှာပါဆိုပြီး လက်ခံလိုက်ရတယ်။"*[104]

## ၄) ပေါင်းစည်းထားသော နည်းဗျူဟာများ

နေရပ်ပြန်သူများအား အဓိကအားဖြင့် မိမိအစီအစဉ်ဖြင့်နေရပ်ပြန်သူများနှင့် ပြန်လည်နေရာချထားရေးအစီအစဉ်မှတစ်ဆင့် နေရပ်ပြန်သူများဟူ၍ ခွဲခြားထားသော်လည်း ဒုက္ခသည်နှင့် IDP များအနေဖြင့် နေရပ်ပြန်ရာတွင် ပုံစံမတူသည့်နည်းဗျူဟာများကို ပေါင်းစပ်အသုံးပြုလေ့ရှိသည်။ ထိုနည်းဗျူဟာများသည် IDP များမှ ၎င်းတို့ကိုယ်တိုင်ဖန်တီးရွေးချယ်သော ကာကွယ်မှုနည်းလမ်းများကို မီးမောင်းထိုးပြနေသည့်အပြင် လက်ရှိပြန်လည်နေရာချထားရေးအစီအစဉ်များ၏ အားနည်းချက်များနှင့် နေရပ်ပြန်သူများအတွက် လိုအပ်ချက်များအား ပြည့်စုံစွာမဖြည့်ဆည်းပေးနိုင်ခြင်းများကိုလည်း မီးမောင်းထိုးပြလျက်ရှိသည်။

KHRG မှ လူတွေ့မေးမြန်းမှုများတွင် နေရပ်ပြန်အနည်းစုက ၎င်းတို့၏ရွာသို့ မိမိ၏အစီအစဉ်ဖြင့် ပြန်လည်နေထိုင်ပြီး နောက်ပိုင်းတွင် UNHCR ၏အစီအစဉ်ဖြင့် တရားဝင်နေရပ်ပြန်ခဲ့သည့် အကြောင်းနှင့်ပတ်သက်ပြီး ဖွင့်ဟခဲ့ကြသည်။ နော်အအ--- သည် သူမ၏ရွာဖြစ်သော မယ်လဝေလယ်မူးသို့လွန်ခဲ့သော ၅ နှစ်က ပြန်လည်နေထိုင်ခဲ့သည်။ သို့သော်သူမက ဤသို့ ရှင်းပြခဲ့သည်။ *"အဲ့ဒါက အာဏာပိုင်တွေက စီစဉ်ပေးတာမဟုတ်ဘူး။ အဲ့ဒီအချိန်တုန်းက ကျွန်မ လယ်ထဲမှာနေခဲ့တယ်။ တကယ်တော့ ကျွန်မတို့ နောက်တစ်ခါပြန်လာတော့မှ အာဏာပိုင်တွေ [UN၊ IOM နှင့် မြန်မာအစိုးရ] က စီစဉ်ပေးတာ။"*[105] သူမသည် UNHCR ၏ အစီအစဉ်ဖြင့် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် နေရပ်သို့တစ်ဖန်ပြန်လာခဲ့သည်။ မယ်လစခန်းတွင် နေထိုင်ခဲ့စဉ်က ရိက္ခာလျှော့ချမှုများကြောင့် သူမအနေဖြင့် စခန်းအပြင်သို့ထွက်ပြီး အလုပ်လုပ်လေ့ရှိသောကြောင့် အဖမ်းခံခဲ့ရကြောင်း ဖော်ပြခဲ့သည်။ လွန်ခဲ့သည့်နှစ်ပေါင်း ၅ နှစ်က ဖြစ်ပွားခဲ့သောထိုအဖြစ်အပျက်က သူမအား နေရပ်ပြန်စေသည့်အကြောင်းအရင်း ဟုတ်မဟုတ် မသေချာပေ။ ဒုက္ခသည်စခန်းအတွင်းသို့ပြန်ကာ ပြန်လည်နေရာချထားရေး အစီအစဉ်ဖြင့် နေရပ်ပြန်လာခဲ့သည့်အတွက် သူမအနေဖြင့် ဒုက္ခသည်များအတွက်ပေးထားသည့် အိမ်တစ်လုံးရရှိခဲ့ကြောင်း ပြောခဲ့သည်။

UNHCR ၏ ဖော်ပြချက်အရ ဒုက္ခသည်များအား ၎င်းတို့ကျေးရွာသို့ပြန်ရန် ရွေးချယ်ခွင့်ပေးထားသည်။ သို့သော် အချို့သော မေးခွန်းဖြေကြားသူများက နေရာချထားပေးခြင်းများသည် နေရပ်ပြန်များသွားလိုသည့် နေရာများနှင့် တူညီမှုမရှိကြောင်း ဖော်ပြခဲ့သည်။ ဒုက္ခသည်များက ရွေးချယ်မှုပိုမိုရရှိရန်နှင့် ၎င်းတို့ပြန်လိုသည့် ကျေးရွာအား

[103] Source #23 တွင်ကြည့်ပါ။
[104] Source #23 တွင်ကြည့်ပါ။
[105] Source #24 တွင်ကြည့်ပါ။

ပြန်နိုင်ရန် အသုံးပြုခဲ့သည့်နည်းလမ်းများကိုလည်း ဖော်ပြခဲ့သည်။ ကမမောင်းမှ နော်ဒ--- သည် မယ်လစခန်းမှ လွန်ခဲ့သော ၇ နှစ်ခန့်က ထွက်ခွာခဲ့သည်။စခန်းအပြင်သို့ထွက်ပြီးအလုပ်လုပ်ရန် တားမြစ်မှုများရှိခြင်းအပေါ် စိတ်ပျက်သည့်အတွက် သူမနှင့်သူမအမျိုးသားတို့ မြန်မာပြည်သို့ပြန်ရန် ဆုံးဖြတ်ခဲ့ကြသည်။ သို့သော် ၎င်းတို့၏ မူလကျေးရွာသို့မပြန်ပဲ ထိုင်း-မြန်မာနယ်စပ်၊ မယ်လစခန်းနှင့်နီးသော ဘားအံခရိုင်ရှိ မယ်လတာလော်သောသို့ ပြန်လာခဲ့ကြသည်။ ဤသို့ပြုလုပ်ခြင်းဖြင့် ၎င်းတို့အနေနှင့် မယ်လတာလော်သောတွင်အခြေချရန် ဆုံးဖြတ်ချက် မချမီကာလများက မယ်လတာလော်သောနှင့် မယ်လစခန်းကြား နှစ်ပေါင်းများစွာရွှေ့ပြောင်းသွားလာ နေထိုင်ခွင့်ရပြီး အခြေအနေများကိုလည်း စောင့်ကြည့်လေ့လာနိုင်ခဲ့သည်။ သူမက အခြေအနေအား ဤသို့ရှင်းပြခဲ့သည်။ *"ကျွန်မတို့က ဒီမှာ[မယ်လတာလော်သော] အခြေအနေပိုကောင်းမယ်ထင်လို့ ဒီမှာပြန်လာနေဖို့ ဆုံးဖြတ်လိုက်တယ်။ အစကတော့ ကျွန်မတို့ဒီကို အလည်ပဲလာတာ။ ကျွန်မက စခန်းထဲမှာစာသင်ပြီးတော့ ကျွန်မယောက်ျားက နေ့စားအနေနဲ့ အလုပ်လုပ်တယ်။ ကျွန်မတို့ဒီကိုပြောင်းလာပြီး တဲဆောက်ပြီးနေကြတယ်။"* [106]

ထိုနေရာများမှာ နီးကပ်သော်လည်း သူမအနေဖြင့်ရိက္ခာအတွက် လူတွေ့စစ်ဆေးမှုများအားပြန်ခံယူရန် ခက်ခဲသည်။ *"တစ်ခါတစ်လေ ကျွန်မရိက္ခာအတွက်ပြန်ပြီး အစစ်ဆေးမခံနိုင်ရင် သူတို့ကကျွန်မတို့ရဲ့ ရိက္ခာတွေကို ဖြတ်လိုက်တယ်။ ဒါကြောင့်ကျွန်မတို့မှာ စားဖို့သောက်ဖို့ ဘာမှမကျန်ဘူး။ ဝယ်စားဖို့ကလည်း ကျွန်မတို့မှာ ပိုက်ဆံမရှိဘူး။"*[107] ဤအခြေအနေများကြောင့် မြန်မာနိုင်ငံသို့အပြီးပြန်လည်အခြေချနေထိုင်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ဘုရားသုံးဆူ သို့မဟုတ် နေပြည်တော်သို့အပို့ခံရမည်ကို စိုးရိမ်မှုများရှိသောကြောင့် UNHCR မှ မည်သည့်နေရာသို့သွားလိုကြောင်းမေးသည့်အခါ သူမနှင့်သူမအမျိုးသားသည် မယ်လတာလော်သောတွင် နေအိမ်ရှိပြီးဖြစ်ကြောင်း တင်ပြခဲ့သည်။ သို့သော်လည်း ပြန်ပို့မည့်နေရာနှင့်ပတ်သက်ပြီး ပိုသေချာစေရန်အတွက် သူမကဤကဲ့သို့ မှတ်ချက်ပြုခဲ့သည်။ *"[ကျွန်မတို့ကို ပြန်ပို့တဲ့အချိန်] သူတို့ဘယ်ကိုသွားနေလဲဆိုတာသိဖို့အတွက် သူတို့ဘယ်လမ်းကို သွားနေလဲဆိုတာကို မေးလို့ရတယ်။"* [108]

မယ်လစခန်းမှ မယ်လတာလော်သောသို့ ပြန်လာသူတစ်ဦးဖြစ်သည့် နော်ယ--- ကလည်း မြေယာမရှိသော သူများအား ဘုရားသုံးဆူသို့ပို့မည်ဟူသော သတင်းအမှားများကြောင့် အလားတူစိုးရိမ်ကြောက်ရွံ့မှုများကို ခံစားရလျက်ရှိသည်။ *"ဗမာ [မြန်မာအစိုးရ သို့မဟုတ် တပ်မတော်]က သူတို့ဆီပြန်လာဖို့ ခေါ်တယ်လို့ ကျွန်မတို့ကြားတယ်။ ပြီးတော့ ကျွန်မတို့မှာမြေမရှိဘူးဆိုရင် ဘုရားသုံးဆူကိုပို့မယ်ပေ့ါ။ အဲ့ဒါကြောင့် [မယ်လ] ဝေလယ်မူးမှာမြေရှိလို့ ကျွန်မတို့ပြန်လာတာလို့ ကော်မတီကိုပြောခဲ့တယ်။"*[109] UNHCR အနေဖြင့် နေရပ်ပြန်သူများအား နေရာချထားရာတွင် အခြေအနေပေးပါက ၎င်းတို့၏မူလကျေးရွာ သို့မဟုတ် မူလဒေသများသို့သာ နေရာချထားပေးလိုသည်။ နေရာဒေသတစ်ခုတွင် အိမ်၊ မြေနှင့် ပိုင်ဆိုင်မှုများရှိနေခြင်းသည်လည်း နေရာချသည့်အခါတွင် ထည့်သွင်းစဉ်းစားရမည့်အချက် တစ်ချက်ဖြစ်သည်။ ဤသို့သော လုပ်ငန်းစဉ်များအား နားလည်ထားခြင်းဖြင့် အချို့သောနေရပ်ပြန်သူများအနေနှင့် ပြန်လည်နေရာချထားရေးအစီအစဉ်များတွင် ၎င်းတို့၏လိုအပ်ချက်များအတွက် အကာအကွယ်ဖြစ်စေသည်။

ဒုက္ခသည်စခန်းအတွင်းသို့ ပြန်လည်နေထိုင်ရန် အခွင့်ရှိခြင်းမှာ နေရပ်ပြန်သူများအတွက် အရေးကြီးသည့် အချက်ဖြစ်သည်။ ဒုက္ခသည်စခန်းများတွင် အမည်စာရင်းရှိနေခြင်းဖြင့် ၎င်းတို့အား မြန်မာနိုင်ငံတွင် ဘဝသစ်ထူထောင်ရန်အတွက် ကြိုးပမ်းနေချိန်အတွင်း ရိက္ခာများဆက်လက်ရရှိစေသည်။ လေးဖာထောမှ ကျေးရွာအုပ်ချုပ်

[106] Source #3 တွင်ကြည့်ပါ။

[107] Source #3 တွင်ကြည့်ပါ။

[108] Source #3 တွင်ကြည့်ပါ။ ဘုရားသုံးဆူနှင့် နေပြည်တော်ကဲ့သို့သောနေရာများသို့ ပို့ဆောင်ခံရခြင်းအတွက် ဘာကြောင့်စိုးရိမ်မှုရှိကြောင်း မရှင်းလင်းပါ။ မိသားစုနှစ်စုသည် ထိုနေရာများသို့ပို့မည်ကို ကြောက်ရွံ့သောကြောင့် ၎င်းတို့၏ပြန်လည်နေရာချထားရေးတောင်းဆိုမှုအား ဖျက်ခဲ့ကြောင်းကို နော် ဒ---မှ ပြောပြထားသည်။ နေပြည်တော်သည် မြန်မာနိုင်ငံ၏ မြို့တော်အသစ်ဖြစ်ပြီး ကရင်ပြည်နယ်တွင် တည်ရှိနေခြင်းမဟုတ်ပါ။ ဘုရားသုံးဆူသည် ကရင်ပြည်နယ်နှင့် မြန်မာနိုင်ငံ၏တောင်ဘက်ခြမ်းဒေသတွင် တည်ရှိပြီး နေရပ်ပြန်သူများ၏ မူရင်းနေရာများနှင့် ဝေးနေခြင်းဖြစ်သည်။

[109] Source #16 တွင်ကြည့်ပါ။ မယ်လဝေလယ်မူးသည် မယ်လတာလော်သောနှင့်နီးပြီး နေရပ်ပြန်သူများအား ပြန်လည်အခြေချနေထိုင်စေသော နေရာဖြစ်သည်။

ရေးမှူး၏အဆိုအရ နေရပ်ပြန်သူများသည် ကျေးရွာသစ်တွင် အလုပ်အကိုင်နှင့်မြေယာပိုင်ဆိုင်မှု မရှိသဖြင့် ဒုက္ခသည်စခန်းများသို့[ယာယီ]ပြန်လည်နေထိုင်လေ့ရှိသည်။[110] သို့သော်လည်း ဒုက္ခသည်စခန်းမှလျော့လာသည့် ရိက္ခာများရရှိနိုင်ရန်အတွက် မကြာခဏ ဝင်ထွက်သွားလာနေခြင်းအား အမြဲလုပ်နိုင်မည်မဟုတ်သည့်အပြင် ၎င်းတို့ အခြေချနေထိုင်သည့်နေရာသစ်တွင်လည်း ရှုပ်ထွေးမှုများဖြစ်လာစေနိုင်သည်။ ထို့အပြင် ရိက္ခာအတွက် လူတွေ့စစ်ဆေးမှုများပြုလုပ်ရန် စခန်းသို့ပြန်လာခြင်းသည် နယ်စပ်နှင့်သိပ်မဝေးသော ကျေးရွာများတွင် ပြန်လည်နေထိုင်မှသာ ဖြစ်နိုင်မည်။ နော်အအ--- အနေဖြင့် ကံကောင်းသည်မှာ သူမ၏မူလကျေးရွာသည် မယ်လဝေလယ်မှူးဖြစ်နေခြင်းဖြစ်သည်။ သို့သော်လည်း နော်ဒ--- မှာမူ သူမ၏ကျေးရွာသည် မူတြော်ခရိုင်တွင်ဖြစ်သည့်အတွက် သူမအနေဖြင့် မယ်လတာလော်သောသို့ သွားရောက်အခြေချနေထိုင်ရသည်။ အမှန်စင်စစ် ပြန်လည်နေရာချထားရေးအစီအစဉ်ဖြင့် နေရပ်ပြန်သူများသည် ဒုက္ခသည်စခန်းများသို့ပြန်ရန် အခွင့်လုံးဝမရှိတော့ပါ။ သို့သော်လည်း မိမိအစီအစဉ်ဖြင့် နေရပ်ပြန်သူအချို့အတွက် စခန်းသို့ပြန်ပြီး ပုံမှန်စစ်ဆေးခံရန် အခက်အခဲများ ကြုံတွေ့ရလေ့ရှိသောကြောင့် ပြန်လည်နေရာချထားရေးအစီအစဉ်ဖြင့် နေရပ်ပြန်ရန် ရွေးချယ်ဖြစ်ခဲ့ကြသည်။

နေရပ်ပြန်သူများအနေဖြင့် ပြန်လည်အခြေချနေထိုင်ရာတွင် ကြုံတွေ့ရသော အချို့စိန်ခေါ်မှုများအား ကျော်ဖြတ်နိုင်ရန်အတွက် နည်းလမ်းအမျိုးမျိုးအသုံးပြုကြသော်လည်း ၎င်းတို့အတွက် ရွေးချယ်စရာအနည်းငယ်သာရှိပြီး ၎င်းတို့ရရှိသော အထောက်အပံ့များမှာလည်း လုံလောက်မှုမရှိသည့်အပြင် မှီခိုအားထားရသည့် အခြေအနေတွင် မရှိပေ။

[110] Source #31 နှင့်  Source #30 တွင်ကြည့်ပါ။

# ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်များ နေရပ်ပြန်သည့်ဓာတ်ပုံ




ဤပုံအား ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့တွင် မူတြော် (ဖာပွန်) ခရိုင်၊ ဘူးသိုမြို့နယ်၊ အီးတူထာ IDP စခန်းတွင် ရိုက်ယူ ခဲ့ပါသည်။ အီးတူထာ စခန်းကော်မတီများ၊ IDPများ၊ သတင်းထောက်နှင့် လူထုအခြေပြုအဖွဲ့ဝင်အချို့ (KORD, KWO နှင့် KSNG)တို့သည် ခလယ်လွီထူ (ညောင်လေးပင်) ခရိုင်နှင့် တောအူး (တောင်ငူ) ခရိုင်သို့ IDP များ မည်ကဲ့သို့ပြန်သွားမည်နှင့် ပတ်သက်၍ ဆွေးနွေး ရန်အတွက် စခန်းဟောခန်းတွင် အစည်း အဝေးကျင်းပခဲ့ပါသည်။ အစည်းအဝေးကျင်းပရခြင်း၏ ရည်ရွယ်ချက်သည် နေရပ်ပြန်သွားမည့် IDP များအတွက် အထောက်အပံ့၊ အစားအစာနှင့် ကျန်းမာရေးကုသခံယူခြင်းနှင့် သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များနှင့် အမျိုးသမီးများ မည်ကဲ့သို့ပြန်သွားမည် စသည့်ကိစ္စများအတွက် တူညီသောသဘောတူညီမှုရရှိရန် ဖြစ်ပါ သည်။ *[ဓာတ်ပုံ - KHRG]*




ဤပုံကို ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့တွင် တောအူး (တောင်ငူ) ခရိုင်၊ ဒေါ့ဖနို့ (သံတောင်ကြီး) မြို့နယ်၊ သံတောင်ကြီးမြို့တွင် ရိုက်ယူခဲ့ပါသည်။ KNU နှင့် ဒေသခံလူထုအခြေပြုအဖွဲ့များသည် အီးတူထာ စခန်းမှ ၎င်းတို့၏ကျေးရွာသို့ပြန်သွားကြမည့် IDP များ၏ ခရီးသွားလာရေးအတွက် တာဝန်ယူကာ စီစဉ်ဆောင်ရွက်မှုပြုလုပ်ခဲ့ကြပါသည်။ *[ဓာတ်ပုံ - KHRG]*







ဤပုံတို့အား ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့တွင် မူတြော်(ဖာပွန်)ခရိုင်၊ ဘူးသိုမြို့နယ်၊ အီးတူထာ IDP စခန်းနှင့် IDP စခန်း ၏အပြင်ဖက်ရှိ လမ်းကြားတစ်ခုတွင် ရိုက်ယူခဲ့ပါသည်။ ဤပုံသည် ခလယ်လွီထူ (ညောင်လေးပင်) ခရိုင်၊ မူး (မုန်း) မြို့နယ်ရှိ မရမ်းပင် ပြန်လည်နေရာချထားရေးနေရာသို့ မိမိအစီအစဉ်ဖြင့်ပြန်သွားခဲ့ကြသော IDP မိသားစုများ၏ပုံဖြစ်ပါသည်။ *[ဓာတ်ပုံ - KHRG]*

# (ဂ) မိမိဆန္ဒအလျောက်ဘေးကင်းလုံခြုံစွာနှင့်သိက္ခာရှိစွာနေရပ်သို့ပြန်ခြင်းလော

UNHCR ၏ ကနဦးပြဋ္ဌာန်းချက်တစ်ခုမှာ မိမိဆန္ဒအလျောက်နေရပ်ပြန်ခြင်းများအား ဘေးကင်းလုံခြုံ၍ သိက္ခာရှိသော နေရပ်ပြန်ခြင်းဖြစ်စေရန်အတွက် လိုအပ်သည့်အခြေအနေများအား မြှင့်တင်ပေးရန်ဖြစ်သည်။ ထို့ကြောင့် ၎င်းအခြေအနေများ မည်မျှဖြစ်မြောက်မှုရှိကြောင်းသိနိုင်ရန်အတွက် ပြန်လည်သုံးသပ်မှုလုပ်ရန် အရေးကြီးသည်။

## ၁) လွတ်လပ်စွာဆုံးဖြတ်ပိုင်ခွင့်

UNHCR နှင့် KRC တို့၏ ပြန်လည်နေရာချထားရေးနှင့်ဆိုင်သည့် ထုတ်ပြန်ချက်များတွင် လွတ်လပ်စွာ မိမိကိုယ်ပိုင်ဆုံးဖြတ်ချက်နှင့် နေရပ်ပြန်ခြင်း၏အရေးကြီးပုံကို ဖော်ပြထားပါသည်။[111] မိမိဆန္ဒအလျောက် နေရပ်ပြန်ခြင်းသည် အဓမ္မတိုက်တွန်း၍ပြန်ခြင်းနှင့် ဆန့်ကျင်သည့်အတွက်ကြောင့်သာ အရေးပါခြင်းမဟုတ်ပဲ *"ဆန္ဒအလျောက်နေရပ်ပြန်ခြင်းသည် ပိုမိုခိုင်မာပြီး ရေရှည်တည်တံ့မှုရှိနိုင်ချေ ပိုမိုမြင့်မားသည်"* ဟူသည့်အချက်ကြောင့်လည်းဖြစ်သည်။[112] *"တစ်စုံတစ်ယောက်ကသင့်အား အဓမ္မနေရပ်ပြန်ခိုင်းပါသလား"* ဟု KHRG မှ မေးသည့်အခါ *"ဘယ်သူမှ အဓမ္မမပြန်ခိုင်းဘူး"* ဟု ဖြေဆိုခဲ့သည်။ သို့သော်လည်း မိမိဆန္ဒအလျောက် နေရပ်ပြန်ခြင်းသည် ဥပဒေလမ်းကြောင်းအရကြည့်မည်ဆိုပါက ပိုမိုရှုပ်ထွေးသည်။ အထူးသဖြင့် တိုက်ပွဲများနှင့် လက်နက်ကိုင်တပ်ဖွဲ့များ၏ ဖိအားပေးမှုကြောင့် ရွှေ့ပြောင်းနေထိုင်ရသူများအတွက်မူ အထက်တွင်ဖော်ပြထားသည့် ဖော်ထုတ်ပြောဆိုချက်ထက် ပိုပြီးရှုပ်ထွေးစေသည်။

UNHCR ကိုယ်တိုင်သည်လည်း မိမိဆန္ဒအလျောက်နေရပ်ပြန်ခြင်းအား သတ်မှတ်ရန် ခက်ခဲခြင်းနှင့်ပတ်သက်၍ အများမှ အာရုံစိုက်မိအောင် ပြုလုပ်ခဲ့သည်။ *"ဆန္ဒအလျောက်ဆိုသည်မှာ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် အရာဝတ္ထုပိုင်းဆိုင်ရာ ဖိအားပေးမှုများမရှိရဟုဆိုသော်လည်း နိုင်ငံရေး၊ လုံခြုံရေးဆိုင်ရာ ပြဿနာများနှင့် ရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်များကြောင့် ဖြစ်ပေါ်လာသည့်ဖိအားများပေါ်တွင် ဒုက္ခသည်အများစုက နေရပ်ပြန်ရန်အတွက် ဆုံးဖြတ်ကြသည်။"*[113] အထက်တွင်ဆွေးနွေးထားသကဲ့သို့ ဒုက္ခသည်စခန်းများတွင် နေထိုင်သော ဒုက္ခသည်များ၏ နေရပ်ပြန်ရန်ဆုံးဖြတ်ချက်မှာ ရိက္ခာလျော့နည်းလာမှု၊ သွားလာရေးကန့်သတ်မှုနှင့် စားဝတ်နေရေး လိုအပ်ချက်များ မပြည့်မီမှုတို့ကြောင့်ဖြစ်သည်။ ဒုက္ခသည်အများစုအတွက် နေရပ်ပြန်ရန်ဆုံးဖြတ်ရခြင်းမှာ ခံနိုင်စွမ်းမရှိတော့သည့်အဆုံးတွင် ထိုအခြေအနေမှလွတ်မြောက်ရန်အတွက် ရွေးချယ်ခြင်းဖြစ်သည်။ အများစုထောက်ပြသကဲ့သို့ ၎င်းတို့အနေဖြင့် မိမိ၏အနာဂတ်အတွက် အစီအစဉ်ချမှတ်နိုင်ခြင်း မရှိခဲ့ပေ။ လက်ရှိနေရာတွင် ၎င်းတို့၏အခြေအနေအား တိုးတက်ကောင်းမွန်အောင်လုပ်ဆောင်ရန် မဖြစ်နိုင်ကြောင်းသိရှိပြီး မြန်မာပြည်တွင်မူ မြေယာရရှိနိုင်ချေရှိသည့်အတွက် ၎င်းတို့အနေဖြင့် မိမိနှင့်မိသားစုအား ကျွေးမွေးထောက်ပံ့နိုင်မည်ဟု မျှော်လင့်သောကြောင့် ပြန်ရန်ဆုံးဖြတ်ကြခြင်းဖြစ်သည်။

နောက်ဆုံးတွင် ဒုက္ခသည်စခန်းများ ပိတ်သိမ်းခြင်းနှင့်ပတ်သက်ပြီး ပြောဆိုခြင်းသည် ဒုက္ခသည်များအား နေရပ်ပြန်ရန် ဖိအားပေးမှုများသာပိုမိုဖြစ်ပေါ်စေသည်။ KHRG မှ ယခင်ကတင်ပြခဲ့သည်မှာ ဒူးပလာယာခရိုင်မှလာပြီး နို့ဖိုးဒုက္ခသည်စခန်းတွင်နေထိုင်ကြသော ဒုက္ခသည်များသည် ၂၀၁၉ ခုနှစ်တွင် စခန်းပိတ်သိမ်းမည်ဟူသည့် တရားဝင်မဟုတ်သောသတင်းများအား ကြားသိခဲ့ရသည်။ ရလာဒ်အနေဖြင့် လုံခြုံရေးနှင့်ပတ်သက်၍ စိုးရိမ်မှုများရှိနေသေးသော်လည်း နေရပ်ပြန်ရန်လျှောက်ထားသည့် ဒုက္ခသည်အရေအတွက်နှင့် နေရပ်ပြန်ရန်စီစဉ်နေသူ

---

[111] KRC ကရင်ဒုက္ခသည်များကော်မတီ၏ ဒုက္ခသည်ပြန်လည်နေရာချထားရေး ထုတ်ပြန်ကြေညာချက် ညွှန်ပြမှု ၁၀ ချက်အား KNU မှအတည်ပြု၍ ၂၀၁၃ ခုနှစ်၊ မတ်လတွင် Karen News တွင် "Karen Refugee Committee's 10 Points to Repatriation" နှင့် Sai Wansai ၊ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလတွင် Burma News International မှ Karen News, "UNHCR's Refugee Repatriation: A Timely Undertaking or Just a Trial and Error Pilot Project?" တွင်ကြည့်ပါ။

[112] ၁၉၉၆ ခုနှစ်တွင် UNHCR မှထုတ်ဝေသော "Handbook. Voluntary Repatriation: International Protection" တွင်ကြည့်ပါ။

[113] ၁၉၉၆ ခုနှစ်တွင် UNHCR မှထုတ်ဝေသော "Handbook. Voluntary Repatriation: International Protection" တွင်ကြည့်ပါ။

အရေးအတွက် များပြားလာခဲ့သည်။[114] KHRG မှ တွေ့ဆုံမေးမြန်းခဲ့သောဒုက္ခသည်များက ၎င်းတို့အနေဖြင့် တတိယနိုင်ငံသို့ သွားရောက်အခြေချနေထိုင်ခွင့်မရှိတော့သည့်အတွက် ၎င်းတို့အတွက် ကျန်ရှိသောတစ်ခုတည်း သောရွေးချယ်စရာမှာ မြန်မာပြည်သို့ပြန်ခြင်းဖြစ်ကြောင်း မှတ်ချက်ပြုခဲ့သည်။ စခန်းများအတွင်း အထောက်အပံ့ များလျော့နည်းလာခြင်းနှင့် စခန်းအတွင်းနေထိုင်သူ လူဦးရေလျော့ချခြင်းများက အနာဂတ်တွင် ဒုက္ခသည်များ နေရပ်ပြန်ရန်အတွက် ဖိအားပေးခြင်းများကိုသာ ဖြစ်ပေါ်စေမည်ဖြစ်သည်။

UNHCR မှ "*ဆက်လက်ပေးသွားမည့် အထောက်အပံ့များနှင့်ပတ်သက်ပြီး မှားယွင်းသောသတင်း အချက်အလက်များနှင့် အကူအညီနှင့်ပတ်သက်သော အတုအယောင်ကတိကဝတ်များအား ဖြန့်ဝေခြင်း*" များသည် လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်အပေါ် သက်ရောက်မှုရှိကြောင်း ပြောကြားခဲ့သည်။[115] ၎င်းအနေဖြင့် ဒုက္ခသည်များအား နေရပ်ပြန်ရန်အတွက် တားဆီးလျက်ရှိသော သတင်းအချက်အလက်အမှားများနှင့် အတုအယောင်ကတိကဝတ်များနှင့် ပတ်သက်ပြီး ပြောခြင်းဖြစ်သော်လည်း ဤစံချိန်စံနှုန်းများအား နေရပ်ပြန်ရေးအတွက် စီစဉ်ဆောင်ရွက်သည့်အခါတွင် ထည့်သွင်းလုပ်ဆောင်သင့်သည်။ ဤအစီရင်ခံစာတွင် ဖော်ပြထားသကဲ့သို့ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်နေထိုင်ရေးဆိုင်ရာ အထောက်အပံ့များမှာ နေရပ်ပြန်များအတွက် ရည်ရွယ်ထားသော ပြန်လည်နေထိုင်ရေးအား ဖန်တီးပေးနိုင်ရန်အတွက် လုံလောက်မှုမရှိပေ။ ဒုက္ခသည်များအနေဖြင့် နေရပ်ပြန်ရန်အတွက် ရွေးချယ်ရသည့်အကြောင်းရင်းမှာ ၎င်းတို့အတွက် လုပ်ကိုင်စားသောက်နိုင်ရန် မြေရရှိမည်ဟု ထင်သည့်အတွက်ဖြစ်သည်။ သို့သော်လည်း များသောအားဖြင့်ဤအချက်သည် စိန်ခေါ်မှုတစ်ရပ်အဖြစ် ရှိနေဆဲဖြစ်သည်။ အချို့သော နေရပ်ပြန်များက တခြားသူများ၏ မြေအားငှါးရမ်းခြင်း သို့မဟုတ် ထိုမြေများပေါ်တွင် လုပ်ကိုင်စားသောက်ခွင့်ရသော်လည်း အချို့သူများမှာ မြေအသုံးချခွင့်လုံးဝမရပေ။

နေရပ်ပြန်လာကြသော ဒုက္ခသည်များ (အချို့သော IDP များအပါအဝင်) အား ၎င်းတို့အနေဖြင့် ကောင်းမွန်စွာ ပြန်လည်ပေါင်းစည်း နေထိုင်နိုင်ကြောင်းနှင့်ပတ်သက်ပြီး သေချာစေရန်အတွက် နောက်ဆက်တွဲ စောင့်ကြည့်လေ့လာမှုများပြုလုပ်ပေးမည်ဟူသည့် ကတိကဝတ်များ ရှိထားခဲ့သည်။ သို့သော် KHRG မှ လူတွေ့မေးမြန်းခဲ့သော နေရပ်ပြန်များက ၎င်းတို့အတွက် မည်သည့်နောက်ဆက်တွဲဆန်းစစ်မှုမှမရရှိကြောင်း တသမတ်တည်း ပြောခဲ့ကြသည်။ UNHCR မှ ၎င်းတို့၏ အချို့သောအစီရင်ခံစာများတွင် "*စိုးရိမ်ရသည့် အထူးအကာအကွယ်ပေးရန် လိုအပ်သူများ*" အတွက် တစ်ဦးချင်းနောက်ဆက်တွဲ စုံစမ်းကူညီမှုများ လုပ်လေ့ရှိကြောင်း ဖော်ပြထားသည်။[116] ကိစ္စရပ်အများစုတွင် စောင့်ကြည့်လေ့လာခြင်းမှာ ယေဘုယျအားဖြင့်သာဖြစ်ပြီး ဒေသတစ်ခုလုံးအား ခြုံငုံ၍သာ လုပ်ကြောင်း ယူဆရသည်။ သို့သော် နေရပ်ပြန်များအနေဖြင့် ၎င်းတို့သည်လည်း ထို "*စိုးရိမ်ရသည့် အထူးအကာအကွယ်ပေးရန် လိုအပ်သူများ*" စာရင်းတွင် ထည့်သွင်းရန်မလိုကြောင်း မည်သို့သိရှိနိုင်သနည်း။ အကယ်၍တစ်ဦးခြင်းနောက်ဆက်တွဲ စောင့်ကြည့်လေ့လာခြင်းက စနစ်မကျပါက ထို "*စိုးရိမ်ရသည့် အထူးအကာအကွယ်ပေးရန် လိုအပ်ချက်*" သည် လူတစ်ယောက်အတွက် သို့မဟုတ် အိမ်ထောင်စုတစ်ခုအတွက်လိုအပ်ကြောင်း UNHCR နှင့် အခြားသောအကာအကွယ်ပေးမည့်သူများက မည်သို့သိရှိနိုင်မည်နည်း။ ကာကွယ်ရေးဆိုင်ရာ စိုးရိမ်မှုများနှင့် ပတ်သက်၍ စစ်တမ်းများကောက်ခြင်းအား ထိုင်းနိုင်ငံတွင်နေရပ်ပြန်ရန် အမည်စာရင်းသွင်းခဲ့စဉ်က လုပ်ဆောင်ပြီးဖြစ်ပုံပေါ်သည်။ ထိုသို့ဆိုပါလျှင် တစ်ဦးချင်းစီအလိုက် နောက်ဆက်တွဲကောက်ခံခြင်းမရှိပါက နေရပ်ပြန်ပြီးနောက်ကြုံတွေ့ရသော ဘေးကင်းလုံခြုံရေးဆိုင်ရာ စိုးရိမ်မှုများအား မည်သို့ခွဲခြားသတ်မှတ်မည်နည်း။ KHRG ၏ တွေ့ဆုံမေးမြန်းမှုများအရ နေရပ်ပြန်များအနေဖြင့် ၎င်းတို့၏ပြန်လည်နေထိုင်ခြင်းအတွက် တာဝန်ယူထားသော အဖွဲ့အစည်းများ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့်တွေ့ဆုံပြီး ဖြေရှင်းလိုသည့်အခက်အခဲနှင့် ပူပမ်မှုများရှိနေသည်မှာ ထင်ရှားသည်။ နေရပ်ပြန်တစ်ဦးချင်းစီနှင့် နောက်ဆက်သတင်းရယူခြင်းသည် ကြီးမားသောလုပ်ငန်းတာဝန်တစ်ခု ဖြစ်သော်လည်း ကူညီထောက်ပံ့မှုအစီအစဉ်နှင့် နေရပ်သို့ပြန်လာသူအရေအတွက်နည်းနေသေးပြီး သတ်မှတ်

[114] KHRG မှ ၂၀၁၈ ခုနှစ်၊ မတ်လတွင် ထုတ်ဝေထားသော "Dooplaya Situation Update: Kawkareik Township and Kyaingseikgyi Township, June to July 2017" တွင်ကြည့်ပါ။

[115] UNHCR မှ ၁၉၉၆ ခုနှစ်တွင် ထုတ်ဝေထားသော "Handbook. Voluntary Repatriation: International Protection" တွင်ကြည့်ပါ။

[116] UNHCR မှ (ရက်စွဲမသိရှိသည့်) နှစ်တွင် ထုတ်ဝေထားသော "Facilitated Voluntary Repatriation Process" တွင်ကြည့်ပါ။

ထားသောနေရာဒေသများတွင် နေထိုင်သူများ အနည်းအများအပေါ် မူတည်၍ တစ်ဦးချင်းစီအား နောက်ဆက်တွဲ မေးမြန်းခြင်းပြုလုပ်ရန် ဖြစ်နိုင်သေးသည်။

မိမိဆန္ဒအလျောက် နေရပ်ပြန်ခြင်းကို အိမ်ရှင်နိုင်ငံများတွင် ဒုက္ခသည်များအား တရားဝင်အသိအမှတ်ပြုမှုနှင့် ဆက်စပ်ပြီး UNHCR မှ ဆွေးနွေးခဲ့သည်။ *"မှန်ကန်သော 'လွတ်လပ်စွာဆုံးဖြတ်ပိုင်ခွင့်' အား အဓိပ္ပါယ်ဖွင့်ဆိုရန် ခက်ခဲခြင်းက UNHCR အတွက် ဒုက္ခသည်များ၏အခြေအနေကို သေချာစွာစီစစ်လေ့လာရန်အတွက် တွန်းအား ပေးမှု ဖြစ်စေခဲ့သည်။ ဆန္ဒအလျောက်နေရပ်ပြန်ခြင်းအား အတည်ပြုရန်အတွက် အရေးပါဆုံးသော အချက်များ ထဲမှတစ်ချက်မှာ လက်ရှိခိုလှုံခွင့်ပေးထားသည့်နိုင်ငံတွင် ဒုက္ခသည်များ၏ တရားဝင်ဖြစ်တည်မှုအခြေအနေ ဖြစ်သည်။ အကယ်၍ဒုက္ခသည်များအနေဖြင့် တရားဝင်အသိအမှတ်ပြုခြင်းခံထားရပါက ၎င်းတို့၏ အခွင့်အရေး များအား အကာအကွယ်ပေးရမည်ဖြစ်ပြီး အကယ်၍၎င်းတို့အနေဖြင့် နေရပ်ပြန်ရန်အခွင့်ရှိပါက ၎င်းတို့၏ရွေး ချယ်မှုမှာ လွတ်လပ်ပြီး ဆန္ဒအလျောက်နေရပ်ပြန်ခြင်းသာ ဖြစ်နေရမည်။ သို့သော် ၎င်းတို့၏အခွင့်အရေးများအား အသိအမှတ်ပြုပေးခြင်းမရှိပဲ ဖိအားပေးခြင်းများ၊ ပိတ်ပင်တားဆီးမှုများပြုလုပ်ပြီး စခန်းအတွင်းပိတ်မိနေပါက ဒုက္ခသည်များအနေဖြင့် နေရပ်ပြန်ရန်ရွေးချယ်ကြမည်ဖြစ်သော်လည်း ထိုသို့သောရွေးချယ်မှုမှာ လွတ်လပ်စွာရွေး ချယ်ခြင်း မဟုတ်ပေ။"*[117]

အထက်တွင်ဖော်ပြထားသကဲ့သို့ ထိုင်း-မြန်မာနယ်စပ်စခန်းများတွင် ပြောင်းရွှေ့နေထိုင်ကြသော ဒုက္ခသည်များအ ပေါ် ထားရှိသော ပိတ်ပင်တားဆီးမှုများ များစွာရှိနေသည်။ ဤသို့ဖြစ်ရခြင်းမှာ ၎င်းတို့၏ရှုပ်ထွေးလှသည့် တရား ဝင်အသိအမှတ်ပြုမှုပေါ်တွင်လည်း မူတည်သည်။ UNHCR တွင် ဒုက္ခသည်အဖြစ် အမည်စာရင်းသွင်းထားသော် လည်း ၎င်းတို့အား တရားဝင်ဒုက္ခသည်များအဖြစ် ထိုင်းနိုင်ငံရှိ ထိုယာယီဒုက္ခသည်စခန်းများ အောက်တွင်သာ အသိအမှတ်ပြုထားခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုင်းနိုင်ငံသည် ၁၉၅၁ ခုနှစ်တွင် ဒုက္ခသည်များဆိုင် ရာ သဘောတူညီချက်၏ အဖွဲ့ဝင်မဟုတ်ပေ။ လွတ်လပ်စွာသွားလာခွင့်မရှိခြင်းနှင့် အလုပ်လုပ်ကိုင်ခွင့်မရှိခြင်း တို့သည် မြန်မာနိုင်ငံသို့ ပြန်လည်နေထိုင်သော အဓိကအကြောင်းရင်းဖြစ်ကြောင်း ဖော်ပြထားကြသည်။ ဒုက္ခ သည်များအား စခန်းအတွင်း လူ့အခွင့်အရေးချိုးဖောက်ခံရခြင်း ရှိမရှိနှင့်ပတ်သက်ပြီး မေးမြန်းရာတွင် အလားတူ ကိစ္စရပ်များအား ဖော်ပြကြသည်။ ထိုအခြေအနေအား ဒုက္ခသည်အသိုင်းအဝိုင်းနှင့် ယာယီဒုက္ခသည်စခန်းများတွင် လုပ်ငန်းလုပ်ဆောင်လျက်ရှိသည့် ကာကွယ်ရေးနှင့်ထောက်ပံ့ရေးဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် ကောင်းမွန် စွာ သိရှိထားပြီးဖြစ်သည်။ အများစုမှာ ထိုင်းနိုင်ငံရှိဒုက္ခသည်များ၏ လူ့အခွင့်အရေးအခြေအနေ ပိုမိုကောင်းမွန်လာ စေရန် ကြိုးစားလုပ်ဆောင်ကြသော်လည်း အောင်မြင်မှုအနည်းငယ်သာ ရရှိခဲ့သည်။ ဥပဒေပြုရေးတွင် ပြောင်းလဲ မှုအနည်းငယ်ရှိသော်လည်း ဒုက္ခသည်များအနေဖြင့် ထိုင်းနိုင်ငံအတွင်း ဒုက္ခသည်စခန်းပြင်ပတွင် တရားဝင်နေ ထိုင်ရန်အတွက် အခွင့်အလမ်းအလွန်နည်းပါးသည်။ ထိုင်းအစိုးရမှ ဒုက္ခသည်စခန်းများအတွင်းရှိ ဒုက္ခသည် အရေအတွက်ကိုလျှော့ချရန် ဆက်လက်လုပ်ဆောင်နေသဖြင့် မြန်မာနိုင်ငံသို့ပြန်ရန် လုံးဝဆန္ဒမရှိသောသူများ အတွက် ကံကြမ္မာမှာ မည်သို့ဖြစ်လာနိုင်သနည်း။

UNHCR ၏ မိမိဆန္ဒအလျောက်နေရပ်ပြန်ရေးဗီဒီယိုတွင် ပြန်လည်နေရာချထားရေးအစီအစဉ်များနှင့် ထိုင်း-မြန်မာနယ်စပ်တစ်လျှောက် စခန်းများတွင်ရရှိနိုင်သောအထောက်အပံ့များကို ရှင်းပြထားပြီး VRC တွင် လာရောက်အမည်စာရင်းသွင်းသူများအား (လုပ်ငန်းစဉ်အဆင့်တိုင်းတွင် အကြိမ်ပေါင်းများစွာ) ဆန္ဒအ လျောက် နေရပ်သို့ပြန်ခြင်းဟုတ်မဟုတ် မေးမြန်းလေ့ရှိသည်။[118] လွတ်လပ်စွာဆုံးဖြတ်ပိုင်ခွင့်ကို ဖွင့်ဆိုရန် ခက်ခဲလှပါ သည်။ ထို့ကြောင့် ထိုမေးခွန်းများအား အဆင့်တိုင်းတွင်မေးမြန်းခြင်းအားဖြင့် နေရပ်ပြန်သူများ၏ဆုံးဖြတ်ချက် သည် အခြားတွန်းအားများကြောင့်မဟုတ်ကြောင်းကို ပြန်လည်နေရာချထားရေးတာဝန်ရှိသူများက သိနိုင်သည် ကို နားလည်ရခက်လှပါသည်။

---

[117] UNHCR မှ ၁၉၉၆ ခုနှစ်တွင် ထုတ်ဝေထားသော "Handbook. Voluntary Repatriation: International Protection" တွင်ကြည့်ပါ။

[118] UNHCR မှ ထုတ်ဝေထားသော "Facilitated Voluntary Repatriation Process" တွင်ကြည့်ပါ။ (ရက်စွဲမသိရှိပါ)

UNHCR နှင့် အခြားသောဒုက္ခသည်များအား အကာအကွယ်ပေးသော ဝန်ဆောင်မှုများပေးသည့်အဖွဲ့များမှ ထိုင်းနိုင်ငံအစိုးရအား ဒုက္ခသည်များအနေဖြင့် ထိုင်းနိုင်ငံအတွင်း အလုပ်လုပ်ကိုင်ခွင့်နှင့် နေထိုင်ခွင့်ရနိုင်ရန် ရွေးချယ်ပါက ၎င်းတို့အတွက် တရားဝင်အထောက်အထားရရှိနိုင်သော လမ်းကြောင်းတစ်ခုဖော်ဆောင်ပေးရန် တောင်းဆိုလာခဲ့သည်။ UNHCR ၏အစီအစဉ်ဖြင့် မိမိဆန္ဒအလျောက် နေရပ်ပြန်မှုအစီအစဉ်များ များပြားလာချိန်တွင် ဒုက္ခသည်များအတွက် ရွေးချယ်စရာနည်းလမ်းတစ်ခုတည်းသာမရှိစေရန်အတွက် ထိုတောင်းဆိုမှုများကို ပိုမိုတိုးမြှင့်လုပ်ဆောင်ရန် လိုအပ်မည့်ပုံပေါ်သည်။ အကယ်၍နေရပ်ပြန်ခြင်းအား မိမိဆန္ဒအလျောက်ဆုံးဖြတ်ပိုင်ခွင့်ပေးမည်ဆိုပါက ပြန်လည်နေရာချထားရေးအတွက် လိုအပ်သည့်အထောက်အပံ့နှင့် အကူအညီများအား ပိုမို၍လက်တွေ့ကျကျလုပ်ဆောင်ပေးရန် လိုအပ်သည်။ အထူးသဖြင့် ကျေးလက်ဒေသများရှိစိုက်ပျိုးရေးပြုလုပ်နိုင်သောဒေသများသို့ ပြန်လည်နေထိုင်ကြမည့် နေရပ်ပြန်များအတွက် ပိုမိုတိကျသေချာသော စစ်တမ်းများနှင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းဆိုင်ရာအချက်အလက်များကို တင်ပြပေးနိုင်ရန် လိုအပ်ပါသည်။

## ၂) ဘေးကင်းလုံခြုံစွာနှင့် ဂုဏ်သိက္ခာရှိစွာ နေရပ်ပြန်ခြင်း

UNHCR ၏ဖော်ပြချက်အရ ဘေးကင်းလုံခြုံမှုနှင့် ဂုဏ်သိက္ခာရှိရှိ နေရပ်ပြန်ခြင်းမဟုတ်ပါက ထိုနေရပ်ပြန်ခြင်းသည် မိမိဆန္ဒအလျောက် နေရပ်ပြန်ခြင်းမဟုတ်ပေ။ ပြန်လည်နေရာချထားရေးအစီအစဉ်ဖြင့် နေရပ်ပြန်ရာတွင် ကြုံတွေ့ရမည့်အခြေအနေများအား တိုးတက်ကောင်းမွန်စေရန် UNHCR မှ အားထုတ်မှုများရှိသော်လည်း မြန်မာနိုင်ငံအတွင်း နေရပ်ပြန်သူများအတွက်စီစဉ်ပေးသော သယ်ယူပို့ဆောင်ရေးအစီအစဉ်များမှာ အခက်အခဲများစွာရှိနေဆဲပင်ဖြစ်သည်။ ထိုအခက်အခဲများသည် သယ်ယူပို့ဆောင်ရေးအစီအစဉ်များတွင် စနစ်ကျမှု၊ သန့်ရှင်းမှု၊ ရေနှင့် အစားအစာများလုံလောက်မှုမရှိခြင်းများ ပါရှိသည့်အပြင် နေရပ်ပြန်သူများအတွက် အချိတ်အဆက်များကောင်းမွန်စွာ စီစဉ်ထားမှုမရှိခြင်းများပါဝင်သည်။ ထိုအခြေအနေများသည် အထူးသဖြင့် အတိတ်ကာလမှဖြစ်ပွားခဲ့သော လက်နက်ကိုင်ပဋိပက္ခများကြောင့် နေရပ်ရွှေ့ပြောင်းနေထိုင်ခဲ့ရသော နေရပ်ပြန်သူများအတွက် ကောင်းမွန်စွာဆက်ဆံခံရမှုနှင့် ဂရုစိုက်မှုမရှိဟု ခံစားရစေနိုင်သောကြောင့် စိတ်ပိုင်းဆိုင်ရာဒဏ်ရာများရရှိစေနိုင်ပါသည်။ ဤအခြေအနေသည် နေရပ်ပြန်များတင်ပြခဲ့သည့် ထိုင်းနိုင်ငံအတွင်း နယ်စပ်တစ်လျှောက် ခရီးသွားလာမှုအခြေအနေနှင့် လုံးဝဆန့်ကျင်လျက်ရှိသည်။ မြန်မာနိုင်ငံအတွင်း သယ်ယူပို့ဆောင်ရေးအတွက် စီစဉ်ရာတွင် ဒုက္ခသည်များအနေဖြင့် မတူညီသောဒေသများသို့ ပြန်လည်နေထိုင်ကြသည့်အတွက် ကျယ်ပြန့်သောကွန်ယက်ချိတ်ဆက်မှုများ လုပ်ဆောင်ရန်လိုအပ်သဖြင့် ပိုမို၍ရှုပ်ထွေးမှုများရှိနိုင်သော်လည်း ထိုသို့သောရှုပ်ထွေးမှုများကိုဖြေရှင်းရန် လိုအပ်သည်။ ထိုမှသာ နေရပ်ပြန်သူများအနေဖြင့် အချိန်ကြာမြင့်မှုများ ခက်ခဲကြမ်းတမ်းမှုများရှိသော်လည်း အစားအသောက်၊ ရေ၊ နေရာထိုင်ခင်းနှင့် ဆေးဝါးကုသမှုများအား ရရှိနိုင်မည်ဖြစ်သည်။ နေရပ်ပြန်သူများအတွက် ကျန်းမာရေးထိခိုက်မှုမရှိစေရန် မော်တော်ယာဉ်များအား ငှါးရမ်းသည့်အခါတွင် သတ်မှတ်ထားသည့်စံချိန်စံနှုန်းမီရန် လုပ်ဆောင်ရမည်။ အဘယ်ကြောင့်ဆိုသော် နေရပ်ပြန်ကြသူများအများစုသည် မိမိအစီအစဉ်ဖြင့် ပြန်ကြသူများဖြစ်သည့်အလျောက် ၎င်းတို့၏လုံခြုံရေးနှင့် ဂုဏ်သိက္ခာရှိစွာပြန်နိုင်ရေးအတွက် လိုအပ်သည့်ခရီးသွားလာခွင့် စာရွက်စာတမ်းနှင့် ထောက်ခံချက်စာရွက်စာတမ်းများမပါပဲ မြန်မာနိုင်ငံသို့ စွန့်စားပြီးပြန်လာကြရပါသည်။ UNHCR အနေဖြင့် ဤအခြေအနေနှင့်ပတ်သက်ပြီး ၎င်း၏ ၁၉၉၆ ခုနှစ် လမ်းညွှန်မှုများတွင်ထည့်သွင်းဖော်ပြထားသည်။ မိမိအစီအစဉ်ဖြင့် နေရပ်ပြန်ခြင်းသည် ခဏတာပျောက်ကွယ်သွားမည်မဟုတ်သည့်အတွက် ဤပြဿနာများအတွက် ဆက်လက်ပြီးအဖြေရှာရန် လိုအပ်သည်။

# အခန်း (၂) နိုင်ငံသားဖြစ်ခွင့်နှင့် လူထုလုပ်ငန်းများတွင် ပါဝင်ခွင့်များ

UNHCR အရ မိမိဆန္ဒအလျောက် ပြန်လည်အခြေချနေထိုင်ခြင်းအတွက် အဓိကအရေးကြီးသောအချက်မှာ နိုင်ငံတော်၏ အကာအကွယ်ပေးမှုအား ပြန်လည်ရယူခြင်းနှင့် နိုင်ငံသားဖြစ်မှု ပြန်လည်ရရှိခြင်းတို့ပင်ဖြစ်သည်။[119] အဘယ်ကြောင့်ဆိုသော် ပြန်လည်အခြေချနေထိုင်ခြင်းသည် ဒုက္ခသည်ဖြစ်ခြင်းနှင့် နိုင်ငံတကာ၏ အကာအကွယ်ပေးမှုကိုရုတ်သိမ်းခြင်းကြောင့် နေရပ်ပြန်များကို နိုင်ငံသားဖြစ်ခွင့်သေချာစွာရရှိရန် ပြုလုပ်ခြင်းသည် အဓိကကျသည့် အချက်ဖြစ်ပါသည်။

## (က) တရားဝင်အထောက်အထားများ

UNHCR ၏ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ပေါင်းစည်းရေး လုပ်ငန်းလမ်းညွှန်စာအုပ်တွင် *"ပြစ်ဒဏ်ကင်းလွတ်ခွင့်၊ ပိုင်ဆိုင်ခွင့်၊ နိုင်ငံသားဖြစ်ခွင့်၊ အထောက်အထားများနှင့် နေရပ်ပြန်ရေးအတွက် ဥပဒေအရ အကာအကွယ်ရရှိခွင့် စသည့်နည်းပညာနှင့် အကြံပေးမှုဆိုင်ရာဝန်ဆောင်မှုများကို ပံ့ပိုးပေးရမည်။"* [120] ဆိုလိုသည်မှာ ဒုက္ခသည်များနှင့် IDP များအား တရားဝင်အထောက်အထားများရရှိရန်အတွက် လိုအပ်သောအကူအညီများကို ပံ့ပိုးပေးရမည်။ ဤအစီရင်ခံစာ ရေးသားရခြင်း၏ရည်ရွယ်ချက်မှာ ဒုက္ခသည်များအနေနှင့် တရားဝင်အထောက်အထားများရရှိရန်အတွက် လိုအပ်သောကူညီပံ့ပိုးမှုများ လက်ခံရရှိခြင်း ရှိမရှိသိနိုင်ရန်နှင့် အကယ်၍ထိုတရားဝင်အထောက်အထားများမရှိပါက နေရပ်ပြန်သူများ၏ဘဝများအား မည်သို့သက်ရောက်မှု ရှိစေနိုင်ကြောင်းကို KHRG အနေဖြင့် ရှာဖွေဖော်ထုတ်သွားရန်ဖြစ်သည်။

UNHCR ၏ အကူအညီဖြင့် နေရပ်ပြန်သူများအနေဖြင့် နိုင်ငံသားစီစစ်ရေးကဒ်ပြား၊ အိမ်ထောင်စုစာရင်းနှင့် မွေးစာရင်းများရရှိရန်အတွက် အထောက်အပံ့များပေးမည်ဟု အာမခံထားခဲ့ပါသည်။ မေးခွန်းဖြေကြားခဲ့သော နေရပ်ပြန်သူများ၏တင်ပြချက်အရ ၎င်းတို့မှ မြဝတီမြို့သို့ရောက်ရှိချိန်တွင် ယာယီသက်သေခံကဒ်ပြားများ ပေးအပ်ပြီး ၎င်းတို့ကျေးရွာများသို့ ပြန်ရောက်သည့်အချိန်တွင် မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်းများ ရရှိနိုင်ရန်အတွက် တရားဝင်စာရွက်စာတမ်းများပြီးမြောက်အောင် ဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်ကြကြောင်းသိရှိရသည်။ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် UNHCR ၏အစီအစဉ်ဖြင့် နို့တကော (ကြာအင်းဆိပ်ကြီး)မြို့နယ်ရှိ ရွာသို့ပြန်လာခဲ့သော နော်ဘ--- က ထိုလုပ်ငန်းစဉ်ကို ရှင်းပြခဲ့သည်။ *"ကျွန်မတို့ မြဝတီကိုရောက်တော့ ကျွန်မတို့ကို ယာယီအိမ်ထောင်စုစာရင်းမှာ စာရင်းသွင်းပေးပြီး ရွာကိုပြန်လာခဲ့တယ်။ ပြီးတော့ [မြန်မာအစိုးရရဲ့] လူဝင်မှုကြီးကြပ်ရေးရုံးရဲ့ဝန်ထမ်းက ကျွန်မတို့ရဲ့ယာယီအိမ်ထောင်စုစာရင်းနဲ့ နာမည်စာရင်းတွေကို ရွာလူကြီးဆီပို့ပေးတယ်။ နောက်နေ့ကျတော့ ကျွန်မတို့ရွာလူကြီးနဲ့ [အဲ့ဒီလူဝင်မှုကြီးကြပ်ရေး] ရုံးကိုလိုက်သွားပြီး တရားဝင်မှတ်ပုံတင်နဲ့ အိမ်ထောင်စုစာရင်းတွေရတယ်။"* [121] သူမအနေဖြင့် မြဝတီသို့ရောက်လျှင် စာရွက်စာတမ်းများရရှိမည်ဟု ယုံကြည်ခဲ့ကြောင်း ထပ်လောင်းပြောပြခဲ့သည်။ *"မြဝတီရောက်တော့ ကျွန်မတို့ကို အိမ်ထောင်စုစာရင်းနဲ့ မှတ်ပုံတင်လျှောက်လို့ရတယ်ဆိုပြီး ပြောခဲ့တယ်။ ဒါပေမယ့် သူတို့က [မြန်မာအစိုးရ] ကျွန်မတို့ကို မလုပ်ပေးဘူး။ ကျွန်မတို့ကိုသူတို့က ယာယီအိမ်ထောင်စုစာရင်းစာရွက်ပဲပေးတယ်။"* [122]

နေရပ်ပြန်သူများအနေဖြင့် မြန်မာပြည်သို့ရောက်သည်နှင့် နိုင်ငံသားအထောက်အထား စာရွက်စာတမ်းများ ချက်ချင်းမရခြင်းသည် ပြဿနာမရှိသကဲ့သို့ထင်ရသော်လည်း ထိုစာရွက်စာတမ်းများမရှိပါက နေရပ်ပြန်သူများအနေဖြင့် ပြဿနာမျိုးစုံကို ရင်ဆိုင်ရနိုင်သည်။ (ပန်းရောင်) အမျိုးသားမှတ်ပုံတင်ကဒ်သည် နိုင်ငံသားများအတွက်

---

[119] UNHCR မှ ၁၉၉၆ ခုနှစ်တွင် ထုတ်ဝေသော "Handbook. Voluntary Repatriation: International Protection" တွင်ကြည့်ပါ။

[120] UNHCR မှ ၂၀၀၄ ခုနှစ်တွင် ထုတ်ဝေထားသော "Handbook. Voluntary Repatriation: International Protection" တွင်ကြည့်ပါ။

[121] Source #2 တွင်ကြည့်ပါ။

[122] Source #2 တွင်ကြည့်ပါ။

ဖြစ်ပြီး တရားဝင်အမည်မှာ နိုင်ငံသားစိစစ်ရေးကဒ်ပြားဖြစ်သည်။ သို့သော်လည်း လူအများစုက အမျိုးသားမှတ်ပုံတင်ကဒ်အဖြစ်သာသိရှိထားပြီး ထိုကဒ်သည် နိုင်ငံသားများအား မြန်မာပြည်အတွင်း လွတ်လပ်စွာသွားလာနိုင်ခွင့်ပေးထားသည်။[123] ထိုကဒ်မပါပဲသွားလာပါက ဖမ်းဆီးအရေးယူခံရနိုင်သည်။ ဒုက္ခသည်စခန်းများမှ မထွက်ခွါမီ နေရပ်ပြန်သူများအား ပေးအပ်ခဲ့သည့် COI သည် ၎င်းတို့ မြန်မာပြည်သို့ ပြန်နိုင်ရန်အတွက် ခရီးသွားလက်မှတ်တစ်ခုသာဖြစ်သည်။ ထိုလက်မှတ်သည် လုပ်ဆောင်သည့်နေ့မှ နှစ်လအတွင်းအသုံးပြု၍ရပြီး မြန်မာအစိုးရမှ စောလျင်စွာ ထိုလက်မှတ်များအား နာမည်စာရင်းသွင်းသည့်လုပ်ငန်းစဉ် စတင်သည့်အချိန်တွင် (ဥပမာ၊ စခန်းအတွင်း နိုင်ငံသားဖြစ်ကြောင်း စိစစ်အတည်ပြုသည့် လူတွေ့မေးမြန်းချိန်) လုပ်ဆောင်ပေးခဲ့သည်။[124] ခွင့်ပြုချက်ပေးသည့်လုပ်ငန်းစဉ်မှာ အချိန်ကြာမြင့်နိုင်သဖြင့် COI တွင် ပါရှိသောနေ့ရက်သည် ပြန်လည်နေရာချရေးပြုလုပ်သည့်နေ့ရက်နှင့် အလွန်နီးကပ်နေနိုင်သည်။ ထို့အပြင် နေရပ်ပြန်သူများလက်ခံရရှိသော ယာယီအိမ်ထောင်စုစာရင်းမှာလည်း ခရီးသွားလက်မှတ်မဟုတ်ပေ။ ထို့အတွက်ကြောင့် နေရပ်ပြန်များအနေဖြင့် မြန်မာပြည်သို့ပြန်ရောက်သည်နှင့် တရားဝင်မှတ်ပုံတင်ရရှိရန် လိုအပ်သည်။

၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် UNHCR ၏ အစီအစဉ်ဖြင့် ပြန်လည်အခြေချထိုင်ကြသော နေရပ်ပြန်သူများအား KHRG မှ ပထမဆုံးအကြိမ်အဖြစ် ၂၀၁၉ ခုနှစ်၊ မတ်လနှင့်ဧပြီလအတွင်း လူတွေ့မေးမြန်းခြင်းများအား ပြုလုပ်ခဲ့ရာ ထိုအချိန်၌ နေရပ်ပြန်သူအများစုမှာ ၎င်းတို့၏စာရွက်စာတမ်းအသစ်များအား လက်ခံရရှိခြင်းမရှိသေးပါ။ နေရပ်ပြန်သူတစ်ဦးမှ ၎င်းတို့အား မှတ်ပုံတင်ကဒ်အသစ်မရခင်အချိန်ထိ ခရီးထွက်ခွင့်မပြုကြောင်း ထောက်ပြခဲ့သည်။ UNHCR ၏အစီအစဉ်ဖြင့် လေးဖါထောသို့ ပြန်လာသော နော်အတ--- က ထိုအကြောင်းနှင့်ပတ်သက်ပြီး ဤသို့ရှင်းပြခဲ့သည်။ *"သူတို့တွေ ဒီကိုလာမယ်လို့ ကျွန်မတို့တွေသတင်းရတယ်။ အဲ့ဒါကြောင့် ကျွန်မတို့ ဘယ်ကိုမှသွားခွင့်မပြုသေးဘူး။ သူတို့တွေက ကျွန်မတို့အတွက် အိမ်ထောင်စုစာရင်း၊ မှတ်ပုံတင်နဲ့ သန်းခေါင်စာရင်းတွေ လာလုပ်ပေးမယ်။ ဒါပေမယ့် သူတို့လာတာလည်း ကျွန်မတို့မတွေ့ရသေးဘူး။ ကျွန်မတို့ ဒီကိုပြန်ရောက်တာ ရက်ပေါင်းတော်တော်ကြာနေပြီ။"*[125] မယ်လဝေလယ်မူးသို့ပြန်လည်နေထိုင်ကြသော နေရပ်ပြန်သူများကိုလည်း မြဝတီသို့ရောက်ရှိချိန်တွင် *"အစိုးရကိုယ်စားလှယ်တွေက ကျေးရွာတွေမှာ မှတ်ပုံတင်ကဒ်တွေကို လာလုပ်ပေးတဲ့အချိန်ကျရင် မှတ်ပုံတင်ရမယ်"* ဟုပြောခဲ့သည်။[126] ထိုသူများသည်လည်း မြန်မာအစိုးရမှ ၎င်းတို့၏ကျေးရွာသို့ လာရောက်ပြီး မှတ်ပုံတင်လုပ်ပေးမည့်အချိန်အား စောင့်စားကြလျက်ရှိသည်။

UNHCR ၏အစီအစဉ်ဖြင့် ပြန်လာခဲ့ကြသည့် အခြားသောနေရပ်ပြန်သူများသည်လည်း တရားဝင်စာရွက်စာတမ်းများရရှိရန် ဆောင်ရွက်ရာတွင် အလားတူအခြေအနေများကို ရင်ဆိုင်ကြရသည်။ ရွာသားများအနေဖြင့် ရွာလူကြီးများထံမှ အကူအညီရရှိသည့်အခါများတွင် နိုင်ငံသားဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများ ရယူသည့်လုပ်ငန်းစဉ်မှာ ပိုမိုလွယ်ကူသည်။ အစောပိုင်း၌ မြဝတီတွင် စာရွက်စာတမ်းများရရှိမည်ဟူသော သတင်းအမှားကို ရခဲ့ခြင်းမှလွဲ၍ နော်ဘ--- က "ကျွန်မတို့တွေ အဲ့ဒါကို ဒေသခံအာဏာပိုင်တွေရဲ့အကူအညီနဲ့ ရွာမှာပဲ လုပ်လိုက်တယ်။ သူတို့က ကျွန်မတို့ကို ထောက်ခံစာလုပ်ပေးတဲ့အတွက် လျှောက်ရတာလွယ်တယ်။ ဘာအခကြေးငွေမှလည်း ပေးစရာမလိုဘူး။"[127] သို့သော်လည်း ထိုအခြေအနေမှာ လူတိုင်းအတွက်မဟုတ်ပေ။ နေရပ်ပြန်သူအများစုမှာ ဒေသခံအာဏာပိုင်များ၏အကူအညီကို မရရှိသည့်အတွက် ၎င်းတို့အနေဖြင့် ထိုလုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး လုပ်ဆောင်ရန် သေချာစွာသိရှိမှုမရှိခြင်း သို့မဟုတ် လာဘ်ထိုးခြင်းများပြုလုပ်ခဲ့ရသည်။ မယ်လတာလောသောသို့ UNHCR ၏အစီအစဉ်ဖြင့် ပြန်လည်နေထိုင်ခဲ့သော နော်ဒ--- က သူမ၏ ယာယီအိမ်ထောင်စုစာရင်းအား အသစ်ပြန်လုပ်ရန်ကြိုးပမ်းသည့်အခါတွင် ရွာလူကြီးများ၏ ငွေတောင်းယူမှုများကို ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည်။

---

[123] မြန်မာနိုင်ငံရှိတစ်နိုင်ငံလုံးလူမှုစီစစ်ရေး (မှတ်ပုံတင်) ကတ်ပြားသည် နိုင်ငံသားအဖြစ် ခံယူမှုနှင့် နေထိုင်မှုအဆင့်အတန်းများအပေါ် မူတည်၍ ကွဲပြားခြားနားပါသည်။

[124] UNHCR အချက်အလက်ဆိုင်ရာ ဗီဒီယိုမှရရှိသောအချက်အလက်ဖြစ်သည်။ UNHCR ၏ "Facilitated Voluntary Repatriation Process," n.d. တွင်ကြည့်ပါ။

[125] Source #25 တွင်ကြည့်ပါ။

[126] Source #24 တွင်ကြည့်ပါ။

[127] Source #2 တွင်ကြည့်ပါ။

*"အစကတော့ အိမ်ထောင်စုစာရင်း အသစ်ပြန်လုပ်မယ်ဆိုရင် ဘတ် ၁၀၀၀ [၄၅၃၂၆ ကျပ်] ပေးရမယ်လို့ သူတို့ ကကျွန်မတို့ကိုပြောတယ်။ အဲ့ဒါနဲ့ကျွန်မလည်း ပိုက်ဆံမရှိလို့မလုပ်ဘူးလို့ ပြောလိုက်တယ်။ နောက်တော့ သူတို့က ဘတ် ၂၀၀ [၉၀၆၅ ကျပ်] ပဲ ပေးဖို့ပြောတယ်။"*[128] ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် မယ်လတာလော်သော သို့ ပြန်လည်အခြေချနေထိုင်ခဲ့သော နော်ကျ--- ကလည်း ထိုလုပ်ငန်းစဉ်နှင့်ပတ်သက်၍ သူမအနေနှင့် မသေချာမှုကို ထုတ်ဖော်ပြောပြခဲ့သည်။ *"ကျွန်မတို့က လုပ်ငန်းစဉ်ကို သေချာနားမလည်တော့ ကျွန်မအမျိုးသားတစ်ယောက်ပဲ [မှတ်ပုံတင်] အဲ့ဒါကိုရတယ်။ အဲ့ဒါက အရမ်းရှုပ်ထွေးတော့ နောက်တစ်ခေါက်သွားတဲ့အချိန်အထိ ကျွန်မတို့ လုပ်ငန်းစဉ်ကို ပြီးအောင်မလုပ်နိုင်ဘူး။ အဲ့ဒါကြောင့် ကျွန်မအဲ့ဒါကို [မှတ်ပုံတင်] မရဘူး။"* [129]

အမျိုးသားမှတ်ပုံတင်ကဒ်ရရှိရန်အတွက် နိုင်ငံသားများသည် ၎င်းတို့၏အိမ်ထောင်စုစာရင်းမူရင်း၊ မိသားစုစာရင်းအပြည့်အစုံ၊ မွေးစာရင်းမူရင်း (သို့မဟုတ် လျှောက်ထားသူ၏အသက်အား အတည်ပြုထားသော ကျောင်းထောက်ခံစာ)၊ လျှောက်ထားသူ၏မိဘများ မူလဇစ်မြစ်ဆိုင်ရာအထောက်အထားများ၊ ကျေးရွာ သို့မဟုတ် ရပ်ကွက်လူကြီး၏ (ရပ်ရွာတွင်းနေထိုင်ကြောင်း)ထောက်ခံစာ၊ မိသားစုဝင်များ၏ သွေးအမျိုးအစားများနှင့် ပတ်စ်ပို့အရွယ် ဓာတ်ပုံသုံးပုံတို့လိုအပ်သည်။[130] အကယ်၍ဒုက္ခသည်များသည် UNHCR ၏ အစီအစဉ်ဖြင့် နေရပ်ပြန်ပါက ၎င်းတို့အနေဖြင့် မြန်မာပြည်သို့ပြန်ရောက်သည်နှင့် မှတ်ပုံတင်လျှောက်ထားရန်အတွက် လိုအပ်သည့်စာရွက်စာတမ်းများအား ပြင်ဆင်ပေးခြင်းသည်လည်း အမည်စာရင်းသွင်းခြင်း၏ အစိတ်အပိုင်း တစ်ခုအဖြစ် ပါဝင်သည်။

မိမိအစီအစဉ်ဖြင့်ပြန်လာသည့် နေရပ်ပြန်သူများသည် တရားဝင်အထောက်အထားများ ရရှိရန်အတွက် ဆွေးနွေးအကြံပေးခြင်းနှင့် ကူညီထောက်ပံ့မှုမရသောကြောင့် အခြေအနေအမျိုးမျိုး ကြုံတွေ့ခဲ့ကြရသည်။ UNHCR ၏ အကူအညီဖြင့်ပြန်လာသည့် နေရပ်ပြန်သူများအနေဖြင့် ရွာသို့ပြန်လည်ရောက်ရှိသည့်အချိန်တွင် အကူအညီ ဆက်လက်ရရှိခြင်းမရှိသကဲ့သို့ မိမိအစီအစဉ်ဖြင့် ပြန်လာသည့်သူများအနေဖြင့်လည်း စာရွက်စာတမ်းများအား ၎င်းတို့ကိုယ်တိုင်ရရှိရန် ကြိုးပမ်းသည့်အခါတွင် အခက်အခဲမျိုးစုံ ကြုံတွေ့ကြရသည်။ ထိုအခက်အခဲများတွင် အချိန်ကြာမြင့်စွာစောင့်ရခြင်းနှင့် ရှုပ်ထွေးလှသည့် လိုအပ်ချက်များအား ရရှိအောင်ဆောင်ရွက်နိုင်မှုမရှိခြင်းတို့ ပါဝင်သည်။ အချို့ကိစ္စရပ်များတွင် မေးခွန်းဖြေကြားသူများက ၎င်းတို့အနေဖြင့် နိုင်ငံသား အထောက်အထားများအား (မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းများ) ငွေပေးမှသာ လက်ခံရရှိခဲ့ကြသည် (ထိုအထောက်အထားများသည် အခမဲ့ ဖြစ်သင့်သည်)။ ထိုအကြောင်းကို ဒူးပလာယာခရိုင် ကော့ကရိတ်မြို့နယ် ကော်လားပြန်လည်နေရာချထားရေးနေရာသို့ ပြန်လည်အခြေချနေထိုင်သော နော်အခ--- က ဖော်ပြခဲ့သည်။ *"ဟုတ်တယ်။ ကျွန်မ ပိုက်ဆံပေးခဲ့ရတယ်။ [သက်သေအထောက်အထားများကိုရရှိရန်] တစ်ခုချင်းစီအတွက် သုံးသောင်းကျပ်လောက်ပေးခဲ့ရတယ်။"* [131] အုပ်ချုပ်ရေး လုပ်ငန်းစဉ်လမ်းကြောင်းသည် အထူးသဖြင့် ဗမာစကားမပြောနိုင်သူများအတွက် အခက်ခဲဖြစ်စေနိုင်သည်။ ကုန်ကျစရိတ်နှင့် ရှုပ်ထွေးလှသော အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကြောင့် လူအများစုမှာ ၎င်းတို့၏တရားဝင်အထောက်အထားများအား ရယူနိုင်ခြင်းမရှိကြပေ။

မြန်မာအစိုးရအုပ်ချုပ်နယ်မြေများနှင့် ရောနှောအုပ်ချုပ်သည့်နယ်မြေများသို့ ပြန်လည်နေထိုင်ကြသော နေရပ်ပြန်သူများသည် နိုင်ငံသားဖြစ်တည်မှုနှင့် နိုင်ငံရေးဆိုင်ရာ အခြားစိန်ခေါ်မှုများအား ကြုံတွေ့ကြရသည်။ မယ်ရာမိုဒုက္ခသည်စခန်းတွင် နေထိုင်ခဲ့ပြီး မြန်မာအစိုးရအုပ်ချုပ်ရာဒေသဖြစ်သည့် ခလယ်မူဂါးကျေးရွာသို့ သူမ၏အစီအစဉ်ဖြင့် ပြန်လည်နေထိုင်ခဲ့သော နော်ဇ--- က သူမ၏ အတွေ့အကြုံကို ဤကဲ့သို့ဝေမျှခဲ့သည်။ သူမ၏အမျိုးသားမှာ KNU တွင် အလုပ်လုပ်ကိုင်သည့်အတွက် သူမ၏အိမ်ထောင်စုစာရင်းရရှိရန် နှောင့်နှေးမှုများရှိခဲ့သည်။

128 Source #3 တွင်ကြည့်ပါ။

129 Source #14 တွင်ကြည့်ပါ။

130 ၂၀၁၈ ခုနှစ်တွင် Norwegian Refugee Council, Myanmar Office of Immigration, UNHCR မှ "Applying [for] Citizenship Scrutiny Card Infographic Short Film" တွင်ကြည့်ပြီး ၂၀၁၉ ခုနှစ်၊ မေလ ၃၁ ရက် တွင် UNHCR မှထောက်ပံ့သော "Thailand-Myanmar Cross Border Operational Portal" လူမှုကွန်ယက်စာမျက်နှာတွင်တင်ထားသော ဗီဒီယိုကိုကြည့်ပါ။

131 Source #26 တွင်ကြည့်ပါ။

*"ကျွန်မဒီကိုပြန်လာတာ သုံးနှစ်ရှိပြီ။ ဒါပေမယ့်ခုထိ အိမ်ထောင်စုစာရင်းမရှိသေးဘူး။ ကျွန်မဒီကိုပြန်ရောက်ကတည်းက အိမ်ထောင်စုစာရင်းရဖို့ လျှောက်ခဲ့ပေမယ့် မကြာသေးခင်ကမှ အဲ့ဒါကိုရတယ်။ [KHRG: အိမ်ထောင်စုစာရင်းကို လွယ်လွယ်ကူကူမရတာ ဘာကြောင့်လို့ထင်လဲ။] သူတို့က ကျွန်မတို့ကို KNU သူပုန်အဖွဲ့ကလူတွေလို့ မြင်တဲ့အတွက် တာဝန်မယူချင်ဘူး။ [...] နောက်ကျရင် သူတို့ပေါ်မှာတစ်ခုခုဖြစ်မှာစိုးလို့ သူတို့က ကျွန်မတို့အတွက် မလုပ်ပေးရဲကြဘူး။ သုံးနှစ်လောက် ကျွန်မအဲ့ဒီစာရွက်စာတမ်းတွေရဖို့ လိုက်လုပ်ရတယ်။ ပြီးတော့ ဥပဒေအတိုင်းပဲ[စံနှုန်းများအတိုင်း လုပ်ဆောင်သည်]လုပ်တယ်။ နောက်ဆုံးကျွန်မ KNU မြို့နယ်မှူးဆီ သွားအကူအညီတောင်းလို့ သူလိုက်ပေးတော့မှ ကျွန်မရတော့တယ်။ ကျွန်မကိုယ်တိုင်သွားလုပ်တုန်းက သူတို့ကကျွန်မကိုဟိုပို့ဒီလွှတ်နဲ့ အဲ့ဒါကအရမ်းရှုပ်ထွေးလိုက်တာ။ [...] ကျွန်မမှာ လိုအပ်တဲ့စာရွက်စာတမ်း အားလုံးရှိပေမယ့် သူ [အုပ်ချုပ်ရေးရုံးစာရေးမ] က ကြောက်လို့နဲ့တူတယ်။ ကျွန်မတို့ကို မလုပ်ပေးချင်ဘူး။"* [132]

အထူးသဖြင့် IDP များအတွက် မူရင်းကျေးရွာသို့ပြန်သည်ဖြစ်စေ၊ အခြားနေရာတစ်ခုသို့ သွားသည်ဖြစ်စေ မြန်မာအစိုးရ၏ တရားဝင်စာရွက်စာတမ်းများရရှိရန်မှာ ခက်ခဲနိုင်သည်။ ဧရာဝတီသတင်းဌာန၏ ဖော်ပြချက်အရ ၂၀၁၉ ခုနှစ် အစောပိုင်းတွင် မြန်မာအစိုးရသည် IDP စခန်းများတွင် နေထိုင်ကြသော ရွှေ့ပြောင်းနေထိုင်သူများအားလုံးအတွက် မှတ်ပုံတင်ကဒ်များ ပြုလုပ်ပေးရန် ကြိုးပမ်းခဲ့သည်။[133] ထိုသို့လုပ်ဆောင်ရခြင်းမှာ နေရပ်ရွှေ့ပြောင်းနေထိုင်ကြသူများအနေဖြင့် ၎င်းတို့၏ တရားဝင်အထောက်အထားများ ရရှိရန်အတွက် အခက်အခဲများရှိကြောင်းကို အသိအမှတ်ပြုသည့်အနေဖြင့် လုပ်ဆောင်ပေးခြင်းဖြစ်သည်။ နေရပ်ရွှေ့ပြောင်းနေထိုင်သူများသည် များသောအားဖြင့် မှတ်ပုံတင်လျှောက်ရန်အတွက် လိုအပ်သောအထောက်အထားများ မရှိပေ (ရယူနိုင်ခြင်းမရှိပေ)။[134] အချို့သူများမှာ ၎င်းတို့၏အမည်ရင်းများနှင့် အိမ်ထောင်စုစာရင်းတွင် ထည့်သွင်းထားသည့်အမည်များမှာ ကွာခြားသည့်အတွက် ထိုအချက်က ၎င်းတို့အားမှတ်ပုံတင်ပြုလုပ်ရာတွင် အဟန့်အတားဖြစ်စေနိုင်သည်။[135] ဤအချက်သည် မှတ်ပုံတင်လျှောက်လိုသည့် နေရပ်ပြန်သူများအတွက်သာမက ဒေသတွင်းရှိ နေရပ်ရွှေ့ပြောင်းနေထိုင်ခြင်းမရှိသော ရွာသားများပါ ရင်ဆိုင်ရသောစိန်ခေါ်မှုများဖြစ်သည်ဟု မှတ်ယူထားသင့်သည်။ အခြားသော နေရပ်ပြန်များကဲ့သို့ပင် အချို့သူများမှာ ဗမာစကားအနည်းငယ် သို့မဟုတ် လုံးဝပြောတတ်ခြင်းမရှိသည့်အတွက် အစိုးရရုံးများနှင့် ချိတ်ဆက်လုပ်ဆောင်ရသည့်အခါတွင်လည်း အဟန့်အတားဖြစ်စေသည်။

တရားဝင်အသိအမှတ်ပြုခြင်းမရှိသော နေရပ်ရွှေ့ပြောင်းနေထိုင်သူများ၏စခန်းများနှင့် အခြားသော ကျေးရွာများတွင် ပြန်လည်အခြေချနေထိုင်ကြသော IDP များမှာ အစိုးရဦးဆောင်သည့် ပြန်လည်နေရာချထားရေး အစီအစဉ်တွင် ပါဝင်ခြင်းမရှိပါ။ ထို့ကြောင့် ၎င်းတို့အနေဖြင့် အထောက်အကူများမရသောကြောင့် တရားဝင်စာရွက်စာတမ်းများအား ရရှိရန်အတွက် ၎င်းတို့ကိုယ်တိုင် လုပ်ဆောင်သည့်အခါတွင် အခက်အခဲများ ရင်ဆိုင်ခဲ့ရသည်။ တရားဝင်စာရွက်စာတမ်းများရရှိရန်အတွက် အခြားသော တရားဝင်အထောက်အထားများရရှိရန် လိုအပ်ပါသည်။ ဥပမာ မှတ်ပုံတင်ပြုလုပ်ရန်အတွက် မွေးစာရင်းနှင့် အိမ်ထောင်စုစာရင်းလိုအပ်ပြီး နိုင်ငံကူးလက်မှတ်ပြုလုပ်ရန် မှတ်ပုံတင်လိုအပ်သည်။ IDP များနှင့် နေရပ်ပြန်သူများမှာ အုပ်ချုပ်ရေးယန္တယားများအကြား စိတ်ရှုပ်ထွေးလျက်ရှိသည်။ နို့ရှဲကျေးရွာသို့ ပြောင်းရွှေ့နေထိုင်ခဲ့သော စောက--- က ၎င်းတို့ ဖြတ်သန်းခဲ့ရသော အတွေ့အကြုံကို ဤသို့တင်ပြခဲ့သည်။ *"မွေးစာရင်းလို အထောက်အထားတစ်ခုခုလုပ်ဖို့အတွက် ရက်ပေါင်းများစွာကြာတယ်။ ကျွန်တော်တို့တွေ လူဝင်မှုကြီးကြပ်ရေးရုံးမှာ ဒီတရားဝင်စာရွက်စာတမ်းတွေကို တိုက်ရိုက်လျှောက်လို့မရဘူး။ ပထမဆုံး ရဲတွေဆီကနေ ထောက်ခံစာယူရတယ်။ အဲ့ဒါကလည်း ဝန်ဆောင်ခပေးရသေးတယ်။ ပြီးတော့ တကယ်လို့ ကျွန်တော်တို့တွေအနေနဲ့ နယ်စပ်ကိုဖြတ်ပြီး ဘန်ကောက်ကိုသွားချင်တယ်ဆိုရင် နိုင်ငံကူးလက်မှတ်*

[132] Source #20 တွင်ကြည့်ပါ။

[133] ၂၀၁၉ ခုနှစ်၊ မေလတွင် The Irawaddy မှထုတ်ဝေသော "Parliament Pushes for Identity Cards to be Issued to IDPs" တွင်ကြည့်ပါ။

[134] ထိုင်း-မြန်မာနယ်စပ်ရှိ စခန်းများတွင်နေထိုင်ခဲ့သော ဒုက္ခသည်များသည် မှတ်ပုံတင်ကဲ့သို့သော (မှတ်ပုံတင်လက်မှတ် သို့မဟုတ် နိုင်ငံကူးလက်မှတ်များ) စာရွက်စာတမ်းများအားရရှိရန် စီစဉ်ပေးခဲ့ရသည်။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင် Bangkok Post မှ "Myanmar to Issue Pink Cardholders Passports, ID Cards" တွင်ကြည့်ပါ။

[135] ဤသည်လည်း ဒုက္ခသည်အချို့အတွက်ကြုံတွေ့နေရသောအကြောင်းအရာတစ်ခုဖြစ်သည်။

*လျှောက်ဖို့ ငွေ ၁ သိန်းကျပ်ပေးရတယ်။ တကယ်လို့ ကျွန်တော်တို့က လုပ်ငန်းစဉ်ကို မြန်စေချင်တယ်ဆိုရင် ပိုကုန်တယ်။ တကယ်လို့ လာဘ်မထိုးဘူးဆိုရင် ကျွန်တော်တို့လျှောက်ထားတဲ့ စာရွက်စာတမ်းလေးရဖို့ ရက်ပေါင်းများစွာ အချိန်ဆွဲထားကြတယ်။ ဒါတွေပြီးတဲ့အထိ ကျွန်တော်တို့ နေ့တိုင်းသွားရတဲ့အခါ စားစရိတ်သွားစရိတ်တွေက ရှိသေးတယ်။"* [136]

ကိုနီးကျေးရွာသို့ ပြန်လည်နေထိုင်ခဲ့သော စောမ--- ကလည်း ဤအခက်အခဲများနှင့် ပတ်သက်ပြီး အလေးပေးဖော်ပြခဲ့သည်။ တရားဝင်အထောက်အထားများ ရရှိရန်အတွက် လာဘ်ထိုးရန်လိုအပ်လေ့ရှိကြောင်းကိုလည်း ၎င်းအနေဖြင့် တွေ့ရှိခဲ့သည်။ *"အရင်ကဆိုရင် ဒီလိုစာရွက်စာတမ်းတွေရဖို့ လွယ်တယ်။ ဒါပေမယ့် အခုဆိုရင် ဒီစာရွက်စာတမ်းတွေရဖို့ [မြို့နယ်] ရုံးချုပ်မှာ သွားလျှောက်ရတယ်။ သူတို့က လုပ်ပေးချင်စိတ်ရှိတယ်ဆိုရင်တော့ ခင်ဗျားအတွက် လွယ်လိမ့်မယ်။ ဒါပေမယ့် သူတို့မလုပ်ချင်ဘူးဆိုရင်တော့ ခင်ဗျားကို ခဏခဏချိန်းလိမ့်မယ်။ တချို့လူတွေကတော့ ခြသေ့်ခေါင်းတွေ ဆင်ခေါင်းတွေ[ငွေကြေး]ပေးလိုက်တော့ လွယ်လွယ်နဲ့ရကြတယ်။"* [137] အချို့သူများသည် တရားဝင်စာရွက်စာတမ်းအထောက်အထားများရရှိရန် ငွေကြေးအမြောက်အများပေးဆောင်ရကြောင်း ထပ်လောင်းပြောပြခဲ့သည်။ *"တရားမဝင်တဲ့ပုံစံနဲ့ လျှောက်တဲ့ လူတွေကျတော့ ၁ သိန်းကျပ်နီးပါး ပေးရတယ်။"* [138]

နေရပ်ပြန်သူအများစုမှာ တရားဝင်အထောက်အထားများ မရရှိနိုင်သည်ကိုကြည့်ပါက ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ပေါင်းစည်းရေးလုပ်ငန်းစဉ်သည် UNHCR ၏ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ပေါင်းစည်းရေးဆိုင်ရာ လမ်းညွှန်စာအုပ်ထဲတွင် ဖော်ပြထားသောစံချိန်စံနှုန်းများနှင့် ကိုက်ညီမှုမရှိကြောင်း ရှင်းရှင်းလင်းလင်း တွေ့ရှိရသည်။ တရားဝင်အထောက်အထားများသည် နေရပ်ပြန်များအတွက် ပြန်လည်အခြေချနေထိုင်ရန် ကြိုးပမ်းသည့်အခါတွင် မရှိမဖြစ်လိုအပ်သောအရာများ ဖြစ်သည်။ ထိုစာရွက်စာတမ်းများ မရှိခြင်းက ၎င်းတို့၏ ဘဝတစ်လျှောက်လုံးအတွက် ဆိုးကျိုးသက်ရောက်မှု ရှိစေနိုင်သည်။ မှတ်ပုံတင်မရှိပါက နေရပ်ပြန်သူများအနေဖြင့် ပုံမှန်လုပ်ငန်းဆောင်တာများဖြစ်သည့် အလုပ်အကိုင်ရှာဖွေခြင်းနှင့် ဒေသတွင်းခရီးသွားလာခြင်းများတွင် အခက်အခဲများကြုံတွေ့ရနိုင်သည်။ မှတ်ပုံတင်ကဒ်သည် မြေယာနှင့်ပိုင်ဆိုင်မှု အထောက်အထားများအားဝယ်ယူရန်နှင့် စာရင်းသွင်းရန်အတွက် လိုအပ်သောအရာတစ်ခုဖြစ်ပြီး မြေယာနှင့်ပိုင်ဆိုင်မှုများအား စာရင်းသွင်းခြင်းမရှိပါက ၎င်းတို့၏မြေယာများကို သိမ်းယူခြင်းခံရနိုင်သည်။ ခလယ်လွှီထူ (ညောင်လေးပင် ခရိုင်)၊ မူး (မုန်း) မြို့နယ်၊ နို့ရှဲကျေးရွာမှ နေရပ်ရွှေ့ပြောင်းနေထိုင်သူ စောက--- က စာရွက်စာတမ်းများမရှိသည့် နေရပ်ပြန်သူများ ကြုံတွေ့ရသောအခက်အခဲအချို့ကို ဖော်ပြခဲ့သည်။ *"ကျွန်တော်တို့ဆီမှာ ဘာစာရွက်စာတမ်း အထောက်အထားမှမရှိတော့ ကျွန်တော်တို့အတွက် အရမ်းခက်ခဲတယ်။ ကျွန်တော်တို့တွေ တိုက်ပွဲအတွင်းမှာ အိမ်ထောင်စုစာရင်းကော မှတ်ပုံတင်ကော အကုန်လုံးဆုံးရှုံးခဲ့ရတယ်။ ဒါကြောင့် ကျွန်တော်တို့ပြန်ရောက်လာတော့ မြေယာပိုင်ဆိုင်မှုအတွက် လျှောက်ထားလို့မရဘူး။"* [139] အထောက်အထားပုံစံအသစ်များလည်းရှိလာကြောင်း စောက--- မှထောက်ပြခဲ့သည်။ "အရင်က မွေးစားရင်းဆိုတာမရှိဘူး။ အခုတိုက်ပွဲဖြစ်ပြီးနောက်ပိုင်းမှသာ ရှိလာတာ။" [140]

ရွာသားများအနေဖြင့် အခြားသောအုပ်ချုပ်ရေးလုပ်ငန်းများနှင့် နိုင်ငံသားအခွင့်အရေးများရရှိနိုင်ရန်အတွက် ထိုစာရွက်စာတမ်းများ ပိုင်ဆိုင်ရန်လိုအပ်သည်။ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေအရ နိုင်ငံသားတိုင်းအမျိုးသားမှတ်ပုံတင် ကိုင်ဆောင်ရန်တာဝန်ရှိပြီး ထိုမှတ်ပုံတင်သည်မိမိအား ဘယ်သူဘယ်ဝါဖြစ်ကြောင်း

[136] Source #8 တွင်ကြည့်ပါ။
[137] Source #8 တွင်ကြည့်ပါ။
[138] Source #11 တွင်ကြည့်ပါ။
[139] Source #8 တွင်ကြည့်ပါ။
[140] Source #8 တွင်ကြည့်ပါ။

ကိုယ်စားပြုသည့် စာရွက်စာတမ်းဖြစ်သည်။[141] ထို့အပြင် နိုင်ငံသားအခွင့်အရေးများဖြစ်သည့် ရွေးကောက်ပွဲတွင် မဲပေးနိုင်ခွင့်နှင့် ရွေးကောက်ခံပိုင်ခွင့်ရရှိရန်အတွက်လည်း လိုအပ်သည်။ လေးဖါထောတွင် နေရပ်ပြန်သူအများစုသည် မှတ်ပုံတင်ရရှိရန်အတွက် စောင့်ဆိုင်းနေကြဆဲဖြစ်ပြီး ယခုဆိုလျှင် တစ်နှစ်နီးပါးခန့်ရှိပြီဖြစ်သည်။ နေရပ်ပြန်သူများအနေဖြင့် ထိုစာရွက်စာတမ်းများမရှိပါက ၎င်းတို့၏အခွင့်အရေးများ ရရှိနိုင်မည်မဟုတ်ကြောင်း ဒေသခံခေါင်းဆောင်က သူ၏စိုးရိမ်မှုအား ထုတ်ဖော်ပြောပြခဲ့သည်။ *"ဒီအချိန်က ကျွန်တော်ရဲ့ အခွင့်အရေးကို တောင်းဆိုရမယ့်အချိန်ပဲ။ တကယ်လို့ ဒီအချိန်မှာမတောင်းဘူးဆိုရင် ဘယ်အချိန်သွားတောင်းမှာလဲ။ နိုင်ငံသားတစ်ယောက်ဖြစ်ဖို့ အရေးကြီးတယ်။ တကယ်လို့ ကျွန်တော်တို့မှာ မှတ်ပုံတင်မရှိဘူးဆိုရင် ကျွန်တော်တို့ကနိုင်ငံမရှိတဲ့သူတွေ ဖြစ်သွားလိမ့်မယ်။"*[142]

## (ခ) တရားမျှတမှုရရှိခြင်း

UNHCR ၏ ပြန်လည်နေရာချထားရေးအတွက် လမ်းညွှန်တွင် *"လွတ်လပ်သော တရားစီရင်ရေးအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများအား ပြန်လည်ကုစားပေးသော ဖြေရှင်းရေးယန္တယားများတည်ရှိနိုင်ရေး"* သည် မိမိဆန္ဒအလျောက် ပြန်လည်အခြေချနေထိုင်ရေးနှင့် ပြန်လည်ပေါင်းစည်းရေး ဖြစ်ပေါ်လာရန်အတွက် အရေးကြီးသည့် အစိတ်အပိုင်းတစ်ခုအဖြစ် ဖော်ပြထားသည်။[143] KHRG မှ မေးခွန်းဖြေကြားသူများအား ၎င်းတို့အနေဖြင့် ယာယီဒုက္ခသည်စခန်းများတွင် နေထိုင်စဉ်ကာလအတွင်း ကြုံတွေ့ရသော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် မြန်မာပြည်အရှေ့တောင်ပိုင်းသို့ ၎င်းတို့ပြန်လာပြီးနောက်ပိုင်း ကြုံတွေ့ရသော လူအခွင့်အရေးချိုးဖောက်မှုများအတွက် တရားမျှတမှုရရှိရေးနှင့်ပတ်သက်၍ မေးမြန်းခဲ့သည်။ KHRG ကို မေးခွန်းဖြေကြားသောသူများအနေဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်ပြီး တင်ပြကြသော်လည်း ၎င်းတို့အတွက်တရားမျှတမှု မည်သို့ရယူနိုင်ကြောင်းကို သဘောပေါက်နားလည်ရန်ပင် ခက်ခဲလျက်ရှိသည်။

KHRG မှ လူတွေ့မေးမြန်းခဲ့သူအများစုက ထိုင်း-မြန်မာ နယ်စပ်ဒုက္ခသည်စခန်းများတွင် နေထိုင်စဉ်က လွတ်လပ်စွာသွားခွင့်မရှိကြောင်းပြောခဲ့ပြီး အချို့ကထိုအချက်အား ၎င်းတို့၏အခွင့်အရေးချိုးဖောက်မှုဟုပင် ဖော်ညွှန်းခဲ့သည်။ ၂၀၁၁ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ မယ်လဒုက္ခသည်စခန်းတွင်နေထိုင်သူ နော်ဥ--- အား စခန်းအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု ရှိ/မရှိ မေးမြန်းရာတွင် သူမက *"မနက်တိုင်းပဲ ဒီလိုကြေညာတယ်။ 'စခန်းအပြင်မထွက်ပါနဲ့။ စခန်းအပြင်မထွက်ဖို့ တားမြစ်ထားပါတယ်။ တကယ်လို့သင်အဖမ်းခံရရင် ထိုင်းအာဏာပိုင်တွေက အရေးယူလိမ့်မယ်။ စခန်းခေါင်းဆောင်တွေအနေနဲ့ တာဝန်ယူမှာမဟုတ်ပါ"* ဟုပြောခဲ့ပါသည်။[144] မယ်လစခန်းမှ အခြားဒုက္ခသည်တစ်ဦးကလည်း ဤသို့ထပ်လောင်းပြောကြားခဲ့သည်။ *"ဒုက္ခသည်တွေကို စခန်းအပြင်ထွက်ခွင့်မပေးဘူး။[…] တကယ်လို့ သင့်အနေနဲ့ခွင့်ပြုချက်မရှိပဲသွားရင် သင့်ကိုဖမ်းထားလိမ့်မယ်။ ပြီးတော့ ဒဏ်ငွေရိုက်မယ် ဒါမှမဟုတ် ရိက္ခာ ၂ လစာ ဖြတ်ထားလိမ့်မယ်။ ပြီးရင် ၂ ပတ် လုပ်အားပေးလုပ်ရမယ်။"*[145] သို့သော်လည်း KHRG မှ မေးခွန်းဖြေကြားသူများက စခန်းအတွင်းနေထိုင်စဉ် ကြုံတွေ့ရသော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်ပြီး ဥပဒေရေးရာအကူအညီရယူရန် ကြိုးပမ်းခြင်းအကြောင်းကို ပြောကြားခြင်းမရှိသေးပါ။

ထိုနည်းတူစွာပင် KHRG မှ လူတွေ့မေးမြန်းခဲ့သည့်၏ဒုက္ခသည်များနှင့် အခြားနေရပ်ပြန်သူများသည် ၎င်းတို့လက်ရှိပြန်လည်အခြေချနေထိုင်သည့်ဒေသတွင် ကြုံတွေ့ရသောလူ့အခွင့်အရေးချိုးဖောက်မှုများအတွက် တရား

---

141 ၂၀၁၈ ခုနှစ်တွင် Norwegian Refugee Council, Myanmar Office of Immigration, UNHCR မှ "Applying [for] Citizenship Scrutiny Card Infographic Short Film" တွင်ကြည့်ပြီး၊ ၂၀၁၉ ခုနှစ်၊ မေလ ၃၁ရက်နေ့တွင် UNHCR မှထောက်ပံ့သော "Thailand-Myanmar Cross Border Operational Portal" လူမှုကွန်ယက်စာမျက်နှာတွင် တင်ထားသော ဗီဒီယိုကိုကြည့်ပါ။

142 Source #31 တွင်ကြည့်ပါ။

143 ၂၀၀၄ ခုနှစ်တွင် UNHCR မှ "Handbook for Repatriation and Reintegration Activities" တွင်ကြည့်ပါ။

144 Source #16 တွင်ကြည့်ပါ။

145 Source #4 တွင်ကြည့်ပါ။

မျှတမှုရရှိခြင်းနှင့်ပတ်သက်ပြီး ပြောစရာအနည်းငယ်မျှသာရှိသည်။ မကြာသေးမီက နေရပ်ပြန်ခဲ့သူများအတွက် သို့မဟုတ် နေရာသစ်သို့ရွှေ့ပြောင်းနေထိုင်ခဲ့ကြသူများအတွက် နေရပ်ရွှေ့ပြောင်းခြင်းမပြုမီက နေထိုင်ခဲ့သော ဝန်းကျင်နှင့် မတူညီသောအုပ်ချုပ်မှုပုံစံများကြောင့် လက်ရှိတရားဥပဒေဆိုင်ရာ ယန္တရားများနှင့် ရင်းနှီးမှုရှိမည် မဟုတ်ပါ။ ထို့အတွက်ကြောင့် KHRG ၏ မေးခွန်းဖြစ်သည့် တရားမျှတမှုရရှိခြင်းနှင့်ပတ်သက်သည့် အကြောင်းကို မေးခွန်းဖြေကြားခဲ့သူအနည်းငယ်သာ ဖြေကြားနိုင်ခဲ့သည်။ လူတွေ့မေးမြန်းမှုများမှရရှိလာသော အချက်များအရ နေရပ်ပြန်သူများအား ထိုဒေသအတွင်းကျင့်သုံးလျက်ရှိသည့် တရားရေးစနစ်များကို နားလည်စေရန် အကူအညီ ပေးသော လုံလောက်သည့်အနေအထားရှိမရှိ မသေချာပါ။ နေရပ်ပြန်သူတစ်ဦးမှ *"ဒီမှာ ကျွန်တော်တို့ရဲ့ [KNU] ခေါင်းဆောင်တွေရှိတယ်။ ဒါက ကျွန်တော်တို့သိတဲ့ အနီးစပ်ဆုံးအဖွဲ့အစည်းပဲ။ ဒါပေမယ့် ကျွန်တော်တို့ ဘယ်မှာ သွားတိုင်ပြီး အကူအညီတောင်းရမလဲဆိုတာကိုတော့ မသိဘူး"*ဟု ထောက်ပြခဲ့သည်။[146] နေရပြန်သူများသည် ယေဘုယျအားဖြင့် လူ့အခွင့်အရေးနှင့်ပတ်သက်ပြီး ဗဟုသုတမရှိခြင်းလည်း ဖြစ်နိုင်သည်။ လူ့အခွင့်အရေးချိုး ဖောက်မှုခံရခြင်း ရှိမရှိနှင့်ပတ်သက်ပြီး မေးမြန်းခဲ့ရာတွင် IDP တစ်ဦးမှ ဤသို့ဖြေကြားခဲ့သည်။ "ကျွန်တော်တို့ လည်း မသေချာဘူး။ ဘာလို့လဲဆိုတော့ အဲ့ဒါ (လူ့အခွင့်အရေး) က ဘာအဓိပ္ပါယ်လဲဆိုတာ ကျွန်တော်တို့ မသိတာ။" [147]

နေရပ်ပြန်သူများအနေဖြင့် ၎င်းတို့နေထိုင်သည့် ဒေသအတွင်းရှိလူ့အခွင့်အရေးအခြေအနေများနှင့် ဥပဒေလမ်း ကြောင်းများကို သိရှိသော်လည်း လာဘ်စားမှုများ၊ အဂတိလိုက်စားမှုများကြောင့် တရားရေးစနစ်အား အယုံအ ကြည်မရှိပေ။ ထိုလာဘ်စားမှုများနှင့် အဂတိလိုက်စားမှုများသည် အထူးအကူအညီလိုအပ်နေသော နေရပ်ပြန်သူ များအပေါ်သို့ ကြီးမားသည့်သက်ရောက်မှုရှိစေသည်။ တောအူး (တောင်ငူခရိုင်)၊ ဒွေ့ါဖခို့ (သံတောင်ကြီးမြို့နယ်) မှ နော်ဇ--- က မြန်မာနိုင်ငံ၏ တရားရေးစနစ်အပေါ် သူမ၏အမြင်ကို KHRG အား ဤကဲ့သို့ပြောခဲ့သည်။ *"မြန်မာနိုင်ငံမှာ ပြဿနာတွေကိုဖြေရှင်းရာမှာ လူတွေဟာ တရားမျှတမှုကိုရရှိမယ်လို့ ကျွန်မမထင်ဘူး။ ဘာလို့ လဲဆိုတော့ ဒီမှာတရားမျှတမှုမရှိတာ။ ... သိတဲ့အတိုင်းဘဲ ငွေများရင်တရားနိုင်ပေ့ါ။ ကျွန်မတို့လို ဆင်းရဲတဲ့ သူတွေကတော့ ဘယ်လိုနည်းနဲ့မှ အနိုင်ရရမှာမဟုတ်ဘူး။"* [148]

ဒုက္ခသည်များနှင့် IDP များသည် မြန်မာအစိုးရ၊ KNU နှင့် KNU/KNLA-PC အပါအဝင် မတူညီသောအဖွဲ့များ၏ အုပ်ချုပ်ရာဒေသများတွင် ပြန်လည်နေထိုင်ကြရသည်။ ထို့အပြင် ဆက်လက်ဖြစ်ပေါ်နေသော တင်းမာမှုများ ကြောင့် နိုင်ငံရေးအရ ၎င်းတို့ပြန်လည်အခြေချနေထိုင်သော အချို့ဒေသများသည် မည်သူ့ထိန်းချုပ်မှုအောက် တွင်ရှိကြောင်း ရှင်းလင်းစွာသိရှိနိုင်စွမ်းမရှိသည်ကိုလည်းသတိပြုရန် အရေးကြီးသည်။ တောအူးခရိုင်သို့ နေရပ် ပြန်သူတစ်ဦး၏ပြောကြားချက်အရ တရားရေးစနစ်မတူညီသော KNU နှင့်မြန်မာအစိုးရတို့ ရောနှောအုပ်ချုပ် သည့်ဒေသတွင် တရားမျှတမှုရရှိရန်မှာ ခက်ခဲသည်ဟုဆိုသည်။ သူမအနေဖြင့် တရားမျှတမှု သို့မဟုတ် အခြား သောတိုင်ကြားရေးယန္တယားများအား လက်လှမ်းမှီခြင်းရှိမရှိနှင့်ပတ်သက်ပြီး မေးမြန်းရာတွင် သူမ ဤသို့ပြန် လည်ဖြေကြားခဲ့သည်။ *"ကျွန်မတော့ မထင်ဘူး။ ဒီနေရာက ရောနှောအုပ်ချုပ်တဲ့ နယ်မြေဖြစ်တဲ့အတွက် ခက် မယ်လို့ကျွန်မထင်တယ်။ သူတို့အချင်းချင်းကြားမှာ သဘောတူညီမှုမရနိုင်တဲ့အတွက် ဒါကခက်တယ်။"* [149] KHRG အနေဖြင့် ယခင်ကတင်ပြခဲ့ဖူးသကဲ့သို့ တောအူးခရိုင်ကဲ့သို့သော ရောနှောအုပ်ချုပ်သည့်နယ်မြေများ တွင် တရားရေးစနစ်နှစ်ခုယှဉ်တွဲရှိနေမှုကြောင့် ရွာသားများအနေဖြင့် စနစ်တစ်ခုချင်းစီကိုချဉ်းကပ်ရပြီး တစ်ခါ တစ်ရံ တစ်ဖက်ဖက်မှတာဝန်ယူပေးမည်ဟူသော မျှော်လင့်ချက်ဖြင့် စနစ်နှစ်ခုစလုံးအား တစ်ပြိုင်နက်ချဉ်းကပ် ကြရသည်။[150]

---

146 Source #27 တွင်ကြည့်ပါ။

147 Source #37 တွင်ကြည့်ပါ။

148 Source #20 တွင်ကြည့်ပါ။

149 Source #20 တွင်ကြည့်ပါ။

150 ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် KHRG မှထုတ်ဝေသော "လက်လှမ်းမမှီနိုင်သေးသောအမှန်တရားများ - မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ငြိမ်းချမ်းရေး၊ တရားမျှတမှုနှင့် တာဝန်ယူမှုတာဝန်ခံမှုအပေါ် ဒေသခံများ၏အမြင်သဘောထားများ" တွင်ကြည့်ပါ။

တရားမျှတမှု ရရှိခြင်းနှင့်ပတ်သက်၍ ဆွေးနွေးချက်များပြုလုပ်ရာတွင် နေရပ်ပြန်သူများ လက်ရှိခံစားနေရသော အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခက်အခဲများကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ နေရပ်ပြန်သူများ အနေဖြင့် ၎င်းတို့ဒေသအတွင်း ပြန်လည်နေထိုင်ခဲ့သည့်အချိန်မှစ၍ ပြန်လည်နေရာချထားရေးဆိုင်ရာ ထောက်ပံ့မှုနည်းပါးကြောင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းနှင့် မြေယာလုပ်ပိုင်ခွင့်များမရှိကြောင်း မေးခွန်းဖြေကြားခဲ့သူအများစုက ဖော်ပြခဲ့ကြသည်။ ထိုသို့သောအခက်အခဲများကို KHRG သတင်းမှတ်တမ်းပြုစုသူများအား ပြန်လည်ပြောပြရာတွင် ၎င်းတို့ကြုံတွေ့ရသောအခြေအနေများကို ပြန်လည်နေရာချထားရေးလုပ်ငန်းတွင် ကူညီခဲ့သည့်အဖွဲ့များထံသို့ တင်ပြလိုသော်လည်း တင်ပြနိုင်မည့်နည်းလမ်းမရှိကြောင်းကိုလည်း ဖော်ပြခဲ့ကြသည်။ အချို့သောအခြေအနေများတွင် ၎င်းတို့၏ပြဿနာများအား ဒေသခံခေါင်းဆောင်များထံသို့ တင်ပြသော်လည်း အကျိုးသက်ရောက်မှုမရှိပေ။ လေးဖါထောသို့ပြန်လည်နေထိုင်ကြသော နေရပ်ပြန်သူများအား ကူညီခဲ့သူတစ်ဦးမှ *"ဟုတ်တယ်။ ကျွန်တော်တို့ ဒီကိစ္စနဲ့ပတ်သက်ပြီး [ခေါင်းဆောင်တွေကို] အမြဲတင်ပြတယ်။ ဆေးရုံဆောက်ဖို့၊ မူကြိုနဲ့ကျောင်းတွေဆောက်ဖို့ အစည်းအဝေးရှိတိုင်း ကျွန်တော်တို့တင်ပြတယ်။ ခေါင်းဆောင်တွေအနေနဲ့ ဒေသအခြေအနေကိုရှာဖွေဖော်ထုတ်သင့်တယ်။"* [151] နေရပ်ပြန်သူများ၏ အခြေခံလိုအပ်ချက်များဖြစ်သော အစားအသောက်၊ အလုပ်အကိုင်၊ ကျန်းမာရေးနဲ့ပညာရေးအတွက် လိုအပ်ချက်များမှာ ပြည့်မီခြင်းမရှိသေးပေ။ ဤသို့သောအခြေအနေတွင်ပင် ၎င်းတို့၏အသံအား ထုတ်ဖော်ပြောဆိုရန် ခက်ခဲသည်။

## (ဂ) ရွေးကောက်ပွဲ

မဲပေးခွင့်နှင့် ရွေးကောက်ပွဲများတွင်ပါဝင်ခွင့်သည် နိုင်ငံသားဖြစ်ခြင်း၏ အဓိကအချက်တစ်ချက်ဖြစ်သည့်အတွက် ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ပေါင်းစည်းရေးလုပ်ငန်းစဉ်များတွင် ဖြည့်ဆည်းပေးရန်လိုအပ်ကြောင်း UNHCR မှ ထုတ်ပြန်ထားပါသည်။[152] ငြိမ်းချမ်းရေးဖြစ်စဉ်အား ဗဟိုပြု၍ နေရပ်ပြန်သူများအနေဖြင့် ၎င်းတို့၏ မူလနိုင်ငံသို့ရောက်သည့်အခါ မဲပေးခွင့်ရပါက ၎င်းတို့၏ကိုယ်ပိုင်အခွင့်အရေးများအား အကာအကွယ်ပေးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် နေရပ်ပြန်သူမှ တန်းတူအမည်စာရင်းသွင်းခွင့်နှင့် မဲပေးနိုင်ခွင့်ရရန် သေချာစွာစောင့်ကြပ်စစ်ဆေးရန် လိုအပ်သည်။ UNHCR ၏ ၂၀၀၄ ခုနှစ် ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ပေါင်းစည်းရေး လမ်းညွှန်စာအုပ်တွင် *"မိမိဆန္ဒအလျောက် နေရပ်ပြန်ခြင်းအား ကူညီဆောင်ရွက်ပေးသည့်အခါ ပြင်ဆင်ထားသင့်သည့်လုပ်ငန်းစဉ်များတွင် ဒုက္ခသည်များအား ၎င်းတို့၏မူလနိုင်ငံသို့ မည်သည့်အချိန်တွင် မည်သို့ပြန်မည်ကို [ရွေးကောက်ပွဲအချိန်ကာလနှင့်ပတ်သက်ပြီး အထူးထည့်သွင်းစဉ်းစားရန် လိုအပ်သည်။] ဆုံးဖြတ်နိုင်ရန်အတွက် သတင်းအချက်အလက်များ ဖြန့်ဖြူးပေးရပါမည်။ သတင်းအချက်အလက်များအား မျှဝေသည့်အခါတွင်လည်း မတူညီသည့်အဖွဲ့ များ (ဥပမာ။ ။ကလေးသူငယ်၊ လူငယ်နှင့်အမျိုးသမီး)အတွက် ထည့်သွင်းစဉ်းစားပေးရမည်။ သတင်းအချက်အလက်များသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ၎င်း၏အကျိုးသက်ရောက်မှုများ (ဥပမာ-လုံခြုံရေးအခြေအနေ၊ ရွေးကောက်ပွဲနှင့် တရားစီရင်ရေးအဖွဲ့များ ကောင်းမွန်စွာအလုပ်လုပ်ဆောင်မှုရှိမရှိ) စသည့်အကြောင်းအရာများ ပါရှိရပါမည်။"* ဟူ၍ အသေးစိတ်ဖော်ပြထားသည်။ [153]

မြန်မာနိုင်ငံသည် ၂၀၂၀ ခုနှစ်နှောင်းပိုင်းတွင် ရွေးကောက်ပွဲကျင်းပရမည်ဖြစ်သော်လည်း KHRG ၏ လူတွေ့မေးမြန်းမှုများအရ နေရပ်ပြန်သူများသည် ရွေးကောက်ပွဲ၊ မဲပေးခြင်းအကြောင်းအရာနှင့်ပတ်သက်၍ သတင်းအချက်အလက်ရရှိမှုမှာ အင်မတန်နည်းပါးသည်။ အမှန်စင်စစ်၊ KHRG မှ မေးခွန်းဖြေကြားခဲ့သူအများစုမှာ ရွေးကောက်ပွဲသို့မဟုတ် မဲပေးခြင်းများနှင့်ပတ်သက်၍ တစ်စုံတစ်ရာသိရှိခြင်း မရှိပေ။ ခလယ်လွိဳထူခရိုင်တွင် နေထိုင်သော IDP များသည် ၎င်းတို့၏ကျေးရွာအတွင်း ကြေညာချက်များနှင့်နိုင်ငံရေးပါတီများ၏မဲဆွယ်စည်းရုံးမှုများကြောင့်သာ ရွေးကောက်ပွဲနှင့်ပတ်သက်သည့်အကြောင်းကို ကြားသိရသည်။ သို့သော် နေရပ်ပြန်သူများသည် (UNHCR

[151] Source #28 တွင်ကြည့်ပါ။

[152] ၁၉၉၆ ခုနှစ်တွင် UNHCR မှထုတ်ဝေသော "Handbook. Voluntary Repatriation: International Protection" တွင်ကြည့်ပါ။

[153] UNHCR မှ ၂၀၀၄ ခုနှစ်တွင် ထုတ်ဝေထားသော "Handbook for Repatriation and Reintegration Activities" တွင်ကြည့်ပါ။

၏အစီအစဉ်ဖြင့် ပြန်သူများအပါအဝင်) ၎င်းတို့အနေဖြင့် ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး တစ်စုံတစ်ရာ မသိရှိခဲ့ကြောင်း ဖော်ပြခဲ့ကြသည်။ မေးခွန်းဖြေကြားသူတစ်ဦးမှ KHRG သတင်းမှတ်တမ်းပြုစုသူတစ်ဦးအား ရွေးကောက်ပွဲနှင့်ပတ်သက်၍ သတင်းအချက်အလက် ပေးနိုင်ခြင်းရှိမရှိကို မေးမြန်းခဲ့သည်။ *"ကျွန်မဘယ်ပါတီကို မဲပေးရမလဲ မသိဘူး။ ကျွန်မကို အဲ့ဒါနဲ့ပတ်သက်ပြီး ပြောပြလို့ရမလား။ ကျွန်မဒါနဲ့ပတ်သက်ပြီးတော့ဘာမှနားမလည်ဘူး။"* [154] အခြားသော KHRG သတင်းမှတ်တမ်းပြုစုသူသည်လည်း ဤသို့မေးမြန်းခြင်းခံရသည်။ *"မဲပေးဖို့အတွက် ဘယ်မှာနာမည်စာရင်းသွင်းရမလဲမသိဘူး။ မြို့ထဲမှာလား။"* [155]

ထိုသို့ သတင်းအချက်အလက်များ မရရှိသည့်အတွက် နေရပ်ပြန်သူအများစုမှာ ၎င်းတို့အနေဖြင့် မဲပေးရန်အခွင့်အရေးရှိမရှိနှင့် နေရပ်ပြန်သူတစ်ဦးအနေဖြင့် ၎င်းတို့၏အသံကို အသိအမှတ်ပြုခြင်းရှိမရှိကိုပင် သေချာမှုမရှိပေ။ အီးတူထာ IDP စခန်းတွင်နေထိုင်ခဲ့ပြီး တောအူးခရိုင်၊ ကလေခီးရွာသို့ ပြန်လည်နေထိုင်ခဲ့သော နော်ဇ--- က *"ကျွန်မတို့က သာမန်ရွာသားတွေပဲဆိုတော့ လွယ်မှာမဟုတ်ဘူး။ ကျွန်မတို့ မဲသွားပေးဖို့ အိမ်မက်မက်ခဲ့ရင်တောင် အဲ့လိုလုပ်ဖို့ အခွင့်အရေးရှိမှာမဟုတ်ဘူး။"* [156] သူမအနေဖြင့် အဘယ်ကြောင့် ထိုသို့ပြောရသည့်အကြောင်းရင်းကို မေးသည့်အခါတွင် သူမက ဤသို့ထပ်လောင်းပြောခဲ့သည်။ *"ဘာလို့လဲဆိုတော့ ကျွန်မတို့က ရိုးရိုးသာမန်ရွာသားတွေပဲဆိုတော့ သူတို့က [မြန်မာအစိုးရ] ကျွန်မတို့ကို အသိအမှတ်ပြု တန်ဖိုးထားမှာမဟုတ်ဘူး"* [157] မယ်ရာမိုစခန်းမှ ခလယ်မူဂါးကျေးရွာသို့ ပြန်လည်နေထိုင်သော နော်ဇ--- ကလည်း ထိုအချက်ကို ထပ်မံပြောခဲ့သည်။ *"ကျွန်မတို့ မဲပေးမယ်ဆိုရင်တောင်မှ သူတို့ကကျွန်မတို့ကို ခွင့်ပေးမှာလား။ သူတို့ ကျွန်မတို့ကို မဲပေးဖို့ခေါ်ပဲ့မလား၊ ပြောပြပဲ့မလားတောင် မသေချာဘူး။"* [158]

၎င်းတို့အနေဖြင့် မဲပေးနိုင်ရန်အတွက် မြန်မာနိုင်ငံသားဖြစ်ကြောင်း ဖော်ပြနိုင်ရမည်ဖြစ်ပြီး လိုအပ်သည့်စာရွက်စာတမ်းများ (နိုင်ငံသားစိစစ်ရေးကဒ်ပြား) ရှိမှုအပေါ်တွင် မူတည်ပါသည်။ ထိုစာရွက်စာတမ်းများ ရရန်အတွက်လည်း နေရပ်ပြန်သူအများစုအနေဖြင့် အခက်အခဲကြုံရလျက်ရှိသည်။ KHRG မှ မေးခွန်းဖြေကြားခဲ့သူအများစုက ၎င်းတို့အနေဖြင့် မြန်မာအစိုးရ၏ မှတ်ပုံတင်မရှိသည့်အတွက် မဲထည့်နိုင်မည်မဟုတ်ကြောင်း ဖော်ပြခဲ့ကြသည်။ မဲထည့်သည့် နေရာ(မြို့)သို့ သွားလာရန်မှာလည်း ၎င်းတို့အတွက် အဟန့်အတားတစ်ခုဖြစ်သည်။ *"ကျွန်တော်ကတော့ ဖြစ်မယ်မထင်ဘူး။ ကျွန်တော်သွားလည်း မသွားချင်ဘူး။ မြို့ထဲကိုလည်း မသွားတတ်ဘူး။"* [159] အချို့သောသူများက အတန်းပညာနှင့် စာတတ်မြောက်ခြင်းသည်လည်း မဲပေးနိုင်ရန်အတွက် လိုအပ်ချက်တစ်ခုအဖြစ် တင်ပြခဲ့ကြသည်။ မယ်လတာလော်သောသို့ ပြန်လည်နေထိုင်သော နော်အ--- က *"ကျွန်မက စာမတတ်ဘူး။ အဲ့ဒါကြောင့် တခြားဗဟုသုတရှိတဲ့ [ဒေသခံ ခေါင်းဆောင်] သူတွေအပေါ်မှာပဲ မူတည်တယ်။ သူတို့က ကျွန်မကို နာမည်စာရင်းသွင်းခိုင်းလို့ တခြားလူတွေကလည်းလုပ်မယ်ဆိုရင် ကျွန်မလုပ်မယ်။ အဲ့လိုမှမဟုတ်ရင် ကျွန်မလည်းမလုပ်ဘူး။"* [160] ၎င်းတို့၏ နေ့စဉ်အသက်ရှင်သန်ရေးအတွက် ရုန်းကန်နေရခြင်းသည်လည်း အချို့သူများအတွက် နိုင်ငံရေးတွင်ပါဝင်ရန် အဟန့်အတားတစ်ခုအဖြစ်ရှိသည်။ မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်သို့ ပြန်လည်နေထိုင်ခဲ့သော ဦးအ--- က သူ့အနေဖြင့် ရွေးကောက်ပွဲနှင့်ပတ်သက်၍ သိရှိနားလည်မှုမရှိကြောင်း ရှင်းပြခဲ့သည်။ *"အိမ်က ကလေးတွေကို ကြည့်နေရတာနဲ့ အလုပ်များနေတော့ ကျွန်တော်က ဘယ်သတင်းမှ နားမထောင်ဖြစ်ဘူး။ သူတို့လုပ်မယ့် လုပ်ငန်းစဉ်တွေနဲ့ပတ်သက်ပြီးတော့လည်း ကျွန်တော် ဘာတစ်ခုမှနားမလည်ဘူး။"* [161]

မေးခွန်းဖြေကြားသူအများစုသည် မဲပေးခွင့်ရှိသူနှင့် မဲပေးခွင့်မရှိသူများပါဝင်ကြသလို မဲပေးခွင့်ရှိမရှိ သေချာစွာသိရှိနားလည်မှုမရှိသော သူများလည်းပါဝင်ပါသည်။ သို့သော်၎င်းတို့သည် ရွေးကောက်ပွဲနှင့်ပတ်သက်၍ စိတ်ဝင်

154 Source #11 တွင်ကြည့်ပါ။

155 Source #3 တွင်ကြည့်ပါ။

156 Source #23 တွင်ကြည့်ပါ။

157 Source #23 တွင်ကြည့်ပါ။

158 Source #20 တွင်ကြည့်ပါ။

159 Source #3 တွင်ကြည့်ပါ။

160 Source #1 တွင်ကြည့်ပါ။

161 Source #4 တွင်ကြည့်ပါ။

စားမှု ရှိပုံမပေါ်ချေ။ မြိတ်-ထားဝယ်ခရိုင်၊ တနောသရီး (တနင်္သာရီ) မြို့နယ်ရှိ လက်ရှိနေရပ်ရွှေ့ပြောင်းနေထိုင်ရာ ဒေသအသစ်ဖြစ်သည့် အပ--- စခန်းမှ စောဝ--- က *"လူအများကြီး မဲမပေးခဲ့ပါဘူး။ မြန်မာအစိုးရရဲ့ဝန်ထမ်းတွေက ဒီကိုလာပြီးတော့ ကျွန်တော်တို့အတွက်မှတ်ပုံတင်တွေ လုပ်ပေးတယ်။ ပြီးတော့ ဒီမှာရှိတဲ့လူဦးရေနံ့ပါတ်ကောက်သွားတယ်။ တကယ်တော့ မြန်မာအစိုးရဆီက မှတ်ပုံတင်ရထားတဲ့ဘယ်သူမဆို လွတ်လွတ်လပ်လပ် မဲပေးခွင့်ရှိပေမယ့် ကျွန်တော်တို့မပေးဘူး။"*[162] ထိုနေရာသို့ နိုင်ငံရေးပါတီများက မဲဆွယ်စည်းရုံးရန် ရောက်ရှိကြသော်လည်း ဒေသခံများမှာ ရွေးကောက်ပွဲအပေါ် စိတ်ဝင်စားမှုမရှိပေ။ ကလော်ထောတွင် ၁၇ နှစ်ခန့်နေခဲ့ပြီး ကော်လားကျေးရွာသို့ ပြန်လည်ရွှေ့ပြောင်းနေထိုင်ခဲ့သည့် နော် အခ--- က *"သူတို့တွေ ဒေသထဲကိုလာပြီးရွေးကောက်ပွဲအတွက်ရှင်းပြရင်တောင်မှ ရွာသားအများစုကတော့ သူတို့[နိုင်ငံရေးပါတီများ]နဲ့ ပူးပေါင်းဖို့ စိတ်အားထက်သန်ပုံမပေါ်ဘူး။"* [163] ဟု ရှင်းပြခဲ့သည်။ ကိုနီးကျေးရွာသို့ ပြန်လည်နေထိုင်သော IDP တစ်ဦးက ၎င်းတို့၏မဲရွေးချယ်ခွင့်များသည် တိုင်းရင်းသားလူနည်းစုများအား ဆက်လက်ဖယ်ကျဉ်ထားသော နိုင်ငံရေးအခြေအနေများနှင့် ၎င်းတို့၏စိုးရိမ်ပူပန်သောကိစ္စရပ်များကြောင့် အကန့်အသတ်များရှိနေကြောင်း တင်ပြခဲ့သည်။ *"ကျွန်တော်တို့တွေ ဘယ်သူ့ကိုမဲပေးရမလဲ။ တပ်မတော်နဲ့ မြန်မာအစိုးရရဲ့ မကောင်းတဲ့လုပ်ရပ်တွေကို ကျွန်တော်တို့တွေ ခံစားခဲ့ရပြီးပြီ။"* ထို့နောက်တွင်သူက အသေအချာပြောခဲ့သည်မှာ *"ကျွန်တော်တို့ကတော့ တိုင်းရင်းသားခေါင်းဆောင်တွေကိုပဲ မဲပေးမယ်။"* [164]

UNHCR အနေဖြင့် မဲဆန္ဒရှင်အဖြစ်မှတ်ပုံတင်နိုင်ရန်နှင့် မဲပေးနိုင်ရန်အတွက် လိုအပ်ချက်များကိုသာ ဆောင်ရွက်ရန်မဟုတ်ပဲ မဲပေးခြင်းနှင့်ပတ်သက်၍ အသိပညာပေးခြင်းများလည်းလိုအပ်ကြောင်း အလေးထားပြောခဲ့သည်။ ထိုသို့အသိပညာပေးခြင်းများမရှိပါက မဲပေးရာတွင်ပါဝင်ခြင်းသည် နေရပ်ပြန်သူများနှင့် အခြားရွာသားများအတွက် စိန်ခေါ်မှုများဖြစ်စေနိုင်သည်။

## (ဃ) ဒေသတွင်းဆုံးဖြတ်ချက်ချခြင်း

ဒေသတွင်း ဆုံးဖြတ်ချက်ချမှတ်မှုများတွင် ပါဝင်ခြင်းသည် ပြန်လည်ပေါင်းစည်းရေးလုပ်ငန်းစဉ်အတွက် အရေးကြီးပြီး နိုင်ငံသားအခွင့်အရေး၏ တစ်စိတ်တစ်ပိုင်းတစ်ခုဖြစ်သည်။ ဥပမာ မဲပေးခြင်းကဲ့သို့ပင် ဒေသတွင်းဆုံးဖြတ်ချက်ချခြင်းများတွင် နေရပ်ပြန်သူများ (ဒုက္ခသည်ဖြစ်စေ၊ IDP များဖြစ်စေ) ပါဝင်လာရန်အတွက် သေချာအောင်ဆောင်ရွက်ရမည်။ ထိုသို့ပြုလုပ်ရခြင်း၏ရည်ရွယ်ချက်သည် နေရပ်ပြန်သူများအနေဖြင့် ၎င်းတို့၏ဘဝများအပေါ်သက်ရောက်မှုရှိသည့် လူမှုဝန်းကျင်အဆင့်တိုင်းတွင် ၎င်းတို့၏အသံကို ထည့်သွင်းဖော်ပြနိုင်စေရန်ဖြစ်သည်။ နေရပ်ပြန်များအား ဒေသတွင်း ဆုံးဖြတ်ချက်ချခြင်းများနှင့်ပတ်သက်ပြီး တွေ့ဆုံမေးမြန်းမှုပြုလုပ်ရာတွင် KHRG အနေဖြင့် သတင်းအချက်အလက်များစွာ မရခဲ့ပေ။ ရရှိလာသည့် တစ်ခုတည်းသောအချက်မှာ ဆုံးဖြတ်ချက်ချမှုနှင့်ပတ်သက်၍ အမျိုးသားနှင့်အမျိုးသမီးများအကြား ပါဝင်မှုနှင့်ပါဝင်နိုင်ခွင့်များ ကွဲပြားမှုများရှိကြောင်း တွေ့ရှိခဲ့ရသည်။

မေးခွန်းများအားဖြေကြားခဲ့သော အမျိုးသမီးအချို့သည် ပညာမတတ်ခြင်းအား အကြောင်းပြချက်တစ်ခုအဖြစ်ဖော်ပြခဲ့ပြီး ၎င်းတို့အနေဖြင့် ဒေသတွင်းဆုံးဖြတ်ချက် ချမှတ်သည့်ကိစ္စရပ်များတွင် ပါဝင်လေ့မရှိကြောင်း ပြောကြားခဲ့သည်။ တောအူးခရိုင်၊ ဒွေ့ဖရိုမြို့နယ်သို့ပြန်လည်နေထိုင်သောအမျိုးသမီးတစ်ဦးက ဤသို့ ရှင်းပြခဲ့သည်။ *"ခုခေတ်က ပညာတတ်တဲ့လူတွေပဲ အစည်းအဝေးတွေတက်ကြတော့ ကျွန်မအနေနဲ့ အဲ့ဒီလိုအစည်းအဝေးတွေတက်ဖို့ အရည်အချင်းမမီဘူးလို့ ခံစားရတယ်။ ကျွန်မတို့တွေ ပညာမတတ်တဲ့အတွက် ပါဝင်လို့မရဘူးလို့ ကျွန်မထင်တယ်။"*[165] ဒေသတွင်း ဆုံးဖြတ်ချက်ချမှတ်ခြင်းများတွင် ပါဝင်ခြင်းနှင့်ပတ်သက်၍ KHRG လက်ခံရရှိသော

[162] Source #29 တွင်ကြည့်ပါ။
[163] Source #26 တွင်ကြည့်ပါ။
[164] Source #11 တွင်ကြည့်ပါ။
[165] Source #20 တွင်ကြည့်ပါ။

သတင်းအချက်အလက်များမှာ ပြည့်စုံမှုမရှိသော်လည်း တွေ့ဆုံမေးမြန်းမှုများအရ ပညာမတတ်သည့်အတွက် ဆုံးဖြတ်ချက်ချရာတွင် ပါဝင်နိုင်ခြင်းမရှိကြောင်း အမျိုးသမီးများကသာလျှင် ဖော်ပြခဲ့သည်။

အမျိုးသားများထံမှ ပြန်လည်ဖြေကြားမှု အနည်းငယ်ရရှိသော်လည်း တွေ့ဆုံမေးမြန်းမှုများမှ တွေ့ရှိသည့်အချက်မှာ ကျေးရွာအဆင့်ဖြစ်စေ၊ မြို့နယ်အဆင့်ဖြစ်စေ အုပ်ချုပ်ရေးရာထူးများအား အမျိုးသားများသာ ရယူထားသည်ကို တွေ့နိုင်သည်။ သတင်းအချက်အလက်များအရ အချို့သောကျေးရွာများတွင် KWO နှင့် KNU/KNLA-PC မှဖွဲ့စည်းထားသော အမျိုးသမီးကော်မတီ စသည့်အဖွဲ့အစည်းများရှိပါသည်။ ကျေးရွာများတွင် ဆုံးဖြတ်ချက်ချမှုများပြုလုပ်သည့်အခါ ထိုအမျိုးသမီးအဖွဲ့အစည်းများအနေဖြင့် မည်သည့်အခြေအနေအထိ ပါဝင်နိုင်မှုနှင့် နိုင်ငံရေးအရလွှမ်းမိုးမှုများ မည်မျှရှိကြောင်းကိုမူတည်၍ လုပ်ဆောင်နိုင်မည်ဖြစ်သည်။ အမျိုးသမီးများအနေဖြင့် ကျေးရွာ၏အုပ်ချုပ်ရေးနှင့် ခေါင်းဆောင်မှုအပိုင်းတွင် တာဝန်ယူထားခြင်းရှိမရှိနှင့်ပတ်သက်ပြီး မေးမြန်းရာတွင် မယ်လတာလော်သောတွင်နေထိုင်သော နေရပ်ပြန်သူအမျိုးသမီးတစ်ဦးမှ *"မရှိဘူး။ ကျွန်မတို့တွေ ပြောတာကို လူတွေက ထည့်သွင်းစဉ်းစားပဲ့မလားမသိဘူး။ ကျွန်မတို့တွေကလည်း ကိုယ့်ရဲ့အတွေးအမြင်တွေကို ထုတ်ဖော်ပြောပြလို့မရဲဘူး။"*[166] ဟူ၍လည်း ပြောခဲ့သည်။ သို့သော် KHRG မှ ယခင်က ထုတ်ဝေခဲ့သည့်အစီရင်ခံစာများအရ တိုက်ပွဲများဖြစ်ပွားခဲ့သည့်ကာလအတွင်း ကျေးရွာအစည်းအဝေးများတွင် အမျိုးသမီးများပါဝင်မှုရှိခဲ့ပြီး ခေါင်းဆောင်မှုပိုင်းတွင်မှာလည်း နေရာယူမှုမြင့်မားခဲ့ဖူးသည်။ အမျိုးသားအများစုမှာ ပဋိပက္ခကာလအတွင်း ထွက်ပြေးတိမ်းရှောင်ရပြီး အချို့မှာလည်း ရှေ့တန်းတွင်တိုက်ပွဲဝင်နေရသောကြောင့် လူလတ်ပိုင်းအရွယ်ရှိ အမျိုးသမီးများနှင့် အသက်ကြီးသောအမျိုးသမီးများမှာ ရာထူးကြီးတာဝန်များကို တာဝန်ယူထမ်းဆောင်ခဲ့ကြရသည်။ ပစ်ခတ်ရပ်စဲရေးပြုလုပ်ပြီးနောက်ပိုင်းတွင် ထိုရာထူးများအား အမျိုးသားများမှပြန်လည်ထမ်းဆောင်ခဲ့ပုံပေါ်သည်။[167]

## (င) နေရပ်ပြန်သူများအား ခွဲခြားဆက်ဆံခြင်း

UNHCR ၏ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ပေါင်းစည်းရေး လုပ်ငန်းလမ်းညွှန်အရ *"နေရပ်ရွှေ့ပြောင်းနေထိုင်သူများနှင့် ဒေသခံလူထုအကြား ပြန်လည်သင့်မြတ်ရေးနှင့် တန်းတူညီမျှမှုရှိရေး"* သည် အဓိကကျသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။[168] ခွဲခြားဆက်ဆံခြင်းသည် ပြန်လည်နေထိုင်ရေးလုပ်ငန်းစဉ်တွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးများအား အပြည့်အဝခံယူကျင့်သုံးနိုင်ခွင့်ကို သက်ရောက်မှုကြီးကြီးမားမားရှိစေနိုင်သည့်အတွက် ထိုသို့ခွဲခြားဆက်ဆံခြင်းနှင့်ပတ်သက်သော ကိစ္စရပ်များကို စောင့်ကြည့်စစ်ဆေးရန် အရေးကြီးသည်။ ခွဲခြားဆက်ဆံခြင်း၊ အတူယှဉ်တွဲနေထိုင်ခြင်းများနှင့်ပတ်သက်၍ ပြန်လည်နေရာချထားရေးလမ်းညွှန်ချက်မှ ဖော်ပြထားသည်မှာ ယေဘုယျအားဖြင့် တိုင်းရင်းသားလူနည်းစုများနှင့် ပို၍သက်ဆိုင်မှုရှိသည်ဟု ဆိုပါသည်။ အကြောင်းမှာ ၎င်းတို့သည် ခွဲခြားဆက်ဆံခံရခြင်းနှင့် အကြမ်းဖက်ခံရခြင်း ပိုမိုရင်ဆိုင်ကြုံတွေ့ရသောကြောင့် ဖြစ်သည်။ ဤအချက်နှစ်ချက်သည် ကနဦးနေရပ်ရွှေ့ပြောင်းနေထိုင်သည့်အခါနှင့် ပဋိပက္ခအလွန်ကာလများတွင် ကွဲပြားသောတိုင်းရင်းသားမျိုးနွယ်စုများအကြား မယုံကြည်မှုများရှိနိုင်ကြောင်း အဆိုပါလမ်းညွှန်ချက်က ညွှန်းဆိုထားပါသည်။ တိုက်ပွဲများ အချိန်ကြာမြင့်စွာဖြစ်ပွားသည့်အခါ နေရပ်ရွှေ့ပြောင်းနေထိုင်မှုသည် ဆယ်စုနှစ်များအထိကြာရှည်လေ့ရှိသည်။ ဤအခြေအနေတွင် ခွဲခြားဆက်ဆံခြင်းသည် နေရပ်ပြန်သူများနှင့် နေရပ်ရွှေ့ပြောင်းနေထိုင်ခြင်းမရှိသည့် ဒေသခံရွာသားများအကြား တင်းမာမှုများဖြစ်ပေါ်စေနိုင်သည်။ သို့သော် ဤတင်းမာမှုသည် လူမျိုးတစ်မျိုးနှင့်တစ်မျိုးကြား ခွဲခြားဆက်ဆံခြင်းမျိုးနှင့် မသက်ဆိုင်ပါ။

---

166 Source #1 တွင်ကြည့်ပါ။

167 KHRG မှ ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလတွင်ထုတ်ဝေထားသော "Dignity in the Shadow of Oppression: The Abuse and Agency of Karen Women under Militarisation" နှင့် ၂၀၁၆ ခုနှစ်၊ ဇွန်လတွင်ထုတ်ဝေထားသော "မျက်ကွယ်ပြုခံရသောအခွင့်အရေးနှင့် ရုန်းကန်မှုများ - မြန်မာပြည်အရှေ့တောင်ပိုင်းရှိ အမျိုးသမီးများ၏သက်သေခံချက်များ" တွင်ကြည့်ပါ။

168 Source #8 တွင်ကြည့်ပါ။

ယေဘုယျအားဖြင့် ခွဲခြားဆက်ဆံခံရခြင်းအတွေ့အကြုံနှင့်ခွဲခြားဆက်ဆံခံရခြင်းအပေါ် သတိပြုမိခြင်းရှိမရှိကို KHRG မှ တိုက်ရိုက်မေးမြန်းသော်လည်း မေးခွန်းဖြေကြားသူများသည် ခွဲခြားဆက်ဆံရေးနှင့်ပတ်သက်သည့် ပြဿနာများအား ဆွေးနွေးထားခြင်းမရှိပါ။ နို့ရှဲတွင်နေထိုင်သော IDP တစ်ဦးကသာလျှင် ခွဲခြားဆက်ဆံခံရခြင်းအတွေ့အကြုံအား ဖော်ပြခဲ့သည်။ ထိုခွဲခြားဆက်ဆံမှုသည် နေရပ်ပြန်တစ်ဦးဖြစ်နေခြင်းနှင့် သက်ဆိုင်သည်။ *"ဟုတ်တယ်။ တချို့ လူတွေက ကျွန်တော်တို့ကို အထင်လွဲကြတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့တွေ အနေနဲ့ နေရင်းကျေးရွာကိုပြန်လာပေမယ့် IDP စခန်းက အိမ်ကိုလည်းမဖျက်ရသေးဘူး။ ကျွန်တော်တို့ ဒီလိုလုပ်ရတဲ့အကြောင်းက ကျွန်တော်တို့ရဲ့ အခြေအနေတွေက မတည်ငြိမ်သေးဘူးလေ။ ကျွန်တော်တို့တွေ အခုမှရွာမှာပြန်လာပြီး အုတ်မြစ်ချတုန်းပဲရှိသေးတယ်။ တချို့ လူတွေက ကျွန်တော်တို့ကို လောဘကြီးတယ်လို့ထင်ပြီး စောဒကတက်ကြတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ KNU ကို ကျွန်တော်တို့ ဘက်ကရပ်တည်ပေးစေချင်တယ်။"*[169] မေးခွန်းများမေးမြန်းနေစဉ်တွင် ဒေသခံရွာသားများနှင့် နေရပ်ပြန်သူများအကြား အလားတူတင်းမာမှုရှိကြောင်း မှတ်ချက်များလည်းထွက်ပေါ်လာခဲ့သည်။ လေးဖါထောမှ မေးခွန်းဖြေကြားသူတစ်ဦးက ၎င်း၏ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်ပတ်သက်၍ ပြောခဲ့သည်မှာ *"ဒုက္ခသည်ကပြန်လာတဲ့လူတွေ လေးဖါထောရွာကို ထိန်းချုပ်တာတွေမရှိအောင် သူကကြိုးစားလုပ်တယ်။"*[170] KHRG မှ အောက်တွင်ဖော်ပြထားသည့် နောက်ထပ်အသေးစိတ်အချက်အလက်များရရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်။[171]

လေးဖါထောသည် ဒုက္ခသည်နှင့် IDP များအတွက် ပြန်လည်နေရာချထားရေး နေရာတစ်ခုဖြစ်ပြီး KNU မှ လှူဒါန်းထားသည့် မြေယာပေါ်တွင် နိပွန်ဖောင်ဒေးရှင်း၏အကူအညီဖြင့် ၂၀၁၇ ခုနှစ်က တည်ဆောက်ထားခြင်းဖြစ်သည်။ ထိုပြန်လည်နေရာချထားရေးနေရာတွင် အိမ်ခြေ ၃၀၀ ရှိပြီး ဒေသခံကရင်လူမျိုးများနေထိုင်သည့် ကျေးရွာဟောင်းအနီးအနားတွင် တည်ဆောက်ထားခြင်းဖြစ်သည်။ မေးခွန်းဖြေကြားသူများ၏ ပြောကြားချက်အရ ပြန်လည်နေရာချထားရေးနေရာသစ်တွင် လာရောက်နေထိုင်ကြသူအများစုမှာ ကရင်လူမျိုးများဖြစ်သော်လည်း အခြားလူမျိုးစု ၇ မျိုးမှ နေရပ်ပြန်သူများသည်လည်း ထိုနေရာတွင် နေထိုင်ကြသည်။ *"ဒီမှာက ရှမ်း၊ မွန်၊ ဗမာ၊ ထားဝယ်နဲ့ ရခိုင်တိုင်းရင်းသားတွေရှိတယ်။ မူစလင်လူမျိုးတော့မရှိဘူး။"*[172] ပြန်လည်နေရာချထားရေးနေရာတွင် လူမျိုးစုမတူညီမှုများကြောင့် ပြဿနာများမရှိသော်လည်း ကျေးရွာဟောင်းမှဒေသခံများနှင့် အိမ်ခြေ ၃၀၀ ရာရှိသည့် နေရာမှ *"လူသစ်များ"*(နေရပ်ပြန် ဒုက္ခသည်နှင့် IDP များ) အကြားတွင် တင်းမာမှုများရှိသည်။ ထိုဒေသ၏ မူလနေထိုင်ကြသူများသာလျှင် ကျေးရွာဟောင်းတွင်နေထိုင်ခွင့်ရှိပြီး ထိုသူများက နေရပ်ပြန်များနှင့် ဆက်ဆံမှုပြုလုပ်လေ့မရှိပေ။ အထူးသဖြင့် အခြားတိုင်းရင်းသားများဖြစ်သည့် နေရပ်ပြန်သူများနှင့် အဆက်အဆံပြုလုပ်လေ့မရှိသကဲ့သို့ နေရပ်ပြန်သည့် ကရင်လူမျိုးများနှင့်လည်း ဆက်ဆံခြင်းမရှိပေ။

တင်းမာမှုများနှင့် ခွဲခြားဆက်ဆံမှုအများစုမှာ မြေယာ၊ အိမ်ယာများနှင့်ပတ်သက်ပြီး ဖြစ်ပေါ်ခြင်းဖြစ်သည်။ အိမ်ထောင်စု ၃၀၀ မှာ အိမ်တစ်လုံးစီလက်ခံရရှိသော်လည်း မြေယာလုပ်ပိုင်ခွင့်မရပေ။ ပြန်လည်နေရာချထားရေး၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် နေရပ်ပြန်သူများအား မြေယာများကို အခမဲ့ပေးရမည်ဖြစ်သော်လည်း ၎င်းတို့အနေဖြင့် မြေလွတ်မြေလပ်များအား ကြည့်ရှုရန်အတွက် ကျေးရွာလုံခြုံရေး/ မြေယာကော်မတီအား ၅၀၀ ဘတ် [၂၂၆၆၃ ကျပ်] ပေးရသည်။ ထို့အပြင် ဝေးလံပြီးတောင်ပေါ်တွင်ရှိသည့် မြေယာများကိုသာ နေရပ်ပြန်သူများအား ပြသခဲ့ကြသည်။ ထို့အတွက်ကြောင့် နေရပ်ပြန်သူများသည် နေအိမ်နှင့်လယ်မြေနီးကပ်သည့် အခြားသောနေရာများတွင် နေထိုင်ရန်စီစဉ်ကြခြင်း သို့မဟုတ် စခန်းအတွင်းရနိုင်သည့် အထောက်အပံ့များကို ယူရန်အတွက် စခန်းများသို့ ယာယီပြန်လည်နေထိုင်ကြသည်။ ဤသို့စခန်းတွင်း ပြန်လည်နေထိုင်သည့်အခါတွင် ပြန်လည်နေရာချထားရေးနေရာတွင် ရှိသောနေအိမ်များတွင် နေထိုင်ရန်ပျက်ကွက်သောကြောင့် ဒေသခံရွာသားများမှ ထိုနေရပ်ပြန်များကို အရေးယူသည့်အနေဖြင့် ၎င်းတို့၏အိမ်များအား သိမ်းယူခြင်းများပြုလုပ်သဖြင့် ၎င်းတို့၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို ထိခိုက်မှုများရှိစေသည်။ ဒေသခံရွာသားများကြောင့် အရင်းအမြစ်များအား ရယူ

[169] Source #8 တွင်ကြည့်ပါ။

[170] Source #31 တွင်ကြည့်ပါ။

[171] နောက်ဆက်တွဲမေးမြန်းမှုကို ၂၀၂၀ ခုနှစ်၊ မေလ ၂၀ ရက်နေ့တွင် ပြုလုပ်ခဲ့သည်။

[172] Source #31 တွင်ကြည့်ပါ။




ဤပုံကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ဒူးပလာယာခရိုင်၊ နို့တကော (ကြာအင်းဆိပ်ကြီး) မြို့နယ်ရှိ လေးဖာထောပြန်လည်နေရာချထားရေးနေရာတွင် ရိုက်ယူခဲ့ပါသည်။ ၎င်းပုံသည် ပြန်လည်နေရာအခြေချသည့် ဒုက္ခသည်များအတွက် ရည်ရွယ်၍ ဆောက်လုပ်သော အိမ်ခြေ ၃၀၀ ရှိ အိမ်များဆောက်လုပ်ပြီးစီးသည့်နောက် မကြာမီအချိန်တွင် ရိုက်ကူးထားခြင်း ဖြစ်ပါသည်။ KNU မှ မြေယာများအားလှူဒါန်းထားပြီး နိပွန်ဖောင်ဒေးရှင်းမှ အိမ်များအားဆောက်လုပ်ခဲ့ခြင်းဖြစ်ပါသည်။ ဤဓာတ်ပုံကို ရိုက်ယူသည့်အချိန်တွင် ဒေသခံအာဏာပိုင်များ၏ ပြန်လည်နေထိုင်ရန် ခွင့်ပြုချက်မရှိသေးသောကြောင့် မည်သူမှဆောက်လုပ်ပြီးစီးသည့်အိမ်များတွင် စတင်နေထိုင်မှုမရှိကြသေးပေ။ ပုံထဲ၌ ကျေးရွာဟောင်းကိုမမြင်ရသော်လည်း ဤအိမ်အဆောက်အဦးများ၏ ညာဖက်ရှိအစွန်ဖက်ပိုင်းနှင့် ကပ်လျှပ်တည်ရှိနေပါသည်။ *[ဓာတ်ပုံ - KHRG]*

သုံးစွဲရန် အတားအဆီးများဖြစ်ပေါ်သည့်အခါတွင် နေရပ်ပြန်သူများသည် ၎င်းတို့၏ လူမှုအသိုင်းအဝိုင်းအတွင်းမှာပင် ဖယ်ကျဉ်ခြင်းခံရပါသည်။ ထို့ကြောင့် ၎င်းတို့အနေဖြင့် ပြန်လည်ပေါင်းစည်းရေးကို သက်ရောက်မှုရှိသောနည်းလမ်းများအား ကျင့်သုံးခြင်းဖြင့် ထိုနေရာတွင် ပြန်လည်အခြေချနေထိုင်ကြရပါသည်။

လေးဖါထောမှ ဒေသခံခေါင်းဆောင်တစ်ဦးက ရွာသားများနှင့်ဒေသခံအာဏာပိုင်များအနေဖြင့် နေရပ်ပြန်သူများအား ၎င်းတို့၏ နည်းလမ်းမျိုးစုံဖြင့်လုပ်ကိုင်စားသောက်ရန် ကြိုးပမ်းနေမှုများနှင့်ပတ်သက်ပြီး အပြစ်ပေးခြင်းထက် ၎င်းတို့ကြုံတွေ့ရသောအခက်အခဲများကို ပိုမိုနားလည်မှုပေးရန်နှင့် သည်းခံရန်လိုအပ်ကြောင်း မှတ်ချက်ပေးခဲ့သည်။ *"တချို့သော မိသားစုတွေ [နို့ဖိုးဒုက္ခသည် စခန်းကနေ] ပြန်လာပြီး နေကြမယ်လို့ ကျွန်တော်ကြားတယ်။ မြန်မာပြည်ကိုပြန်လာဖို့အတွက်က အချိန်တစ်ခုတော့ လိုလိမ့်မယ်။ သူတို့အနေနဲ့ ချက်ချင်းပြန်လာဖို့တော့ လွယ်မှာမဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့ပြန်သွားတဲ့အချိန်မှာ လုပ်ကိုင်စားသောက်ဖို့ မြေရှိမှာမဟုတ်ဘူး။ [...] ဒါကြောင့် ကျွန်တော့်အနေနဲ့တော့ ခေါင်းဆောင်တွေကို သည်းခံဖို့ ပြောချင်တယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့နိုင်ငံက မျိုးဆက်သစ်လူငယ်တွေအများကြီးက နို့ဖိုးစခန်းကနေပြီးတော့ အတတ်ပညာတွေနဲ့ ပညာတွေသင်ခဲ့ကြတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ဒီအခြေအနေကိုနားလည်သင့်ပြီး နို့ဖိုးစခန်းကလူတွေကို*

*လက်ခံလို့ရလာမယ့် အကျိုးအမြတ်ကိုသိရမယ်။ ဒါကြောင့်သူတို့အနေနဲ့ စိတ်ရှည်သင့်တယ်။ သူတို့အနေနဲ့ ဒီလိုမျိုး မလုပ်သင့်ဘူး။ ဒီလိုမျိုး 'ခင်ဗျားတို့ချက်ချင်း ပြန်မလာဘူးဆိုရင် ဒီမှာလာနေလို့မရဘူး၊ တကယ်လို့ ပြန်မလာဘူးဆိုရင် ငါတို့ မင်းတို့ရဲ့အိမ်တွေကို သိမ်းလိုက်မယ်' ဆိုတဲ့ပုံစံမျိုး လုပ်လို့မရဘူး။ သူတို့တွေအနေနဲ့ ဒီလိုမပြုမူသင့်ဘူး။"*[173] မြန်မာပြည်သို့ နေရပ်ပြန်သူအရေအတွက် တိုးများလာသည်နှင့်အညီ လူသစ်များအား ထားရန်အတွက် လေးဖါထောက်ကဲ့သို့သော ပြန်လည်နေရာချထားရေးနေရာသစ်များ တည်ဆောက်ရန် အစီအစဉ်များရေးဆွဲသည့်အခါတွင် ခွဲခြားဆက်ဆံခြင်းများမရှိစေရန်အတွက် စောင့်ကြည့်စစ်ဆေးမှုယန္တယားများအား ချမှတ်ထားရန် လိုအပ်သည်။ သို့စေကာမူ နေရပ်ပြန်များအတွက် ရေရှည်လုပ်ကိုင်နိုင်မည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အထောက်အပံ့များပေးအပ်ခြင်းမရှိပါက ထိုသို့သောခွဲခြားဆက်ဆံမှုများမှ ကာကွယ်ပေးနိုင်သည့် ယန္တယားများထားရှိသည့်တိုင်အောင် ထိရောက်မှုရှိမည်မဟုတ်ပေ။

နေရပ်ပြန်သူများသည် နိုင်ငံသားအခွင့်အရေးများရရှိရန် အခက်အခဲများဆက်လက်ကြုံနေရဆဲဖြစ်ပါသည်။ နေရပ်ပြန်သူများ မြန်မာပြည်သို့ပြန်ရောက်သည့်အခါတွင် တရားဝင်အထောက်အထားများ ရရှိနိုင်ရန်အတွက် UNHCR မှပေးသော အကူအညီမှာ အရေးကြီးသော်လည်း ရှုပ်ထွေးလှသည့်လိုအပ်ချက်များကြောင့် ပြီးပြည့်စုံမှု မရှိပေ။ UNHCR မှ ကြိုးစား စီစဉ်ဆောင်ရွက်ထားသော ဤလုပ်ငန်းစဉ်အား ပြီးမြောက်အောင်လုပ်ဆောင်ရာတွင် ဒေသခံအာဏာပိုင်များထံမှ ကူညီထောက်ပံ့မှုများမရသည့်အတွက် နေရပ်ပြန်သူများအနေဖြင့် ၎င်းတို့၏စာရွက်စာတမ်းများရရှိရန် အခက်အခဲများ ကြုံတွေ့ရလေ့ရှိသည်။ နိုင်ငံသားဆိုင်ရာ အထောက်အထားများအားလုပ်ဆောင်ရာတွင် အခက်အခဲများကြုံရသည့်အခါ နေရပ်ပြန်များအတွက် စိုးရိမ်ပူပန်မှုများကို ဖြစ်ပေါ်စေပါသည်။ ထိုလုပ်ငန်းစဉ်အား ကြန့်ကြာစေသည့်အရာများကိုဖြေရှင်းရန် ယန္တရားမရှိသည့်အခါတွင် IDP များနှင့် နေရပ်ပြန်သူအများစုမှာ စာရွက်စာတမ်းများရရှိရန် ကြိုးစားအားထုတ်ခြင်းမရှိတော့သဖြင့် မြန်မာပြည်တွင် ရေရှည်ရပ်တည်ရန်အတွက် ခက်ခဲမှုများကြုံတွေ့ကြရသည်။ ထိုနည်းတူစွာ အခြားသောစိုးရိမ်ရသည့်အချက်မှာ နိုင်ငံသားဖြစ်တည်မှုအခွင့်အရေးနှင့် အများပြည်သူပူးပေါင်းပါဝင်မှုများဆိုင်ရာ သတင်းအချက်အလက် မရရှိခြင်းတို့ကြောင့် ထိုသို့သောကိစ္စရပ်များအား စိတ်ပါဝင်စားမှုမရှိခြင်းတို့ ဖြစ်သည်။ တက်ကြွသောနိုင်ငံသားများအနေဖြင့် ပါဝင်မှုမရှိခြင်းက နေရပ်ပြန်သူများအား နိုင်ငံတော်အဆင့်ဆောင်ရွက်မှုများတွင် ဖယ်ကျဉ်ထားခံရစေနိုင်သည်။

ထိုနည်းတူစွာ ပြန်လည်နေရာချထားရေးနေရာဒေသအချို့တွင် နေရပ်ပြန်သူများအပေါ် ခွဲခြားဆက်ဆံခံရမှုများ ပြားလာခြင်းများအား ဖြေရှင်းပေးနိုင်ခြင်းမရှိပါက ၎င်းတို့အား ခုခံကာကွယ်နိုင်စွမ်းမရှိသူများဖြစ်စေပါသည်။ ထို့အပြင် နေရပ်ပြန်သူများအနေဖြင့် နေရာသစ်များတွင် တရားမျှတမှုများရရှိအောင် မည်သို့ဆောင်ရွက်ရမည်ကို နားလည်ရန်ခက်ခဲခြင်းက တရားမျှတမှုရရှိရန်အတွက် ပိုမိုကောင်းမွန်သောယန္တရားများ လိုအပ်လျက်ရှိသည်ကို ရှင်းလင်းစွာဖော်ပြနေသည်။

[173] Source #30 တွင်ကြည့်ပါ။

# အခန်း (၃) ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်းလုပ်ငန်း

UNHCR ၏ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်နေထိုင်ရေးဆိုင်ရာလမ်းညွှန်စာအုပ်တွင် မိမိဆန္ဒအလျောက် နေရပ်ပြန်သူများအတွက် အဓိကကျသောအချက်မှာ လုံခြုံစိတ်ချရသောအာမခံချက် ရှိခြင်းဖြစ်သည်။ လုံခြုံစိတ်ချရသောအာမခံချက်ဆိုသည်မှာ "*နေရပ်ပြန်သည့် အစောပိုင်းအချိန်ကာလများတွင် အသက်ရှင်သန်ရပ်တည်နိုင်ရေးအတွက်နည်းလမ်းများနှင့် အခြေခံဝန်ဆောင်မှုများဖြစ်သော (နေရာထိုင်ခင်း၊ ရေ၊ ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုများ) အလုပ်အကိုင်အခွင့်အလမ်းများအား လက်လှမ်းမီခြင်းစသည်တို့ဖြစ်သည်။*"[174] ဤပထမအဆင့်သည် ပြန်လည်နေထိုင်ရေးလုပ်ငန်းစဉ် အောင်မြင်စေရန်အတွက် သေချာစွာဆောင်ရွက်ပေးရမည်။ ဆိုလိုသည်မှာ ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် အခြေခံဝန်ဆောင်မှုများ အားထိန်းသိမ်းထားနိုင်ခြင်းကို ဆိုလိုသည်။

ဤအခန်းတွင် KHRG မှ UNHCR ၏ အစီအစဉ်ဖြင့် နေရပ်သို့ပြန်လာသည့်ဒုက္ခသည်များအား ၎င်းတို့၏ လူမှုအသိုင်းအဝိုင်းသစ်တွင် အောင်မြင်စွာပြန်လည်ပေါင်းစည်းနိုင်ခြင်း ရှိမရှိနှင့်ပတ်သက်၍ အကဲဖြတ်မှုများ ပြုလုပ်ထားပါသည်။ ဤအကဲဖြတ်မှုများသည် နေရပ်ပြန်သူများ၏ လက်ရှိအသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် နေအိမ်များ၏ အခြေအနေအပါအဝင် အခြေခံဝန်ဆောင်မှုများဖြစ်သော သောက်သုံးရေ၊ ကျန်းမာရေးနှင့် ပညာရေးအတွက် လက်လှမ်းမီနိုင်သည့်အခြေအနေစသည်တို့အားပြန်လည်သုံးသပ်ထားသည်။ တစ်ဆက်တည်းမှာပင် မိမိအစီအစဉ်ဖြင့် နေရပ်သို့ပြန်လာမည့် IDPs နှင့် ဒုက္ခသည်များ၏ကြုံတွေ့ရသော စိန်ခေါ်မှုများကို ဖော်ထုတ်နိုင်ရန်အတွက် ၎င်းတို့၏အခြေအနေကိုလည်း ဆန်းစစ်မှုများပြုလုပ်ထားပါသည်။

ဤသို့ မတူကွဲပြားခြင်းကိုသုံးသပ်ရခြင်းမှာ အရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော် အခြားသော နေရပ်ပြန်သူများ အများစုမှမရရှိသည့် ပြန်လည်နေရာချထားရေး/ ပြန်လည်နေထိုင်ရေးဆိုင်ရာ အထောက်အပံ့များကို UNHCR ၏အကူအညီဖြင့် နေရပ်ပြန်သူများက ရရှိထားကြသည်။ UNHCR ၏ အကူအညီဖြင့် နေရပ်ပြန်သူများသည် သတ်မှတ်ထားသော ပြန်လည်နေရာချထားရေးနေရာများတွင် ပြန်လည်နေရာချထားရေးအဖွဲ့အစည်းများနှင့် အစိုးရအာဏာပိုင်များမှ ချမှတ်ပေးထားသည့် အခြေခံဝန်ဆောင်မှုများ၊ အိမ်ယာများနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းအခွင့်အလမ်းများအား လက်ခံရရှိမည်ဟု ယူဆရပါသည်။ အောင်မြင်သည့် ပြန်လည်နေထိုင်ရေးအစီအစဉ်အတွက် UNHCR ၏ အကူအညီအားဖြင့် နေရပ်ပြန်မည့်ဒုက္ခသည်များသည် ပေးထားသော ထောက်ပံ့ပစ္စည်းများအား အလွယ်တကူရရှိမည်ဟု မျှော်မှန်းထားပါသည်။ သို့သော်လည်း လက်တွေ့အခြေအနေများမှာ ထိုကဲ့သို့ အမြဲမမှန်နေကြောင်း KHRG မှ တွေ့ရှိပါသည်။

## (က) အသက်မွေးဝမ်းကျောင်း

ကမ္ဘာ့ကုလသမဂ္ဂ၏ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) မှ ဖော်ပြချက်အရ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကျေးလက်တောရွာများတွင် လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းအတွက် စိုက်ပျိုးရေးလုပ်ငန်းနှင့် နေ့စားအလုပ်သမားများအဖြစ် အသက်မွေးလျက်ရှိသည်။[175] KHRG မှ ပြုလုပ်ခဲ့သော လူတွေ့မေးမြန်းမှုများအရ နေ့စားအလုပ်များသည် ရာသီချိန်အလိုက် သို့မဟုတ် တခါတရံမျှသာရှိသည့်အတွက် ပုံမှန်ဝင်ငွေရရှိရန် အာမခံချက်မရှိပေ။ နေရပ်ပြန်အများစုမှာ လယ်သမားများဖြစ်သည့်အလျောက် ပြန်လည်နေရာချထားရေးအစီအစဉ်များတွင် အဓိကဦးစားပေးသင့်သည့် အချက်များထဲမှတစ်ချက်မှာ ၎င်းတို့၏ အသက်မွေးဝမ်းကျောင်း ဖူလုံမှုရှိစေရန်အတွက် လုံလောက်သည့်လယ်မြေများ ပြင်ဆင်ထားပေးသင့်ပါသည်။ သို့သော်လည်း UNHCR ၏ အစီအစဉ်ဖြင့်နေရပ်သို့ ပြန်လာသော ဒုက္ခသည်အများစုသည် ပြန်လာသည့်အချိန်တွင် မြေယာ

---

[174] UNHCR မှ ၂၀၀၄ ခုနှစ်တွင်ထုတ်ဝေထားသော "Handbook for Repatriation and Reintegration Activities" တွင်ကြည့်ပါ။

[175] Food and Agriculture Organization of the United Nations မှ ၂၀၁၉ ခုနှစ်တွင် ထုတ်ဝေထားသော "FAO Country Programming Framework for Myanmar 2017-2022" တွင်ကြည့်ပါ။

သို့မဟုတ် မြေယာဝယ်နိုင်ရန် လုံလောက်သည့်ငွေကြေးပမာဏအား လက်ခံရရှိခြင်းမရှိပါ။ ရလာဒ်အနေဖြင့် အများစုမှာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆိုင်ရာ အခက်အခဲများကို ကြုံတွေ့ခံစားရလျက်ရှိသည်။

ယခင် IDP များအနေဖြင့် ၎င်းတို့၏ကျေးရွာများသို့ ပြန်လည်နေထိုင်သည့်အခါတွင် မြေယာလုပ်ကိုင်စားသောက်နိုင်ခွင့်ရှိပုံပေါ်သော်လည်း အခက်အခဲများ ကြုံတွေ့ရလျက်ရှိနေသေးကြောင်း တင်ပြခဲ့ကြသည်။ အလားတူပင် မိမိအစီအစဉ်ဖြင့် နေရပ်သို့ပြန်လည်နေထိုင်ကြသူများသည်လည်း KNU မှ ၎င်းတို့အုပ်ချုပ်မှုအောက်ရှိ မြေယာနှင့် အခြားသောအထောက်အပံ့များအား ပေးအပ်ခဲ့သော်လည်း အခက်အခဲများရင်ဆိုင်ရလျက် ရှိသေးကြောင်း တင်ပြခဲ့ကြသည်။ တရားဝင်လမ်းကြောင်းဖြင့်မဟုတ်သည့် နေရပ်ပြန်သူများမှတင်ပြသော အဓိကအခက်အခဲများမှာ လယ်ယာမြေ အလုံအလောက်မရှိခြင်းနှင့် အပိုဝင်ငွေရရှိနိုင်ရန်အတွက် လုပ်ခလစာကောင်းကောင်းပေးသည့် အလုပ်အကိုင်အခွင့်အလမ်း မရှိခြင်းတို့ဖြစ်သည်။ ထို့အပြင် အပူလှိုင်းဖြတ်ခြင်းနှင့် ကြွက်များမှ သီးနှံပင်များအား ဖျက်ဆီးခြင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်များကလည်း အချို့သောဒေသများတွင် စိုက်ပျိုးရေးထုတ်ကုန်အထွက်နှုန်းကို လျော့ကျစေပြီး ဒေသခံများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ထိခိုက်မှုရှိစေခဲ့သည်။ အချို့နေရပ်ပြန်သူများသည် နှစ်ပေါင်းများစွာ ပြန်လည်အခြေချပြီးသည့်တိုင် စီးပွားရေးဆိုင်ရာအခက်အခဲများ ဆက်လက်ကြုံတွေ့နေရခြင်းသည် စိုးရိမ်ဖွယ်ရာအချက်ပင်ဖြစ်သည်။ ထိုအချက်က နေရပ်ပြန်သည့် IDP နှင့် ဒုက္ခသည်များအနေဖြင့် သင့်တင့်လျောက်ပတ်သော အထောက်အပံ့မရှိပဲ ၎င်းတို့၏ဘဝများအား ပြန်လည်ထူထောင်ရန် အလွန်ခက်ခဲကြောင်း ပြသနေသည်။

### ၁) UNHCR ၏ အကူအညီဖြင့် နေရပ်ပြန်သော ဒုက္ခသည်များ

KHRG မှ ၂၀၁၇ ခုနှစ်တွင် မှတ်တမ်းတင်ခဲ့သည်မှာ ဒူးပလာယာခရိုင်ရှိ နေရပ်ပြန်သူများအတွက် စီစဉ်ထားသော ပြန်လည်နေရာချထားရေး စခန်းဖြစ်သည့် လေးဖါထောအတွက်ရေးဆွဲထားသော ပြန်လည်နေရာချထားရေးအစီအစဉ်တွင် လယ်ယာမြေနှင့်ပတ်သက်သည့် အချက်မပါဝင်ပါ။[176] ၂၀၁၉ ခုနှစ်၊ မတ်လတွင် ဘန့်ဒုံယန်း ဒုက္ခသည်စခန်းမှ ပြန်လည်နေထိုင်ခဲ့သော စောဖ--- က သူ့အနေဖြင့် လုပ်ကိုင်စားသောက်ရန် မြေယာလက်ခံရရှိခြင်းမရှိသကဲ့သို့ မြေယာဝယ်နိုင်သည့်အနေအထားလည်း မရှိသည့်အတွက် အနာဂတ်တွင်စိုးရိမ်ရကြောင်း KHRG အား တင်ပြခဲ့သည်။ *"ကျွန်တော်တို့မှာ စားဝတ်နေရေးအတွက် လုပ်ကိုင်စားသောက်ဖို့ ကိုယ်ပိုင်မြေမရှိဘူး။ ပြီးတော့ ရင်းနှီးလုပ်ကိုင်ဖို့လည်း ငွေမရှိဘူး။ အဲဒါကြောင့် ကျွန်တော်တို့ [...] အနာဂတ်မှာ အခက်အခဲစိန်ခေါ်မှုတွေ ကြုံတွေ့နိုင်တယ်။"* [177] ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဒေသခံခေါင်းဆောင်တစ်ဦးဖြစ်သော စောအအိ--- က လက်ရှိ ထိုဒေသတွင်ပြန်လည်နေထိုင်သည့် ဒုက္ခသည်များနှင့် IDP များသည် အဓိကအားဖြင့် လယ်ယာမြေလုပ်ကိုင်ခွင့် မရှိသည့်အတွက် ရလာဒ်အနေဖြင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာအခက်အခဲများ ရင်ဆိုင်ရလျက်ရှိကြောင်း ထောက်ပြခဲ့သည်။ *"အိမ်မြေ ၃၀၀ ရှိတဲ့ဒေသက ရွာသားတွေအနေနဲ့ အခွန်ဆောင်ဖို့ ဆိုတာ မလွယ်ဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့ကဒုက္ခသည်နဲ့ IDP တွေ ဖြစ်လို့ပဲ။ သူတို့က ဆင်းရဲကြတယ်။ ပြီးတော့ လုပ်ကိုင်စားသောက်ဖို့ မြေလည်းမရှိဘူး။"* [178]

နေရပ်ပြန်သူများအနေဖြင့် ရွာနှင့်နီးသောမြေယာများကို ဝယ်ယူနိုင်ခြင်းမရှိကြောင်း ၎င်းကရှင်းပြခဲ့သည်။ ပြန်လည်နေရာချထားရေးကော်မတီသည် နေရပ်ပြန်သူများအတွက်လျာထားသော တောင်ပေါ်ဒေသ အနီးအနားရှိ အချို့သောမြေယာများကို ဘတ် ၆၀၀ [၂၇၁၉၅ ကျပ်]ပေးမှသာ နေရပ်ပြန်သူများအား လုပ်ကိုင်ခွင့်ပေးပါသည်။[179] ထို့နည်းအတူ နေရပ်ပြန်သူများသည် မြေယာပိုင်ဆိုင်ခွင့်မရှိသကဲ့သို့ သွားလာရေးအခက်အခဲများကြောင့်

---

[176] ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလတွင် KHRG မှထုတ်ဝေသော "Dooplaya Situation Update: Kyainseikgyi Township, February to May 2017" တွင်ကြည့်ပါ။

[177] Source #13 တွင်ကြည့်ပါ။

[178] Source #31 တွင်ကြည့်ပါ။

[179] မြေယာရရှိရန်အတွက် ရွာသားများက ဘတ်ငွေ ၅၀၀ (၂၂၉၇ ကျပ်) ပေးရန်လိုအပ်ပြီး စီမံခန့်ခွဲပေးမှုအတွက် ဘတ်ငွေ ၁၀၀ (၄၅၉၉ ကျပ်) ထပ်မံပေးရပါသည်။

လည်း အလုပ်မလုပ်နိုင်သည့် အခြေအနေများလည်းရှိခဲ့ကြသည်။ *"တချို့မုဆိုးမတွေက သွားလာဖို့ဆိုင်ကယ်မရှိကြဘူး။ ဒါပေမယ့် သူတို့ကိုလုပ်ကိုင်စားဖို့ပေးထားတဲ့မြေက တောင်ပေါ်ဒေသတွေမှာဖြစ်တယ်။ မုဆိုးမတွေက အဲ့မှာ ဘယ်လိုအလုပ်သွားလုပ်မလဲ။ သူတို့တွေ ဒီနှစ်ဒီမြေပေါ်မှာ အလုပ်မလုပ်နိုင်ဘူးဆိုရင် နောက်နှစ်အဲ့ဒီမြေကို သူများယူသွားလိမ့်မယ်။ KNU ရဲ့ မြေယာမူဝါဒအရ လူတွေကဒီမြေပေါ်မှာသုံးနှစ်လောက် လုပ်ကိုင်စားသောက်ခြင်းမရှိဘူးဆိုရင် အဲ့ဒီမြေကိုသိမ်းလို့ရတယ်။ ဒါပေမယ့် ကျွန်တော်တို့တွေအဲ့ဒီမြေပေါ်မှာ ဒီနှစ်လုပ်ကိုင်စားသောက်ခြင်းမရှိရင် သူ[ရွာသူကြီး]က အဲ့ဒီမြေကိုသိမ်းလိမ့်မယ်။"*[180] စောအအိ--- ၏ပြောပြချက်အရ ပြန်လည်နေရာချထားရေးကော်မတီသည် နေရပ်ပြန်သူများအား လုပ်ကိုင်ခွင့်ပေးသည့်မြေယာများကို ပြန်လည်သိမ်းယူခဲ့ပြီးဖြစ်သည်။ UNHCR ၏ ပြန်လည်နေရာချထားရေးအစီအစဉ်တွင် နေရပ်ပြန်သော ဒုက္ခသည်များအတွက် မြေယာများအား စနစ်တကျပေးအပ်မှုမရှိခြင်းသည် အဓိကလိုအပ်မှုတစ်ခုဖြစ်ပြီး နေရပ်ပြန်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်နိုင်စွမ်းကိုလည်း ဆိုးရွားစွာထိခိုက်စေသည်။

စောအအိ--- က သူ၏နေရပ်ဒေသတွင် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်စားသောက်ရန် ကြိုးစားအားထုတ်ရာတွင် ကြုံတွေ့ရသော သူ၏အတွေ့အကြုံနှင့်အခက်အခဲများကို မျှဝေခဲ့သည်။ သူသည် UNHCR ၏ အစီအစဉ်ဖြင့် ၂၀၁၉ ခုနှစ်တွင် နေရပ်သို့ပြန်လည်နေထိုင်ခဲ့သော်လည်း ယခင်ကမိမိအစီအစဉ်ဖြင့် ပြန်လာခဲ့ဖူးသည်။ စောအအိ---သည် UNHCR ၏အစီအစဉ်ဖြင့် ပြန်လာခဲ့စဉ်က စားဝတ်နေရေးအတွက် လုပ်ကိုင်စားသောက်ရန် မြေယာမရရှိခဲ့ပါ။ သို့သော်လည်း UNHCR ထောက်ပံ့သည့်ငွေဖြင့် သူ၏သူငယ်ချင်းပိုင်ဆိုင်သည့်မြေယာကို ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင်ဝယ်ယူခဲ့ပြီး သီးနှံပင်များစိုက်ပျိုးခဲ့သည်။ သူ့အနေဖြင့် မြေတစ်ကွက်ရရန် ကြိုးပမ်းနိုင်ခဲ့သော်လည်း ယခုနှစ်အတွက် စားဝတ်နေရေးဖူလုံစေရန် စိုက်ပျိုးနိုင်ခြင်းမရှိကြောင်းပြောခဲ့သည်။ *"ကျွန်တော်လုပ်ကိုင်စားသောက်ဖို့မြေတစ်ကွက်ရပေမယ့်ဒီကိုပြန်လာနေတော့ဘယ်လိုလုပ်ကိုင်စားရမလဲမသိဘူး။ ဒီနှစ်တော့ ကျွန်တော် ပီလောပီနံစိုက်တယ်။ ပီလောပီနံ ခြောက်အိတ်ရတယ်။ တစ်ကီလို ကို ၄ ဘတ် [၁၈၁ ကျပ်] ရတယ်။ ဒီနှစ်ကျွန်တော် ပီလောပီနံရတာ ကီလို ၅၀၀ မပြည့်ဘူးထင်တယ်။ ဆိုတော့ အဲ့ဒါကိုရောင်းရင် ဘတ် ၁၀၀၀ [၄၅,၃၂၆ ကျပ်] ကျော်လောက်ပဲရမယ်။ ဒီငွေနဲ့က စားဝတ်နေရေးအတွက် လုံလောက်ဖို့ခက်ခဲတယ်။ တခြားလူတွေလည်း ဒီလိုအခက်အခဲမျိုး ကြုံရကြတယ်။ တကယ်တော့ကျွန်တော်တို့မှာ အခက်အခဲအများကြီးရှိတယ်။"*[181] ထို့ကြောင့်သူ့အနေဖြင့် အခြားအလုပ်များဖြစ်သည့် နေ့စားအလုပ်လုပ်ရန် စဉ်းစားလျက်ရှိသည်။ *"ကျွန်တော် နေ့စားအလုပ်သမားလုပ်မယ်လို့ စဉ်းစားထားတယ်။ ကျွန်တော်ကိုဘယ်သူမှ မထောက်ပံ့ပေမယ့် ကျွန်တော့်ရဲ့ အခက်အခဲကို နည်းလမ်းမျိုးစုံသုံးပြီး ဖြေရှင်းနိုင်ဖို့ကြိုးစားရမယ်။"* [182]

ဒူးပလာယာခရိုင်၊ ထီးသဘလုခီး ပြန်လည်နေရာချထားရေးနေရာသို့ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် UNHCR အစီအစဉ်ဖြင့် ပြန်လည်နေထိုင်ခဲ့သော ဒေါ်စ--- က သူမအနေနှင့် နေရပ်ပြန်သူများသည် မြေကွက်ရမည်ဟု ထင်ခဲ့သော်လည်း ဒေသခံ KNU အာဏာပိုင်များ၏ ပြောကြားချက်အရ ထိုင်းနိုင်ငံ၊ ဒုက္ခသည်စခန်းမှ အိမ်ခြေ ၅၀ ပြန်လာမှသာလျှင် မြေကွက်ရရှိမည်ဖြစ်သည်။ မြေယာလုပ်ကိုင်ခွင့်မရှိခြင်းအပြင် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးခြင်းသည် သူမအား ခက်ခဲသည့်အခြေအနေသို့ တွန်းပို့စေပါသည်။ *"ကျွန်မတို့မှာ ဝင်ငွေရဖို့အတွက် အလုပ်ကမရှိတော့ ပိုက်ဆံလည်းမရှိဘူး။ ကျွန်မတို့ရဲ့ စားဝတ်နေရေးအတွက်ပဲ ကြိုးစားလုပ်ရမယ်။ ကိုယ့်ကိုကူညီမယ့်သူတစ်ယောက်က အမြဲတမ်းရှိနေမှာမဟုတ်ဘူး။"* အချို့သော နေရပ်ပြန်သူများက စားနပ်ရိက္ခာရရှိရန်အတွက် နို့ဖိုးဒုက္ခသည်စခန်းသို့ ပြန်ကြရသည်။ *"ကျွန်မတို့နဲ့အတူ ပြန်လာတဲ့သူတွေက ခုထိဘာအလုပ်မှ မယ်မယ်ရရ မရှိသေးဘူး။ သူတို့က စခန်းနဲ့ဒီကိုပဲ သွားသွားလာလာလုပ်နေကြတယ်။ တချို့တွေက အိမ်ယာရဖို့အတွက် ဒီမှာပြန်လာနေကြပေမယ့် [ရိက္ခာရဖို့အတွက်] စခန်းထဲမှာလည်း နာမည်စာရင်းသွင်းထားတုန်းပဲ။"*[183] ထို့ကြောင့် မိမိအစီအစဉ်နှင့်ပြန်လာကြသူများသည်လည်း ရွာထဲတွင်နေထိုင်လျက်ရှိပြီး အလားတူစိန်ခေါ်မှုများ

[180] Source #31 တွင်ကြည့်ပါ။

[181] Source #31 တွင်ကြည့်ပါ။

[182] Source #31 တွင်ကြည့်ပါ။

[183] Source #15 တွင်ကြည့်ပါ။

ကို ရင်ဆိုင်ရလျက်ရှိကြောင်းကို ထိုအချက်ကဖော်ပြနေသည်။ အဘယ်ကြောင့်ဆိုသော် UNHCR ၏ အစီအစဉ်ဖြင့်နေရပ်သို့ပြန်လာကြသူများအား ယခင်နေခဲ့သောစခန်းတွင်းရှိ အမည်စာရင်းမှ ပယ်ဖျက်လေ့ရှိကြသည်။

ဘားအံခရိုင်၊ တာ့ကရဲ့ (ပိုင်ကျုံ) မြို့နယ်၊ ပြန်လည်နေရာချထားရေးနေရာရှိသည့် မယ်လတလော်သောဒေသမှ UNHCR ၏ အကူအညီဖြင့် နေရပ်ပြန်လာသူလေးဦးအား KHRG မှ လူတွေ့မေးမြန်းခဲ့ပါသည်။ ၎င်းတို့အား လုပ်ကိုင်စားသောက်ရန်နှင့် နေထိုင်ရန်မြေယာလည်း စီစဉ်ပေးထားခြင်းမရှိသည့်အတွက် မြေကွက်များအား ဝယ်ယူ(သို့) ငှါးရမ်းရသည်။[184] ထိုသူများသည် ယခုအချိန်တွင် လယ်ယာလုပ်ကိုင်ခြင်းနှင့် နေ့စားအလုပ်များကို လုပ်ကိုင်လျက်ရှိကြသော်လည်း လုံလောက်သည့်ဝင်ငွေမရရှိကြောင်း တင်ပြခဲ့ကြသည်။ နေရပ်ပြန်သူတစ်ဦးဖြစ်သော နော်ကျ---သည်လည်း စားဝတ်နေရေးအကျပ်အတည်းများနှင့် ကြုံတွေ့ခဲ့ကြရသည်။ *"ကျွန်မအနေနဲ့ ကိုယ့်အခြေအနေကို ပြောပြချင်တယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်မတို့မိသားစုအခက်အခဲတွေ၊ ဆင်းရဲမှုဒဏ်တွေ အများကြီးခံစားရတယ်။ ကျွန်မသမီးက ကိုယ့်ကိုယ်ကိုသတ်သေခဲ့တဲ့အတွက် သူ့ကလေးနှစ်ယောက်က အခုကျွန်မကို မှီခိုနေရတယ်။ ကျွန်မမှာ တခြားကလေးငယ်သုံးယောက်လည်း ရှိသေးတယ်။ သူတို့အားလုံးက ကျောင်းတက်နေပြီးလေ။ ဒါပေမယ့်ကျွန်မမှာ စားဝတ်နေရေးအတွက် အလုပ်အကိုင်မရှိဘူး။ […]"*[185]

နော်အ--- ကဲ့သို့သောသူများသည် အကြွေးနှင့်ငှါးရမ်းစရိတ်များအတွက် လုံးပမ်းနေရသောကြောင့် စားဝတ်နေရေးဖူလုံရန် မတတ်နိုင်ကြပေ။ *"ကျွန်မလယ်ယာလုပ်ကိုင်ဖို့နဲ့ မွေးမြူရေးအတွက် မြေယာလိုအပ်တယ်။ […] အခုလောလောဆယ် မြေနဲ့လယ်ထွန်စက် ကျွန်မတို့ငှါးထားရတယ်။ ပိုးသတ်ဆေးတို့ ဘာတို့အတွက်လည်း ချေးငွေယူရသေးတယ်။ ရိတ်သိမ်းပြီးတဲ့အချိန်ဆို အဲ့ဒီအကြွေးတွေပြန်ဆပ်ရတော့ ရတဲ့သီးနှံတွေကုန်သလောက်ပဲ။"*[186] UNHCR ၏အစီအစဉ်ဖြင့် နေရပ်သို့ပြန်လည်နေထိုင်ပြီး လက်ရှိစာသင်ကြားလျက်ရှိသော ကျောင်းဆရာမနော်ဒ---က သူမ၏လစာသည် နေ့စဉ်အသုံးစရိတ်ပင်မကာမိကြောင်း KHRG အား တင်ပြခဲ့သည်။ သူမအနေဖြင့် လယ်ယာလုပ်ငန်းအား လုပ်ကိုင်လျက်ရှိသော်လည်း အကြွေးများပေးချေနေရသဖြင့် သူမ၏အခြေအနေမှာ တည်ငြိမ်မှုမရှိကြောင်း ဖော်ပြခဲ့သည်။ *"အကြွေးတွေပဲပြန်ဆပ်နေရတော့ ကျွန်မတို့ရဲ့ သီးနှံတွေကနေ စားရတယ်ဆိုတာမရှိဘူး။ ကျွန်မတို့အလုပ်လုပ်မယ်ဆိုရင် အရင်းအနှီးမရှိတော့ ချေးရတယ်။ […] အတိုးကြောင့် ကျွန်မတို့တွေ အကြွေးနှံနစ်သထက် နစ်လာတယ်။"*[187]

ဘားအံခရိုင်၊ မယ်လဝေလယ်မူး ပြန်လည်နေရာချထားရေးနေရာမှ ၂၀၁၉ ခုနှစ်၊ မတ်လတွင် လူတွေ့မေးမြန်းခဲ့သော KNU/KNLA-PC ၏ တပ်ရင်းမှူးက KNU/KNLA-PC ၏ ဗိုလ်ကြီးဖြစ်သော ဗိုလ်ရေနက နေရပ်ပြန်သူများအား ၎င်းတို့နေထိုင်ရန်အတွက် မြေယာစီစဉ်ပေးရကြောင်း ရှင်းပြခဲ့သည်။ သို့သော် ထိုသူအများစုမှာ စားဝတ်နေရေးအခက်အခဲနှင့် ရင်ဆိုင်ကြရလျက်ရှိပြီး ၎င်းတို့အားပေးဝေသော အစားအသောက်ပေါ်တွင်သာ မှီခိုနေရသည့်အချက်ကို သူကအလေးထားဖော်ပြခဲ့သည်။ *"ဘယ်သူမှ သူတို့ခြေထောက်ပေါ် သူတို့မရပ်တည်နိုင်သေးဘူးပြီးတော့ သေချာတဲ့အသက်မွေးဝမ်းကျောင်း လုပ်ငန်းလည်းမရှိကြသေးဘူးလို့ ကျွန်တော်မြင်တယ်။ သူတို့က ဒီကိုမပြန်လာခင် အဖွဲ့အစည်းတွေကရတဲ့ အကူအညီနည်းနည်းနဲ့ပြန်လာကြတာ။ သူတို့တွေ ကိုယ်ပိုင်အလုပ်မရှိသေးဘူး။ ရထားတဲ့အထောက်အပံ့က သူတို့အတွက် မလုံလောက်ဘူး။ […] (KNU/KNLA-PC) ခေါင်းဆောင်တွေက ဆန်တအိတ် ဒါမှမဟုတ် ဒီထက်နည်းတဲ့ပမာဏတွေနဲ့ သူတို့တတ်နိုင်သလောက် အထောက်အပံ့ပေးဖို့ အကောင်းဆုံးကြိုးစားကြတယ်။"*[188]

KHRG မှ နော်အအ---အား လူတွေ့မေးမြန်းခန်းမလုပ်မီ သူမအနေဖြင့် ယခင်တုန်းကမိမိအစီအစဉ်ဖြင့် ဒုက္ခသည်စခန်းနှင့်မယ်လဝေလယ်မူးအကြား ဝင်ထွက်သွားလာခဲ့ကြသူဖြစ်ပါသည်။ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင်

[184] Source #1 တွင်ကြည့်ပါ။
[185] Source #14 တွင်ကြည့်ပါ။
[186] Source #1 တွင်ကြည့်ပါ။
[187] Source #3 တွင်ကြည့်ပါ။
[188] Source #17 တွင်ကြည့်ပါ။

UNHCR ၏ အစီအစဉ်ဖြင့် မယ်လဝေလယ်မူးသို့ သူမပြန်လာနေထိုင်ခဲ့ပြီး လယ်မြေလက်ခံရရှိကြောင်း သူမအတည်ပြုခဲ့သည်။ *"ကျွန်မတို့ကိုအိမ်နဲ့ လုပ်ကိုင်စားသောက်ဖို့ မြေကွက်တစ်ကွက်ပေးခဲ့တယ်။ အဲ့ဒီအတွက် ကျွန်မတို့ပိုက်ဆံပေးစရာမလိုဘူး။"*[189] သို့သော်လည်း ထိုလယ်ကွက်သည် တခါတရံသူမတို့၏စားဝတ်နေရေးအတွက် လုံလောက်မှုမရှိကြောင်း ဖွင့်ပြောခဲ့သည်။ ဤအခြေအနေက UNHCR ၏ ပြန်လည်နေရာချထားရေး အစီအစဉ်နှင့် ပြန်လာသော်လည်း သူမ၏စီးပွားရေးအခြေအနေအား တိုးတက်ကောင်းမွန်လာစေခြင်း မရှိပေ။ မယ်လစခန်းမှ UNHCR အစီအစဉ်ဖြင့်ပြန်လာသည့် နော်အဂ--- က နေရပ်ပြန်သူအားလုံးသည် မြေယာရရှိမည်မဟုတ်ကြောင်း KHRG အား ပြောပြခဲ့သည်။ *"ကျွန်မတို့ကို မြေယာမပေးခဲ့ဘူး။ တချို့လူတွေက တောထဲမှာ ချုံရှင်းလင်းပြီးတော့ လယ်ယာလုပ်ကိုင်ရတယ်။"*[190] အချို့သောနေရပ်ပြန်သူများက သစ်တောမြေအား လယ်ယာလုပ်ကိုင်ရန်လုပ်ဆောင်ခြင်းမှာ ရေရှည်တွင် ၎င်းတို့၏ရှေ့ရေးအတွက်စိုးရိမ်ဖွယ်ဖြစ်သည်။ အကြောင်းမှာ ထိုသို့လုပ်ဆောင်ခြင်းသည် ၎င်းတို့အတွက် တရားဝင်အာမခံချက် တစ်စုံတစ်ခုမရှိသည့်အတွက် ဖြစ်သည်။

## ၂) UNHCR ၏ ပြန်လည်နေရာချထားရေး အစီအစဉ်ပြင်ပမှ နေရပ်ပြန်သူများ

ဒူးပလာယာခရိုင်၊ ကော်လားပြန်လည်နေရာချထားသည့်နေရာမှ မိမိအစီအစဉ်ဖြင့်ပြန်လာသည့် နေရပ်ပြန်သူသုံးဦးအား KHRG မှ တွေ့ဆုံမေးမြန်းခဲ့သည်။ ထိုဒေသသည် မိမိတို့၏မူရင်းကျေးရွာမဟုတ်သော်လည်း ၎င်းတို့သုံးဦးအနက် နှစ်ဦးက မြေယာလက်ခံရရှိကြောင်းနှင့် ထိုနှစ်ဦးထဲမှတစ်ဦးမှာ ဒေသခံအာဏာပိုင်များထံမှ ရရှိခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြခဲ့သည်။ (ကော်လားသည် ကေအဲန်ယူအုပ်ချုပ်သည့်ဒေသဖြစ်သဖြင့် ကေအဲန်ယူသည် မြေယာပေးအပ်ခဲ့သောအာဏာပိုင်များဖြစ်သည်ဟု ယူဆရသည်။) သို့သော် နော်အခ---က သူမရရှိသောမြေယာမှာ အလွန်ကျဉ်းပြီး စိုက်ပျိုးရေးလုပ်ရန်မသင့်တော်ကြောင်း ရှင်းပြခဲ့သည်။ *"ကျွန်မမှာ ဘာပိုင်ဆိုင်မှုမှမရှိဘူး။ အိမ်ဆောက်ဖို့ မြေသေးသေးလေးတစ်ကွက်ပဲရှိတယ်။"*[191] သူမအနေဖြင့် တောထဲမှရသည့်အသီးအနှံများ ရောင်းချ၍ရသည့်ငွေဖြင့် အစားအသောက်ဝယ်ရန်လုံလောက်ကြောင်းနှင့် တစ်ခါတစ်ရံတွင်လည်း ခက်ခဲမှုရှိကြောင်း ပြောခဲ့သည်။ နော်အဃ--- က မြေကွက်ရရှိထားသော်လည်း ပုံမှန်ဝင်ငွေလမ်းကြောင်းမရှိကြောင်းနှင့် အထူးသဖြင့် ထိုဒေသ၏ ရာသီအလိုက်လုပ်ကိုင်ရသော အလုပ်အကိုင်အခွင့်အလမ်းများအကြောင်းကို ရှင်းပြခဲ့သည်။ *"ပုံမှန်ဝင်ငွေရတဲ့အလုပ်ရှိတဲ့လူ [ကျွန်မတို့မိသားစုမှာ] တစ်ယောက်မှမရှိဘူး။ [...] ကျွန်မတို့ နေ့စားအလုပ်ပဲလုပ်တယ်။ ဒါပေမယ့် ကျွန်မတို့အချိန်တိုင်း လုပ်လို့မရဘူး။ [...] ကျွန်မတို့ ကောက်ရိတ်နဲ့ ပြောင်းဖူးချိုးတဲ့အလုပ်ပဲလုပ်ကြတယ်။"*[192]

ဆိုလိုသည်မှာ သူမ၏မြေကွက်သည် အလွန်သေးငယ်ပြီး လုံလောက်သည့်ဝင်ငွေရရှိရန်သီးနှံများထုတ်လုပ်နိုင်ခြင်းမရှိသောကြောင့် ဖြစ်နိုင်သည်။ သူမ၏မိသားစုမှာ ၂၀၁၃ ခုနှစ်တွင် ပြန်လည်နေထိုင်ခဲ့သော်လည်း သူမတို့အနေဖြင့် အခြားဒေသတွင်နေထိုင်သောဆွေမျိုးများအား မှီခိုရလျက်ရှိသေးသည်။ *"နိုင်ငံခြားက ကျွန်မတို့မောင်နှမတွေက ကျွန်မတို့ကိုပိုက်ဆံပို့ပေးတယ်။ သူတို့ပို့ပေးတဲ့ပိုက်ဆံနဲ့ပဲ ကျွန်မတို့အသက်ဆက်ရှင်နေရတာ။"*[193]

မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ အရ--- ကျေးရွာမှ ၂၀၁၈ ခုနှစ်တွင် မိမိအစီအစဉ်ဖြင့် နေရပ်ပြန်လည် နေထိုင်ခဲ့သော ဦးအ--- က အလုပ်အကိုင်အခွင့်အလမ်းမရှိခြင်းနှင့် လယ်ယာမြေလုပ်ကိုင်ခွင့်မရှိသည့်အတွက် သူ့အနေဖြင့် စားဝတ်နေရေးမပြေလည်မှုများနှင့် ကြုံတွေ့နေရကြောင်း KHRG အား ပြောကြားခဲ့သည်။ *"ကျွန်တော်တို့တွေ ခြံထဲမှာ သီးနှံတွေစိုက်ပြီး ကြက်မွေးတယ်။ တစ်ခါတစ်လေကျတော့ စားဝတ်နေရေးပြေလည်ဖို့ မြစ်ထဲကငါးတွေဖမ်းတယ်။ [...] ကျွန်တော်တို့မှာ တခြားအလုပ်မရှိဘူး။ ကျွန်တော်တို့မိသားစုအတွက် ခြံထဲမှာ သီးနှံလေး*

[189] Source #24 တွင်ကြည့်ပါ။
[190] Source #32 တွင်ကြည့်ပါ။
[191] Source #26 တွင်ကြည့်ပါ။
[192] Source #19 တွင်ကြည့်ပါ။
[193] Source #19 တွင်ကြည့်ပါ။

*တွေ့စိုက်တယ်။ ကျွန်တော်တို့မှာ မြေကွက်အကျယ်ကြီးလည်း မရှိဘူး။[...]"*[194] ဤဒေသသည် သူ၏မူလဒေသဖြစ်သော်လည်း ဒေသခံမူဆလင်ဘာသာရေးခေါင်းဆောင် [သူသည်လည်း မူဆလင်ဘာသာဝင်ဖြစ်သည်] ထံမှ မြေကွက်ငယ်တစ်ကွက်ကို ငှါးရမ်းနေထိုင်ရလျက်ရှိသည်။ ကျေးရွာပိုင် မြေကွက်များအားလုံးကို တပ်မတော်မှ သိမ်းယူထားပြီး လက်ရှိတွင် ရွာသားများအားပြန်၍ အငှါးချထားကြောင်း သူကပြောသည်။ *"ဒေသခံအများစုက တော့ လယ်လုပ်ကြတယ်။ တချို့ကတော့ တောင်ယာလုပ်တယ်။ ဒါပေမယ့် ဒီလယ်တွေက သူတို့ဟာတွေ မဟုတ်တော့ သူတို့က တပ်မတော်ဆီကငှါးပြီး လုပ်ကြတာ။ [...] တပ်မတော်က ဒီကမြေတွေအားလုံးကို သိမ်းထားတယ်။ သူတို့က ဒေသခံတွေကိုအငှါးချပြီး ငှါးခယူတယ်။"* [195]

လက်နက်ကိုင်တပ်ဖွဲ့များနှင့် ပုဂ္ဂလိကကုမ္ပဏီများ၏ မြေသိမ်းယူမှုများသည် မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်လျက်ရှိသော ပြဿနာတစ်ရပ်ဖြစ်ကြောင်း KHRG ၏ သတင်းအချက်အလက်များက ဖော်ပြလျက်ရှိသည်။[196] ဤအခြေအနေသည် အသေးစားလယ်ယာလုပ်ငန်းများအပေါ် မှီခိုနေရသော နေရပ်ပြန်သူများ၏ စားဝတ်နေရေးအတွက် အဓိကစိန်ခေါ်မှုဖြစ်စေသည်။ ၂၀၁၄ ခုနှစ်၊ ဧပြီလတွင် မြန်မာနိုင်ငံသို့ မိမိ၏အစီအစဉ်ဖြင့်ပြန်လာခဲ့သော မူတြော်ခရိုင်၊ သူးလေပလောမှ နော်ဂ--- အား KHRG မှ တွေ့ဆုံမေးမြန်းခဲ့သည်။ ထိုနေရာသည် သူမ၏မူလနေရပ်မဟုတ်သော်လည်း သူမအနေဖြင့် အစပိုင်းတွင်ကြုံတွေ့ရသော အခက်အခဲများအား KNU ၏အကူအညီဖြင့် ကျော်လွှားနိုင်ခဲ့ပြီး ယခုတွင်သူမသည် လယ်ယာစိုက်ပျိုးလျှက်ရှိသည်။ သို့သော် ထိုဒေသအတွင်းရှိ ကုမ္ပဏီနှစ်ခု၏လုပ်ငန်းများသည် ထိုဒေသတစ်ခုလုံး၏ စားဝတ်နေရေးအား ခြိမ်းခြောက်နိုင်ကြောင်း ထောက်ပြခဲ့သည်။ *"ကုမ္ပဏီတစ်ခုက ဆီအုန်းနဲ့ရာဘာစိုက်ပျိုးရေးလုပ်တယ်။ တခြားတစ်ခုကတော့ ဘိလပ်မြေထုတ်ဖို့အတွက် ကျောက်မိုင်းတစ်ခုပိုင်တယ်။ သူတို့ရဲ့ အကျိုးစီးပွားအတွက် (ဆီအုန်းပင်နဲ့ရော်ဘာပင်တွေကို စိုက်ပျိုးဖို့) ရွာသားတွေရဲ့ မြေယာပေါ်ရှိ အပင်တွေကိုလည်း ခုတ်လှဲပစ်တယ်။ ဒါက ကျွန်မတို့အလုပ်လုပ်ကိုင်ဖို့ မြေတွေဆုံးရှုံးရတဲ့အတွက် ကျွန်တော်တို့ရဲ့ စားဝတ်နေရေးကို အခက်အခဲဖြစ်စေနိုင်တယ်။"* [197]

### ၃) ပြည်တွင်း နေရပ်ရွှေ့ပြောင်းနေထိုင်သူများ

ခလယ်လွီထူခရိုင်၊ လယ်ဒိုမြို့နယ်၊ IDP များ ပြန်လည်နေရာချထားရေးနေရာဖြစ်သည့် လော်မူသောဒေသ (ကဲဒို့လူရပ်ကွက်) သို့ ၂၀၁၃ ခုနှစ်၌ ပြန်လည်နေထိုင်သော စောအဂ--- က ၎င်းတွင် လုပ်ကိုင်စားသောက်ရန် မြေယာရှိကြောင်း ရှင်းပြခဲ့သည်။ သူ့အနေဖြင့် CIDKP မှ စိုက်ပျိုးရေးနှင့်ပတ်သက်၍ ရွာတွင်သင်တန်းရရှိခဲ့ပြီး ထိုသင်တန်းသည် ၎င်းအတွက်အကျိုးရှိကြောင်း ဖော်ပြခဲ့သည်။ သို့သော် သူနှင့် အခြားရွာသားများအနေဖြင့် ၎င်းတို့၏စားဝတ်နေရေးပြေလည်ရန် လုပ်ကိုင်နိုင်ခြင်းမရှိသေးပါဟု စောအဂ---မှ ဖော်ပြခဲ့သည်။ *"ကျွန်တော်တို့ ဝင်ငွေက ကျွန်တော်တို့ ၂ ယောက်အတွက်ပဲ လုံလောက်တယ်။ ကျွန်တော်တို့ကလေးတွေရဲ့ လိုအပ်ချက်ကိုတော့ မဖြည့်ပေးနိုင်သေးဘူး။ ကျွန်တော့် အိမ်နီးချင်းတချို့ ဆိုလည်း [သူတို့ရဲ့ လယ်ကရတဲ့ငွေဟာ]သူတို့ တစ်မိသားစုလုံးအတွက် မလုံလောက်ဘူး။ ဒီလူတွေက ရာသီချိန်ဆိုရင်လည်း နေ့စားအနေနဲ့ အလုပ်လုပ်ကြသေးတယ်။ ဒါပေမယ့်လည်းအဲ့ဒါက သူတို့စားဝတ်နေရေးအတွက် မလုံလောက်ပြန်ဘူး။"* [198] လော်မူသောဒေသ (ထူတော်လူရပ်ကွက်) သို့ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလတွင် ပြန်လည်နေထိုင်ခဲ့သော အခြားသောရွာသားတစ်ဦးဖြစ်သည့် စောအအိ--- က သူ့အနေဖြင့် ကေအဲန်ယူထံမှ မြေယာငါးဧကရရှိခဲ့ကြောင်း ပြောပြခဲ့သည်။ သူ့အနေဖြင့်

---

[194] Source #4 တွင်ကြည့်ပါ။

[195] Source #4 တွင်ကြည့်ပါ။

[196] KHRG မှ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလတွင်ထုတ်ဝေထားသော "အကြောက်တရား၏အုတ်မြစ် - ၂၅ နှစ်အတွင်း မှတ်တမ်းတင်ထားသော မြန်မာပြည်အရှေ့တောင်ပိုင်းမှ ရွာသားများ၏အသံများ" နှင့် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လတွင် ထုတ်ဝေထားသော "လူထုပါဝင်ခွင့်မရှိသည့် ဖွံ့ဖြိုးရေးစီမံကိန်းများ - မြန်မာပြည်အရှေ့တောင်ပိုင်းရှိ မြေယာသိမ်းယူမှုများနှင့် ကျေးလက်စွမ်းရည်လုပ်ဆောင်ချက်များ" တွင်ကြည့်ပါ။

[197] Source #5 တွင်ကြည့်ပါ။

[198] Source #33 တွင်ကြည့်ပါ။

စားဝတ်နေရေးအတွက် လုံလောက်သည့်ဝင်ငွေရရှိခြင်း ရှိမရှိနှင့်ပတ်သက်ပြီး မသေချာသော်လည်း အများစုမှာ လုံလောက်မှုမရှိကြောင်း အဓိကထားတင်ပြခဲ့သည်။ *"ကျွန်တော်တို့ဒေသမှာ လုံလောက်တဲ့ဝင်ငွေပေးနိုင်တဲ့ အလုပ်မရှိဘူး။ […] ဒေသတွင်းမှာရှိတဲ့လူအများစုက ဆင်းရဲကြတယ်။ ဒါကြောင့် သူတို့က နေ့စားအလုပ်တွေ ကိုလုပ်ရတယ်။ ဒီမှာ လုပ်စားကိုင်စားလို့ရတဲ့ မြေအများကြီးမရှိဘူး။ KNU က ပေးလုပ်တဲ့မြေယာပေါ်မှာပဲ မိုးတွင်းလောက်ကို လုပ်ကိုင်စားလို့ရတယ်။ KNU ကပေးထားတဲ့ မြေယာအားလုံးက နွေရာသီမှာ လုပ်စားလို့ ရတာမဟုတ်ဘူး။"* [199]

ဒူးသထူ (သထုံ)ခရိုင်၊ ဘီးလင်းမြို့နယ်၊ ထီးဆီဘောခီးကျေးရွာတွင် IDP လေးဦးအား KHRG မှ လူတွေ့မေးမြန်းခဲ့ပါသည်။ ထိုသူများမှာ လူတွေ့မေးမြန်းခြင်းမပြုလုပ်မီ ၂ နှစ်မှ ၄ နှစ်အတွင်း ၎င်းတို့၏ကျေးရွာများသို့ ပြန်လည်နေထိုင်ခဲ့ကြသူများ ဖြစ်သည်။ လက်ရှိတွင် ၎င်းတို့အားလုံး လယ်လုပ်ငန်းလုပ်ကိုင်လျက်ရှိကြောင်းကို စောယ--- က အတည်ပြုခဲ့သည်။ *"ကျွန်တော်တို့တွေ တောင်ယာလုပ်ကိုင်ကြတယ်။ ကျွန်တော်တို့ ဒါပဲလုပ်တတ်တယ်။ တခြားဟာမလုပ်တတ်ဘူး။"*[200] သူ၏အိမ်နီးချင်းတစ်ချို့နှင့် ဆွေမျိုးများမှာ နေ့စားအလုပ်သမားများအဖြစ် လုပ်ကိုင်လျက်ရှိကြောင်း ဖော်ပြခဲ့သည်။ အချုပ်ဆိုရလျှင် မေးခွန်းဖြေကြားသူများက ၎င်းတို့၏ စားဝတ်နေရေးအတွက် လုံလောက်သည့်ဝင်ငွေအခွင့်အလမ်းမရှိကြောင်း တင်ပြခဲ့ကြသည်။[201] အခြားဒေသခံ IDP တစ်ဦးဖြစ်သည့် နော်အဝ--- မှ KHRG အား သူမ၏အခြေအနေကို ဤသို့တင်ပြခဲ့သည်။ *"ကျွန်မတစ်ယောက်ထဲ အလုပ်လုပ်တယ်။ ဒါပေမယ့်အခုတော့ ကျွန်မအလုပ်ကောင်းကောင်း မလုပ်နိုင်တော့ဘူး။ ဒါပေမယ့် ကျွန်မအသက်ရှင်ဖို့ အတွက်တော့ လုပ်နိုင်သလောက်အလုပ်တွေ လုပ်ရအုံးမယ်။ […] ကျွန်မတို့စားဝတ်နေရေး ပြေလည်အောင်တော့ မလုပ်နိုင်ဘူး။"* [202]

တောအူးခရိုင်တွင် ၎င်းတို့၏မူလဒေသဖြစ်သော ထန်းတပင်မြို့နယ်သို့ ပြန်လည်နေထိုင်သည့် IDP များသည်လည်း အလားတူအခက်အခဲများ ကြုံတွေ့ကြရသည်။ ထိုမှုမက ၎င်းတို့သည် ၂၀၁၉ ခုနှစ် တွင်လည်း ရေကြီးခြင်း၊ အပူလှိုင်းနှင့် ကြွက်အန္တရာယ်များကျရောက်ခြင်းကြောင့် နောက်ဆက်တွဲပြဿနာများနှင့်လည်း ရင်ဆိုင်ကြရသေးသည်။[203] ရလာဒ်အနေဖြင့် ဒေသခံများသည် စိုက်ပျိုးရေးသီးနှံများ လုံလုံလောက်လောက် ရိတ်သိမ်းနိုင်ခြင်း မရှိပေ။ ၂၀၁၆ ခုနှစ်၊ ဇွန်လတွင် ကလေခီးကျေးရွာသို့ ပြန်လည်နေထိုင်ခဲ့သော ရွာသူတစ်ဦးဖြစ်သည့် နော်ဇ---အား သူမအနေဖြင့် မိသားစုအတွက်လုပ်ကိုင်ကျွေးမွေးရန် ဝင်ငွေလုံလောက်မှုရှိမရှိ မေးမြန်းရာတွင် *"လောက်တော့မလောက်ဘူး။ ဘာလို့လဲဆိုတော့ ကျွန်မတို့မှာ လယ်လုပ်ငန်းကလွဲပြီးတော့ တခြားအလုပ်မရှိဘူး။ ဒါကြောင့်ကျွန်မတို့တွေ တစ်နှစ်စာစပါးကို လုံလုံလောက်လောက်ရရင်တော့ ပိုကောင်းတယ်။ ဒါပေမယ့် ကျွန်မတို့စပါးတွေကို ကြွက်တွေကဖျက်ဆီးတယ်။ ဖာလာစိုက်ခင်းလည်း အပူချိန်ပြင်းတော့ သေကုန်ပြီ။ ကြွက်တွေက သီးနှံတွေကိုလည်းစားတယ်။ ဒါတွေက ကျွန်မတို့ရွာနဲ့ဒေသတစ်ခုလုံးအတွက် အကြီးမားဆုံး ပြဿနာတွေပဲ။"* [204]

လူတွေ့မေးမြန်းခြင်းမပြုလုပ်မီ လွန်ခဲ့သောလေးနှစ်ခန့်က စီခဲဒဲသို့ ပြောင်းရွှေ့လာသည့် IDP တစ်ဦးဖြစ်သူ စောအက--- သည်လည်း အလားတူအခက်အခဲကို ရင်ဆိုင်ရလျက်ရှိသည်။ သူ့အနေဖြင့် ကလေးခုနစ်ဦးအတွက် လုံလောက်သည့် အစားအသောက်ဝယ်နိုင်ရန် ရုန်းကန်နေရပါသည်။ *"ကျွန်တော်တို့တွေ ဆန်ဝယ်ဖို့အတွက် တခြားသီးနှံတွေနဲ့ ပစ္စည်းတွေရှာပြီး ရောင်းကြတယ်။ ဒါကလွဲပြီး တခြားဘာမှလုပ်လို့မရဘူး။ တခြားနည်းလမ်း*

[199] Source #34 တွင်ကြည့်ပါ။
[200] Source #21 တွင်ကြည့်ပါ။
[201] Source #35၊ Source #21 နှင့် Source #37 တွင်ကြည့်ပါ။
[202] Source #35 တွင်ကြည့်ပါ။
[203] Source #9 နှင့် Source #23 တွင်ကြည့်ပါ။
[204] Source #23 တွင်ကြည့်ပါ။

*လည်းမရှိဘူး။ ကျွန်တော်တို့အတွက် ဝင်ငွေရဖို့ခက်ခဲတယ်။ ကျွန်တော်တို့တွေက တစ်နေ့လုပ်တစ်နေ့စားပဲ။"*[205] FAO ၏ဖော်ပြချက်အရ မြန်မာနိုင်ငံသည် ရာသီဥတုဒဏ်ခံရသည့် ထိပ်ဆုံးသုံးနိုင်ငံတွင်ပါဝင်ပြီး ထိုအခြေအနေက စားဝတ်နေရေးလုပ်ငန်းများ၊ အစားအသောက်နှင့်သီးနှံပင်များကို ပျက်စီးစေသည်။ ဒေသခံ အာဏာပိုင်များအနေဖြင့် ဒေသတွင်းနေထိုင်ကြသူများရင်ဆိုင်နေရသော ရာသီဥတုနှင့် သဘာဝဘေးအန္တရာယ်များဆိုင်ရာ အခက်အခဲများကိုလည်း ဖြေရှင်းပေးနိုင်ရန် စွမ်းရည်ပြည့်ဝခြင်းမရှိကြပါ။[206] နေရပ်ပြန်သူများအနေဖြင့် သဘာဝဘေးအန္တရာယ်ကြောင့် အသက်မွေးဝမ်းကျောင်းထိခိုက်သည့်အခါတွင် ဒေသခံအာဏာပိုင်များထံမှ လိုအပ်သောအကူအညီများ မရရှိကြပါ။ ဤသို့သောအခြေအနေများက သဘာဝဘေးဒဏ်ကျရောက်သော နေရာများတွင်ရှိသည့် စိုက်ပျိုးရေးအပေါ် မှီခိုအားထားသော နေရပ်ပြန်သူများအတွက် အခက်အခဲဖြစ်စေပါသည်။

ခလယ်လွိထူခရိုင်ရှိ နို့ရဲဒေသသို့ ၂၀၁၆ ခုနှစ် အစောပိုင်းတွင် ပြန်လည်နေထိုင်သော IDP တစ်ဦးဖြစ်သည့် စောက--- က စားဝတ်နေရေးအဆင်ပြေရန်အတွက် ၎င်းတို့မိသားစုဝင်အားလုံး အလုပ်လုပ်ရသည်ဟု ပြောသည်။ သို့သော်လည်း သူ၏ စိုက်ခင်းမှရသောဝင်ငွေနှင့် မိသားစုဝင်များ၏လုပ်ခများမှာ ၎င်းတို့၏လိုအပ်ချက်ကို ကာမိနိုင်ခြင်းမရှိပေ။ *"ကျွန်တော်တို့ရတဲ့နေ့စားခက ကျွန်တော်တို့ရဲ့ တစ်ရက်စာ အစားအသောက်တွေဖြစ်တဲ့ ဆန်၊ ဆီ၊ ဆား ဝယ်ဖို့အတွက်ပဲ လုံလောက်တယ်။ တခြားကျွန်တော်တို့လိုအပ်တဲ့ အဝတ်အစား၊ စောင်၊ ဖိနပ်နဲ့ ခရီးသွားတဲ့အခါလိုတဲ့ ကျောပိုးအိတ်ကိုတော့ ဝယ်နိုင်ဖို့ခက်တယ်။"* [207] ကိုနီးကျေးရွာသို့ ပြန်လည်နေထိုင်သော IDP များသည် ကျေးရွာအနီးတဝိုက်ရှိ မြေယာများအား လုပ်ပိုင်ခွင့်ရရှိကြသည်။ သို့သော်လည်း IDP တစ်ဦးဖြစ်သောစောမ---သည် သူ့အနေဖြင့် ၂၀၁၂/၂၀၁၃ ခုနှစ်ကတည်းက ပြန်လည်နေထိုင်ခဲ့သော်လည်း အခက်အခဲများ ကြုံတွေ့လျက် ရှိနေသေးကြောင်း တင်ပြခဲ့သည်။ *"ဒီမှာ အလုပ်အကိုင်အခွင့်အလမ်းတော့ နည်းနည်းပါးပါးရှိတယ်။ တကယ်လို့ ကျွန်တော်တို့ကျွဲနွားတွေကျောင်းမယ်ဆိုရင် အဲ့ဒီအလုပ်ပဲလုပ်လို့ရတယ်။ ကျွဲကလေးတွေက ငယ်သေးတော့ ရောင်းလို့မရဘူး။ ဒါကြောင့် ကျွန်တော်တို့သူများ(သူဌေး) တွေဆီကနေ ပိုက်ဆံချေးပြီး အတိုးနဲ့ ပြန်ပေးရတယ်။ ဒါကြောင့်ကျွန်တော်တို့မှာ လုံလောက်တဲ့ဝင်ငွေမရှိပေမယ့် ဒီလိုပဲလုပ်စားကြရတယ်။"* [208] ထိုအခြေအနေက နေရပ်ပြန်သူများ ၎င်းတို့၏ခြေထောက်ပေါ် ရပ်တည်နိုင်ရန်အတွက် အကူအညီပေးနိုင်မည့် ရေရှည်ထောက်ပံ့မှုအစီအစဉ်များ လိုအပ်ကြောင်း မီးမောင်းထိုးပြနေသည်။

KHRG မှ တွေ့ဆုံမေးမြန်းခဲ့သော နေရပ်ပြန်သူအများစုက ၎င်းတို့အနေဖြင့် နေရပ်သို့ပြန်လာသည့်အချိန်မှစ၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအတွက် အခက်အခဲများနှင့်ရင်ဆိုင်ရလျက်ရှိကြောင်း ဖော်ပြခဲ့သည်။ အဓိက အချက်တစ်ချက်မှာ မြေယာလုပ်ကိုင်ခွင့် မရှိသည့်အတွက်ဖြစ်သည်။ လူတွေ့မေးမြန်းခဲ့သူများတွင် UNHCR ၏ အစီအစဉ်ဖြင့် နေရပ်သို့ပြန်လာခဲ့သူအများစုသည် ၎င်းတို့ကိုယ်ပိုင်မြေယာများမရှိသဖြင့် အခြားသူများ၏ မြေယာအား ငှါးရမ်းလုပ်ကိုင်ခြင်း သို့မဟုတ် တစ်ပါးသူများ၏မြေပေါ်တွင် သွားရောက်လုပ်ကိုင်ခြင်းများ ပြုလုပ်ရသည်။ UNHCR နှင့် မြန်မာအစိုးရမှ နေရပ်ပြန်ရန်ပံ့ပိုးပေးထားသည့် အထောက်အပံ့များမှ မြေယာဝယ်ယူရန် ထောက်ပံ့ငွေမှာ နေရပ်ပြန်သူများ ၎င်းတို့ကိုယ်ပိုင်မြေယာဝယ်ယူရန်အတွက် အတားအဆီးကြီး တစ်ခုပင်ဖြစ်သည်။ သို့သော် အခြားသောကိစ္စရပ်များဖြစ်သည့် နေရပ်ပြန်သူများအား ခွဲခြားဆက်ဆံခြင်းနှင့် နေရပ်ပြန်သူများမရနိုင်သေးသည့်မြေယာများအား လုပ်ပိုင်ခွင့်ပေးမည်ဟူသော ကတိကဝတ်များက နေရပ်ပြန်သူများအတွက် ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် ထိခိုက်မှုများရှိစေသည်။ အချို့သောမိမိအစီအစဉ်နှင့် နေရပ်ပြန်ကြသူများသည် KNU ၏ အကူအညီဖြင့် မြေယာလုပ်ပိုင်ခွင့်များရရှိကြပြီး IDP အများစုမှာ ၎င်းတို့ပိုင်ဆိုင်ထားသည့် မြေယာရှိသောဒေသများသို့ ပြန်လည်နေထိုင်ကြသည်။ ၎င်းတို့အနေဖြင့် အခက်အခဲများကိုကြုံတွေ့ကြရသော်လည်း ထိုအခက်အခဲများသည် အဓမ္မနေရပ်ရွှေ့ပြောင်းခြင်းမခံရသော ရွာသားများ တွေ့ကြုံရသည့် အခက်အခဲများနှင့်တူညီသည်။

---

[205] Source #36 တွင်ကြည့်ပါ။

[206] Food and Agriculture Organization of the United Nations မှ ၂၀၁၉ ခုနှစ်တွင် "FAO Country Programming Framework for Myanmar 2017-2022" တွင်ကြည့်ပါ။

[207] Source #8 တွင်ကြည့်ပါ။

[208] Source #11 တွင်ကြည့်ပါ။

## ဓာတ်ပုံ - အသက်မွေးဝမ်းကျောင်း




ဤပုံကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ဒူးပလာယာခရိုင်၊ နို့တကော (ကြာအင်းဆိပ်ကြီး) မြို့နယ်၊ လေးဖာထောပြန်လည်နေရာချထားရေးနေရာတွင် ရိုက်ယူခဲ့ပါသည်။ ပြန်လည်အခြေချနေထိုင်သည့်ဒုက္ခသည်များအတွက် ဆောက်လုပ်ပေးထားသည့် အိမ်များ၏ပုံဖြစ်ပါသည်။ ထိုအချိန်၌ ဒဲယ်သဲဖလယ်အနီးရှိ မေးခွန်းဖြေကြားသူတစ်ဦးမှ ပြန်လည်နေရာချထားရေး နေရာတစ်ဝိုက်တွင် လယ်ယာစိုက်ပျိုးရေးအတွက်မြေယာမရှိခြင်းသည် အနာဂတ်တွင် နေရပ်ပြန်သူများအတွက် ပြဿနာဖြစ်စေနိုင်ကြောင်း ထောက်ပြခဲ့ပါသည်။ "အဲမှာ အိမ်တစ်အိမ်ရရုံကလွဲပြီး  အသက်မွေးဝမ်းကျောင်းပြုဖို့အတွက် လယ်ယာမရှိဘူး။ ဒါကြောင့် အဲ့ဒီကိုပြန်သွားမယ်ဆိုရင်ဘယ်မှာအစားအစာရမှာလဲ။" *[ဓာတ်ပုံ - KHRG]*







ဤပုံတို့အား ၂၀၁၇ ခုနှစ်၊ မတ်လတွင် ဒူးပလာယာခရိုင်၊ နို့တကော (ကြာအင်းဆိပ်ကြီး) မြို့နယ်၊ ထီးညဖောကျေးရွာတွင် ရိုက်ယူထားခြင်းဖြစ်ပါသည်။ ဤပုံသည် နေရပ်ပြန်သူများအား နိပ္ပိုးယာယီဒုက္ခသည်စခန်းရှိ စိုက်ပျိုးရေးဌာနမှ ထောက်ပံ့ပေးသည့် လယ်ယာသုံးပစ္စည်းများ၊ မျိုးစေ့များနှင့် ခြင်သတ်ဆေးများ၏ပုံဖြစ်ပါသည်။ ၎င်းတို့သည်  မြန်မာပြည်သို့ပြန်လည်အခြေချရာ၌ အသက်မွေးဝမ်းကျောင်းပြန်လည်တည်ထောင်မှုတွင် အထောက်အကူဖြစ်စေရန် စိုက်ပျိုးရေးသင်တန်းတို့ကိုတက်ရောက်ခဲ့ပြီးသူများလည်း ဖြစ်ပါသည်။ KHRG မှ မေးခွန်းဖြေကြားသူအများစုဖြစ်သည့် နေရပ်ပြန်သူများသည် ဤသင်တန်းကိုတက်ခဲ့ကြပါသည်။ *[ဓာတ်ပုံ - KHRG]*

## (ခ) နေအိမ်နှင့် လူနေမှုအဆင့်အတန်းများ

KHRG ၏ လူတွေ့မေးမြန်းမှုများမှ ရရှိခဲ့သောအချက်အလက်များအရ အချို့သော UNHCR အစီအစဉ်ဖြင့် နေရပ်ပြန်သည့်ဒုက္ခသည်များ ပြန်လည်နေရာချထားရေးနေရာသို့ပြန်ရောက်သည့်အချိန်တွင် ၎င်းတို့အတွက် နေအိမ်များကို စီစဉ်ပေးထားသည်။ အထူးသဖြင့် ပြန်လည်နေရာချထားရေးစခန်းများဖြစ်သော မယ်လဝေလယ်မူး၊ ကော်လား၊ လေးဖါထောနှင့် ထီးသဘလုဖိုးခီးသို့ နေရပ်ပြန်သူများသည် တည်ဆောက်ပေးထားသော အိမ်ယာသစ်များ ရရှိကြသည်။ သို့သော်လည်း အချို့သောစီစဉ်ပေးထားသည့် အိမ်ယာသစ်များသည် အရည်အသွေးပြည့်မှီခြင်း မရှိသည့်အပြင် နေရပ်ပြန်သူများအနေဖြင့် ထိုအိမ်ယာများကို တရားဝင်ပိုင်ဆိုင်ခွင့်မရရှိပေ။ မယ်လတာလော်သောသည် ပြန်လည်နေရာချထားရေးနေရာ တစ်ခုဖြစ်သော်လည်း အစပိုင်းတွင် နေရပ်ပြန်သူများအတွက် အနီးအနားတွင် အိမ်များတည်ဆောက်ပေးရန် ဆွေးနွေးခဲ့ခြင်းများရှိခဲ့သည်မှအပ လက်တွေ့တွင် အိမ်ယာအသစ်များ တည်ဆောက်ပေးခြင်းမရှိပေ။ ထိုသို့သောအိမ်ယာများ စီစဉ်ပေးသည့် အထောက်အပံ့များ မရသည့်သူများသည် ၎င်းတို့၏အိမ်ယာများကို ကိုယ်တိုင်ဆောက်လုပ်ကြရပြီး အချို့သောသူများမှာ ကျဉ်းကျပ်၍ လုံခြုံမှုမရှိသောအိမ်ယာများတွင်  နေထိုင်ရလျက်ရှိသည်။

ရေရရှိခြင်းသည်လည်း အချို့သောဒေသများအတွက် အခက်အခဲတစ်ခုဖြစ်သည်။ ထိုဒေသတွင်  နေထိုင်သော နေရပ်ပြန်များသည် ၎င်းတို့ကိုယ်တိုင် ရေတွင်းတူး၍အသုံးပြုခြင်း သို့မဟုတ် အန္တရယ်ရှိသည့် သဘာဝအရင်းအမြစ်များအပေါ် ယာယီမှီခိုမှုများ ပြုလုပ်ရသည်။ ထိုဒေသများသည် မိမိအစီအစဉ်ဖြင့်  နေရပ်သို့ ပြန်လာခဲ့သော IDP များနှင့် ဒုက္ခသည်များနေထိုင်သည့် နေရာများဖြစ်လေ့ရှိသည်။

### ၁) UNHCR အစီအစဉ်ဖြင့် နေရပ်ပြန်လာသည့် ဒုက္ခသည်များ

ဘားအံခရိုင်၊ မယ်လတာလော်သောတွင် လက်ရှိနေထိုင်လျက်ရှိသော လူတွေ့မေးမြန်းခဲ့သူများတွင် အများစုမှာ UNHRC ၏အစီအစဉ်နှင့် နေရပ်သို့ပြန်လာခဲ့သူများဖြစ်ပြီး ၎င်းတို့ပြန်လာသည့်အချိန်တွင် နေအိမ်များပြင်ဆင်ပေးထားခြင်းမရှိသည့်အတွက် ၎င်းတို့ကိုယ်တိုင် နေအိမ်များဆောက်လုပ်ကြရသည်။ မေးခွန်းဖြေကြားသူ သုံးဦးစလုံးသည် ၎င်းတို့၏လက်ရှိအခြေအနေကို ကျေနပ်လျက်ရှိသော်လည်း သူမအနေဖြင့်လက်ရှိတွင် ကျဉ်းကျဉ်းကျပ်ကျပ်အခြေအနေတွင် နေထိုင်ရလျက်ရှိကြောင်း နော်ဒ--- က KHRG အားပြောခဲ့သည်။ *"အိမ်ကနည်းနည်းသေးပြီး လူကများနေတယ်။ ဒါပေမဲ့ခုတော့ ပိုကြီးတဲ့အိမ်မဆောက်နိုင်သေးဘူး။ [...] အိမ်က အရမ်းတော့မခိုင်ဘူး။ လေပြင်းတိုက်ရင်တော့ ကြောက်ရတယ်။"*[209] သူမ၏အိမ်မှာ ယိုယွင်းပျက်စီးနေပြီး အခြေအနေမကောင်းကြောင်းကိုလည်း ရှင်းပြခဲ့သည်။ *"ကျွန်မတို့အိမ်ဆောက်ဖို့နဲ့ မြေရဖို့အတွက် ကြိုးစားရတယ်။ အိမ်ကသိပ်မကောင်းတော့ဘူး။ ခြတွေကလည်းအိမ်တိုင်ကို စားကုန်ပြီ။"* နော်ကျ--- သည်လည်း အလားတူအခြေအနေကို ရင်ဆိုင်ရလျက်ရှိသည်။ *"လောလောဆယ်တော့ ကျွန်မရဲ့ အိမ်က ပျက်စီးနေပြီ။ အိမ်က သိပ်မခိုင်တော့ဘူးဆိုတော့ ကျွန်မတို့ သက်တောင့်သက်သာ နေလို့မရတော့ဘူး။"*[210]

အချို့က ၎င်းတို့တွင် ဖျာ၊ စောင်နှင့် ခြင်ထောင် အလုံအလောက်မရှိကြောင်းတင်ပြခဲ့ပြီး ထိုအခြေအနေက မိုးတွင်းနှင့် အေးသည့်ရာသီဥတုများတွင် ၎င်းတို့၏ အသက်ရှူလမ်းကြောင်း သို့မဟုတ် ခြင်မှဖြစ်ပွားစေသည့် ရောဂါများအား ရရှိစေကြောင်း တင်ပြခဲ့ကြသည်။ အချို့သောနေရပ်ပြန်သူများသည် KNU-KNLA-PC မှ တစ်ဆင့် (အမည်မသိ အလှူရှင်အဖွဲ့အစည်းမှ) ဆိုလာပြားများရရှိခဲ့ကြပြီး လူတိုင်းစေ့မရသေးသည့်အတွက် နောင်တွင် ထပ်မံရရှိရန်မျှော်လင့်လျက်ရှိသည်။ သို့သော် နေရပ်ပြန်သူနှစ်ဦးက ထိုဆိုလာပြားများသည် အခမဲ့မဟုတ်ကြောင်း KHRG အား ပြောခဲ့သည်။ နော်ကျ--- က သူမအနေဖြင့် ဆိုလာပြားတစ်ခုပင် ဝယ်နိုင်ခြင်းမရှိကြောင်း ဖော်ပြခဲ့သည်။ *"ဆိုလာတွေတော့ ရှိပါတယ်။ ဒါပေမယ့် ကျွန်မတို့ဘတ်သုံးရာ [၁၃၅၉၈ ကျပ်] ပေးရမယ်။ ဒါပေမယ့်ကျွန်မမှာ ဘတ်သုံးရာမရှိသေးတော့ ကျွန်မမဝယ်နိုင်သေးဘူး။ [...] ကျွန်မသူတို့ [လူကြီးတွေ] ကိုပြော*

[209] Source #3 တွင်ကြည့်ပါ။

[210] Source #14 တွင်ကြည့်ပါ။

*တယ်။ 'ရှင်တို့ ကျွန်မကိုပေးရင်တော့ ကျွန်မတစ်ခုရမယ်။ ဒါပေမယ့် ရှင်တို့မပေးရင်တော့ ကျွန်မမယူတော့ဘူး။ ဘာလို့လဲဆိုတော့ ကျွန်မမှာပိုက်ဆံလုံးဝမရှိတော့ဘူး။ အဲ့ဒီတော့ ကျွန်မအမှောင်ထဲမှာပဲ နေတော့မယ်။'"*[211] ဆိုလာပြားများသည် ရွာသားများလျှပ်စစ်မီးရရှိရန်အတွက် တစ်ခုတည်းသောနည်းလမ်းဖြစ်သည်။ ကရင်ပြည်နယ်၏နေရာအများစုသည် နိုင်ငံတော်၏လျှပ်စစ်ဓါတ်အားလိုင်းနှင့် ချိတ်ဆက်နိုင်ခြင်းမရှိသေးပါ။[212]

မယ်လတာလော်သောတွင် နေထိုင်သူများသည် မြစ်ရေနှင့် တွင်းရေနစ်ခုလုံးကို အသုံးပြုကြသည်။ သို့သော် နော်ကျ---မှာ ရွာနှင့် အလှမ်းဝေးသည့်နေရာတွင် နေထိုင်သဖြင့် ရေရှိရန်အတွက် သူမ၏ကိုယ်ပိုင်အစီအစဉ်ဖြင့် လုပ်ဆောင်ရသည်။ *"ရေကကျွန်မအိမ်ထိမရောက်ဘူး။ ဘာလို့လဲဆိုတော့ ကျွန်မနေတာကအဲ့ဒီနေရာနဲ့ဝေးတယ်။ [...] ကျွန်မ မိသားစုအတွက် ရေတွင်းတူးထားတယ်။"*[213] သူမအနေဖြင့် အခြားသောနေရပ်ပြန်သူများကဲ့သို့ အိမ်သာခွက် လက်ခံရရှိခြင်းမရှိကြောင်းကိုလည်း ရှင်းပြခဲ့သည်။ နော်ဒ--- မှ ရှင်းပြသကဲ့သို့ ဒေသတစ်ခုလုံးတွင် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲရေးစနစ်ရှိပုံမရပေ။ *"ကျွန်မတို့က (အမှိုက်တွေကို)ဒီလိုပဲ မီးရှို့လိုက်တယ်။ [...] တချို့က တော့ မြစ်ထဲကိုပစ်ကြတယ်။"*[214]

ဒူးပလာယာခရိုင်မှ နေရပ်ပြန်သူများသည် ၎င်းတို့နေထိုင်သည့်နေရာအပေါ် မူတည်၍ မတူညီသော အခက်အခဲများကို ရင်ဆိုင်ရသည်။ ထီးသဘာလုခီးမှ ဒေါ်စ--- က သူမအနေဖြင့် နိုပွန်ဖောင်ဒေးရှင်း၏ထောက်ပံ့ငွေဖြင့် တည်ဆောက်ခဲ့သောအိမ်ယာသည် သူမအတွက် ကျေနပ်မှုရှိသည်ဟု ရှင်းပြခဲ့သည်။ *"အဲ့ဒီအိမ်ယာမှာ လူတိုင်း နေလို့ဆုံတယ်။ အိမ်က အခန်းကျယ်နှစ်ခန်းနဲ့ ဧည့်ခန်းတစ်ခန်းရှိတယ်။ ဒါကြောင့်အဲ့ဒါက ကျွန်မတို့အတွက် အဆင်ပြေတယ်။ [...] ကျွန်မတို့မှာ အိမ်သာလည်းရှိတယ်။ အိမ်တိုင်းမှာ အိမ်သာတစ်လုံးစီရှိတယ်။ သူတို့က အိမ်တိုင်းအတွက် အိမ်သာ၊ မီးဖိုချောင်၊ ရေချိုးခန်းအားလုံးကို လုံလောက်အောင် ဆောက်ထားပေးတယ်။"*[215] သူမတွင် နေရာထိုင်ခင်းလုံလုံလောက်လောက်ရှိပြီး သုံးရေလုံလောက်စွာရရှိသည်။ သို့သော်သူမတို့တွင် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲရေးစနစ်နှင့် လျှပ်စစ်မီးမရှိပေ။

လေးဖာထောမှ ဒေသခံခေါင်းဆောင်တစ်ဦးဖြစ်သည့် စောအအိ--- က KHRG အား ၎င်းတို့နေထိုင်သည့် ပြန်လည်နေရာချထားရေးစခန်းတွင် ရေရရှိရန်အလွန်ခက်ခဲကြောင်း တင်ပြခဲ့သည်။ *"မိုးတွင်းဆိုရင် ကျွန်တော်တို့ မိုးရေကိုပဲသုံးတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့တခြားနေရာက ရေမရဘူး။ နွေရာသီဆိုရင်တော့ ကျွန်တော်တို့ဒေသထဲ ရေအလုံအလောက်မရှိတော့ ရေကိုချောင်းကနေသွားခပ်ရတယ်။ ကျွန်တော်တို့ ကိုယ့်ဟာကိုယ် ရေရှာရတယ်။ [...] ဆိုင်ကယ်မရှိတဲ့သူတွေအတွက်ကတော့ အရမ်းဝေးတယ်။ အဲ့ဒီကိုရောက်ဖို့ မိနစ်သုံးဆယ်လောက် လမ်းလျှောက်ရတယ်။ [...] ကျွန်တော်တို့လမ်းလျှောက်ပြီးသယ်ရင် အဲ့လောက်ထိမသယ်နိုင်ဘူး။ ဒါပေမယ့် ချောင်းမှာရေချိုးတဲ့သူတွေအများကြီးရှိတော့ ကျွန်တော်တို့ရေယူလို့မရဘူး။ ချောင်းကသိပ်မနက်တော့ ခဏလေးနဲ့ ညစ်ပတ်သွားတယ်။"*[216]

နိပွန်ဖောင်ဒေးရှင်းမှ နေရပ်ပြန်သူများအတွက် နေအိမ်များဆောက်ပေးကြောင်းကိုလည်း သူကဖော်ပြခဲ့သည်။ သို့သော် တစ်စုံတစ်ဦးက ထိုဒေသမှထွက်သွားမည်ဆိုပါက ၎င်းနေထိုင်သည့်အိမ်အား ပြန်သိမ်းမည်ဖြစ်ကြောင်းကိုလည်း ရှင်းပြခဲ့သည်။ ဆိုလိုသည်မှာ UNHCR ၏ အကူအညီဖြင့် နေရပ်ပြန်သူများအပါအဝင် ထိုဒေသတွင် နေထိုင်လျက်ရှိသည့် နေရပ်ပြန်သူများအားလုံးအနေဖြင့် တိကျသောအိမ်ယာနေထိုင်ခွင့်နှင့် အိုးအိမ်ပိုင်ဆိုင်ခွင့်မရှိသည့်အတွက် ဤအခြေအနေသည် စိုးရိမ်ဖွယ်ဖြစ်သည်။ ထို့အပြင် စောအအိ---သည် အိမ်ဆောက်လုပ်ထား

---

211 Source #14 တွင်ကြည့်ပါ။

212 World Bank မှ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ Xinhua Net တွင် ထုတ်ဝေထားသော "Electricity to transform Rural Myanmar" နှင့် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင်ထုတ်ဝေထားသော "7 regions, states to get electricity access in Myanmar" တွင်ကြည့်ပါ။

213 Source #14 တွင်ကြည့်ပါ။

214 Source #3 တွင်ကြည့်ပါ။

215 Source #15 တွင်ကြည့်ပါ။

216 Source #15 တွင်ကြည့်ပါ။

သည့် အရည်အသွေးနှင့်ပတ်သက်ပြီး တစ်ချို့အိမ်ယာများသည် ခြစားထားသည့်အတွက် ၎င်းကစိတ်ပျက်မိကြောင်း ပြောပြခဲ့သည်။ ထိုအိမ်ယာများသည် ဆိုးရွားသောရာသီဥတုဒဏ်ကို ခံနိုင်ရည်မရှိကြောင်းကိုလည်း ၎င်းကရှင်းပြခဲ့သည်။ အထူးသဖြင့်မိုးရာသီတွင် အချို့သောအိမ်ယာများသည် ပြင်းထန်သောလေတိုက်ခတ်ခြင်းကြောင့် တစ်ချို့တစ်ဝက်ပြိုကျခြင်းနှင့် အိမ်ခေါင်မိုးယိုခြင်းများ ဖြစ်ပွားခဲ့သည်။ တစ်ပိုင်တစ်နိုင် သီးနှံစိုက်ပျိုးနိုင်သည့် အိမ်အနောက်ဖက်ရှိမြေကွက်လပ်အား မပေးခြင်းကိုလည်း ၎င်းကရှင်းပြခဲ့သည်။ ထိုသို့သော သီးနှံစိုက်ပျိုးခြင်းသည် မိသားစုများအတွက် အပိုဝင်ငွေရရှိစေနိုင်ပြီး အစားအသောက်ကုန်ကျစရိတ် သက်သာစေသည့်အတွက် အသေးစားစိုက်ပျိုးရေးပေါ် အများဆုံးမှီခိုလေ့ရှိသော ကရင်လူမှုအသိုင်းအဝန်းများ လုပ်ဆောင်လေ့ရှိသည့် အလေ့အထတစ်ခုဖြစ်သည်။ "*အိမ်နောက်ဖေး ဈေးဆိုင်တည်*"ဟူသည့် ဗမာစကားပုံ အရ ထိုသို့သောအိမ်ခြံဝန်းစိုက်ပျိုးရေးကို နိုင်ငံတဝှမ်းတွင် ကျင့်သုံးပုံပေါ်သည်။

## ၂) UNHCR ၏ အကူအညီဖြင့် ပြန်လာခြင်းမဟုတ်သော IDP များနှင့် ဒုက္ခသည်များ

KHRG သည် မိမိအစီအစဉ်ဖြင့် နေရပ်ပြန်သူများ၏နေထိုင်မှုအခြေအနေများကို အသေးစိတ်ရယူနိုင်ခြင်း မရှိခဲ့ပါ။ ဒူးပလာယာခရိုင်၊ ကော်လားမှ နော်အခ--- က သူမအနေဖြင့် ရေရရှိသော်လည်း ထိုရေမှာလူတိုင်းအတွက် လုံလောက်မှုမရှိပါ။ သူမအနေဖြင့် နီပွန်ဖောင်ဒေးရှင်းမှပေးသော ဆိုလာပြား၊ အိမ်သာခွက်နှင့် အိပ်ယာပစ္စည်း အလုံအလောက်ရှိသည်။ နော်ဗ--- ကမူ သူမအနေဖြင့် အနီးအနားရှိစမ်းချောင်းမှ ရေရှိကြောင်း ရှင်းပြခဲ့သည်။ သူမတို့နှစ်ဦးစလုံးသည် နေအိမ်များအား ကိုယ်တိုင်ဆောက်ရသော်လည်း သူမတို့၏အိမ်ယာများနှင့် ပတ်သက်ပြီး ကျေနပ်မှုရှိကြသည်။ ကော်လားသည် နေရပ်ပြန်သူများအတွက် သတ်မှတ်ထားသောပြန်လည်နေရာချထားရေးနေရာတစ်ခုဖြစ်ပြီး နေရပ်ပြန်သူများအတွက် စီစဉ်ပေးသောအိမ်ယာများသည် ၂၀၁၈ ခုနှစ်ကုန်အထိ ဆောက်လုပ်ပြီးစီးခြင်းမရှိခဲ့ပါ။ KHRG မှ လူတွေ့မေးမြန်းခဲ့သည့် ဒုက္ခသည်များသည် ၂၀၁၈ ခုနှစ်မတိုင်မီ ထိုနေရာဒေသသို့ ပြန်လာခဲ့သည့်အတွက်ကြောင့် ၎င်းတို့၏နေစရာအိမ်ယာများကို မိမိတို့ကိုယ်တိုင် ဆောက်လုပ်ခဲ့ရသည်။

### ကော်လား - ပြန်လည်နေရာချထားရေးနေရာ

ကော်လားပြန်လည်နေရာချထားရေးနေရာတွင် နေရပ်ပြန်သူများအတွက် ဆောက်လုပ်ထားသည့် အိမ်ယာအလုံး (၃၀၀)၏ကုန်ကျစရိတ်များကို နီပွန်းဖောင်ဒေးရှင်းမှ ကူညီထောက်ပံ့ခဲ့ပါသည်။ တပ်မတော်စစ်မှုထမ်းဟောင်းနှစ်ဦးသူ တပ်ရင်းမှူးမောင်ရွှေလင်းနှင့် ဗျူဟာမှူးရဲထွန်းလင်းတို့၏ စီမံခန့်ခွဲဦးဆောင်မှုအောက်တွင် ကမ္ဘာ့ရွှေနန်းကုမ္ပဏီနှင့် မင်းဇာနည်ကုမ္ပဏီတို့မှ ၎င်းအိမ်ယာဆောက်လုပ်ရေးစီမံကိန်းကိုအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ နီပွန်းဖောင်ဒေးရှင်းမှအိမ်ယာတစ်လုံး၏ကုန်ကျမှုကို ၁၂,၀၀၀,၀၀၀ ကျပ် ထောက်ပံ့ကူညီသည့်အတွက် အိမ်ယာအလုံး (၃၀၀)အတွက်ဆိုလျှင် ကုန်ကျငွေ စုစုပေါင်း ၃,၆၀၀,၀၀၀,၀၀၀ ကျပ်ကို ၎င်းကုမ္ပဏီတို့မှ လက်ခံရရှိခဲ့သည်။

အဆိုပါအိမ်ယာဆောက်လုပ်ရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အိမ်ယာများ အရည်အသွေးမမှီကြောင်းနှင့် သတ်မှတ်ထားသည့်အချိန်ကာလအတွင်း ဆောင်ရွက်နိုင်ခြင်းမရှိကြောင်းကို KHRG မှ သတင်းရရှိခဲ့ပါသည်။ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလတွင် ကုမ္ပဏီများမှ အိမ်ယာဆောက်လုပ်ရန်အတွက် မြေယာများကို စတင်ရှင်းလင်းခဲ့သည်။ သတ်မှတ်ထားသည့်အချိန်ကာလ ခြောက်လအတွင်း ကုမ္ပဏီများမှ အိမ်ယာများကိုဆောက်လုပ်ပြီးစီးရမည်ဖြစ်သော်လည်း ၂၀၁၈ နှစ်နှောင်းပိုင်းတွင်သာ ၎င်းအိမ်ယာဆောက်လုပ်ရေးစီမံကိန်းကို ဆောင်ရွက်ပြီးစီးခဲ့ပါသည်။ ထို့အပြင် ကုမ္ပဏီများမှ ပြန်လည်နေရာချထားရေးနေရာရှိ လမ်းများကို ကောင်းမွန်စွာဆောင်လုပ်ထားခြင်းမရှိသည့်အပြင် နေရပ်ပြန်လာမည့်သူများအတွက် စခန်းအတွင်း သန့်ရှင်းသည့်ရေရရှိရန် လိုအပ်သည်များကို စီစဉ်ပေးထားခြင်းများလည်း မရှိပေ။ ကော်လားသည် ဝေးလံခေါင်ပါးသည့်နေရာဒေသတွင်တည်ရှိသောကြောင့် နေရပ်ပြန်သူများအတွက် သွားလာနေထိုင်လုပ်ကိုင်ရန် အခက်အခဲများ ရင်ဆိုင်ရနိုင်ပါသည်။ အထူးသဖြင့် မိုးရာသီကာလတွင်

လမ်းမပေါ်မှာရှိသည့်မြေကြီးများသည် ဗွက်အိုင်အဖြစ်သို့ပြောင်းလဲသွားပြီး ခရီးသွားလာရန်အတွက် အခက်ခဲဖြစ်စေပါသည်။

KHRG မှ မေးမြန်းခဲ့သော ဒေသခံ KNLA အရာရှိတစ်ဦးမှလည်း ၎င်းအိမ်ယာများသည် အရည်အသွေးမမှီသည့်အတွက်ကြောင့် ကာလကြာရှည်စွာ ခိုင်ခံ့မှုရှိမည်မဟုတ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့ပါသည်။ *"ဆောက်လုပ် ထားတဲ့အိမ်တွေရဲ့ အရည်အသွေးပြည့်မှီလား၊ မမှီဘူးလားဆိုတာ ခင်ဗျားမြင်တဲ့အတိုင်းဘဲ။ ဒီမှာကြည့်ပါဦး။ ဒီလိုအိမ်တွေက ကြိုးစားအားထုတ်ပြီးဆောက်လုပ်ထားတာမရှိမှန်း သိသာတယ်။ ဒီမှာ ပြန်လည်နေထိုင်မယ့်သူတွေအတွက် ဒီလိုအိမ်ယာတွေမှာ သူတို့တွေဘယ်နှစ်နှစ်လောက်နေထိုင်လို့ရမယ် ခင်ဗျားထင်လဲ။"*[217] အနည်းဆုံး အိမ်ယာအလုံး (၃၀၀) ၏သုံးပုံတစ်ပုံသည် နေထိုင်ရန်အတွက် အရည်အသွေးမမှီကြောင်း ၎င်းမှပြောကြားခဲ့ပါသည်။ အိမ်ယာဆောက်လုပ်ရေးလုပ်ငန်းကို ဆောင်ရွက်ကြ သည့် ကုမ္ပဏီမန်နေဂျာများသည် အမှန်တကယ်ပင် တပ်မတော်မှအငြိမ်းစားယူခြင်းရှိ၊ မရှိအကြောင်း ၎င်း KNLA အရာရှိက မေးခွန်းထုတ်ခဲ့ပါသည်။

အိမ်ယာစီမံကိန်းအား စောင့်ကြည့်လေ့လာရန် တာဝန်ယူဆောင်ရွက်ရသည့် KNLA တပ်ခွဲမှူးတစ်ဦးမှလည်း အိမ်ယာများဆောက်လုပ်ရာတွင် ကုမ္ပဏီမန်နေဂျာများ စီမံခန့်ခွဲမှုနှင့်ပတ်သက်သည့် ကိစ္စရပ်များကို ထုတ်ဖော်ပြောဆိုခဲ့ပါသည်။ ထိုမန်နေဂျာများသည် အိမ်ယာအဆောက်အဦးများ၏ အရည်အသွေးကို စီစစ်အကဲဖြတ်မှုများလုပ်ဆောင်ရန်နှင့် လိုအပ်ပါက ပြန်လည်ပြင်ဆင်ပေးမည်ဟု ကတိပေးခဲ့သော်လည်း လက်တွေ့တွင်မူ ဘာမျှလုပ်ဆောင်ပေးခြင်းမရှိခဲ့ပေ။ အိမ်ယာများအား ဆောက်လုပ်ပြီးစီးပြီးနောက်တွင် ကျေးရွာအုပ်ချုပ်ရေးမှူးအား အိမ်ယာသော့များလွှဲအပ်ပေးခဲ့ပြီး ကုမ္ပဏီများသည် ပြန်လည်စစ်ဆေးခြင်း မရှိဘဲ ထိုနေရာမှထွက်ခွာခဲ့ပါသည်။ ကော်လားတွင်ရှိသည့်နေရပ်ပြန်လာသူများသည် ယခုအချိန် (KHRG မှ ဤအစီရင်ခံစာကို ပြုစုနေစဉ်ကာလ) အထိ သန့်ရှင်းသည့်ရေရရှိခြင်း မရှိသေးပေ။

ကော်လားပြန်လည်နေရာချထားရေးနေရာတွင် ဖြစ်ပေါ်နေသည့် ဤကဲ့သို့သော အခြေအနေများကြောင့် နေရပ်ပြန်လာသူများအတွက် အိမ်ယာဆောက်လုပ်ပေးရာတွင် ကုမ္ပဏီများအားဆောက်လုပ်ရေး ကန်ထရိုက်ပေးသည့်ပုံစံများအပေါ် စိုးရိမ်စရာများ ဖြစ်ပေါ်စေပါသည်။ အဘယ်ကြောင့်ဆိုသော် နေရပ်ပြန်သူများအတွက် ခိုင်ခံ့သည့်အိမ်ယာများနှင့် အခြေခံလိုအပ်ချက်များရရှိစေရန် သေချာချမှတ်၍ စောင့်ကြည့်လေ့လာသည့်လုပ်ငန်းစဉ်များ မရှိခြင်းကြောင့်ဖြစ်သည်။ ဤဖြစ်စဉ်ကို လေ့လာကြည့်ခြင်းအားဖြင့် ထိုကုမ္ပဏီနစ်ခုသည် ၎င်းတို့၏အကျိုးအမြတ်များများရရှိရန်အတွက် အိမ်ယာဆောက်လုပ်ရာတွင် တန်ဖိုးနည်းပြီး အရည်အသွေးမပြည့်မှီသည့် ပစ္စည်းကိရိယာများကို အသုံးပြုထားပုံရပါသည်။ တပ်မတော်မှ ကျူးလွန်ခဲ့သည့်အမှုများတွင် ပြစ်ဒဏ်လွတ်မြောက်ခြင်းများ ရှိနေသည့်အတွက်ကြောင့် အိမ်ယာဆောက်လုပ်ရေး စီမံကိန်းတွင် တပ်မတော်စစ်မှုထမ်းဟောင်းများ ပါဝင်လုပ်ဆောင်ခြင်းအပေါ် ၎င်းတို့၏လုပ်ရပ်များအတွက် တာဝန်ယူ၊ တာဝန်ခံမှုရှိစေရန် ဖြစ်နိုင်ချေအလွန်နည်းပါးသည်။[218] အဘယ်ကြောင့်ဆိုသော် တပ်မတော် စစ်မှုထမ်းဟောင်းများနှင့် စစ်မှုထမ်းများပြစ်မှုကျူးလွန်ပါက ပြစ်ဒဏ်ကင်းလွတ်ခွင့်ကို ရရှိလေ့ရှိသည်။

217 ဤကိုးကားချက်ကို ဒူးပလာယာခရိုင်၊ နို့တကော (ကြာအင်းဆိပ်ကြီး) မြို့နယ်၊ ကော်လားတွင် KHRG သတင်းစုဆောင်းသူတစ်ဦးမှ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့တွင် ရိုက်ယူထားသော မထုတ်ဝေသည့်ဗီဒီယိုမှ ရယူထားခြင်းဖြစ်သည်။

218 KHRG မှ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလတွင် ထုတ်ဝေထားသော "အကြောက်တရား၏ အုတ်မြစ် - ၂၅ နှစ်အတွင်း မှတ်တမ်းတင်ထားသော မြန်မာပြည်အရှေ့တောင်ပိုင်းမှ ရွာသားများ၏အသံများ" နှင့် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လတွင် ထုတ်ဝေထားသော "လူထုပါဝင်ခွင့်မရှိသည့် ဖွံ့ဖြိုးရေးစီမံကိန်းများ - မြန်မာပြည်အရှေ့တောင်ပိုင်းရှိ မြေယာသိမ်းယူမှုများနှင့် ကျေးလက်စွမ်းရည်လုပ်ဆောင်ချက်များ" တွင်ကြည့်ပါ။

# ဓါတ်ပုံများ- ကော်လားပြန်လည်နေရာချထားရေးနေရာ







ဤဓာတ်ပုံနှစ်ပုံကို ၂၀၁၉ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့၌ ဒူးပလာယာခရိုင်၊ ကော်တရီး (ကော့ကရိတ်) မြို့နယ်၊ ကော်လားတွင် ရိုက်ယူခဲ့သည့် ဗီဒီယိုမှ ကူးယူထားပါသည်။ ဝဲယာမှဓာတ်ပုံသည် နေရပ်ပြန်လာသူများအတွက် ဆောက်လုပ်ထားသည့်အိမ်ယာများကြားတွင် ရွှံ့များ ထူထပ်နေသည့်လမ်းဖြစ်ပါသည်။ မိုးရာသီတွင် စခန်းအတွင်းရွှံ့အိုင်များဖြစ်ပေါ်စေပြီး ဒေသခံများခရီးသွားလာရာတွင် အခက်အခဲဖြစ်စေပါသည်။ လက်ယာမှ ဓာတ်ပုံသည် နိပွန်ဖောင်ဒေးရှင်းမှပေးသည့်ဆိုလာပြားဖြစ်ပါသည်။ *[ဓာတ်ပုံ - KHRG]*







အထက်ပါဓာတ်ပုံနှစ်ပုံကို ၂၀၁၉ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့၌ ဒူးပလာယာခရိုင်၊ ကော်တရီး (ကော့ကရိတ်) မြို့နယ်၊ ကော်လားတွင် ရိုက်ယူခဲ့သည့်ဗီဒီယိုမှ ကူးယူထားပါသည်။ ဤပုံများသည် နေရပ်ပြန်သူဒုက္ခသည်များအတွက် ဆောက်လုပ်ထားသည့် အိမ်ယာတစ်လုံး၏ နံရံကို ဒေသခံ KNLA အရာရှိတစ်ဦးမှ အားမစိုက်ဘဲ ၎င်း၏ဆိုင်ကယ်သော့ဖြင့်ထိုးသည့်အခါ လွယ်ကူစွာ ကွာကျလာပုံကို ပြသထားပါသည်။ ထို့နောက်သူသည် ထိုနံရံအပေါ်ကို လက်မဖြင့်ထိုးပြီး နံရံတွင်ရှိသည့်သဲကျောက်များ ကွာကျလာပါသည်။ *"ဒီမှာတစ်ချက် လောက်ကြည့်ပါဦး။ ကျွန်တော့်လက်မနဲ့တောင် အလွယ်တကူကုတ်ခြစ်လို့ရတယ်။" [ဓာတ်ပုံ - KHRG]*

မူတြော်ခရိုင်၊ အရ--- ကျေးရွာမှ ဦးအ--- က သူ့အနေဖြင့် ပွယ်လိုကလိုး (ယွန်းစလင်း) မြစ်အား ရေရရှိရန် အသုံးပြုကြောင်းနှင့် ထိုမြစ်တွင်ပင် အမှိုက်သွန်လေ့ရှိကြောင်းကို KHRG အား ပြောပြခဲ့သည်။ ရေရရှိရေးလုံလောက်မှုမရှိခြင်းနှင့် မိလ္လာသန့်ရှင်းမှုမရှိခြင်းသည် အခက်အခဲတစ်ခုဖြစ်ကြောင်း ခလယ်မူဂါးကျေးရွာမှ နော်ဇ---က အဓိကထားပြောပြခဲ့သည်။ *"ရွာထဲမှာ အဓိကလိုအပ်ချက်က အိမ်သာရယ်၊ အမှိုက်ပုံးနဲ့ ရေအလုံအလောက် ရရှိဖို့ပဲ။ ဒီမှာလူတွေအများကြီးနေကြတော့ ရေအလုံအလောက်မရဘူး။"*[219]

သထုံခရိုင်၊ ထီးဆီဘောခီးကျေးရွာသို့ ပြန်လည်နေထိုင်ခဲ့သော IDP များသည် အနီးအနားရှိ ထီးဆီဘောမြစ်မှ ရေကိုသာ မှီခိုအားထားရသည်။ သို့သော်လည်း ထိုမြစ်အပေါ်မှီခိုခြင်းတွင် စိန်ခေါ်မှုများရှိသည်ဟု စောအဖ--- က ထောက်ပြခဲ့သည်။ *"ကျွန်တော်တို့နီးနီးနားနားက ရေရနိုင်မယ့်နေရာတွေ လိုအပ်တယ်။ ဘာကြောင့်လဲ ဆိုတော့ ရေရတဲ့နေရာက အရမ်းဝေးတယ်။ အဲ့ဒီကိုရောက်ဖို့ ကျွန်တော်တို့ တောင်တက်ရတယ်။"* [220] စောရ--- ကလည်း ရေအရည်အသွေး မကောင်းခြင်းနှင့်ပတ်သက်ပြီး ထပ်မံတင်ပြခဲ့သည်။

---

[219] Source #20 တွင်ကြည့်ပါ။

[220] Source #37 တွင်ကြည့်ပါ။

*"ရွှံ့ထူတဲ့ချောင်းကရေကို ကျွန်တော်တို့ သုံးရတယ်။ ရေကမသန့်တဲ့အပြင် အခုဆိုရင် ရေစီးအားလည်းမကောင်းဘူး။"*[221] ထို့အပြင် ရွာအတွင်းရေချိုးရန် နေရာမရှိကြောင်းနှင့် ပြိုလဲတော့မည့် အိမ်သာအဆောက်အအုံသာရှိကြောင်းကိုလည်း ဖော်ပြခဲ့သည်။ *"ကျွန်တော်တို့မှာ ရေချိုးမယ့်နေရာမရှိဘူး။ ဒါပေမယ့် အိမ်သာတော့ရှိတယ်။ အိမ်သာကလည်း ကောင်းကောင်းဆောက်ထားတာမဟုတ်ဘူး။ အဲ့ဒီက သစ်သားတစ်ချို့ဆိုရင် ခြစားနေပြီး။"*[222] အမှိုက်များကို အနီးအနားရှိခြုံပုတ်များ သို့မဟုတ် လမ်းမကြီးများအနီးတွင် ပစ်လေ့ရှိသည်။

ဤသို့ တကိုယ်ရေသန့်ရှင်းရေးနှင့်ပတ်သက်သော အခြေအနေများသည် လူအမြောက်အများနေထိုင်ကြသည့် ထီးဆီဘောခီးကျေးရွာတွင် စိုးရိမ်ဖွယ်ရာဖြစ်သည်ဟု စောယ--- က ဖော်ပြခဲ့သည်။ *"ကျွန်တော်တို့အိမ်က နည်းနည်းတော့ ကျဉ်းတယ်။ ဒါပေမယ့် ကျွန်တော်တို့တွေ အကောင်းဆုံးတော့ အားလုံးဆန့်အောင်နေနိုင်ဖို့ ကြိုးစားတယ်။ ဒီမှာတွေ့တဲ့အတိုင်းပဲ ပစ္စည်းတွေက နေရာအနှံ့ပဲ။ [...] ဖြစ်နိုင်ရင်တော့ ကျွန်တော်နည်းနည်းပိုကြီးတဲ့ အိမ်ဆောက်ချင်တယ်။ ဒါပေမယ့် တကယ်လို့အိမ်ကို အဲ့လိုချဲ့ခဲ့ရင် နေရာကကျဉ်းတော့ ဘေးအိမ်တွေ ဒါမှမဟုတ် ပစ္စည်းတွေကိုထိမိလိမ့်မယ်။"*[223] နော်အပ--- ကလည်း ထပ်မံ၍အတည်ပြုခဲ့သည်။ *"ဒီမှာက အရမ်းကျဉ်းတယ်။ ကျွန်မတို့ ဒီလိုပဲနေတယ်။ ကျွန်မတို့ နည်းနည်းကြီးတဲ့အိမ်မဆောက်နိုင်ဘူး။"*[224] ထီးဆီဘောခီးကျေးရွာတွင်ရှိသော လူအများစုကလည်း ၎င်းတို့အနေဖြင့် အိပ်ယာပစ္စည်းများအတွက် မတတ်နိုင်ကြောင်း တင်ပြခဲ့ကြသည်။

ထိုနည်းတူစွာပင် တောင်ငူခရိုင်၊ ကလေခီးတွင်ပြန်လည်နေထိုင်ခဲ့သော IDP တစ်ဦးဖြစ်သူ နော်ဇ--- က သူမအနေဖြင့် ရေရှိရန်အတွက် အနီးအနားရှိမြစ်ချောင်းအား မှီခိုအားထားရကြောင်း ဖော်ပြခဲ့သည်။ သူမ၏ပတ်ဝန်းကျင်တွင် အိမ်သာနှစ်လုံးရှိပြီး အမှိုက်များအားရွာအပြင်တွင် ပစ်လေ့ရှိကြသည်။ ထို့အပြင် ၎င်းတို့အနေဖြင့် လျှပ်စစ်မီးမရရှိပါ။ ခလယ်လွီထူတွင် လက်ရှိနေထိုင်လျက်ရှိသော  IDP များအတွက် ရေရရှိရေးနှင့် မိလ္လာစနစ်သန့်ရှင်းမှုမရှိခြင်းက ၎င်းတို့အဓိကကြုံတွေ့နေရသော ပြဿနာများဖြစ်သည်။ ကိုနီးသို့ ပြန်လည်နေထိုင်သော IDP တစ်ဦးဖြစ်သူ စောန--- က လူတိုင်းအတွက်လုံလောက်သည့် အိမ်သာမရှိကြောင်း ဤသို့ရှင်းပြခဲ့သည်။ *"ကျွန်တော်တို့တွေ ရွာထဲကိုပြန်နေတာတောင် အိမ်သာတစ်လုံးမှမရှိဘူး။ ကျွန်တော်တို့ကို အိမ်သာခွက်တွေပေးတယ်။ အဲ့ဒါကလည်း အိမ် ၄ အိမ်အတွက်ပဲပေးတာ။ မလောက်ဘူး။"*[225] ဒေသထဲတွင် အမှိုက်သိမ်းသည့် စနစ်မရှိကြောင်းနှင့် လျှပ်စစ်မီးလည်းမရကြောင်း ၎င်းကရှင်းပြခဲ့သည်။

စောအဂ---က လောမူသောဒေသ (ကဲဒိုလူရပ်ကွက်) တွင် လိုအပ်သော ရေအလုံအလောက် ရရှိနိုင်လောက်သည့် ရေတွင်းများမရှိကြောင်း KHRG အား ပြောပြခဲ့သည်။ *"အခက်ခဲတစ်ခုက ရေရရှိရေးပဲ။ ဒါက ကျွန်တော်တို့ရဲ့ လက်ရှိအခက်အခဲပဲ။ လမ်းမကြီးဘေးမှာနေတဲ့လူတွေအတွက်က ရေတွင်းတွေရှိတယ်။ တောင်ပေါ်မှာနေတဲ့ သူတွေအတွက်တော့ မရှိဘူး။"*[226] လော်မူသော(တိုတောလူရပ်ကွက် ) သို့ပြန်လည်နေထိုင်သော အခြား IDP တစ်ဦးဖြစ်သည့် စောအအိ---က အချို့သောရေတွင်းများမှာ ရေခန်းနေပြီဖြစ်ပြီး ထိုအခြေအနေကို ဖြေရှင်းရန်အတွက် ရွာတွင်အကူအညီပေးမည့်သူမရှိကြောင်း ၎င်းတို့၏စိုးရိမ်မှုကို တင်ပြခဲ့သည်။ *"ဒီရွာထဲမှာနေတာ ရေရှားပေမယ့်လည်း ကျွန်တော်တို့တွေ နေလို့ရသေးတယ်။ [...] အရင်တုန်းကဆိုရင် CIDKP ကလာပြီး ဒီလိုအခက်အခဲတွေကို ဖြေရှင်းပေးတယ်။ ကျွန်တော် ဒီကိုပြန်လာပြီးကတည်းက [၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ] ထောက်ပံ့မှုတွေ လျော့နည်းသွားတယ်။"*[227]

---

[221] Source #21 တွင်ကြည့်ပါ။

[222] Source #21 တွင်ကြည့်ပါ။

[223] Source #21 တွင်ကြည့်ပါ။

[224] Source #38 တွင်ကြည့်ပါ။

[225] Source #12 တွင်ကြည့်ပါ။

[226] Source #33 တွင်ကြည့်ပါ။

[227] Source #34 တွင်ကြည့်ပါ။

နို့ရဲ့ကျေးရွာသို့ ပြန်လည်နေထိုင်ခဲ့သော IDP များကလည်း အလားတူအခြေအနေကို ရင်ဆိုင်ခဲ့ရသည်။ စောက--- က ဤသို့ ရှင်းပြခဲ့သည်မှာ *"ကျွန်တော်တို့မှာ CIDKP ကဆောက်ပေးတဲ့ ရေတွင်းတစ်တွင်းရှိတယ်။ ဒါပေမယ့် ရေတွင်းကရွာမှာရှိတဲ့ အိမ်တိုင်းအတွက်တော့ မလောက်ဘူး။ ဒီမှာလူဦးရေ ၁၂၀ ကျော်နဲ့ အိမ်ခြေ ၃၂ လုံး ရှိတယ်။ [...] ရေတွင်းက အပူဆုံးအချိန်ဖြစ်တဲ့ ဧပြီလဆိုရင် ရေခမ်းပြီ။ [...] ရေပိုသုံးရဖို့ ကျွန်တော်တို့တွေ ရေတွင်းကို ပိုနက်အောင်တူးခဲ့တယ်။"*[228] ရေတွင်းမှ ရေပိုရရန်မလုပ်နိုင်သဖြင့် ရွာသားများအနေဖြင့် ကန်ထဲမှ ရေကို ယူသုံးရသည်။ သို့သော်ထိုရေမှာလည်း ရွှေတူးမှုများကြောင့် ညစ်ညမ်းလျက်ရှိကြောင်း သူကတင်ပြခဲ့ သည်။ *"အဲ့ဒါက အလုပ်မဖြစ်ဘူး။ ရေရယူတဲ့နေရာက အရမ်းဝေးတော့ လှည်းနဲ့ကန်ထဲမှာ ရေယူရတယ်။ ဒါပေ မယ့်ကန်ထဲကရေက လုံးဝမသန့်ဘူး။ မြစ်ထဲကရေကလည်း (ကန်ထဲကိုစီးဝင်လာတယ်) ရွှေတူးတဲ့လုပ်ငန်းတွေ ကြောင့် ရေတွေညစ်ပတ်ကုန်ပြီ။ ငါးတွေလည်း သေကုန်တယ်။"*[229]

စောက--- က သူ၏နေအိမ်သည် သူ့မိသားစုနေထိုင်ရန်အတွက် သေးငယ်လွန်းပြီး ခိုင်ခံ့မှုမရှိကြောင်း ဤကဲ့သို့ ပြောခဲ့သည်။ *"ကျွန်တော်တို့ထဲကတချို့က တဲမှာနေကြပြီး တချို့ကအိမ်မှာနေတယ်။ [...] ကျွန်တော့်အိမ်က မိုးဒဏ်လေဒဏ်မခံနိုင်ဘူး။ ဒါက ယာယီအဆောက်အအုံပဲ။ မိုးရာသီအတွက်တော့ တကယ်စိုးရိမ်တယ်။"*[230] ၂၀၁၆ ခုနှစ်အစောပိုင်းက ပြန်လာခဲ့သော်လည်း သူ့အနေဖြင့် ယာယီအဆောက်အအုံတွင်သာ နေနိုင်သည်ကို ကြည့်ပါက နေရပ်ပြန်သူများအနေဖြင့် အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်အခက်အခဲများရှိသည့်အတွက် ကြောင့် ၎င်းတို့၏မိသားစုများအတွက် အဆင်ပြေမည့်အဆောက်အအုံ ဆောက်လုပ်ရန်မတတ်စွမ်းနိုင်ပေ။

နေရပ်ပြန်သူများအနေဖြင့် မည်သည့်ကျေးရွာတွင်ဖြစ်စေ၊ မည်သည့်ပြန်လည်နေရာချထားရေး နေရာများတွင်ဖြစ် စေ၊ မည်သည့်ပုံစံမျိုးနှင့်ပြန်လာသည်ဖြစ်စေ ၎င်းတို့သည် နေအိမ်နှင့်နေထိုင်ရသည့် အခြေအနေများနှင့်ပတ်သက် ပြီး စိန်ခေါ်မှုအချို့ကြုံတွေ့နေကြရသည်။ UNHCR အကူအညီဖြင့် နေရပ်ပြန်သူအများစုမှာ သတ်မှတ်ထားသော ပြန်လည်နေရာချထားရေးနေရာတွင် နေထိုင်ကြသော်လည်း အားလုံးအတွက် နေအိမ်ဆောက်ပေးထားခြင်းမရှိ ပေ။ ခရိုင်အားလုံးရှိ နေရပ်ပြန်သူများအတွက် ဆိုလာပြားများပေးဝေနိုင်အောင် ကြိုးစားအားထုတ်မှုများကို တွေ့ရှိနိုင်သည်။ သို့သော် သန့်ရှင်းသောရေနှင့် အိမ်သာများရရှိအောင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသည့်အပြင် အမှိုက်စွန့်သည့်စနစ်သည်လည်း ပြဿနာတစ်ရပ်အဖြစ် ရှိနေသေးသည်။

[228] Source #8 တွင်ကြည့်ပါ။

[229] Source #8 တွင်ကြည့်ပါ။

[230] Source #8 တွင်ကြည့်ပါ။

## ဓာတ်ပုံ - အိမ်ယာများ







အထက်ပါဓာတ်ပုံများအား ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ဒူးပလာယာခရိုင်၊ နို့တကော(ကြာအင်းဆိပ်ကြီး) မြို့နယ်၊ လေးဖာထောပြန်လည်နေရာချထားရေး နေရာတွင်ရိုက်ယူခဲ့ပါသည်။ ဤပုံတို့သည် နေရပ်ပြန်သူများမှ ၎င်းတို့၏အိမ်ခြံဝင်းများခတ်ခြင်း၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးခြင်းနှင့် ၎င်းတို့၏ခြံဝင်းထဲတွင် သစ်ပင်စိုက်သောပုံဖြစ်ပါသည်။ အချို့သူများသည် ၎င်းတို့၏အိမ်ရှေ့တွင် ဈေးဆိုင်ဆောက်ကြပါသည်။ *[ဓာတ်ပုံ - KHRG]*







ဤဘယ်ဖက်ပုံကို ၂၀၁၉ ခုနှစ်၊ ဇွန်လတွင် ဒူးပလာယာခရိုင်၊ ကော်တရီ(ကော့ကရိတ်) မြို့နယ်တွင် ရိုက်ယူခဲ့သော ဗီဒီယိုထဲမှ ပြန်လည်ယူထားခြင်းဖြစ်ပါသည်။ ဤပုံသည် ကော်လားပြန်လည်နေရာချထားရေးနေရာပုံဖြစ်ပါသည်။ ညာဖက်တွင်ရှိသောပုံကို ၂၀၁၉ ခုနှစ်၊ မတ်လ ၃ ရက်နေ့တွင် ဘားအံခရိုင်၊ လူပလယ် (လှိုင်းဘွဲ)မြို့နယ်တွင် ရိုက်ယူခဲ့ပါသည်။ ဤပုံသည် မယ်လဝေးလယ်မူးသို့ပြန်လည်အခြေချသည့်ဒုက္ခသည်များအတွက် ဆောက်လုပ်ထားပေးသော အိမ်များ၏ပုံဖြစ်ပါသည်။ *[ဓာတ်ပုံ - KHRG]*

## (ဂ) ကျန်းမာရေး

ကျန်းမာရေးဝန်ဆောင်မှုအား ရရှိခြင်းသည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ နေရပ်ပြန်သူအများစုအတွက် စိန်ခေါ်မှုတစ်ခုအဖြစ် ကျန်ရှိနေသေးသည်။ အထူးသဖြင့် ကျေးလက်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုအတွက် လိုအပ်သောပစ္စည်းများ မရှိခြင်းကြောင့်ဖြစ်သည်။ မေးခွန်းဖြေကြားသူများက အနီးဆုံးဆေးခန်းသို့ရောက်ရှိရန်အတွက် ကြာရှည်စွာခရီးသွားရကြောင်းနှင့် အချို့သောသူများက ၎င်းတို့၏ ယခင် IDP စခန်းသို့မဟုတ် ဒုက္ခသည်စခန်းများအတွင်းရှိ ကျန်းမာရေးစောင့်ရှောက်မှုများကိုသာ မှီခိုကြရသေးသည်။

### ၁) တရားဝင်သတ်မှတ်ထားသော ပြန်လည်နေရာချထားရေးနေရာများ

ဘားအံခရိုင်၊ မယ်လတာလော်သောတွင် ဆေးပေးခန်းများမရှိပါ။ KHRG မှ လူတွေ့မေးမြန်းထားသော နေရပ်ပြန်သူ ဒုက္ခသည်ငါးဦးအနက် UNHCR ၏ အကူအညီဖြင့် ပြန်ရောက်လာသော ဒုက္ခသည်လေးဦးသည် ကျန်းမာရေးစောင့်ရှောက်မှုရရှိရန်အတွက် ထိုင်းနိုင်ငံသို့ ပြန်လေ့ရှိသည်။ များသောအားဖြင့် မဲဆောက် သို့မဟုတ် ၎င်းတို့ယခင်နေထိုင်ခဲ့သော ဒုက္ခသည်စခန်းများသို့ ပြန်ခြင်းဖြစ်သည်။ လွန်ခဲ့သောခြောက်နှစ်က မိမိအစီအစဉ်ဖြင့်

ပြန်လည် နေထိုင်ခဲ့သူ ဒုက္ခသည်ဟောင်း နော်အဇ--- က ဤသို့ ရှင်းပြခဲ့သည်။ *"ကျွန်မတို့ဆီမှာ ဆေးခန်းမရှိဘူး။ ဒါကြောင့် ကျွန်မတို့ဖျားတိုင်း ဆေးကုဖို့အတွက် ဘဲကလော်[မယ်လ]ဒုက္ခသည်စခန်းကို ပြန်ရတယ်။"* [231] သို့သော်သူမအား ထိုင်းအာဏာပိုင်များမှ စခန်းတွင်းဝင်ခွင့်တားမြစ်ထားသည်။ UNHCR ၏ အကူအညီဖြင့် နေရပ်ပြန်ခဲ့သော နော်အ--- က စခန်းသို့ပြန်ရန်မှာ စိန်ခေါ်မှုများရှိနိုင်သည့်အတွက် ကျေးရွာအတွင်း ဆေးခန်း ဆောက်ပေးရန် တောင်းဆိုခဲ့သည်။ *"အဲ့ဒါက ထိုင်းအာဏာပိုင်တွေနဲ့ပဲဆိုင်တယ်။ သူတို့က ခွင့်ပြုပေးရင်တော့ (ဒုက္ခသည်စခန်းထဲကိုဝင်ဖို့) လွယ်ပါတယ်။ ဒါပေမယ့် သူတို့ခွင့်မပြုရင်တော့ မလွယ်ဘူး။ အဲ့ဒီအချိန်ကျရင် ကျွန်မတို့ ဒီလိုပဲ (နေရပ်ပြန်လည်ချထားတဲ့စခန်းကို) ပြန်လှည့်လာရတယ်။ ကျွန်မတို့နေရာမှာ ဆေးခန်းမရှိတော့ အရမ်းခက်ခဲတယ်။ တကယ်လို့ ကျွန်မတို့ရဲ့ ဒေသမှာ ဆေးခန်းတစ်လုံးလောက်ရှိရင် အရမ်းကောင်းမယ်။ အဲ့ကျမှ ကျွန်မတို့ဒီမှာ ဆေးဝါးပစ္စည်းနဲ့ ကုသမှုတွေ လွယ်လွယ်နဲ့ယူလို့ရမှာ။"* [232]

ထိုနည်းတူစွာပင် ထီးသဘလုခီးတွင်လည်း ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ပစ္စည်းများမရှိပေ။ ထို့ကြောင့် ထိုနေရာတွင်နေထိုင်ခဲ့သည့် အချို့သောနေရပ်ပြန်ဒုက္ခသည်များမှာ ကျန်းမာရေးစောင့်ရှောက်မှု ခံယူရန်အတွက် ၎င်းတို့၏မူလစခန်းသို့ ပြန်လည်နေထိုင်ရန် ရွေးချယ်ခဲ့ကြောင်း ဒေါ်စ--- မှ အတည်ပြုခဲ့သည်။ *"ဒီမှာဆေးခန်း မရှိသေးဘူး။ ဒီမှာဆေးခန်းနဲ့ သူနာပြုတွေမရှိတဲ့အတွက် လူနာတွေကို ဒုက္ခသည်စခန်း ဒါမှမဟုတ် မြန်မာအစိုးရ ဆေးရုံကို ပို့ကြတယ်။"* [233] ဒူးပလာယာခရိုင်၊ ကော်လားသို့ မိမိအစီအစဉ်ဖြင့် ပြန်လည်နေထိုင်ခဲ့သူ နော်အခ--- က ထိုင်းနိုင်ငံ၊ အုန်းဖန်ဆေးရုံနှင့် ကေအဲန်ယူတို့ ပူးပေါင်း၍ အခြေခံကျန်းမာရေးစောင့်ရှောက်မှုဝန်ဆောင် မှုများပေးကြောင်း ပြောခဲ့သည်။ ပိုမိုဆိုးရွားသည့် ရောဂါများခံစားရသော ရွာသားများအား ထိုနေရာသို့ပို့လေ့ ရှိသည်။ [234]

မြန်မာပြည်အရှေ့တောင်ပိုင်းရှိ အချို့သောကျေးလက်ဒေသမှ ရွာသားများသည် ကျန်းမာရေးဝန်ဆောင်မှုအား ရယူရန် ထိုင်းနိုင်ငံအား ဆက်လက်အားကိုးနေရပါသည်။ သို့သော် အထူးသဖြင့် နယ်စပ်ဒေသရှိ ဖြတ်သန်းသွား လာနေသောလမ်းများအား ရေရှည်ပိတ်ဆို့မှုများရှိသည့်အခါတွင် ကျန်းမာရေးဝန်ဆောင်မှုများနှင့်ပတ်သက်၍ အထူးအကူအညီလိုအပ်သူများအတွက် အခက်အခဲဖြစ်စေသည်။ ၂၀၂၀ ခုနှစ်၊ မတ်လတွင် ထိုင်းနိုင်ငံနှင့် မြန်မာအစိုးရတို့မှ ကိုဗစ်-၁၉ ရောဂါ မပြန့်ပွားစေရန်အတွက် သွားလာခွင့်ပိတ်ဆို့မှုများ ပြုလုပ်သည့်အခါတွင် လူမှုအသိုက်ဝန်းတစ်ရပ်လုံးအတွက် ကျန်းမာရေးစောင့်ရှောက်မှုရရှိရန် အခက်အခဲဖြစ်စေခဲ့သည်။[235] ဒုက္ခသည် များအား ကျန်းမာရေးစောင့်ရှောက်မှုမရှိသည့် ဒေသများသို့ ပို့ဆောင်ခြင်းသည် UNHRC ၏ အစီအစဉ်ဖြင့် နေရပ်ပြန်သူများအတွက် ပြန်လည်နေရာချထားရေးအစီအစဉ်တွင် အဓိကစိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။

လေးဖါထောတွင် KNU မှ ဖွင့်ထားသော ဆေးခန်းရှိသော်လည်း ထိုဆေးခန်းတွင် ဝန်ထမ်းလုံလောက်စွာမရှိ သည့်အပြင် အခြေခံကျန်းမာရေးစောင့်ရှောက်မှုကိုသာ ပေးနိုင်ကြောင်း ၂၀၁၉ ခုနှစ်၊ဖေဖော်ဝါရီလတွင် UNHCR ၏အကူအညီဖြင့် နေရပ်ပြန်ခဲ့သော ဒေသခံခေါင်းဆောင် စောအအိ--- က KHRG အားပြောခဲ့သည်။ အကယ်၍ အရေးပေါ်အခြေအနေ တစ်စုံတစ်ခုရှိခဲ့ပါက ထိုနေရာတွင်နေထိုင်သော နေရပ်ပြန်သူများအနေဖြင့် ဘုရားသုံးဆူ သို့သွားရောက်ကာ ဆေးကုသရပြီး ထိုသို့သွားရောက်ရန်ကားဖြင့် မိနစ် ၃၀ ခန့်ကြာပြီး ဆိုင်ကယ်ဖြင့် ၄၅ မိနစ် ခန့်ကြာမြင့်သည်။

[231] Source #39 တွင်ကြည့်ပါ။

[232] Source #1 တွင်ကြည့်ပါ။

[233] Source #15 တွင်ကြည့်ပါ။

[234] Source #26 တွင်ကြည့်ပါ။

[235] Hmue Angel မှ ၂၀၂၀ ခုနှစ်၊ မတ်လ Myanmar Times တွင် ထုတ်ဝေထားသော "Myanmar closes Myawady-Thai border gates" နှင့် Assawin PINITWONG မှ ၂၀၂၀ ခုနှစ်၊ မတ်လ Bangkok Post တွင် ထုတ်ဝေထားသော "Border checkpoints in Tak to close from Monday" တွင်ကြည့်ပါ။

## ၂) တရားဝင်သတ်မှတ်ထားခြင်းမရှိသော ပြန်လည်နေရာချထားရေးနေရာများ

မိမိ၏အစီအစဉ်ဖြင့်နေရပ်ပြန်လာသူတစ်ဦးဖြစ်သည့် ဦးအ---က မူတြော်ခရိုင်၊ အရ--- ကျေးရွာဒေသတွင် ရှိသော အစိုးရဆေးရုံသို့ ပြည်သူများအနေဖြင့် အလွယ်တကူတက်ရောက်နိုင်ကြောင်း တင်ပြခဲ့သည်။ သို့သော် ကျန်းမာရေးစောင့်ရှောက်မှု မရရှိနိုင်သော ဝေးလံသည့်ဒေသများတွင် ပို့ဆောင်ဆက်သွယ်ရေး အခက်အခဲရှိသောကြောင့် ထိုဒေသများသို့ ပြန်လည်နေထိုင်ကြသော အခြားဒုက္ခသည်များအတွက် ကျန်းမာရေးစောင့်ရှောက်မှုရရှိရန် အခက်အခဲဖြစ်စေသည်။ ထို့ကြောင့် မြိတ်-ထားဝယ် ခရိုင်၊ သူးလေပလောသို့ မိမိအစီအစဉ်ဖြင့် ပြန်လည်နေထိုင်သော ဒုက္ခသည်ဟောင်း နော်ဂ--- က သူမ၏ရွာတွင် ဆေးခန်းဆောက်ရန် တောင်းဆိုခဲ့သည်။ *"ကျွန်မတို့တွေလည်း ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်တယ်။ ဘာလို့လည်းဆိုတော့ ကျွန်မတို့ရွာမှာ ဆေးဝါး အလုံအလောက်မရှိဘူး။ တချို့လူတွေက နေပူထဲမှာ တခြားရွာကိုလမ်းလျှောက်သွားပြီး ဆေးခန်းပြရတယ်။ တကယ်လို့ကျွန်မတို့ရွာထဲမှာ ပစ္စည်းလုံလုံလောက်လောက်နဲ့ ဆေးခန်းတစ်လုံးရှိရင် ကျွန်မတို့ လွယ်လွယ်ကူကူ သွားလို့ရတယ်။"* [236]

KHRG မှ လူတွေ့မေးမြန်းခဲ့သော IDP အများစုသည်လည်း အလားတူအခက်အခဲများကို ရင်ဆိုင်ရလျက်ရှိသည်။ ဒူးသထူခရိုင်၊ ထီးဆီဘောခီးကျေးရွာတွင် နေထိုင်သူများမှာ ၎င်းတို့ဖျားနာပါက လေးဖိုးထ (၎င်းတို့၏ ယခင်က နေထိုင်ခဲ့သည့် IDP စခန်း) သို့ ပြန်သွားရကြောင်း စောအဖ--- က ရှင်းပြခဲ့သည်။ *"ကျွန်တော်တို့ ဆေးကုသမှု ခံယူဖို့အတွက် လေးဖိုးထကိုပြန်သွားရတယ်။[…] ခြေလျင်နဲ့ဆို တစ်နာရီလောက်သွားရတယ်။ […] တကယ်လို့ ကျွန်တော်တို့ ပိုကောင်းတဲ့ကုသမှု ခံယူဖို့လိုမယ်ဆိုရင် သူတို့က ကမမိ (ကမမောင်း) မှာ ရှိတဲ့ဆေးရုံ ဒါမှမဟုတ် ဆေးရုံရှိတဲ့တခြားနေရာကို လွှဲပေးတယ်။"*[237] ထီးဆီဘောခီးကျေးရွာနှင့် ကျန်းမာရေးစောင့်ရှောက်မှု ပစ္စည်းများ ရှိသည့် အနီးဆုံးဆေးရုံ၏အကွာအဝေးမှာ အရမ်းဝေးသည့်အတွက်ကြောင့် ပြဿနာရှိကြောင်း ထောက်ပြခဲ့ပြီး ကျေးရွာအတွင်း ဆေးခန်းတစ်လုံးလိုအပ်ကြောင်း အဓိကထားတင်ပြခဲ့သည်။ *"ဒီမှာ ဆေးခန်းတစ်လုံးရှိရင် ပိုကောင်းမယ်။ တစ်ခုခုအရေးပေါ်ဆိုရင် အဝေးကြီးသွားရတော့ ကျွန်တော်တို့အတွက်ခက်ခဲတယ်။"* [238]

ဒေသခံများအနေဖြင့် အလားတူအခြေအနေကို ရင်ဆိုင်နေရကြောင်း ခလယ်လွီထူခရိုင်၊ နို့ရှဲသို့ ပြန်လည်နေထိုင်သော စောက--- က KHRG သို့ တင်ပြခဲ့သည်။ *"ကျွန်တော်တို့ဆီမှာ ဆေးခန်း၊ ဆေးရုံနဲ့ ကျန်းမာရေးလုပ်သား မရှိဘူး။ တကယ်လို့ ကျွန်တော်တို့ဆေးကုဖို့လိုအပ်ရင် တခေါ်ပွာရွာ ဒါမှမဟုတ် ကျောက်ကြီးကိုသွားရတယ်။ လမ်းမကောင်းတော့ ခရီးသွားရတာအဆင်မပြေဘူး။ ကျွန်တော်တို့လူနာကို ပုခုံးပေါ် ဒါမှမဟုတ် ပုခက်ပါတင်ပြီး လမ်းလျှောက်ထမ်းရတယ်။ မိုးရာသီမှာဆိုရင် ခြေလျင်သွားရတာပိုခက်ပြီးတော့ အဲ့ဒီကိုရောက်ဖို့နှစ်နာရီလောက် ကြာတယ်။"* [239] ခရီးသွားလာရေး ခက်ခဲသည်သာမက အချို့သောတောရွာများရှိ ဆေးပေးခန်းများမှာ လုံလောက်သည့်ဆေးပစ္စည်းများနှင့် အရင်းအမြစ်များမရှိပေ။ တောင်ငူခရိုင်၊ ကလေခီးကျေးရွာသို့ ပြန်လည်နေထိုင်ခဲ့သော IDP တစ်ဦးဖြစ်သူ နော်ဇ--- က ဤသို့ရှင်းပြခဲ့သည်။ "ကျွန်မတို့ဆီမှာ ကေအဲန်ယူဆောက်လုပ်ပေးတဲ့ ဆေးခန်းရှိတယ်။ ဒါပေမယ့်အဲ့ဒီကိုသွားဖို့ ခြေလျင်နဲ့ လေးနာရီလောက်သွားရတယ်။ အဲ့ဒီမှာ လုံလောက်တဲ့ဆေးပစ္စည်းတွေလည်းမရှိဘူး။ ခေါင်းကိုက်တာမျိုး သာမန်ရောဂါတွေအတွက် ပါရာစီတမောပဲရှိတယ်။" [240]

---

[236] Source #5 တွင်ကြည့်ပါ။

[237] Source #37 တွင်ကြည့်ပါ။

[238] Source #21 တွင်ကြည့်ပါ။

[239] Source #8 တွင်ကြည့်ပါ။

[240] Source #23 တွင်ကြည့်ပါ။

## (ဃ) ပညာရေး

KHRG မှ တွေ့ဆုံမေးမြန်းခဲ့သော နေရပ်ပြန်သူအများစုမှာ အတိုင်းအတာတစ်ခုထိ ကျောင်းတက်ခွင့်ရကြသည်။ နေရပ်ပြန်သူများအနေဖြင့် ဒေသခံကျောင်းတွင်တက်ရသည့်အတွက် ၎င်းတို့အနေဖြင့် ဒေသခံများနည်းတူ အခက်အခဲများကို ရင်ဆိုင်ကြရသည်။ ထိုအထဲတွင် အချို့သောကျေးရွာများမှာ သင့်တင့်လျောက်ပတ်သော အကွာအဝေးတွင် ကျောင်းမရှိသဖြင့် ကျောင်းထွက်နှုန်းများ ပိုမိုမြင့်တက်လာသည်။ သို့သော်လည်း ဒုက္ခသည်များနှင့် IDP များအတွက်မူ အခြားသောစိန်ခေါ်မှုများအား ထပ်လောင်းကြုံတွေ့ကြရသည်။ နေရပ်ပြန်သူများအနေဖြင့် ကြုံတွေ့ရသောအသက်မွေးဝမ်းကျောင်းလုပ်ငန်းဆိုင်ရာ စိန်ခေါ်မှုများကြောင့် ကလေးများ၏ပညာရေးအား ပံ့ပိုးပေးရန် အထူးသဖြင့် အဆောင်ခနှင့်ခရီးစရိတ်များပေးရန် ၎င်းတို့အတွက် အခက်အခဲဖြစ်စေသည်။ ကလေးအားလုံးကို ကျောင်းထားရန်မဖြစ်နိုင်သည့်အခြေအနေမျိုးတွင် နေရပ်ပြန်မိသားစုဝင်များသည် ယောကျ်ားလေးများအား မိန်းကလေးများထက်ဦးစားပေး၍ ကျောင်းတက်စေချင်ကြပြီး စားဝတ်နေရေးစိန်ခေါ်မှုများ ကြုံလာသည့်အခါတွင် ကလေးများအားလုံးကို အိမ်တွင်နေစေပြီး ၎င်းတို့သည် အလုပ်လုပ်ရနိုင်ချေရှိသည်။

မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ကရင်ပညာရေးနှင့်ယဉ်ကျေးမှုဌာန၏ ပညာရေးစနစ် (KECD)[241] နှင့် မြန်မာအစိုးရ၏ပညာရေးစနစ်ဟူ၍ ပညာရေးစနစ်နှစ်ခုရှိသည်။ မြန်မာပညာရေးဥပဒေများသည် တိုင်းရင်းသားဘာသာ၊ ယဉ်ကျေးမှုနှင့် သမိုင်းကျောင်းများထည့်သွင်းသင်ကြားရန်အတွက် အပြည့်အဝခွင့်ပြုထားခြင်း မရှိသေးပေ။ KECD ပညာရေးစနစ်သည် ကရင်ဘာသာစကားသင်ရိုးညွှန်းတန်းဖြင့် သင်ကြားသော ကျောင်းများဖြစ်သော်လည်း ၎င်းတို့ပေးအပ်သည့် ပညာရေးလက်မှတ်များမှာ မြန်မာအစိုးရမှ အသိအမှတ်ပြုခြင်းမရှိပေ။ ၎င်းတို့နေသည့် အရပ်ဒေသအလိုက် ရွာသားများသည် ပညာရေးစနစ်နှစ်ခုလုံး သို့မဟုတ် တစ်ခုတည်းကိုသာ လက်ခံရရှိနိုင်မည်ဖြစ်သည်။

UNHCR ၏အကူအညီဖြင့် နေရပ်ပြန်သူများသည် များသောအားဖြင့် မြန်မာနိုင်ငံအတွင်းသို့ ပြန်လည်ရောက်ရှိကြသည့်အခါတွင် အစိုးရကျောင်းတက်နိုင်ရန်အတွက် လိုအပ်သောစာရွက်စာတမ်းများ ရရှိသော်လည်း ပညာသင်ကြားခွင့်ရရှိရန်အတွက် ပိုမိုကျယ်ပြန့်သောစိန်ခေါ်မှုများ များစွာရှိနေသေးသည်။ အစိုးရကျောင်းတွင် အပ်နှံထားသည့် အချို့သောနေရပ်ပြန်သူများ၏ ကလေးများသည် ၎င်းတို့အနေဖြင့် ကျောင်းစာလိုက်နိုင်ရန် ရုန်းကန်ရလျက်ရှိကြောင်း ဖော်ပြခဲ့သည်။ ကရင်ဒုက္ခသည်များမှာ ဒုက္ခသည်စခန်းအတွင်း ကရင်ဘာသာနှင့် အင်္ဂလိပ်ဘာသာကိုသာ သင်ကြားရသည့်အတွက် ၎င်းတို့၏ အဓိကပြဿနာမှာ ဗမာဘာသာစကားမတတ်ခြင်းဖြစ်သည်။ ၎င်းတို့ ယခင်ကသင်ယူခဲ့သော သင်ရိုးညွှန်းတန်းသည် ယခုသင်ယူနေရသော မြန်မာသင်ရိုးညွှန်းတမ်းနှင့် ကွဲပြားသည့်အပြင် ဘာသာစကားလည်းကွဲပြားသည့်အတွက်ကြောင့် နေရပ်ပြန်သူများ၏ကလေးများအတွက် အခက်ခဲဖြစ်စေပါသည်။

### ၁) တရားဝင်သတ်မှတ်ထားသော ပြန်လည်နေရာချထားရေးနေရာများ

ဒူးပလာယာခရိုင်၊ ထီးသဘလုခီးသို့ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် UNHCR ၏အကူအညီဖြင့် ပြန်လည်နေထိုင်ခဲ့သော ဒုက္ခသည်တစ်ဦးဖြစ်သူ ဒေါ်စ--- က ဒေသတွင်းရှိ ကလေးများအနေဖြင့် မဲတရောထနှင့် ကွီးခလယ်ကျေးရွာများရှိ အစိုးရကျောင်းများတွင် တက်ရောက်ခွင့်ရှိကြောင်း ရှင်းပြခဲ့သည်။ ကလေးများအနေဖြင့် အစိုးရကျောင်းသို့ တက်ခွင့်ရရန်အတွက် လိုအပ်သည့်စာရွက်စာတမ်းများအား ပေးအပ်ခဲ့ကြောင်း UNHCR ၏ အစီအစဉ်ဖြင့် နေရပ်ပြန်ခဲ့သူတစ်ဦးဖြစ်သည့် နော်ဘ--- က KHRG အားပြောခဲ့သည်။ *"ကျွန်မတို့တွေဒီတိုင်းပဲ ကိုယ့်ဟာကိုယ် ပြန်လာမယ်ဆိုရင် ကလေးတွေကျောင်းတက်ခွင့်ရမှာမဟုတ်ဘူး။ တကယ်လို့ ကျွန်မတို့မှာ စာရွက်စာတမ်းတွေ*

[241] ကရင်ပညာရေးနှင့်ယဉ်ကျေးမှုဌာန (KECD) သည် KNU ၏ပညာရေးဆိုင်ရာဌာနတစ်ခုဖြစ်သည်။ ၎င်းတို့၏ အဓိကရည်ရွယ်ချက်များမှာ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကရင်လူမျိုးများအား မိမိဘာသာစကား ပညာရေးဆိုင်ရာဆောင်ရွက်မှုများကို ပေးကမ်းစီစဉ်ပေးခြင်းနှင့် ကရင်ဘာသာစကား၊ ယဉ်ကျေးမှုနှင့် သမိုင်းများအားထိန်းသိမ်းရန်ဖြစ်သည်။ ၎င်းသည် ဒေသအတွင်း အဓိကပညာရေးစီစဉ်ဆောင်ရွက်ပေးသူဖြစ်သော်လည်း မြန်မာအစိုးရမှ တရားဝင်အသိအမှတ်မပြုပါ။

*မရှိဘူးဆိုရင် ကလေးတွေကျောင်းတက်လို့ရမှာမဟုတ်ဘူးလို့ ဆရာမတွေကပြောတယ်။ ဒါပေမယ့် ကျွန်မတို့တွေ UNHCR ရဲ့ စီမံမှုအောက်မှာ ပြန်လာကြတဲ့အတွက် ကျွန်မတို့မှာ အဲ့ဒီစာရွက်စာတမ်းတွေရှိတယ်။ [...] တကယ်လို့ ကျွန်မတို့တွေ ဒီလိုစာရွက်စာတမ်းတွေပြနိုင်ရင် သူတို့ကကျွန်မတို့ကလေးတွေကို လက်ခံရမယ်။"* [242] သို့သော်လည်း သင့်တော်သည့် အကွာအဝေးတစ်ခုတွင် ကျောင်းမရှိခြင်းက အချို့ ပြန်လည်နေရာချထားရေး နေရာများအတွက် အစိုးရကျောင်းများအား တက်ရောက်နိုင်ရန် အခက်အခဲဖြစ်စေပါသည်။

ဒူးပလာယာခရိုင်၊ ကော်လားသို့ မိမိအစီအစဉ်ဖြင့်ပြန်လည်နေထိုင်ကြသော ဒုက္ခသည်များသည် KECD မူလတန်းကျောင်းများသို့ တက်ရောက်ခွင့်ရှိကြသည်။ နေရပ်ပြန်သူများနေထိုင်သည့် လေးဖါထောဒေသတွင်လည်း စတုတ္ထတန်းအထိ ပညာသင်ကြားနိုင်သော KECD မူလတန်းကျောင်းရှိသည်။ သို့သော် ဒေသခံခေါင်းဆောင်တစ်ဦးဖြစ်သော စောအအိ--- က ထိုအဆောက်အအုံမှာ အိုဟောင်းလျက်ရှိကြောင်း KHRG အား ပြောပြခဲ့သည်။ ထို့အပြင် ဒေသခံများအပါအဝင် နေရပ်ပြန်သူများအနေဖြင့် ကျောင်းဆရာများအား ထောက်ပံ့ရန်အတွက် လစဉ်ဘတ်ငွေ ၄၀၀၀ [၁၈၁၃၀၃ ကျပ်] ခန့် ထည့်ဝင်ရသည်။ ထိုအခြေအနေသည် အဆင့်မြင့်ပညာရေးအားသင်ကြားလိုသောကလေးများအတွက် အခက်အခဲဖြစ်စေနိုင်သည်။ အဘယ်ကြောင့်ဆိုသော် မြန်မာအစိုးရ၏ အထက်တန်းကျောင်းများမှာ တရားဝင်မဟုတ်သော မူလတန်းကျောင်း (KECD ကျောင်းများအားဆိုလိုသည်) တွင်တက်ရောက်ခဲ့သော ကျောင်းသားများအား လက်ခံလေ့မရှိပေ။

လေးဖါထောတွင်ရှိသော ရွာသားအချို့မှာ ဟိသဲဖလယ်(အိမ်သုံးလုံး)နှင့် ဇီးပင်ကျေးရွာများတွင်ရှိသော အနီးဆုံးဖြစ်သည့် အစိုးရမူလတန်းကျောင်းများတွင် ၎င်းတို့၏ကလေးများကို ကျောင်းထားရန် ဆုံးဖြတ်ခဲ့ကြသည်။ သို့သော် ဟိသဲဖလယ်ရွာရှိကျောင်းသို့ ခြေလျင်ဖြင့်သွားလျှင် မိနစ် ၃၀ ခန့်ကြာပြီး ဇီးပင်ကျေးရွာရှိကျောင်းသို့သွားလျှင် ၁ နာရီခွဲခန့် ကြာမြင့်သည်။ အနီးဆုံး မြန်မာအစိုးရ အလယ်တန်းနှင့်အထက်တန်းကျောင်းမှာ ဃိုသဲဖလယ် (ဘုရားသုံးဆူ) တွင်တည်ရှိပြီး ဆိုင်ကယ်ဖြင့် ၄၅ မိနစ်ခန့်သွားရသည်။ စောအအိ--- က ၎င်း၏ ဒေသအတွင်း ကျောင်းကောင်းကောင်း မရှိခြင်းနှင့်ပတ်သက်ပြီး လူတွေ့မေးမြန်းစဉ်က ပြောပြခဲ့သည်။ *"ကျွန်တော်တို့တွေ ပညာတတ်ဖို့အတွက် ပညာရေးလိုအပ်တယ်။ ကျွန်တော်တို့တွေ [ဒုက္ခသည်တွေအတွက်] စီမံကိန်းနယ်မြေမှာ ပြန်လာပြီး နေတယ်ဆိုပေမယ့် ဒီမှာကျွန်တော်တို့အတွက် ကျောင်းမရှိဘူး။ ဒီမှာ ကလေးတွေအများကြီးရှိပေမယ့် မူကြိုကျောင်းမရှိဘူး။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့တွေ ကျေးရွာကော်မတီအစည်းအဝေးမှာ ဆွေးနွေးကြပေမယ့် အောင်မြင်မှုမရှိဘူး။ [...] ဒီပြဿနာကို ဘယ်သူမှလာပြီး မဖြေရှင်းပေးဘူး။"* [243]

ဘားအံခရိုင်၊ မယ်လတာလော်သောရှိ UNHCR အစီအစဉ်ဖြင့်နေရပ်ပြန်သူများအား KHRG က လူတွေ့မေးမြန်းခဲ့ရာ မူလတန်းကျောင်းတက်ခွင့်ရှိကြောင်း တင်ပြခဲ့ကြသည်။ ထိုဒေသတွင် KNU/KNLA-PC မှ ဖွင့်လှစ်ထားသော အစိုးရသင်ရိုးညွှန်းတန်းဖြင့်သင်ကြားပေးသည့် ကျောင်းတစ်ကျောင်းရှိသည်ဟု KHRG မှသိရသည်။ ထိုကျောင်းအား အစိုးရအာဏာပိုင်များကလည်း အသိအမှတ်ပြုထားသည်။ ထို့ပြင် KNU-KNLA-PC သည် မယ်လဝေလယ်မူးတွင် ၁၀ တန်းအထိရှိသော ၎င်းတို့၏ကိုယ်ပိုင်ကျောင်းကိုလည်း ဖွင့်လှစ်ထားလျက်ရှိကြောင်းကို ၎င်းတို့၏ တပ်ခွဲမှူးတစ်ဦးမှ အတည်ပြုပြောကြားခဲ့သည်။ *"ဒုက္ခသည်တွေပြန်မလာခင်ကတည်းက ကျွန်တော်တို့တွေ ဒီမှာကျောင်းဖွင့်ထားတယ်။ ကျွန်တော်တို့ရဲ့ မိသားစုတွေနဲ့ ကလေးတွေ သူတို့ရဲ့ ပညာရေးကို ရှေ့ဆက်လို့ရအောင် ဟိုးအရင်ကတည်းက ကျောင်းဆောက်ခဲ့တာ။ ကျွန်တော်တို့တွေ အလှူငွေရှာပြီးတော့ ဆောက်ခဲ့တာ။ အဲ့ဒီကျောင်းက ဒုက္ခသည်တွေပြန်လာဖို့ကူညီတဲ့ အလှူရှင်တွေနဲ့ ဘာမှသက်ဆိုင်မှုမရှိဘူး။"* [244]

UNHCR ၏အစီအစဉ်ဖြင့် ပြန်လည်နေထိုင်သည့် ဒုက္ခသည်တစ်ဦးဖြစ်သော နော်အဂ--- က သူမအနေဖြင့် မယ်လတာလော်သောရှိ KNU-KNLA-PC ၏ ကျောင်းမှရရှိသည့်ပညာရေးဝန်ဆောင်မှုအပေါ် စိတ်ကျေနပ်မှုရှိကြောင်းအတည်ပြုခဲ့သည်။ ထိုကျောင်းတွင် တက်ရောက်လျက်ရှိသော ကျောင်းသားများ ဆက်လက်ပညာသင်ခွင့်

[242] Source #2 တွင်ကြည့်ပါ။

[243] Source #31 တွင်ကြည့်ပါ။

[244] Source #18 တွင်ကြည့်ပါ။

ရရှိရန်အတွက် ထောက်ပံ့ငွေရရှိနိုင်သည့်အခွင့်အရေးရှိကြောင်းကိုလည်း အဓိကထားပြောပြခဲ့သည်။ *"ဒီမှာ ပညာရေးကကောင်းတယ်။ ၁၀ တန်းအောင်ပြီးတဲ့ကျောင်းသားတွေ ပညာဆက်သင်ချင်တယ်ဆိုရင် သူတို့ အတွက် ထောက်ပံ့ကြေးငွေကို ကျောင်းကလိုက်ရှာပေးတယ်။"* [245] UNHCR အကူအညီဖြင့် နေရပ်သို့ပြန် လာသည့် ဒုက္ခသည်တစ်ဦးဖြစ်သော နော်အအ--- က သူမ၏ကလေးများအတွက် ကျောင်းစရိတ်ပေးရန် အမြဲ မတတ်နိုင်ကြောင်း ဖော်ပြခဲ့သည်။ *"ကျွန်မမှာ ကလေးတွေအများကြီးရှိတယ်။ ဒါကြောင့် သူတို့အားလုံးအတွက် ကျွန်မက ကျောင်းစရိတ်မပေးနိုင်ဘူး။ [...] ဒီမှာ ကျောင်းတွေက တစ်နှစ်စာအတွက် မူကြိုနဲ့ မူလတန်းအတွက်ဆိုရင် ဘတ် ၂၀၀ [၉၀၆၅ ကျပ်] နဲ့ အလယ်တန်းဆိုရင် ဘတ် ၃၀၀ [၁၃၅၉၈ ကျပ်] ပေးရတယ်။ တစ်ခါတစ်လေ ကျွန်မတို့တွေ အကုန်မပေးနိုင်ဘူး။ ဒါပေမယ့် ဆရာမတွေကနားလည်ပေးတော့ နောက်မှပေးဖို့ပြောတယ်။ ဒါကြောင့် ကျွန်မကလေးတွေ ကျောင်းတက်နိုင်တာ။"*[246] ထိုသို့ဖြေလျှော့မှုများရှိသော်လည်း ကျောင်းအပ်သည့် ကုန်ကျငွေများသည် စားဝတ်နေရေးအကြပ်အတည်းရှိသည့် အိမ်ထောင်စုများအတွက် စီးပွားရေးဆိုင်ရာ ဝန်ထုပ်ဝန်ပိုးဖြစ်စေနိုင်ပြီး ကျောင်းထွက်သည့်ကျောင်းသားအရေအတွက် များလာစေနိုင်သည်။ ထို့အပြင် ထို ကျောင်းအပ်သည့်ကုန်ကျငွေများသည် မြန်မာအစိုးရ၏မူဝါဒဖြစ်သော မူလတန်းနှင့်အလယ်တန်းအတွက် အခမဲ့ ပညာရေးဆိုသည့်အချက်နှင့် ဆန့်ကျင်လျက်ရှိသည်။[247]

### ၂) တရားဝင်သတ်မှတ်ထားခြင်းမရှိသော ပြန်လည်နေရာချထားရေးနေရာများ

သထုံခရိုင်၊ ထီးဆီဘောစီးနှင့် ခလယ်လွီထူပင်ခရိုင်၊ လယ်မူသောဒေသသို့ ပြန်လည်နေထိုင်ကြသည့် IDP များ နှင့် တောင်ငူခရိုင်မှ လူတွေ့မေးမြန်းခဲ့သူများက KECD ကျောင်းများကို တက်ခွင့်ရကြောင်း တင်ပြခဲ့သည်။ သို့သော်အချို့သော ဝေးလံသည့်နေရာများတွင် ပညာရေးဆိုင်ရာအထောက်အပံ့များ လုံလောက်မှုမရှိခြင်းက ပြဿနာတစ်ရပ်ဖြစ်သည်။ ခလယ်လွီထူခရိုင်၊ ကုန်းနီဒေသအနီးအနားတွင် ကျောင်းမရှိသည့်အတွက် ဒေသတွင်းရှိကလေးများသည် ဝါးဒိုကလားရွာရှိ အနီးဆုံးကျောင်းသို့ ကျောင်းတက်ရန်နှစ်မိုင်ခန့် လမ်းလျှောက် ရကြောင်း ထိုဒေသတွင် ပြန်လည်နေထိုင်သော နေရပ်ပြန်သည့် IDP တစ်ဦးက ရှင်းပြခဲ့သည်။[248]

ထိုနည်းတူစွာပင် ခလယ်လွီထူခရိုင်၊ နို့ရှဲသို့ ပြန်လည်နေထိုင်သော IDP တစ်ဦးဖြစ်သူ စောက--- က ထိုရွာတွင် ကျောင်းမရှိကြောင်းတင်ပြခဲ့သည်။ ထို့ကြောင့် မိဘများအနေဖြင့် အခြားရွေးချယ်စရာမရှိသည့်အတွက် ၎င်းတို့၏ ကလေးများစာသင်ကြားနိုင်ရန် အခြားကျေးရွာများသို့ပို့ခဲ့ရသည်။ *"ရွာမှာကလေးတွေကျောင်းမတက်ရတဲ့အတွက် ကျွန်တော် တော်တော်စိတ်မကောင်းဘူး။ ကျွန်တော်တို့မှာ မူလတန်းကျောင်းတောင်မရှိဘူး။ ကျောင်းတက်ချင်တဲ့ ကလေးတွေက သူတို့မိသားစုနဲ့ဝေးတဲ့ သခွဲပြွာရွာကိုသွားပြီး ကျောင်းတက်နေရတယ်။ အဲ့ဒီမှာ အိမ်မရှိလို့ မိဘတွေက လိုက်မနေနိုင်ဘူး။ [...] ရွာကနေအဲ့ဒီကျောင်းကို ကျွန်တော်တို့ခြေလျင်သွားမယ်ဆိုရင် တစ်နာရီ ကျော်ကြာတယ်။ ဒါကြောင့် ကျွန်တော်တို့ကသူတို့ကို အဲ့ဒီသခွဲပြွာရွာမှာပဲ သွားနေခိုင်းလိုက်တယ်။"* [249] ထို့ ကြောင့် ၎င်းကျေးရွာတွင်လုံလောက်သည့် ကျောင်းဆောင်များဆောက်လုပ်ပေးရန် သူကတောင်းဆိုခဲ့သည်။ *"ကျွန်တော်တို့တွေ တကယ်ပဲ ကျောင်းတစ်ကျောင်း၊ ဆရာ/မတွေနဲ့ ရုံးခန်းတစ်ခုလိုအပ်တယ်။ ကျွန်တော်တို့တွေ ပြန်လာတာ လေးနှစ်ရှိပြီ။ ဒါပေမယ့် ကျောင်းတစ်ကျောင်းတောင် မရှိသေးဘူး။"* [250]

မူတြော်ခရိုင်၊ အရ--- ကျေးရွာသို့ မိမိအစီအစဉ်ဖြင့် နေရပ်ဖြစ်သူဒုက္ခသည်တစ်ဦးဖြစ်သည့် ဦးအ--- ၏ သမီးဖြစ် သူက အစတွင် အစိုးရကျောင်းတက်ခွင့်မရခဲ့ပေ။ သူမ၏ဖခင်ဖြစ်သူက ဒေသခံကျောင်းဆရာမ၏ အကူအညီဖြင့် သူမအားကျောင်းတက်နိုင်ရန် စီစဉ်နိုင်ခဲ့သော်လည်း သူမအနေဖြင့် အငယ်တန်းတွင်တစ်ဆင့်နိမ့်ပြီး ပြန်တက်ခဲ့ရ

[245] Source #32 တွင်ကြည့်ပါ။
[246] Source #24 တွင်ကြည့်ပါ။
[247] ၂၀၁၄ ခုနှစ်၊ ဇူလိုင်လတွင် Myanmar Times မှ မေသင်ဇာနိုင် ဖော်ပြသော "High school to be free in 2015" တွင်ကြည့်ပါ။
[248] Source #12 တွင်ကြည့်ပါ။
[249] Source #8 တွင်ကြည့်ပါ။
[250] Source #8 တွင်ကြည့်ပါ။

သည်။ *"ဟုတ်တယ်။ ကျွန်တော့်ကလေးက စခန်းထဲမှာ မူလတန်းပြီးသွားပြီ။ ကျွန်တော်တို့ ကျောင်းပြောင်းလက်မှတ်လည်း ယူခဲ့တယ်။ ဒါပေမယ့်ဒါက ကရင်ကျောင်းဖြစ်လို့ မြန်မာအစိုးရကျောင်းက လက်မခံဘူး။ ဆရာမကေသီက ကျွန်တော့်သမီးကျောင်းတက်ခွင့်ရအောင် ညှိနှိုင်းပေးခဲ့တယ်။ ကျွန်တော့်သမီးက လေးတန်းပြန်တက်ရတယ်။ စခန်းထဲမှာ သူက ခြောက်တန်းအောင်ပြီးပြီ။ ဒါပေမဲ့ ကျောင်းလွှဲစာက ကရင်လိုရေးထားတော့ သူတို့ကလက်မခံဘူး။ ကျွန်တော်ထင်တယ်။ ဟိုကပညာရေးက ကျေးရွာအဆင့်ဆိုတော့ မြန်မာအစိုးရရဲ့ ပညာရေးစနစ် အဆင့်နဲ့ မကိုက်ညီဘူးထင်တယ်။"* [251]

တောင်ငူခရိုင်၊ ခလယ်မူဂါးကျေးရွာသို့ မိမိ၏အစီအစဉ်ဖြင့် ပြန်လည်နေထိုင်သော နော်ဌ--- က သူမ၏ကလေးများအနေဖြင့် မြန်မာအစိုးရကျောင်းတွင် ကျောင်းအပ်ခွင့်ရခဲ့သော်လည်း ၎င်းတို့အနေဖြင့် အခြားကျောင်းသားများနှင့် တန်းတူဖြစ်ရန်ရုန်းကန်ခဲ့ကြရသည်။ *"အဓိကစိန်ခေါ်မှုကတော့ ဘာသာစကားအခက်အခဲပဲ။ ကျွန်မတို့ စခန်းထဲမှာနေတုန်းက ကလေးတွေကို အများအားဖြင့် အင်္ဂလိပ်စာနဲ့ကရင်စာပဲသင်တယ်။ ဒါပေမယ့် သူတို့တွေ ဒီကိုပြန်လာတော့ ဗမာလိုအများဆုံးသင်ယူရတယ်။ ဒါကြောင့် သူတို့စာကောင်းကောင်းနားမလည်တော့ ဒီမှာရှိတဲ့ တခြားဒေသခံကလေးတွေနဲ့ မတူဘူး။ ဒါက သူတို့အတွက် အရမ်းခက်ခဲတယ်။"* [252] ကလေးများအနေဖြင့် ဒုက္ခသည်စခန်းတွင်းတွင်တက်ရောက်ခဲ့သော အတန်းပညာအတိုင်း တက်ရောက်နိုင်ခြင်းရှိမရှိ သူမအားမေးမြန်းရာတွင် သူမက *"မြန်မာလိုသိပ်နားမလည်တဲ့ကလေးတွေက သူတို့တက်ရမယ့်အတန်းကိုတက်ဖို့ အရည်အချင်းမမှီတဲ့အတွက် သူတို့တွေကို ဆရာမတွေကလက်မခံဘူး။ သူတို့တွေက အငယ်တန်းတွေမှာ ကျောင်းအပ်ရတယ်။"* [253] ထို့ကြောင့် ပြန်လည်နေရာချထားရေးလုပ်ဆောင်ရာတွင် ပညာရေးနှင့်ပတ်သက်ပြီး အောင်မြင်မှုရရှိစေရန်အတွက် ဘာသာစကားနှင့် သင်ရိုးညွှန်းတန်းကိုက်ညီမှုဆိုင်ရာ အခက်အခဲများအား ဖြေရှင်းရန်လိုအပ်သည်။

## ဓာတ်ပုံ - ပညာရေး







ဤပုံတို့အား ၂၀၁၇ ခုနှစ်၊ မတ်လတွင် ဒူးပလာယာခရိုင်၊ နို့တကော(ကြာအင်းဆိပ်ကြီး) မြို့နယ်၊ ထီးညဖောကျေးရွာတွင် ရိုက်ယူခဲ့ပါသည်။ KECD နှင့် ဒေသခံလူထုများမှ ထောက်ပံ့ပေးထားသည့် ဒေသတွင်းရှိကျောင်း၏ပုံဖြစ်ပါသည်။ ဤကျောင်းအဆောက်အဦးသည် ရာသီဥတုဒဏ်ကို အနည်းငယ်မျှသာခံနိုင်ပုံပေါ်ပြီး ဟောင်းနွမ်းနေပြီးဖြစ်ပါသည်။ ထိုရွာထဲတွင် နေရပ်ပြန်အိမ်ထောင်စု ၃၅ စု နေထိုင်နေကြပြီးဖြစ်သော်လည်း အဆိုပါကျောင်းကို ပြန်လည်တည်ဆောက်ရန်အစီအစဉ်သည် ဖြစ်မလာသေးပဲရှိနေပါသည်။ အချို့ဝေးလံသောဒေသတွင်နေထိုင်ကြသောသူအများစုအဖို့မူ ဤကျောင်းများသည်လုံခြုံပြီး သင့်လျော်သောအကွာအဝေးတွင်ရှိသော တစ်ခုတည်းသောကျောင်းဖြစ်သည်။ ၎င်းတို့သည် အစိုးရ၏အထောက်အပံ့များကို မရရှိကြပါ။ *[ဓာတ်ပုံ - KHRG]*

[251] Source #4 တွင်ကြည့်ပါ။
[252] Source #20 တွင်ကြည့်ပါ။
[253] Source #20 တွင်ကြည့်ပါ။

# အခန်း (၄) ဘေးကင်းလုံခြုံရေး

UNHCR ၏ပြန်လည်နေရာချထားရေးနှင့် ပြန်လည်နေထိုင်ရေးလမ်းညွှန်အရ မိမိဆန္ဒအလျောက် နေရပ်ပြန်ခြင်း၏အဓိကအချက်တစ်ချက်မှာ ရုပ်ပိုင်းဆိုင်ရာလုံခြုံရေးဖြစ်သည်။ ဤအချက်တွင် အကြမ်းဖက်မှုနှင့် ခြိမ်းခြောက်မှုများအားရပ်တန့်ပေးရန်၊ မြေမြှုပ်မိုင်းများနှင့် မပေါက်ကွဲသေးသည့်လက်နက်ခဲယမ်းများမရှိစေရန်နှင့် လုံခြုံရေးအခြေအနေတိုးမြှင့်ပေးရန် စသည့်အချက်များစွာပါဝင်လျက်ရှိသည်။[254]

KHRG မှ လူတွေ့မေးမြန်းမှုများအရ နေရပ်ပြန်သူအများစုသည် ပြန်လည်နေထိုင်ပြီးနောက်ပိုင်းတွင် အကြမ်းဖက်မှုနှင့်  ခြိမ်းခြောက်မှုများ ကြုံတွေ့ရခြင်းမရှိသေးကြောင်း ဖော်ပြလျက်ရှိသည်။ အတိတ်ကာလနှင့်နှိုင်းယှဉ်လျှင် ၎င်းတို့၏လုံခြုံရေးအခြေအနေ ပိုမိုကောင်းမွန်လာသည်ဟု တင်ပြကြသည်။ သို့သော်အများစုမှာ တပ်မတော်နှင့် လုပ်ဆောင်လျှက်ရှိသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ယုံကြည်မှုမရှိသဖြင့် တိုက်ပွဲများတဖန်ပြန်လည်ဖြစ်ပွားမည်ကို စိုးရိမ်လျက်ရှိသည်။ နေရပ်ပြန်အများစုမှာ ၎င်းတို့၏ဒေသအတွင်းရှိ မပေါက်ကွဲသေးသည့်လက်နက်ခဲယမ်းများနှင့်ပတ်သက်၍လည်း ထိပ်တိုက်ရင်ဆိုင်ရလျက်ရှိသည်။

## (က) အကြမ်းဖက်မှုနှင့် ခြိမ်းခြောက်မှုများ

KHRG မှ တွေ့ဆုံမေးမြန်းခဲ့သော နေရပ်ပြန်အများစုမှာ ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများနှင့် ခြိမ်းခြောက်မှုများကို ၎င်းတို့ပြန်ရောက်သည့်အချိန်မှစ၍ ရင်ဆိုင်ကြုံတွေ့ရခြင်းမရှိသေးကြောင်း တင်ပြခဲ့သည်။ သို့သော် မြိတ်-ထားဝယ်ခရိုင်၊ လက်ရှိသူးလေပလောတွင် နေထိုင်လျက်ရှိသော ဒုက္ခသည်ဟောင်း နော်ဂ--- က သူမ၏ ဒေသတွင်နေထိုင်သူများသည်  စစ်တပ်နှင့်လုပ်ငန်းလုပ်ဆောင်လျက်ရှိသော  ဒေသအတွင်းစိုက်ပျိုးစီးပွားကုမ္ပဏီတစ်ခုဖြစ်သည့် အင်ထရိုအာဂရို (Itroagro) ကုမ္ပဏီ၏ ခြိမ်းခြောက်ခြင်းကို ခံရကြောင်းရှင်းပြခဲ့သည်။ *"ဗမာစစ်တပ်နဲ့ သူတို့ရဲ့ ကုမ္ပဏီတွေက ကျွန်မတို့ရဲ့ နေရာကိုလာပြီး ခြိမ်းခြောက်ကြတယ်။ သူတို့ရဲ့ လုပ်ငန်းကို ဒီမှာလုပ်ချင်ကြတယ်။ ဒီအခြေအနေမှာ ကျွန်မတို့တွေအနေနဲ့က အမြဲတမ်းနိုးကြားပြီးတော့ ကိုယ့်လုံခြုံရေးအတွက်ကို စိတ်ပူနေရတယ်။ ဒီလိုနေရာမှာ ဘယ်လိုလုပ်လုံခြုံမှု ရှိမှာလဲ။ 'ညောင်သီးလည်းစား လေးသံလည်းနားထောင်' ဆိုတဲ့ စကားပုံလိုပဲ နေရတယ်။"*[255]

တပ်မတော်အရာရှိဟောင်းအချို့သည် ထိုကုမ္ပဏီနှင့်အလုပ်လုပ်ကိုင်နေကြသဖြင့် ဒေသခံရွာသားများမှာ လုံခြုံရေးအတွက် စိုးရိမ်ပူပန်မှုဖြစ်စေကြောင်း သူမက ထပ်လောင်းပြောပြခဲ့သည်။ *"ကုမ္ပဏီက တပ်မတော်စစ်သားဟောင်းတွေကို အလုပ်ခန့်တယ်။ သူတို့က စစ်သားတွေဆိုတော့ ကျွန်မတို့ကိုစကားပြောတဲ့ပုံစံကိုက ကြောက်ဖို့ကောင်းတယ်။ သူတို့တွေ ကျွန်မတို့အိမ်ကိုလာပြီဆို ကျွန်မတို့အရမ်းကြောက်တယ်။"*[256] KHRG ၏ သတင်းအချက်အလက်များအရ လက်နက်ကိုင်တပ်ဖွဲ့များ သို့မဟုတ် မြန်မာအစိုးရနှင့်နီးကပ်သော ကုမ္ပဏီများသည် ရွာသားများ၏မြေများအား သိမ်းယူရန်အတွက် ရွာသားများအား ဆက်လက်နှောက်ယှက်လျက်ရှိသည်။[257] ဤအချက်သည် အဆိုပါကုမ္ပဏီများ လုပ်ငန်းလုပ်ဆောင်နေသည့် နေရာများတွင် ပြန်လည်နေထိုင်ကြသော နေရပ်ပြန်သူများအတွက် ပြန်လည်ပေါင်းစည်းနေထိုင်ခြင်းအား အန္တရာယ်ဖြစ်စေနိုင်သည်။

ခလယ်လွိထူခရိုင်တွင် ၂၀၁၆ ခုနှစ် အစောပိုင်းက နို့ရဲကျေးရွာသို့ ပြန်လည်နေထိုင်သော IDP တစ်ဦးဖြစ်သူ စောက--- က ရွှေ့ပြောင်းနေထိုင်စဉ်ကာလအတွင်း ၎င်းတို့ပိုင်မြေများကို သိမ်းယူထားသူတစ်စုမှ ၎င်းတို့အား

---

254 ၂၀၀၄ ခုနှစ်တွင် UNHCR မှ "Handbook for Repatriation and Reintegration Activities" တွင်ကြည့်ပါ။

255 Source #5 တွင်ကြည့်ပါ။

256 Source #5 တွင်ကြည့်ပါ။

257 KHRG မှ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လတွင်ထုတ်ဝေထားသော "လူထုပါဝင်ခွင့်မရှိသည့် ဖွံ့ဖြိုးရေးစီမံကိန်းများ - မြန်မာပြည်အရှေ့တောင်ပိုင်းရှိ မြေယာသိမ်းယူမှုများနှင့် ကျေးလက်စွမ်းရည်လုပ်ဆောင်ချက်များ" ၏ စာမျက်နှာ ၅၃ တွင်ကြည့်ပါ။

မည်သို့ ခြိမ်းခြောက်ခဲ့ပုံကို ဤသို့ ရှင်းပြခဲ့သည်။ *"ပထမတော့ ကျွန်တော်တို့တွေ အဝေးကိုရောက်နေချိန်မှာ သူတို့က ကျွန်တော်တို့မြေပေါ်မှာနေခဲ့တယ်။ သူတို့မှာ မြေပိုင်ဆိုင်မှုအထောက်အထားမရှိပေမယ့် ဒါကသူတို့ရဲ့မြေဆိုပြီးတော့ ကျွန်တော်တို့ကိုပြောတယ်။ မကြောက်တတ်ရင် ဒီမြေပေါ်ကိုဝင်လာခဲ့ဆိုပြီး သူတို့က ကျွန်တော်တို့ကို ခြိမ်းခြောက်တယ်။ [...] သူတို့က ဒီမြေပေါ်မှာ အိမ်တွေဆောက်ပြီး တိရိစ္ဆာန်တွေမွေးတယ်။ ကျွန်တော်တို့ ဒေသခံတွေရဲ့မြေပေါ်မှာ စိုက်ပျိုးမွေးမြူပြီးတော့ သူတို့ပိုင်တဲ့ပစ္စည်းလိုယူကြတယ်။ သူတို့ရဲ့ မိသားစုတွေကိုလည်း သူတို့နဲ့အတူခေါ်လာတယ်။"*[258] ထိုသူများတွင် တောပုန်းသေနတ်များ ရှိသည့်အတွက် ထိုသိမ်းယူထားသည့်မြေများမှ ထွက်ခွာရန်အတွက် နည်းလမ်းမျိုးစုံသုံးကာ တန်ပြန်တိုက်ခိုက်မည်ကို စိုးရိမ်ကြောင်း ရှင်းပြခဲ့သည်။ *"သူတို့ကို အတင်းထွက်သွားခိုင်းရင် ကျွန်တော်တို့ကိုတိုက်ခိုက်လိမ့်မယ်။ ဒါကြောင့် သူတို့ကိုကြောက်ရတယ်။"*[259]

## (ခ) အထွေထွေလုံခြုံရေးအခြေအနေ - UNHCR အစီအစဉ်ဖြင့် နေရပ်ပြန်ခဲ့သော ဒုက္ခသည်များ

ဒူးပလာယာခရိုင်၊ ခ--- ကျေးရွာသို့ UNHCR ၏အကူအညီဖြင့် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ပြန်လည်နေထိုင်ခဲ့သော နော်ဘ---က သူမအနေဖြင့်အနာဂတ်တွင် တိုက်ပွဲများ ပြန်လည်ဖြစ်ပေါ်မည်ကို စိုးရိမ်ကြောင်း KHRG အားပြောခဲ့သည်။ *"လက်ရှိအခြေအနေက ရေရှည်တည်တံ့မှာမဟုတ်ဘူးလို့ ကျွန်မခံစားရတယ်။ [...] အနာဂတ်မှာ တိုက်ပွဲတွေပြန်ဖြစ်မှာကို ကျွန်မစိုးရိမ်တယ်။ တကယ်လို့ တိုက်ပွဲဖြစ်မယ်ဆိုရင်တော့ ကျွန်မဒီမှာမနေရဲဘူး။ ဘာကြောင့်လဲဆိုတော့ အရင်တုန်းကလည်း ဒီမှာတိုက်ပွဲတွေဖြစ်ခဲ့တယ်။"*[260] သူမအနေဖြင့်လက်ရှိတွင် ခြိမ်းခြောက်မှုများအား လက်တွေ့ရင်ဆိုင်ခံစားရခြင်းမရှိသော်လည်း မြန်မာနိုင်ငံ၏အခြားဒေသတွင် ဖြစ်ပေါ်နေသော အခြေအနေများက သူမအားစိုးရိမ်စေသည့် အဓိကအချက်ပင်ဖြစ်သည်။ နေရပ်သို့မပြန်လာမီ သူမအနေဖြင့် ဒုက္ခသည်စခန်းသို့ ပြန်ခွင့်ရှိမရှိ မေးမြန်းခဲ့ပြီးဖြစ်သည်။ *"ကျွန်မဗမာပြည်ကို ပြန်မလာခင် တကယ်လို့ကျွန်မတို့ပြန်နေတဲ့နေရာမှာ တိုက်ပွဲပြန်ဖြစ်ခဲ့ရင် ထိုင်းကိုပြန်လာလို့ရမရ UN ဝန်ထမ်းတွေကို မေးခဲ့ပြီးပြီ။ သူတို့ကကျွန်မကို တကယ်လို့တိုက်ပွဲဖြစ်ရင် ထိုင်းကိုပြန်လို့ရတယ်လို့ပြောတယ်။"*[261] ဤအချက်က ဒုက္ခသည်များအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ရေရှည်တည်တံ့သောငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်စွမ်းအပေါ် ယုံကြည်မှုအနည်းငယ်သာရှိကြောင်း တွေ့ရသည်။ KHRG သည် လေးဖါထောတွင်ရှိသော လုံခြုံရေးဆိုင်ရာအခြေအနေနှင့် ပတ်သက်၍ အသေးစိတ်သတင်းအချက်များအား မသိရသော်လည်း ၂၀၁၉ ခုနှစ် မတ်လတွင် လူတွေ့မေးမြန်းချက်များအရ နေရပ်ပြန်သူများက ပြဿနာကြီးကြီးမားမားရင်ဆိုင်ရခြင်းရှိကြောင်း တင်ပြခြင်းမရှိပေ။

ဘားအံခရိုင်၊ မယ်လတာလော်သောတွင် UNHCR အစီအစဉ်ဖြင့် ပြန်လာသောဒုက္ခသည်တစ်ဦးနှင့် မိမိအစီအစဉ်ဖြင့် ပြန်လာသည့်ဒုက္ခသည်သူတစ်ဦးတို့မှ ၎င်းတို့အနေဖြင့် လုံခြုံမှုရှိသည်ဟုခံစားရကြောင်း တင်ပြခဲ့သည်။ သို့သော် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် UNHCR အစီအစဉ်နှင့်ပြန်လာခဲ့သော နော်ဒ--- က တပ်မတော်၊ KNU/KNLA-PC ၊ KNLA[262] နှင့် BGF[263] တို့၏ စစ်စခန်းများနှင့် တပ်သားများရှိနေခြင်းကြောင့် သူမအနေဖြင့်

[258] Source #8 တွင်ကြည့်ပါ။
[259] Source #8 တွင်ကြည့်ပါ။
[260] Source #2 တွင်ကြည့်ပါ။
[261] Source #2 တွင်ကြည့်ပါ။
[262] ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA)သည် ကရင်အမျိုးသားအစည်းအရုံး(KNU)၏ လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သည်။
[263] တပ်မတော်၏နယ်ခြားစောင့်တပ် (BGF) တပ်ရင်းများသည် ၂၀၁၀ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး အစိုးရ၏ကာကွယ်ရေးတပ်ဖွဲ့မဟုတ်သော လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သည့် DKBA ၏ အဖွဲ့ဝင်ဟောင်းများမှ ပြန်လည်ဖွဲ့စည်းထားခြင်းဖြစ်သည်။ ၎င်းတို့သည် မြန်မာအစိုးရနှင့် ပစ်ခတ်ရပ်စဲရေးသဘောတူစာချုပ်များအားတရားဝင်လက်ခံခဲ့ပြီး တပ်မတော်အတွင်းရှိ တပ်ရင်းများသို့ပြောင်းလဲရန် သဘောတူခဲ့သောအဖွဲ့ဖြစ်သည်။

လုံခြုံမှုရှိသည်ဟု မခံစားရကြောင်း KHRG အား ပြောခဲ့သည်။ ထို့ကြောင့် သူမအနေဖြင့် ထိုအဖွဲ့များကြား တိုက်ပွဲပြန်လည်ဖြစ်ပေါ်ပါက သူမတို့အနေဖြင့် တိုက်ပွဲများအတွင်း ကြားညပ်ခံရမည်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။ *"တိုက်ပွဲပြန်ဖြစ်နိုင်တယ်လို့ တချို့လူတွေကပြောတယ်။ တပ်မတော်စစ်သားတွေက ညနေခင်းဆိုရင် ဒီမှာကင်းလှည့်ကြတယ်။ ကျွန်မတို့က ဒီလိုလက်နက်ကိုင်တွေကြားမှာ နေရတဲ့အတွက် ဒါကိုကြောက်တယ်။"*[264] ထို့အပြင် စစ်သားများက သူမအားသတ်ဖြတ်မည် သို့မဟုတ် အဓမ္မပြုကျင့်မည်ကို ကြောက်ရွံ့လျက်ရှိသည်။ *"အခုတပ်မတော်စစ်သားတွေကို ကျွန်မတို့ကကြောက်တယ်။ ကတဲရွာမှာ တပ်မတော်စခန်းတစ်ခုရှိတယ်။ ကျွန်မတို့တွေ ညနေခင်း ဒါမှမဟုတ် အမှောင်သန်းတဲ့အချိန်မှာ ခရီးသွားတဲ့အခါ သူတို့တွေကကျွန်မတို့ကို သတ်မှာ၊ မုဒိန်းကျင့်မှာ ကြောက်ရတယ်။ သူတို့တွေ အဲ့ဒီလိုလုပ်မလုပ်တော့မသိပေမယ့် ဒါကကျွန်မတို့ရဲ့ စိုးရိမ်မှုပဲ။"* [265]

ထိုသို့သောကြောက်ရွံ့မှုများသည် တိုက်ပွဲဒဏ်ခံရသော ကရင်ရွာသားအများစုတွင် ရှိကြသည်။ အဓိကအားဖြင့် တပ်မတော်၏အတိတ်သမိုင်းကြောင်းတစ်လျှောက် ကျူးလွန်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာအဓမ္မပြုကျင့်မှုများကြောင့် ထိုသို့ခံစားရခြင်းဖြစ်သည်။[266] နော်အဝ--- သည် မယ်လဝေလယ်မူးသို့ UNHCR ၏အကူအညီဖြင့် ပြန်လည်နေထိုင်ခဲ့သော်လည်း လက်ရှိအချိန်တွင် မယ်လလော်လီ (မယ်လနေရာဟောင်း) အနီးရှိ သူမ၏လယ်ထဲတွင်သာ များသောအားဖြင့်နေထိုင်လျက်ရှိသည်။ သူမ၏ လယ်ယာမြေနှင့် မယ်လဝေလယ်မူးအကြားတွင် တပ်မတော်စစ်စခန်းတစ်ခုရှိသည့်အတွက် သူမအနေဖြင့် တစ်ယောက်တည်းခရီးသွားရဲခြင်း ရှိမရှိမေးသည့်အခါတွင် သူမက အလားတူစိုးရိမ်မှုကို ဖော်ပြခဲ့သည်။ *"ဟင့်အင်း၊ ကျွန်မသွားရဲမှာမဟုတ်ဘူး။ ကျွန်မတို့လည်းကြောက်တယ်။ [...] ကျွန်မတို့တွေ တစ်ယောက်ထဲ ခရီးသွားတဲ့အခါ သူတို့နဲ့လမ်းမှာ မတော်တဆတွေ့မှာကြောက်တယ်။ ကျွန်မတို့ကို သူတို့သတ်သွားမလားပေါ့။"* [267] ပြည်သူများအနေဖြင့် တပ်မတော်၏ပစ်မှတ်ထားခြင်းကို ခံရသည့်အခါတွင် ကူရာမဲ့ဖြစ်မည့်အကြောင်းကိုလည်း တင်ပြခဲ့သည်။ *"တကယ်လို့သူတို့တွေသာ လက်ပစ်ဗုံးတစ်လုံးလောက်သာ ပစ်ခဲ့မယ်ဆိုရင် ကျွန်မတို့အကုန်သေမှာပဲ။ [...] တကယ်လို့ နိုင်ငံရေးအခြေအနေသာ ဆိုးလာမယ်ဆိုရင် ကျွန်မတို့ကို သူတို့ပစ်လို့ရတယ်။ ကျွန်မတို့တွေအနေနဲ့က သူတို့စိတ်ထဲမှာ ဘာတွေတွေးနေလည်းမသိတော့ ဒီအတိုင်းစိုးရိမ်နေရတယ်။"* [268]

စိတ်ဝင်စားဖွယ်ကောင်းသည်မှာ မယ်လဝေလယ်မူးမှ အခြားသောနေရပ်ပြန်သူအချို့အား လူတွေ့မေးမြန်းခဲ့ရာတွင် လုံခြုံရေးနှင့်စပ်လျဉ်း၍ တပ်မတော်စစ်သားများရှိနေခြင်းက ၎င်းတို့အတွက် ကြောက်လန့်မှုများမရှိဟု ပြောဆိုခဲ့ပါသည်။ စောအမ--- က *"ဒီမှာနေတဲ့အချိန် ကျွန်တော်တို့အနေနဲ့တပ်မတော်ကို ကြောက်စရာမလိုဘူး"* ဟု တင်ပြခဲ့သည်။[269] ၂၀၁၉ ခုနှစ်၊ ဧပြီလတွင် လူတွေ့မေးမြန်းခဲ့သော နော်အန-- နှင့် သူမ၏အမျိုးသားကဲ့သို့ အချို့သောသူများမှာ တပ်မတော်စစ်သားများနှင့် ကောင်းမွန်သောဆက်ဆံရေး ရှိပုံပေါ်သည်။ *"ကျွန်မတို့တွေက သူတို့ရဲ့စခန်းနားမှာပဲ လယ်လုပ်တယ်။ ဒီမှာနေလို့ရှိရင် အဆင်ပြေတယ်လို့ သူတို့က ကျွန်မတို့ကိုပြောပြတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့တွေမဲ့တရီးမှာနေခဲ့တုန်းက တိုက်ခိုက်ခံခဲ့ရလို့ ထွက်ပြေးရကြတယ်။ ဒီမှာပြန်လာနေတော့ ငြိမ်းငြိမ်းချမ်းချမ်းနေရတယ်လို့ သူတို့တွေပြောတယ်။"*[270] ထိုဒေသတွင်နေထိုင်သော အခြားဒုက္ခသည်တစ်ဦးဖြစ်သူ နော်အအ--- က သူမအနေနှင့် သူမ၏လုံခြုံရေးအတွက် ကြောက်ရွံ့စိတ်မရှိကြောင်းနှင့် ထိုဒေသတွင် သူမ၏သမီးဖြစ်သူ တစ်ဦးတည်းသွားလာခြင်းနှင့်ပတ်သက်၍လည်း သူမအနေနှင့် စိုးရိမ်မှုမရှိကြောင်း တင်ပြခဲ့သည်။[271]

---

[264] Source #3 တွင်ကြည့်ပါ။

[265] Source #3 တွင်ကြည့်ပါ။

[266] KHRG မှ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလတွင် ထုတ်ဝေထားသော "အကြောက်တရား၏ အုတ်မြစ် - ၂၅ နှစ်အတွင်း မှတ်တမ်းတင်ထားသော မြန်မာပြည်အရှေ့တောင်ပိုင်းမှ ရွာသားများ၏အသံများ" တွင်ကြည့်ပါ။

[267] Source #40 တွင်ကြည့်ပါ။

[268] Source #40 တွင်ကြည့်ပါ။

[269] Source #41 တွင်ကြည့်ပါ။

[270] Source #6 တွင်ကြည့်ပါ။

[271] Source #24 တွင်ကြည့်ပါ။

## (ဂ) အထွေထွေလုံခြုံရေးအခြေအနေ - မိမိ၏အစီအစဉ်ဖြင့် နေရပ်ပြန်ကြသော IDP နှင့် ဒုက္ခသည်များ

ခြုံငုံသုံးသပ်ကြည့်ပါက KHRG မှ လူတွေ့မေးမြန်းခဲ့သည့် နေရပ်ပြန်သူများသည် ၎င်းတို့၏ လက်ရှိလုံခြုံရေးအခြေအနေအား ယခင်ကာလများနှင့်နှိုင်းယှဉ်ပါက တိုးတက်လာသည်ဟု ခံစားကြရသည်။ ၎င်းတို့အနေဖြင့် လွတ်လပ်စွာသွားလာခွင့်ရကြပြီး လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်ခံရခြင်းမရှိကြောင်း အများစုကတင်ပြကြသည်။ မူတြော်ခရိုင်၊ အအ--- ကျေးရွာသို့ မိမိ၏အစီအစဉ်ဖြင့် ပြန်လာခဲ့သော စောအ--- က ကျေးရွာအတွင်း တပ်မတော်စစ်စခန်းရှိခြင်းမှလွဲ၍ ၎င်းအနေဖြင့် ခြိမ်းခြောက်ခံရသည်ဟု ခံစားရခြင်းမရှိကြောင်းနှင့် နေရပ်ပြန်လာသည့်အချိန်မှစ၍ ထိုဒေသအတွင်း မည်သည့်လက်နက်ကိုင်တိုက်ပွဲမှ မဖြစ်သေးကြောင်း အဓိကထားပြောခဲ့သည်။[272] ခလယ်လွီထူခရိုင်၊ လော်မူသော (ကဲဒိုလူ) သို့ ပြန်လည်နေထိုင်သော IDP တစ်ဦးဖြစ်သူ စောအဂ--- က *"လုံခြုံရေးနဲ့ပတ်သက်ပြီးတော့ အရင်ကနဲ့စာရင် အခုကနည်းနည်း ပိုကောင်းလာတယ်။ အခုဆိုရင် ကျွန်တော်တို့ ရွာကနေကြိုက်တဲ့အချိန် ဝင်ထွက်သွားလာလို့ရတယ်။"*[273]

ဒူးသထူ ခရိုင်၊ ထီးဆီဘောခီးသို့ ပြန်လာသည့် IDP လေးဦးက ၎င်းတို့အနေဖြင့် လက်ရှိအချိန်တွင် လုံခြုံစိတ်ချမှုကိုခံစားရကြောင်း ဖော်ပြခဲ့သော်လည်း စောယ--- အနေဖြင့် အနာဂတ်အတွက် စိုးရိမ်လျက်ရှိသည်။ *"ကျွန်တော်ကတော့ လက်ရှိအခြေအနေက ရေရှည်ဖြစ်လိမ့်မယ်လို့မထင်ဘူး။ တပ်မတော်နဲ့ KNLA ကြားမှာတိုက်ပွဲတွေပြန်ဖြစ်လာမှာကို ကျွန်တော်တို့တွေ စိုးရိမ်နေတုန်းပဲ။"*[274] ဒူးပလာယာခရိုင်၊ ကော်လားသို့ မိမိအစီအစဉ်ဖြင့်ပြန်လာသော ဒုက္ခသည်ဟောင်းတစ်ဦးဖြစ်သူ နော်အခ--- ကလည်း မသေချာမရေရာသော အနာဂတ်နှင့်ပတ်သက်၍ အလားတူခံစားချက်အား ဖော်ပြခဲ့သည်။ သူမအနေဖြင့် ပြန်ရောက်သည့်အချိန်မှစ၍ လက်နက်ကိုင်များ၏ ခြိမ်းခြောက်မှုများအား ကြုံတွေ့ရခြင်းမရှိသေးသော်လည်း လုံခြုံရေးနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုအား ဖော်ပြခဲ့သည်။ *"ကျွန်မတို့တွေ လုံခြုံမှုမရှိဘူးလို့ ခံစားရတယ်။ ဒါကြောင့် ကျွန်မတို့တွေ ဗမာ[တပ်မတော်]တွေရဲ့လက်ကနေ ထပ်ပြီးထွက်ပြေးရမှာကိုလည်း စိုးရိမ်တယ်။"*[275]

အခြားနေရပ်ပြန်သူများကလည်း လက်နက်ကိုင်တပ်ဖွဲ့များ အထူးသဖြင့် တပ်မတော်စစ်သားများရှိနေခြင်းနှင့်ပတ်သက်ပြီး ၎င်းတို့၏စိုးရိမ်မှုများကို ထုတ်ဖော်ပြောဆိုခဲ့သည်။ တောအူးခရိုင်၊ စောမူဒဲကျေးရွာသို့ ပြန်လာခဲ့သော IDP တစ်ဦးဖြစ်သူ စောအလ--- သူ၏ဒေသတွင် တပ်မတော်တပ်စခန်းရှိနေသည့်အတွက် တိုက်ပွဲတဖန်ဖြစ်ပေါ်မည်ကိုကြောက်ရွံ့ကြောင်း KHRG သို့ ပြောခဲ့သည်။ ထိုသို့သောရလာဒ်များအား ရှောင်ရှားနိုင်ရန် တပ်မတော်အနေဖြင့် ၎င်းတို့၏တပ်သားများအား ဆုတ်ခွာစေလိုကြောင်း ဖော်ပြခဲ့သည်။ *"သူတို့တွေ အမြန်ဆုံးတပ်ဆုတ်ဖို့ ကျွန်တော်မျှော်လင့်တယ်။ ဘာကြောင့်လဲဆိုတော့ သူတို့သာထွက်မသွားရင် တိုက်ပွဲတွေ ပြန်ဖြစ်လိမ့်မယ်။ တကယ်လို့ ကျွန်တော်တို့ရဲ့ခေါင်းဆောင်တွေအနေနဲ့ သူတို့ကြားထဲက ဆက်ဆံရေးကိုအကောင်းဆုံးထိန်းထားနိုင်တယ်ဆိုရင်တော့ ပိုကောင်းတာပေါ့။ သူတို့သာမထိန်းနိုင်ဘူးဆိုရင် အခြေအနေက ဆိုးသွားလိမ့်မယ်။"*[276] စောအလ---အနေဖြင့် တိုက်ပွဲထပ်မံဖြစ်ပွားပါက ထွက်ပြေးလွတ်မြောက်ရန် ကြိုးစားမည်မဟုတ်ပဲ သူ၏ကံကြမ္မာကို လက်ခံမည်ဖြစ်ကြောင်း ထပ်မံရှင်းပြခဲ့သည်။ *"တကယ်လို့ ဒါသာထပ်ဖြစ်မယ်ဆိုရင် ကျွန်တော်တော့ ဘယ်မှသွားတော့မှာမဟုတ်ဘူး။ သေသေရှင်ရှင် ဒီမှာပဲနေမယ်။ ကျွန်တော်လည်း အသက်ကြီးပြီဆိုတော့ တခြားနေရာတွေကို ထပ်ပြီးထွက်ပြေးလို့မရတော့ဘူး။ ကျွန်တော်တို့ငယ်ငယ်တုန်းကတော့ တိုက်ပွဲဖြစ်လို့ပြေးပြီဆို ခုန်ပေါက်ပြီးပြေးနိုင်တယ်။ ခုတော့ အဲ့လိုမလုပ်နိုင်တော့ဘူး။ တကယ်လို့သာ ထပ်ဖြစ်မယ်ဆိုရင်တော့ သူတို့ဘာလုပ်လုပ် ကျွန်တော်ခံလိုက်တော့မယ်။"*[277]

---

[272] Source #4 တွင်ကြည့်ပါ။
[273] Source #33 တွင်ကြည့်ပါ။
[274] Source #21 တွင်ကြည့်ပါ။
[275] Source #26 တွင်ကြည့်ပါ။
[276] Source #9 တွင်ကြည့်ပါ။
[277] Source #9 တွင်ကြည့်ပါ။

လူတွေ့မေးမြန်းခဲ့သည့် တောင်ငူခရိုင်တွင် နေထိုင်လျက်ရှိသူများကလည်း တပ်မတော်အား ကြောက်ရွံ့ကြသည့်အကြောင်းကို ခလယ်မူဂါးသို့ မိမိအစီအစဉ်ဖြင့် ပြန်လည်နေထိုင်သော ဒုက္ခသည်ဟောင်း နော်ဇ--- က ရှင်းပြခဲ့သည်မှာ "*အမှန်အတိုင်း ပြောရမယ်ဆိုရင် ကျွန်မတို့တွေဒီမှာနေရတာ လုံခြုံမှုရှိတယ်လို့ကို မခံစားရဘူး။ ကျွန်မတို့တွေ တပ်မတော်စခန်းရဲ့အနီးမှာ နေနေကြတဲ့အတွက် စိုးရိမ်မှုတွေရှိနေသေးတယ်။*" [278] တောင်ငူခရိုင်သည် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် အနီးအနားခရိုင်များတွင်ရှိသော တပ်စခန်းများသို့ တပ်သားစုများနှင့် လက်နက်ခဲယမ်းများအား ထောက်ပံ့ပေးလျက်ရှိသည့် အခြားသောတပ်မတော်စစ်စခန်းများ၏ အချက်အခြာနေရာဖြစ်သည်။ ဤတပ်ဖွဲ့များသည် လုံခြုံရေးဆိုင်ရာစိုးရိမ်မှုများကို ဒေသခံရွာသားများကြား ဖြစ်ပေါ်စေကြောင်း အတည်ပြုပြောခဲ့သည်။ "*တပ်မတော်စစ်သားတွေ သူတို့ရဲ့စခန်းတွေကို ပိုမိုခိုင်မာအောင် စားနပ်ရိက္ခာပို့နေတာကို တွေ့ရတယ်။ အဲ့ဒါကြောင့် ကျွန်မတို့တွေ တော်တော်စိုးရိမ်နေရတယ်။ [...] သူတို့တွေက ရိက္ခာတွေ၊ တပ်သားတွေနဲ့ လက်နက်ခဲယမ်းတွေကို ရှေ့တန်းကစစ်တပ်တွေကို ပို့တယ်။ သူတို့တွေသယ်တဲ့ တချို့လက်နက်တွေဆိုရင် ကျွန်မတို့ တစ်ခါမှ မတွေ့ဖူးဘူး။*" [279]

စီးကဲဒဲသို့ ပြန်လည်နေထိုင်ခဲ့သော စောအက--- ကဲ့သို့ပင် အခြားသောသူများသည်လည်း တပ်မတော်မှ ဤသို့ ခိုင်ခိုင်မာမာတည်ရှိနေခြင်းသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အန္တရာယ်ဖြစ်စေမည်ဟု ခံစားကြရလျက်ရှိသည်။ စောအက---က ပြောခဲ့သည်မှာ "*ငြိမ်းချမ်းရေးဖြစ်စဉ်က အလုပ်ဖြစ်လား၊ မဖြစ်ဘူးလားတော့မသိဘူး။ ဒါပေမဲ့ တပ်မတော်စစ်သားတွေကိုတော့ နေရာတကာမှာတွေ့ရတယ်။ သူတို့ပြန်မယ်ဆိုရင်တော့ ငြိမ်းချမ်းရေးဖြစ်စဉ်က ရေရှည်တည်တံ့မယ်လို့ထင်တယ်။*" [280] ၎င်းအနေဖြင့် တပ်မတော်၏တပ်စခန်းရှိနေခြင်းကြောင့် ရွာသားများ စိုးရိမ်နေရပြီး တပ်မတော်အားယုံကြည်မှုမရှိကြောင်း အဓိကထားပြောကြားခဲ့သည်။ ၎င်းက ဆက်ပြီးတင်ပြခဲ့သည်မှာ "*သူတို့ရဲ့စခန်းက ကလိုမူဒဲရွာဘေးမှာပဲရှိတယ်။ ခြေလျင်နဲ့သွားရင် တစ်နာရီခွဲတောင်မကြာဘူး။ ဒါကြောင့် သူတို့တွေမပြန်သွားမှာကို ကျွန်တော်တို့ကတော့စိုးရိမ်တယ်။ အရင်တုန်းက သူတို့ကကျွန်တော့်ကို တစ်ခါနှစ်ခါလောက် ဖမ်းချုပ်ထားတာခံခဲ့ရဖူးတယ်။ ဒါကြောင့် သူတို့ကိုကျွန်တော်တို့ မယုံဘူး။ အဲ့ဒီတုန်းက ကျွန်တော်ငယ်သေးတယ်။*" [281] ထိုသို့ တပ်မတော်အပေါ် မယုံကြည်နိုင်ကြောင်းနှင့်ပတ်သက်ပြီး စောမူဒဲသို့ ပြန်လည်နေထိုင်ခဲ့သော IDP တစ်ဦးဖြစ်သည့် စောလ--- က တပ်မတော်အပေါ်ထားရှိသည့် ၎င်း၏သဘောထားကို KHRG အား ဤသို့ပြောခဲ့သည်။ "*တပ်မတော်အနေနဲ့ ကျွန်တော်တို့ကို ဖျက်စီးချင်နေတုန်းပဲလို့ ကျွန်တော်ထင်တယ်။ အခုတော့ သူတို့အတွက် အချိန်မကျသေးလို့ပါ။ တစ်ချိန်ချိန်မှာ အမှားအယွင်းတစ်ခုခုဖြစ်သွားခဲ့ရင် အခြေအနေက ပိုဆိုးသွားနိုင်တယ်။*" [282]

ဒေါ်ဖနို့ (သံတောင်ကြီး) မြို့နယ်၊ ရှူခိုသို့ မိမိအစီအစဉ်ဖြင့် ပြန်လည်နေထိုင်သည့် ဒုက္ခသည်တစ်ဦးဖြစ်သော စောအလ--- က လက်ရှိပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသည် တပ်မတော်၏ လှည့်ကွက်တစ်ခုဖြစ်ကြောင်းနှင့် အနာဂတ်တွင် တိုက်ပွဲများပြန်လည်ဖြစ်ပေါ်နိုင်ကြောင်း KHRG သို့ ပြောခဲ့သည်။ "*တပ်မတော်က ဖန်တီးလိုက်တဲ့ စစ်ပွဲက ခုဆိုရင်နှစ်ပေါင်း ၇၀ ကျော်ပြီ။ သူတို့တွေ ကရင်တွေနဲ့အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးတော့ ကချင်တွေကို သွားတိုက်တယ်။ သူတို့က ကချင်တွေနဲ့ အပစ်အခတ်ရပ်စဲရေးလက်မှတ်ထိုးတော့ ကရင်တွေကို လာတိုက်ပြန်တယ်။ သူတို့ ဒီလိုလုပ်လာတာ နှစ်ပေါင်းတော်တော်ကြာနေပြီ။ သူတို့တွေက ဒါကိုသဘောရိုးနဲ့ လုပ်တာမဟုတ်ဘူး။ နောက်ဆိုရင်လည်း တခြားတိုင်းရင်းသားတွေအပေါ် ဒီလိုဆက်လုပ်နေမှာပဲ။ ဒါကြောင့် အရပ်သားတွေအနေနဲ့ စိုးရိမ်စရာမရှိဘူးဆိုတာ လုံးဝမဖြစ်နိုင်ဘူး။ လူတိုင်းက စိုးရိမ်နေကြတယ်။*" [283] သူ၏ဒေသမှ အခြားသူများကလည်း ရွာပြင်တွင် နေအိမ်များ တည်ဆောက်နေကြသည့်အလျောက် တချိန်ချိန်တွင် တိုက်ခိုက်ခံရမည်ကို စိုးရိမ်နေလျက်ရှိသည်။ "*ရွာထဲမှာ အိမ်ခြေသုံးဆယ်ကျော်ရှိတယ်။ ဒါပေမယ့် တချို့လူတွေ*

278 Source #20 တွင်ကြည့်ပါ။
279 Source #20 တွင်ကြည့်ပါ။
280 Source #36 တွင်ကြည့်ပါ။
281 Source #36 တွင်ကြည့်ပါ။
282 Source #9 တွင်ကြည့်ပါ။
283 Source #42 တွင်ကြည့်ပါ။

*က ခြံထဲမှာပဲနေကြတယ်။ တကယ်လို့သူတို့က အိမ်တွေကိုရွာထဲမှာဆောက်ရင် တပ်မတော်ကလာတိုက်မှာစိုးလို့ သူတို့ရဲ့အိမ်တွေကို ခြံထဲမှာပဲဆောက်ကြတယ်။ တပ်မတော်ကိုကော မြန်မာအစိုးရကိုကော ကျွန်တော်တို့တွေ အယုံအကြည်မရှိသေးဘူး။"*[284] ကလေဗီးတွင် ပြန်လည်နေထိုင်သော IDP တစ်ဦးဖြစ်သူ နော်ဇ--- က လုံခြုံရေးနှင့်ပတ်သက်ပြီး သူမ၏ စိုးရိမ်မှုကို ဖွင့်ဟပြောဆိုခြင်းမရှိသော်လည်း သူမ၏အနာဂတ်မှာ သေချာမှုမရှိကြောင်းကို ဤသို့ဝန်ခံခဲ့သည်။ *"လက်ရှိမှာတော့ တပ်မတော်ရဲ့လှုပ်ရှားမှုတွေနဲ့ပတ်သက်ပြီး လုံခြုံရေးအတွက် စိုးရိမ်စရာမရှိပါဘူး။ ဒါပေမယ့် လာမယ့်အနာဂတ်အတွက်ကတော့ ကျွန်မတို့လည်းမသိဘူး။"* [285]

၂၀၁၄ ခုနှစ်၊ဧပြီလတွင်မြိတ်-ထားဝယ်ခရိုင်၊ သူးလေပလောသို့ပြန်လည်နေထိုင်ခဲ့သောဒုက္ခသည်တစ်ဦးဖြစ်သည့် နော်ဂ--- က တပ်မတော် တည်ရှိနေခြင်းနှင့်ပတ်သက်ပြီး လုံခြုံရေးဆိုင်ရာစိုးရိမ်မှုများကို ဤသို့တင်ပြခဲ့သည်။ *"တစ်ခါတစ်လေတပ်မတော်က ဆိုင်ကယ်အစီး ၃၀ လောက်နဲ့ ကျွန်မတို့ရွာဘေးမှာ စစ်ကြောင်းလှည့်နေတာတွေ့တယ်။ ဒါကကျွန်မတို့ရဲ့လုံခြုံရေးကို ခြိမ်းခြောက်နေတယ်။"* [286] အခြေအနေဆိုးလာပါက သူမအနေဖြင့် ထွက်ပြေးရန် အမြဲအသင့်ဖြစ်နေကြောင်းကိုလည်း သူမကရှင်းပြခဲ့သည်။ *"တပ်မတော်ကလာပြီဆိုတာနဲ့ ကျွန်မကတော့ အိတ်တွေ၊ UNHCR ကဒ်နဲ့ မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းလို တခြားအထောက်အထားတွေနဲ့ ဓါတ်မီး တစ်ခါတည်း ပြင်ထားတယ်။ ဒုက္ခသည်စခန်းထဲမှာနေတုန်းက အမြင်ဖွင့်သင်တန်းရထားဖူးတော့ ဒါကအကျင့်တစ်ခုလိုဖြစ်နေတယ်။"* [287]

မြန်မာပြည်သို့ ပြန်လည်နေထိုင်သည်မှာ ခြောက်နှစ်ကျော်ပြီဖြစ်သော်လည်း နော်ဂ--- အနေဖြင့် ထိုင်းနိုင်ငံသို့ ပြန်ရန် စဉ်းစားနေခြင်းက သေချာရေရာမှုမရှိသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ဒုက္ခသည်များ ကောင်းမွန်စွာ နေရပ်ပြန်လည် နေထိုင်နိုင်ရေးအတွက် အတားအဆီးကြီးတစ်ခုဖြစ်စေကြောင်း မီးမောင်းထိုးပြလျက်ရှိသည်။ ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးသဘောတူညီချက် မရှိခြင်းကြောင့် တိုက်ပွဲနောက်တဖန် မဖြစ်စေရန်အတွက် အာမခံချက်မရှိပေ။ ထိုအတွက်ကြောင့် သူမအနေဖြင့် အနာဂတ်တွင် မည်သည့်ကိစ္စများဖြစ်လာမည်ကို မသိနိုင်သည့်အတွက် အဆိုးဆုံး အခြေအနေအား ရင်ဆိုင်ရန်အတွက် အစီအစဉ်များ ချမှတ်ရသည်။ *"ကျွန်မတို့တွေဆီမှာ UNHCR ကပေးထားတဲ့ မှတ်ပုံတင်ကဒ်ရှိတယ်။ ကျွန်မတို့တွေ ကိုယ့်နံပါတ်ကို ကိုယ်အလွတ်မှတ်ထားရတဲ့အတွက် အဲ့ဒါကို ကျွန်မခုချိန်ထိ မှတ်မိနေသေးတယ်။ [...] အဲဒါကို ကျွန်မနဲ့အတူယူလာခဲ့တာ။ တစ်ခါတစ်လေတော့လည်း ကျွန်မစဉ်းစားမိတယ်။ တကယ်လို့ ကျွန်မတို့တွေထပ်ပြီး ပြောင်းရွှေ့ရမယ်ဆိုရင် သူတို့တွေကျွန်မတို့ကို ဒုက္ခသည်အဖြစ်လက်ခံပါ့မလား။ တကယ်လို့သူတို့တွေ ကျွန်မတို့ကို ဒုက္ခသည်အနေနဲ့လက်မခံဘူးဆိုရင် ကျွန်မတို့တွေ အဲ့ဒီ UNHCR ရဲ့ မှတ်ပုံတင်ကဒ်ကိုပြပြီး စိတ်ပြောင်းလာမလားကြည့်မယ်။ ဘာလို့လဲဆိုတော့ မြန်မာနိုင်ငံ အခြေအနေက မတည်ငြိမ်ဘူးဆိုတာ သိတယ်မဟုတ်လား။ ကျွန်မတို့ရဲ့ အနာဂတ်အတွက် ကတိမပေးနိုင်ဘူး။"* [288]

ခလယ်လွီထူခရိုင်၊ ထူတော်လူ (လော်မူသော) သို့ ပြန်လည်နေထိုင်ခဲ့သော IDP တစ်ဦးဖြစ်သူ စောအအိ--- က အားလုံးကျေနပ်နိုင်မည့် နိုင်ငံရေးသဘောတူညီချက်ကို မရရှိနိုင်ပါက လုံခြုံရေးအခြေအနေမှာ ထိလွယ်ရှလွယ် ဖြစ်နေဦးမည်ဟု သူ၏အတွေးကို ဖော်ပြခဲ့သည်။ *"ကျွန်တော်တို့အနေနဲ့ ကိုယ့်အခွင့်အရေးကို ပြည့်ပြည့်ဝဝနဲ့ ညီတူညီမျှခံစားခွင့် ရသင့်တယ်။ ဖယ်ဒရယ်စနစ်ကို လက်ခံကျင့်သုံးခွင့်ပေးရမယ်။ ဒါမှသာ ရေရှည်တည်တံ့တဲ့ငြိမ်းချမ်းရေးကို ရရှိမှာဖြစ်တယ်။"*[289] လက်ရှိအခြေအနေသည် ယာယီချမှတ်ထားသော အစီ အစဉ်သာဖြစ်ပြီး အကယ်၍တိုက်ပွဲတဖန်ဖြစ်ပွားပါက အရပ်သားများကသာ ပေးဆပ်ရမည်ဟုလည်း ရှင်းပြခဲ့ သည်။ *"တကယ်လို့ သူတို့ [မြန်မာအစိုးရ]ကသာ ဖက်ဒရယ်အစိုးရတည်ထောင်ဖို့အခွင့်နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်မပေးရင် တိုက်ပွဲတွေ*


[284] Source #42 တွင်ကြည့်ပါ။
[285] Source #23 တွင်ကြည့်ပါ။
[286] Source #5 တွင်ကြည့်ပါ။
[287] Source #5 တွင်ကြည့်ပါ။
[288] Source #5 တွင်ကြည့်ပါ။
[289] Source #34 တွင်ကြည့်ပါ။

*ကအနာဂတ်မှာ ဆက်ဖြစ်မှာပဲ။ တကယ်လို့ တိုက်ပွဲတွေပြန်ဖြစ်ခဲ့ရင် သေချာတာကတော့ အရပ်သားတွေပဲခံရမယ်။"*[290] ခရိုင်တစ်ခုတွင်းရှိ နို့ရှဲကျေးရွာသို့ပြန်လည်နေထိုင်သောအခြားသော IDP တစ်ဦးဖြစ်သူ စောက---ကလည်း လက်ရှိနိုင်ငံရေးအခြေအနေနှင့် အသစ်တစ်ဖန်ဖြစ်လာမည့်တိုက်ပွဲ၏ ဖြစ်နိုင် ခြေဆိုးကျိုးသက်ရောက်မှုများနှင့်ပတ်သက်ပြီး ၎င်း၏စိုးရိမ်ပူပန်မှုများကို KHRG အားဤကဲ့သို့ပြောပြခဲ့သည်။ *"နိုင်ငံရေးအခြေအနေက ကျွန်တော်တို့အတွက် စိုးရိမ်မှုကိုဖြစ်စေတယ်။ တကယ်လို့တိုက်ပွဲတွေ ထပ်ဖြစ်မယ်ဆိုရင် ကျွန်တော်တို့ရဲ့ ဒေသကို အဖက်ဖက်ကနေ ဆိုးရွားစွာထိခိုက်စေလိမ့်မယ်။ ကျွန်တော်တို့ လက်နက်ကိုင်ပဋိပက္ခနဲ့ လက်နက်ကိုင်တပ်ဖွဲ့တွေရဲ့ ညှဥ်းပမ်းနှိပ်စက်ခြင်းကိုကြုံတွေ့ရနိုင်ပြီး ရေရှည်တည်တံ့ခိုင်မြဲတဲ့ စားဝတ်နေရေးအတွက်ပါ ဆုံးရှုံးသွားလိမ့်မယ်။"*[291]

[290] Source #34 တွင်ကြည့်ပါ။

[291] Source #8 တွင်ကြည့်ပါ။

## မြေပုံ ၂ - မြန်မာပြည်အရှေ့တောင်ပိုင်းရှိ တပ်မတော်တည်ရှိရာနေရာများ (ကေအဲန်ယူ မြောက်ပိုင်းရှိခရိုင်များ)



## (ဃ) မပေါက်ကွဲသေးသော လက်နက်ခဲယမ်းများနှင့် မြေမြှုပ်မိုင်းများ

မြန်မာပြည်အရှေ့တောင်ပိုင်းတွင် မြေမြှုပ်မိုင်းများသည် ကာလကြာရှည်တည်ရှိနေသော ပြဿနာတစ်ရပ်ဖြစ်ပြီး ဒုက္ခသည်များနှင့် IDP များ အနေဖြင့် နေရပ်ပြန်ရန်အတွက် အဓိကအတားအဆီးတစ်ခုအဖြစ် မကြာခဏဆိုသလို ဖော်ပြခြင်းခံရသည်။[292] မြန်မာနိုင်ငံဆိုင်ရာ သီးသန့်လွတ်လပ်သော နိုင်ငံတကာအချက်အလက်ရှာဖွေရေးမစ်ရှင် (UN Independent International Fact-finding Mission) က ၂၀၁၈ခု နှစ်၊ စက်တင်ဘာလတွင် ဤသို့ တင်ပြခဲ့သည်။ *"မြေမြှုပ်မိုင်းများအား အသုံးပြုမှုကိုရပ်တန့်ရန်နှင့် မြေမြှုပ်မိုင်းရှင်းလင်းရေးပြုလုပ်ရန် အားလုံး သဘောတူရမည်ဟူသော အချက်ပါသည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်စာချုပ် အား ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတွင် လက်မှတ်ရေးထိုးထားသော်လည်း မြေမြှုပ်မိုင်းအသစ်များကို ဆက်လက်အသုံးပြုနေကြသေးသည်။"*[293] မြန်မာအစိုးရသည် လက်ရှိအချိန်ထိ မြေမြှုပ်မိုင်းရှင်းလင်းရေးနှင့် ပတ်သက်ပြီး ရှင်းလင်းသည့်နည်းဗျူဟာအား ချမှတ်ထားခြင်းမရှိသည့်အပြင် မြေမြှုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေတတ်သော လက်နက်ပစ္စည်းများ စောင့်ကြည့်လေ့လာရေးအဖွဲ့ (ICBL) အရ တပ်မတော်မှလည်း မြေမြှုပ်မိုင်းအသစ်များကို ဆက်လက်အသုံးပြုလျက်ရှိသည်။[294] ၂၀၁၈ ခုနှစ်၊ နှောင်းပိုင်းနှင့် ၂၀၁၉ ခုနှစ် အစပိုင်းတွင် ဒီမိုကရက်တစ်ကရင်အကျိုးပြုတပ်မတော် (DKBA)[295]၊ ကရင့်အမျိုးသားကာကွယ်ရေးတပ်ဖွဲ့ (KNDO)[296] နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA)[297] တို့မှ မြေမြှုပ်မိုင်းအသစ်များ အသုံးပြုကြောင်းနှင့်ပတ်သက်၍ အစီရင်ခံစာများရှိခဲ့သည်။

တပ်မတော်အနေဖြင့် IDP များအား နေရပ်သို့ပြန်လာခြင်းမှ တားဆီးရန်အတွက် လူသွားလမ်းများနှင့် ကျေးရွာများတွင် မြေမြှုပ်မိုင်းများမြှုပ်ထားခဲ့ခြင်းများအပါအဝင် တပ်မတော်နှင့် လက်နက်ကိုင်တပ်ဖွဲ့များအားလုံးသည် မြေမြှုပ်မိုင်းအသုံးပြုခြင်းနှင့်ပတ်သက်၍ ရှည်လျားသောသမိုင်းကြောင်းရှိခဲ့သည်။ ထိုမိုင်းများအား မြေပုံတွင် အမှတ်အသားထားခဲ့ခြင်းမရှိသကဲ့သို့ ကရင်ဒေသများအတွင်း စနစ်တကျမြေမြှုပ်မိုင်းရှင်းလင်းခြင်းလည်း တစ်ခါမှုပြုလုပ်ခဲ့ခြင်းမရှိပေ။ မိမိဆန္ဒအလျောက် နေရပ်ပြန်ခြင်း၏ အဓိကအစိတ်အပိုင်းတစ်ခုမှာ ရုပ်ပိုင်းဆိုင်ရာလုံခြုံရေး ဖြစ်ပြီး ပြန်လည်နေရာချထားရေး နေရာဒေသများတွင် မြေမြှုပ်မိုင်းများနှင့် မပေါက်ကွဲသေးသော လက်နက်ခဲယမ်းများမရှိခြင်းလည်း ပါဝင်သည်။ UNHCR နှင့် အခြားသောမိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် အကြီးစား

[292] KHRG မှ ၂၀၁၉ ခုနှစ်၊ မေလတွင် ထုတ်ဝေထားသော "အိမ်ပြန်ချိန်ကိုတမ်းတရင်း ငြိမ်းချမ်းမှုကိုမျှော်လင့်ခြင်း - မြန်မာပြည်အရှေ့တောင်ပိုင်းရှိ နှစ်ရှည်ကြာနေရပ်စွန့်ခွာရခြင်း" တွင်ကြည့်ပါ။

[293] Human Rights Council မှ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ A/HRC/39/CRP.2 စာမျက်နှာ ၉၅ တွင် ထုတ်ဝေထားသော "Report of the Detailed Findings of the Independent International Fact-finding Mission on Myanmar" တွင်ကြည့်ပါ။

[294] International Campaign to Ban Landmines (ICBL) မှ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် ထုတ်ဝေထားသော "Landmine Monitor 2019" ၏ စာမျက်နှာ ၈ တွင်ကြည့်ပါ။

[295] ဒီမိုကရက်တစ် ကရင်အကျိုးပြုတပ်မတော်ကို(DKBA) ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလတွင်ဖွဲ့စည်းခဲ့ပြီး ယခင်ကငင်းသည် တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားတပ်ဖွဲ့ဖြစ်သည်။ ထို့နည်းတူငင်းတို့သည် ယခင်က KNU/KNLA မှ ခွဲထွက်ခဲ့သောအဖွဲ့ဖြစ်ပြီး မြန်မာအစိုးရနှင့် အပစ်ခတ်ရပ်စဲရေးသဘောတူစာချုပ်ချုပ်ဆိုခဲ့ပြီးနောက် (မြန်မာ) တပ်မတော်နှင့်ပူးပေါင်းခဲ့သည်။ DKBA အဖွဲ့အစည်းကို ဘုန်းတော်ကြီးဦးသုဇနမှဦးဆောင်ခဲ့ပြီး မြန်မာနိုင်ငံ၏တပ်မတော်အစိုးရဖြစ်သော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးကောင်စီ (နဝတ - SLORC) ကိုထောက်ခံသည့်အဖွဲ့ဖြစ်သည်။ DKBA အဖွဲ့အစည်း၏ အကြောင်းအရာအပြည့်အစုံကို KHRG မှ ၁၉၉၆ ခုနှစ်တွင် ထုတ်ဝေထားသော "Inside the DKBA" တွင်ကြည့်ပါ။ DKBA ခွဲထွက်အဖွဲ့သည် တပ်မတော်နယ်ခြားစောင့်တပ်အဖြစ်(BGF) အသွင်ပြောင်းခဲ့ပြီး၊ အချို့သည်လည်း KNLA တွင် ကျန်ရှိနေခဲ့သည်။ ၂၀၁၂ ခုနှစ်၊ ဧပြီလတွင် DKBA သည် ငင်း၏ ဘာသာရေးကြီးစိုးမှု ကင်းစေရန် ငင်း၏နာမည်ဖြစ်သော "ဗုဒ္ဓဘာသာ" အား "အကျိုးပြု" အဖြစ်ပြောင်းခဲ့သည်။

[296] ကရင့်အမျိုးသားကာကွယ်ရေးအဖွဲ့အစည်း (KNDO)ကို ကရင်အမျိုးသားအစည်းအရုံး (KNU)မှ ၁၉၄၇ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ငင်းသည် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA)၏ ရှေ့ပြေးအဖွဲ့ဖြစ်သည်။ ယနေ့အချိန်တွင် KNDO ၏ပြည်သူ့စစ်ဒေသခံစေတနာ့ဝန်ထမ်းများအား KNLA မှ သင်တန်းပေးခြင်းနှင့် လိုအပ်သောအထောက်အပံ့များကို ပံ့ပိုးပေးသည်။ ငင်း KNDO တို့သည် တပ်ရင်း၊ အာဏာဖွဲ့စည်းပုံများနှင့်ပေါင်းစပ်ထားပြီး ငင်းတို့၏အဖွဲ့ဝင်များသည် ယူနီဖောင်းများဝတ်ဆင်ပြီး ပုံမှန်အားဖြင့် ၂ နှစ် စစ်မှုထမ်းဆောင်ရမည်ဟု ကတိပြုရသည်။

[297] International Campaign to Ban Landmines (ICBL) မှ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် ထုတ်ဝေထားသော "Landmine Monitor 2019" ၏ စာမျက်နှာ ၁၁ တွင်ကြည့်ပါ။

မြေမြှုပ်မိုင်းရှင်းလင်းမှုများကို မလုပ်နိုင်သည့်အတွက် တိုက်ရိုက်အန္တရာယ်လျှော့ချရေးလုပ်ငန်းများဖြစ်သည့် မြေမြှုပ်မိုင်းနှင့်ပတ်သက်ပြီး အသိပညာပေးခြင်းများကိုသာ အလေးထားဆောင်ရွက်ကြသည်။[298]

KHRG မှ တွေ့ဆုံမေးမြန်းခဲ့သည့် UNHCR အကူအညီဖြင့် နေရပ်သို့ပြန်ခဲ့သောဒုက္ခသည်များက ၎င်းတို့နေရပ်သို့ ပြန်မလာမီ မြေမြှုပ်မိုင်းနှင့်ပတ်သက်ပြီး အသိပညာပေးသင်တန်း လက်ခံရရှိကြောင်း တင်ပြခဲ့ကြသည်။ မိမိ၏ အစီအစဉ်ဖြင့် နေရပ်သို့ပြန်ခဲ့သော ဒုက္ခသည်အများစုကလည်း ၎င်းတို့အနေဖြင့် အလားတူသင်တန်းများအား ၎င်းတို့၏ကျေးရွာအတွင်း သို့မဟုတ် ယခင်နေထိုင်ခဲ့သော ဒုက္ခသည်စခန်းများတွင် တက်ရောက်ခဲ့ရကြောင်း ဖော်ပြခဲ့ကြသည်။ KHRG မှ လက်ခံရရှိခဲ့သော သတင်းများအရ CIDKP သည် မြိတ်-ထားဝယ်ခရိုင်မှလွဲ၍ မြန်မာပြည်အရှေ့တောင်ပိုင်းတစ်လျှောက်ရှိ IDP စခန်းများနှင့် နေရပ်ပြန်သူများနေထိုင်သည့် ဒေသများတွင် နေထိုင်လျက်ရှိသော IDP များအား မြေမြှုပ်မိုင်းအန္တရာယ်ဆိုင်ရာ အသိပညာပေးသင်တန်းများ ပေးလျက်ရှိသည်။[299] နို့ရှဲရွာသို့ပြန်လည်နေထိုင်သော IDP တစ်ဦးက CIDKP ၏အသိပညာပေးသင်တန်းသို့ တက်ရောက်ဖူးကြောင်း အတည်ပြုခဲ့သည်။[300]

မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ဖြစ်ပွားလျက်ရှိသောအခြေအနေအရ မေးခွန်းဖြေကြားသူအများစုက ၎င်းတို့၏ဒေသတွင် မြေမြှုပ်မိုင်း သို့မဟုတ် မပေါက်ကွဲသေးသောလက်နက်ခဲယမ်းများ ရှိသည်ဟုဖြေဆိုခဲ့ကြသည်။ ဒူးသထူခရိုင်၊ ထီးဆီဘောခီးသို့ ပြောင်းရွှေ့နေထိုင်ခဲ့သော စောယ--- ၏ ပြောကြားချက်အရ "*ကျွန်တော်တို့အနေနဲ့ မမြင်နိုင်ပေမယ့် မပေါက်ကွဲသေးတဲ့လက်နက်ခဲယမ်းတွေ ရှိနေတာတော့သေချာတယ်။*"[301] ခလယ်လွီထူခရိုင်၊ လော်မူသော (ကဲဒိုလူရပ်ကွက်) သို့ ပြန်လည်နေထိုင်ခဲ့သော အခြား IDP တစ်ဦးဖြစ်သူ စောအဂ--- ကလည်း "*ဒီရွာနဲ့ အနီးအနားပတ်ဝန်းကျင်မှာ မပေါက်သေးတဲ့ မြေမြှုပ်မိုင်းတွေနဲ့ လက်နက်ခဲယမ်းတွေရှိမယ်ထင်တယ်။ ကျွန်တော်တို့ကတော့ ပေါက်ကွဲတာနဲ့ တခါမှမကြုံရသေးဘူး။*"[302] တောအူးခရိုင်၊ ကလေခီးသို့ ၂၀၁၆ ခုနှစ်တွင် ပြောင်းရွှေ့လာသော တတိယမြောက် နေရပ်ရွှေ့ပြောင်းနေထိုင်သူ နော်ဇ--- ကလည်း သူမ၏ရွာတွင် မိုင်းများမရှိသော်လည်း တခြားဒေသများတွင် ထိုအန္တရာယ်နှင့် ကြုံတွေ့နေရသည်ကိုသိကြောင်း ပြောခဲ့သည်။ "*ကျွန်မတို့ဒေသမှာတော့ မပေါက်ကွဲသေးတဲ့ လက်နက်ခဲယမ်းတွေမရှိဘူး။ ဒါပေမယ့် ဖိုးခီးဒေသမှာရှိတဲ့ တချို့ရွာတွေမှာတော့ရှိတယ်။ တပ်မတော်က စစ်တိုက်တုန်းကထောင်ထားတဲ့ မြေမြှုပ်မိုင်းတွေရယ်၊ KNLA က တပ်မတော်ရန်ကနေ သူတို့ကိုယ်သူတို့ကာကွယ်ဖို့ ထောင်ထားတဲ့မိုင်းတွေ ကျန်ခဲ့မယ်ထင်တယ်။*"[303] ဤပြဿနာအားဖြေရှင်းရန်အတွက် အင်မတန်ခက်ခဲမည်ဖြစ်ကြောင်းကိုလည်း သူမ က ဤသို့ထောက်ပြခဲ့သည်။ "*တချို့မြေမြှုပ်မိုင်းတွေဟာ စစ်သားတွေကထောင်ခဲ့တာ။ ဒါပေမယ့် သူတို့ထောင် ခဲ့တဲ့နေရာကို သူတို့မမှတ်မိတဲ့အတွက် အဲ့ဒါတွေကိုဖယ်ရှားဖို့ လွယ်မှာမဟုတ်ဘူး။*"[304]

မြေမြှုပ်မိုင်းများရှိနေခြင်းသည် အချို့သောနေရပ်ပြန်သူများအား ၎င်းတို့၏ကျေးရွာအနီးတစ်ဝိုက်ရှိ သတ်မှတ်ထားသည့်နေရာများသို့ သွားလာခြင်းမပြုလုပ်ရန် တားမြစ်ထားလျက်ရှိသည်။ တွေ့ဆုံမေးမြန်းခြင်းမပြုလုပ်မီ လွန်ခဲ့သောသုံးနှစ်ခန့်က တောအူးခရိုင်၊ ခလယ်မူဂါးကျေးရွာသို့ မိမိအစီအစဉ်ဖြင့် ပြောင်းရွှေ့ခဲ့သော နော်ဇ---က ဤသို့ရှင်းပြခဲ့သည်။ "*တပ်မတော်က ကျွန်မတို့ရွာထဲကိုဝင်ပြီး မြေမြှုပ်မိုင်းတွေထောင်တယ်။ ပြီးတော့ အိမ်တွေကိုဖျက်ဆီးတယ်။ ကျွန်မတို့အနေနဲ့ ဒီကိုပြန်လာပြီးတဲ့နောက်ပိုင်းတောင်မှ ကိုယ့်လုံခြုံရေးအတွက် ကိုယ်စိတ်ပူရသေးတယ်။ မိုင်းနင်းမိမှာစိုးလို့ ကျွန်မတို့ တချို့နေရာတွေကိုမသွားရဲဘူး။*"[305] အချို့သော

[298] UNHCR မှ ၁၉၉၆ ခုနှစ်တွင်ထုတ်ဝေထားသော "Handbook - Voluntary Repatriation: International Protection" တွင် ကြည့်ပါ။
[299] ဤအကြောင်းအရာကို KHRG ဝန်ထမ်းတစ်ဦးမှ မျှဝေပေးပို့ထားခြင်းဖြစ်သည်။
[300] Source #8 တွင်ကြည့်ပါ။
[301] Source #21 တွင်ကြည့်ပါ။
[302] Source #33 တွင်ကြည့်ပါ။
[303] Source #23 တွင်ကြည့်ပါ။
[304] Source #23 တွင်ကြည့်ပါ။
[305] Source #20 တွင်ကြည့်ပါ။

ကိစ္စရပ်များတွင် မြေမြှုပ်မိုင်းများရှိနေသည့် အထောက်အထားမရှိသော်လည်း ကြောက်ရွံ့သည့်စိတ်ကြောင့် သွားလာလှုပ်ရှားမှုများအား ၎င်းတို့ကိုယ်တိုင် ကန့်သတ်ခြင်းများလည်းရှိသည်။ ဒူးပလာယာခရိုင်၊ ထီးသဘလုခီး သို့ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် UNHCR ၏ အကူအညီဖြင့် ပြန်လည်အခြေချနေထိုင်ခဲ့သော ဒေါ်စ--- တင်ပြခဲ့သည်မှာ *"ကျွန်မတို့ပြန်လာကတည်းက မြို့ထူတဲ့နေရာတွေကိုမသွားဘူး။ ဒါကြောင့် ကျွန်မတို့လည်းမသိဘူး [မိုင်းရှိမရှိ] သူတို့ဘယ်အချိန် ထပေါက်မလဲဆိုတာကိုလည်း ကျွန်မတို့မသိဘူး။ ကျွန်မတို့တွေ ရွာထဲမှာပဲနေပြီး တောထဲသွားတာကို ရှောင်တယ်။"* [306]

UNHCR ၏ အစီအစဉ်နှင့် ပြန်လာကြသောဒုက္ခသည်အများစုက ၎င်းတို့အနေဖြင့် မြေမြှုပ်မိုင်းနှင့် မပေါက်ကွဲသေးသောလက်နက်ခဲယမ်းများကို ကိုယ်တိုင်တွေ့ရှိကြောင်း တင်ပြခဲ့ကြသည်။ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် မယ်လဝေလယ်မူးသို့ ပြန်လည်နေထိုင်ခဲ့သော နော်အန--- က သူမ၏ ကျေးရွာအနီးတစ်ဝိုက်တွင် မပေါက်ကွဲသေးသည့် လက်နက်ခဲယမ်းများရှိကြောင်း ရှင်းပြခဲ့သည်။ သူမအနေဖြင့် လယ်ကွင်းတွင်အလုပ်လုပ်စဉ် ပေါက်ကွဲမှုအား ကိုယ်တိုင်မြင်တွေ့ခဲ့ရသည်။ *"ကျွန်မတို့တွေ တောင်ယာကိုရှင်းတော့ တွေ့ခဲ့တာ။ ကျွန်မတို့ တောင်ယာကိုမီးရှို့နေတုန်းတောင် ပေါက်ကွဲသေးတယ်။ [...] လူတွေလာထောင်ထားတာတော့ မဟုတ်ဘူး။ ဒါပေမယ့် အရင်တိုက်ပွဲဖြစ်တုန်းကကျန်ခဲ့တာ။ ကျွန်မတို့ယာကို မီးရှို့တဲ့အခါ အဲ့ဒါကမီးလောင်ပြီးထပေါက်တာပေါ့။"* [307] သူမအနေဖြင့် ထိုမပေါက်ကွဲသေးသည့် လက်နက်ခဲယမ်းများအား ကြောက်သော်လည်း သူမတို့အား ဤပြဿနာများနှင့်ပတ်သက်ပြီး ကြိုတင်သတိပေးထားသည့်အတွက် ဖြစ်ပေါ်လာသည့် အန္တရာယ်များအား ကြိုတင်ကာကွယ်နိုင်ရန်အတွက် လိုအပ်မှုများကိုပြင်ဆင်ထားကြောင်းပြောခဲ့သည်။ *"ကျွန်မတို့တွေဒါကိုအရမ်းကြောက်တယ်။ အဲ့ဒီအနီးအနားကိုတောင် မသွားဘူး။ လူတွေက ကျွန်မတို့ယာကိုမီးရှို့တဲ့အခါ ဟိုးအဝေးမှာနေဖို့ပြောတယ်။ [...] အဲ့ဒါက တောထဲမှာဆိုတော့ ဘယ်သူမှသွားပြီး မရှင်းကြဘူး။ ဒါပေမယ့် သူတို့ကကျွန်မတို့ကို သတိထားဖို့ ကြိုပြီးပြောထားတယ်။"* [308]

၂၀၁၉ခု နှစ်၊ ဖေဖော်ဝါရီလတွင် မယ်လလောလီသို့ပြန်လည်နေထိုင်ခဲ့သော နော်အဝ--- ကလည်း အနီးတဝိုက်ရှိ တောထဲတွင် မပေါက်ကွဲသေးသည့် လက်နက်ခဲယမ်းများရှိသည်ဟုထင်ကြောင်း တင်ပြခဲ့သည်။ *"ဒီမှာတော့ [မိုင်းနဲ့ မပေါက်ကွဲသေးတဲ့လက်နက်ခဲယမ်းတွေ] မရှိဘူး။ ဒါပေမယ့် တောထဲမှာတော့ တချို့ရှိမယ်။"* [309] ဒေသခံတစ်ဦးမှ တောင်ယာမီးရှို့နေစဉ် လက်နက်ပေါက်ကွဲမှုကြောင့် ဒဏ်ရာရခဲ့သည့်အကြောင်းကိုလည်း ရှင်းပြခဲ့သည်။ *"[၂၀၁၉ ခုနှစ်] ဧပြီလတုန်းက သူတောင်ယာမီးရှို့နေတုန်းဖြစ်သွားတာ။ သူက အဲ့ဒီလက်နက်ပေါက်ကွဲတဲ့အချိန် မီးရှို့တဲ့နေရာနဲ့အနီးအနားမှာနေခဲ့တော့ သူ့ရဲ့ခြေသလုံးကို ထိမှန်သွားတယ်။ အဲ့ဒါနဲ့ မဲဆောက်မှာ သူဆေးရုံတက်ရတယ်။"* [310] သူမ၏တင်ပြချက်အရ ဒေသခံရွာသားများသည် ယခုအခါတွင် တောင်ယာမီးရှို့ခြင်းဖြင့် ထိုလက်နက်များအား ဖယ်ရှားသည့်နည်းလမ်းကို သုံးကြကြောင်း ဖော်ပြခဲ့သည်။ *"အဲ့ဒါကို တွေ့တဲ့လူက နေရာကိုမှတ်ထားပြီးတော့ တစ်နေရာရာမှာထားမယ်။ ဥပမာ သစ်တုံးပေါ်မှာ အမှတ်အသားလုပ်ပြီး တခြားလူတွေအဲ့ဒီကိုမသွားဖို့မထိဖို့ပြောမယ်။ ကျွန်မတို့တွေတောင်ယာမီးရှို့တဲ့အခါအဲ့ဒါကသူ့ဟာသူပေါက်သွားလိမ့်မယ်။ [...] ကျွန်မတို့က မီးရှို့တဲ့အချိန်မှာ ကိုယ့်ကိုယ်ကိုကာကွယ်ဖို့ အဲ့ဒါမထိအောင် အဝေးမှာနေရတယ်။"* [311] ထိုသို့လုပ်ဆောင်ခြင်းမှာ အန္တရာယ်များပါသည်။ အကြောင်းမှာ မပေါက်ကွဲသေးသည့် လက်နက်ခဲယမ်းများအားဖျက်ဆီးရန်ကြိုးစားရာတွင် သင့်လျော်သည့် သင်တန်းများတက်ရောက်ထားခြင်း၊ ပစ္စည်းကိရိယာများ အသုံးပြုခြင်းမရှိပါက လုပ်ဆောင်နေစဉ်အတွင်း ပေါက်ကွဲနိုင်ပါသည်။

[306] Source #15 တွင်ကြည့်ပါ။
[307] Source #6 တွင်ကြည့်ပါ။
[308] Source #6 တွင်ကြည့်ပါ။
[309] Source #40 တွင်ကြည့်ပါ။
[310] Source #40 တွင်ကြည့်ပါ။
[311] Source #40 တွင်ကြည့်ပါ။

မယ်လတာလော်သောသို့ UNHCR ၏ အကူအညီဖြင့် ပြန်လည်နေထိုင်ခဲ့သော နော်ဒ--- က သူမအနေဖြင့် လက်နက်ခဲယမ်းအစိတ်အပိုင်းများနှင့် စစ်ဘက်ဆိုင်ရာအသုံးအဆောင်များကို ကျေးရွာလယ်ကွက်များတွင် တွေ့ရှိခဲ့ကြောင်း KHRG အား ပြောခဲ့သည်။ *"ကျွန်မတို့ တောင်ယာလုပ်တုန်းက ကျည်ဆံခွံတွေနဲ့ တပ်မတော်စစ်သားတွေရဲ့ ရေဗူးအပိုင်းအစတွေ အများကြီးတွေ့ခဲ့တယ်။"*[312] အချို့သောကလေးငယ်များမှာ ကျည်ဆံများအား ကောက်ရကြောင်းသိရှိရသည့်အပေါ် ရွာသူရွာသားများအတွက် စိုးရိမ်မှုဖြစ်စေကြောင်း သူမကထောက်ပြခဲ့သည်။ *"ကျွန်မတို့က အဲ့ဒါကို အဝေးမှာပစ်လိုက်တယ်။ ဘာလို့လဲဆိုတော့ အဲ့ဒါပေါက်ကွဲမှာကို ကျွန်မကြောက်လို့။ ကလေးတွေက အဲ့ဒီအကြောင်းတွေမသိဘူး။ သူတို့ကတော့ ဒီတိုင်းတွေ့ပြီး ယူလာကြတာပဲ။"* [313] UNICEF ၏ဖော်ပြချက်အရ နေရပ်ရွှေ့ပြောင်းနေထိုင်ပြီး မိမိမူရင်းဌာနေသို့ ပြန်လာသည့်ကလေးများသည် မြေမြှုပ်မိုင်းနှင့် မပေါက်ကွဲသေးသည့် လက်နက်ခဲယမ်းများ၏အန္တရာယ်ကို ရင်ဆိုင်ရနိုင်ခြေများသည်။ *"ထိုကလေးများအနေနှင့် မြေမြှုပ်မိုင်းများရှိသည့်အရပ်ဒေသတွင် သွားလာဆော့ကစားခြင်း၏ အန္တရာယ်ရှိကြောင်းကို မသိရှိကြပေ။"* [314] ထို့အတွက်ကြောင့် မြေမြှုပ်မိုင်းအန္တရာယ်များအား လျှော့ချရန်အတွက် အနာဂတ်တွင်လုပ်ဆောင်မည့် ပြန်လည်နေရာချထားရေးအစီအစဉ်များတွင် ကလေးငယ်များအတွက်ရည်ရွယ်သည့် မြေမြှုပ်မိုင်းအန္တရာယ်ဆိုင်ရာ အမြင်ဖွင့်သင်တန်းများကို စီစဉ်ပေးရန်လိုအပ်ပါသည်။

ဒူးပလာယာခရိုင်၊ ခ--- ကျေးရွာသို့ UNHCR ၏ အကူအညီဖြင့် ပြန်လည်နေထိုင်ခဲ့သော နော်ဘ--- က သူမ၏ ကျေးရွာရှိရေတွင်းတွင် မပေါက်ကွဲသေးသည့်လက်နက်ခဲယမ်းတစ်ခုရှိကြောင်း ရှင်းပြခဲ့သည်။ *"လူတွေပြောတာကတော့ ကျွန်မတို့ဒီကိုပြန်မလာခင် လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက တပ်မတော်ကရွာကို လက်နက်ကြီးနဲ့ပစ်တယ်။ အဲ့ဒါက ရေတွင်းထဲကိုကျပြီးတော့ ခုထိမပေါက်ကွဲသေးဘူး။"*[315] သူမနှင့် သူမကလေးများ၏ လုံခြုံရေးနှင့်ပတ်သက်၍ သူမအနေဖြင့်စိုးရိမ်ကြောင်းနှင့် ထိုကိစ္စနှင့်ပတ်သက်ပြီး မည်သည့်အရာမျှ လုပ်ဆောင်ခြင်းမရှိကြောင်း တင်ပြခဲ့သည်။ *"ကျွန်မလည်း စိုးရိမ်မှုတွေရှိတယ်။ ဘာလို့လဲဆိုတော့ အဲ့ဒါက ဘယ်အချိန်ထပေါက်မလဲ ကျွန်မတို့လည်းမသိဘူး။ ဒါကြောင့် ကျွန်မကလေးတွေကို အဲ့ဒီနားမသွားဖို့ပြောထားတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီးရွာထဲက လူတွေ တော်တော်များများကသိကြပေမယ့် ဘယ်သူတစ်ဦးတစ်ယောက်ကမှ အဲ့ဒါကိုတာဝန်ယူပြီး မဖယ်ရှားပေးဘူး။"* [316]

312 Source #3 တွင်ကြည့်ပါ။

313 Source #3 တွင်ကြည့်ပါ။

314 UNICEF မှ ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ဝေထားသော "Landmines pose gravest risk for children" တွင်ကြည့်ပါ။

315 Source #2 တွင်ကြည့်ပါ။

316 Source #2 တွင်ကြည့်ပါ။

# ဓာတ်ပုံ - လုံခြုံမှု




ဤပုံကို ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့တွင် ဘားအံခရိုင်၊ တာကရယ် (ပိုင်ကျုံ) မြို့နယ်၊ မယ်လဝေလယ်မူးတွင် ရိုက်ယူခဲ့ပါသည်။ ဒေသခံရွာသားတစ်ဦးမှ မပေါက်ကွဲသေးသော လက်နက်ကြီးကျည်ဆံတစ်လုံးအား သစ်ငုတ်တိုပေါ်သို့ချထားသောပုံဖြစ်ပါသည်။ ၎င်းတို့သည် အသက်မွေးဝမ်းကျောင်းအတွက် စိုက်ပျိုးရေး မြေယာများကို မှီခိုနေကြရသောကြောင့် အချို့သော နေရပ်ပြန်သူများအတွက် မည်သည့်အခြား ရွေးချယ်စရာမျှမရှိပဲ ၎င်းတို့၏အသက်ကိုစွန့်၍ UXO ကိုဖယ်ရှားကြပါသည်။ *[ဓာတ်ပုံ - KHRG]*







အထက်ပါပုံများအား ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ဘိတ်-ထားဝယ် (မြိတ်-ထားဝယ်)ခရိုင်၊ ထားဝယ်မြို့နယ်၊ ထီးထကျေးရွာတွင် ရိုက်ယူခဲ့ပါသည်။ ဒေသအနီး တပ်မတော်အခြေချမှုရှိနေခြင်းသည် ထိုနေရာတွင် အခြေချနေထိုင်သည့်နေရပ်ပြန်သူများ လုံခြုံရေးအတွက် အဓိကစိုးရိမ်မှုကိုဖြစ်စေပြီး ၎င်းသည် အခြားသောပြန်လည်အခြေချနေထိုင်မည့် ဒုက္ခသည်များအတွက် အဓိကအခက်အခဲတစ်ခုဖြစ်ပါသည်။ KHRG မှ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလတွင် ပြုလုပ်သည့်လူတွေ့မေးမြန်းမှုတွင် မေးခွန်းဖြေကြားသူတစ်ဦးမှ "*ကျွန်တော်တို့က အထူးသဖြင့် ဘ---ကျေးရွာမှာရှိနေတဲ့ တပ်မတော်စခန်းကို ဖယ်ပေးစေချင်တယ်။ ဘာကြောင့်လဲဆိုတော့ ကျေးရွာရဲ့အနီးမှာ တပ်မတော်စခန်းရှိနေသ၍တော့ ကျွန်တော်တို့ကလုံခြုံတယ်လို့ ခံစားရမှာမဟုတ်ဘူး။ ကျွန်တော်တို့က လွတ်လွတ်လပ်လပ်နဲ့ ငြိမ်းငြိမ်းချမ်းချမ်းပဲနေချင်ကြတာ။*"ဟုပြောခဲ့ပါသည်။ ထိုနည်းတူသော စိုးရိမ်ပူပန်မှုများကိုလည်း KHRG မှ တွေ့ဆုံမေးမြန်းမှုတွင် မေးခွန်းဖြေကြားသူများသည် ဤအစီရင် ခံစာတွင် တင်ပြခဲ့ကြပါသည်။ *[ဓာတ်ပုံ - KHRG]*

# အခန်း (၅) နေရပ်ပြန်သူများ၏ အမြင်သဘောထားများနှင့် အကြံပြုချက်များ

မေးခွန်းဖြေကြားသူအများစုမှာ ၎င်းတို့ကြုံတွေ့ရသောအခက်အခဲများရှိသော်လည်း ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံသို့ ပြန်လာနေထိုင်ခြင်းနှင့်ပတ်သက်၍ နောင်တရမှုရှိသလားဟု မေးမြန်းခဲ့သည့်အခါတွင်မူ နောင်တရခြင်းမရှိကြောင်း ဖြေကြားခဲ့ကြသည်။ ဥပမာအားဖြင့် ခလယ်လွှိထူခရိုင်၊ ဟော်မူသော (ထူတော်လူရပ်ကွက်)သို့ ပြန်လာသည့် စောအအိ--- က *"အရင်က တိုက်ပွဲဖြစ်ပွားခဲ့ဖူးတဲ့နေရာက အခုဆိုရင် ရွာပြန်ဖြစ် နေပြီဆိုတဲ့အကြောင်း လူတွေကို ဝမ်းပမ်းတသာပြောပြချင်တယ်။ [...] ကျွန်တော်တို့တွေ ကျွန်တော်တို့ရဲ့ ဆွေမျိုးတွေနဲ့ အပေါင်းအဖော်တွေကို ရွာမှာလာနေဖို့ ခေါ်လိုက်တယ်။ တချို့လူတွေကတော့ တိုက်ပွဲပြန်ဖြစ်မှာ စိုးလို့ ရွာမှာလာနေရမှာကြောက်ကြတယ်။ ဒီတစ်ခါတော့ တစ်ခုခုဖြစ်ခဲ့ရင် လူ့အခွင့်အရေးအဖွဲ့တွေနဲ့အတူတူ လက်တွဲလုပ်လို့ရပြီ။"* [317]

မူတြော်ခရိုင်၊ အအ--- ကျေးရွာသို့ မိမိ၏ အစီအစဉ်ဖြင့် ပြန်လာခဲ့သော ဒုက္ခသည်တစ်ဦးဖြစ်သူ ဦးအ--- သည် နောင်တရသည့်ပုံမပေါ်သော်လည်း ၎င်းအနေဖြင့် UNHCR ၏ ပြန်လည်နေရာချထားရေးအစီအစဉ်နှင့် ပြန်မလာခြင်းမှာ သူ၏အမှားတစ်ခုဖြစ်ကြောင်း ဝန်ခံခဲ့သည်။ *"ကျွန်တော် (ပြန်လာတာကို) နောင်တမရပါဘူး။ ဘာကြောင့်လဲဆိုတော့ ဒုက္ခသည်စခန်းမှာနေလည်း ဒီမှာလိုပဲအလုပ်လုပ်ရမှာပဲ။ ဒါပေမယ့် ကျွန်တော်ခင်ဗျားကို ပြောခဲ့တဲ့အတိုင်းပဲ ဒီကိုအာဏာပိုင်တွေကိုအသိမပေးပဲ ပြန်လာခဲ့တော့ ကျွန်တော်တစ်ခုခု ဆုံးရှုံးသွားသလိုပဲ။ တကယ်လို့ ကျွန်တော်သာ သူတို့ကိုအသိပေးခဲ့မယ်ဆိုရင် သူတို့တွေပြင်ဆင်ထားပေးတဲ့ မြေယာနဲ့ မိသားစုဝင် တစ်ယောက်ချင်းစီကိုပေးတဲ့ ပိုက်ဆံတွေ ကျွန်တော်ရအုံးမယ်။ ကျွန်တော် နောင်တနည်းနည်းပဲရတယ်။ လူတိုင်းကတော့ ရမယ်ဆိုရင်ယူမှာပဲလေ။"* [318] သို့သော်လည်း သူ့အနေနှင့် မိမိအစီအစဉ်နှင့်ပြန်ရန် ရွေးချယ်ရခြင်းမှာ အချို့သောနေရပ်ပြန်ကြသည့် ဒုက္ခသည်များအနေဖြင့် အခက်အခဲများရင်ဆိုင်ရသည်ဟု ကြားသိရသည့်အတွက် ဖြစ်သည်။ *"တချို့လူတွေက သူများစီစဉ်ပေးထားတဲ့အတိုင်းပြန်တဲ့အခါ အခက်အခဲတွေကြုံရတယ်လို့ ကြားတော့ ကျွန်တော်လည်းကြောက်တယ်။ အဲ့ဒီလူတွေမှာ နေဖို့အတွက်နေရာမရှိသလို ဒုက္ခသည်စခန်းကိုလည်း ပြန်လာလို့ မရတော့ဘူး။"* [319]

ဒူးပလာယာခရိုင် ခ--- ကျေးရွာသို့ UNHCR ၏အစီအစဉ်ဖြင့် ပြန်လည်ရောက်ရှိလာသည့် ယခင်ကဒုက္ခသည်တစ်ဦးဖြစ်သော နော်ဘ--- သည်လည်း သူမ၏ရွေးချယ်မှုနှင့်ပတ်သက်ပြီး နောင်တရလျက်ရှိကြောင်း ပြောပြခဲ့သည်။ သူမအနေဖြင့် နေရပ်သို့မပြန်မီ သတင်းအချက်အလက်အမှားများ လက်ခံရရှိကြောင်းကို ဤသို့ရှင်းပြထားသည်။ *"ကျွန်မ ပြန်မလာခင်တုန်းက မြန်မာပြည်ကိုအရင်ပြန်လာနှင့်တဲ့သူတွေကို ပြန်လည်နေထိုင်တဲ့အခြေအနေအကြောင်း မေးခဲ့တယ်။ သူတို့ကကျွန်မကို အခြေအနေကောင်းတယ်လို့ပြောတယ်။ ဒါကြောင့် ကျွန်မ ပြန်လာဖို့ ဆုံးဖြတ်ခဲ့တယ်။ အရင်ပြန်လာတဲ့သူတွေကို သူတို့ရဲ့အတွေ့အကြုံနဲ့ပတ်သက်ပြီး မေးတဲ့အခါ သူတို့ပြောတာက သူတို့ကိုနွေးနွေးထွေးထွေးကြိုဆိုတယ်။ ပြီးတော့ ပြန်လာဖို့ခရီးစဉ်ကိုလည်း စီစဉ်ပေးတယ်။ ကျွန်မတို့ပြန်လာတော့ ဘယ်သူမှလာမကြိုဘူး။ အဲ့ဒီမှာကျွန်မသိလိုက်တာက မြန်မာနိုင်ငံမှာ ကျွန်မတို့အတွက် ဘာအာမခံချက်မှမရှိဘူး။"* [320] ယခုအချိန်တွင် ထိုင်းနိုင်ငံဒုက္ခသည်စခန်းတွင် ကျန်ရစ်ခဲ့သောသူမ၏သူငယ်ချင်းများအား လက်ရှိအခြေအနေကိုသုံးသပ်ရန် သူမကသတိပေးခဲ့သည်။ *"ကျွန်မပြန်လာဖို့ ဆုံးဖြတ်ခဲ့တာဟာ ကျွန်မလုပ်မိတဲ့ အမှားကြီးတစ်ခုပဲလို့ထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ အခုကျွန်မ တကယ့်လက်တွေ့အခြေအနေကို သိလိုက်ရပြီးဖြစ်တယ်။ အခက်အခဲတွေကို ကျွန်မကိုယ်တိုင်ပဲ ရင်ဆိုင်ရတယ်။ စခန်းထဲမှာနေကြတဲ့ သူငယ်ချင်းတွေကိုလည်း သတိပေးတယ်။ ကျွန်မပြန်လာတုန်းက ကျွန်မကြုံတွေ့ခဲ့ ရတဲ့အဖြစ်တွေကို သူတို့ကို အားလုံးပြောပြပြီးတော့ သူတို့တွေအနေနဲ့ ပြန်မလာခင် မှန်ကန်တဲ့ဆုံးဖြတ်ချက်ကိုချဖို့အတွက် ပြောခဲ့တယ်။"* [321]

[317] Source #34 တွင်ကြည့်ပါ။

[318] Source #4 တွင်ကြည့်ပါ။

[319] Source #4 တွင်ကြည့်ပါ။

[320] Source #2 တွင်ကြည့်ပါ။

[321] Source #2 တွင်ကြည့်ပါ။

တောအူးခရိုင်၊ ခလယ်မူဂါးကျေးရွာသို့ မိမိ၏အစီအစဉ်ဖြင့် ပြန်လည်နေထိုင်ခဲ့သော ဒုက္ခသည်တစ်ဦး ဖြစ်သည့် နော်ရျ--- မှလည်း ပြန်လာပြီးနောက်ပိုင်းတွင် သူမမိသားစုကြုံတွေ့ရသည့် အခက်အခဲများကြောင့် အလားတူပင် နောင်တရကြောင်း ဖော်ပြခဲ့သည်။ *"ဟုတ်တယ်။ ဘာလို့လဲဆိုတော့ ကျွန်မတို့ စစချင်းပြန်လာတုန်းက နေစရာ နေရာမရှိဘူး။ ပြီးတော့ ကျွန်မကလေးတွေကလည်း မြန်မာအစိုးရကျောင်းမတက်ဖူးတော့ ကျောင်းမှာ အခက်အခဲတွေကြုံရတယ်။"*[322] ဒုက္ခသည်စခန်းအတွင်းတွင် အခြေခံဝန်ဆောင်မှုများအားရရှိရန် ပိုမိုလွယ်ကူကြောင်းကိုလည်း သူမကဤသို့ရှင်းပြခဲ့သည်။ *"တစ်ခါတစ်လေ ကျွန်မတို့ ကျန်းမာရေးဝန်ဆောင်မှုတွေကို လက်လှမ်းမီဖို့ မတတ်နိုင်ဘူး။ စခန်းထဲမှာဆိုရင် ဆေးခန်းတို့ဆေးရုံတို့သွားရင် ဘာမှမကုန်ဘူး။ ဒါပေမယ့် ဒီမှာကျတော့ ကျွန်မတို့ဖျားနာလို့ပဲဖြစ်ဖြစ် ဆေးခန်းသွားရတော့မယ်ဆိုရင် ငွေကုန်ကြေးကျများတယ်။ ပညာရေး၊ ကျန်းမာရေးနဲ့ တရားမျှတမှုရရှိရေးတွေနဲ့ပတ်သက်ပြီးတော့ ဒီမှာနဲ့စခန်းထဲမှာ ကွာခြားမှုတွေရှိတယ်။"*[323]

နေရပ်ပြန်သူများအနေဖြင့် ပြဿနာပေါင်းများစွာကို ရင်ဆိုင်ရလျက်ရှိနေသေးသည့်အတွက် အာဏာပိုင်များနှင့် အခြားသောတာဝန်ရှိသူများအား ၎င်းတို့၏အခြေအနေများ ပိုမိုတိုးတက်ကောင်းမွန်လာစေရန် အကြံဉာဏ်များ ပေးခဲ့သည်။ များသောအားဖြင့် အခြေခံလိုအပ်ချက်များဖြစ်သည့် အစားအသောက်၊ နေရာထိုင်ခင်း၊ အလုပ်အကိုင်အခွင့်အလမ်း၊ မြေယာနှင့်လုံခြုံရေး စသည်နှင့်ပတ်သက်သော လိုအပ်ချက်များကို တင်ပြခဲ့သည်။ ဒူးသထူခရိုင်၊ ထီးဆီဘောခီးသို့ ပြန်လည်နေထိုင်ကြသည့် IDP နှစ်ဦးက KHRG အား ၎င်းတို့အတွက် အလိုအပ်ဆုံးသောအရာမှာ စားနပ်ရိက္ခာဖြစ်ကြောင်းကို စောယ--- က ဤသို့အလေးထား ပြောပြခဲ့သည်။ *"ကျွန်တော်ထင်တာကတော့ တကယ်လို့သူတို့သာ ကျွန်တော်တို့ကို စားစရာအလုံအလောက် ထောက်ပံ့ပေးနိုင်မယ်ဆိုရင် အရမ်းကောင်းသွားမယ်။ ဘာကြောင့်လဲဆိုတော့ ဒါကကျွန်တော်တို့အတွက် အရမ်းအရေးကြီးပြီး ကျွန်တော်တို့တွေမှာ အစားအသောက် လုံလုံလောက်လောက်မရှိဘူး။"*[324] UNHCR အစီအစဉ်ဖြင့် ဘားအံခရိုင်၊ မယ်လတာလော်သောသို့ ပြန်လည်နေထိုင်ခဲ့သော နော်ဒ--- ကလည်း အလားတူအကြံပြုချက်များပြုလုပ်ခဲ့သည်။ *"ကျွန်မတို့တွေ အလုပ်ကောင်းကောင်းမလုပ်နိုင်သေးတဲ့အတွက် သူတို့အနေနဲ့ကျွန်မတို့ကို အစားအသောက်နဲ့ ငွေကြေးအချို့ ထောက်ပံ့ပေးသင့်တယ်။"*[325] UNHCR အစီအစဉ်ဖြင့် နေရပ်သို့ပြန်လာကာ ထိုဒေသတွင်နေထိုင်သော နော်ဥ---ကလည်း အလားတူပင်တင်ပြခဲ့သည်။ *"သူတို့တွေအနေနဲ့ ကျွန်မတို့ကို ဆန်ထောက်ပံ့ပေးသင့်တယ်။ တကယ်လို့သူတို့သာ ကျွန်မတို့ကို နှစ်ဝက်စာအတွက် ဆန်ကိုလုံလုံလောက်လောက် ထောက်ပံ့ပေးမယ်ဆိုရင် ကျွန်မတို့အတွက် အထောက်အကူအများကြီး ဖြစ်နိုင်မယ်။"*[326]

အချို့သောနေရပ်ပြန်သူများက ၎င်းတို့အနေဖြင့် လုပ်ကိုင်စားသောက်နိုင်ရန်အတွက် မြေယာများကိုလိုအပ်ကြောင်း တင်ပြခဲ့သည်။ သို့မဟုတ်ပါက ၎င်းတို့အနေဖြင့် ပြင်ပအကူအညီကိုသာ အားကိုးနေရသော အခြေအနေတွင် ပိတ်မိနေမည်ဖြစ်သည်။ မယ်လတာလော်သောသို့ UNHCR ၏အစီအစဉ်ဖြင့် ပြန်ရောက်လာသော နော်အ--- က *"တကယ်တော့ ကျွန်မတို့တွေအနေနဲ့ အိမ်ဆောက်ဖို့အတွက်ကို မြေယာဝယ်စရာမလိုဘူး။ သူတို့က ကျွန်မတို့နေဖို့နဲ့ လယ်လုပ်စားဖို့အတွက် မြေယာပေးသင့်တယ်။ [...] တကယ်လို့ ကျွန်မတို့တွေအနေနဲ့ ဆိတ်နှစ်ကောင်၊ သုံးကောင်လောက်ဝယ်နိုင်ရင် တော်တော်အကူအညီဖြစ်မယ်။"* [327] ခလယ်လွိုထူခရိုင်၊ လော်မူသော (ထူတော်လူရပ်ကွက်)သို့ ပြန်ရောက်နေထိုင်သည့် IDP တစ်ဦးဖြစ်သူ စောအအိ--- ကလည်း မြန်မာအစိုးရနှင့် KNU အား နေရပ်ပြန်သူများအတွက် လုံလောက်သည့်ဝင်ငွေရရှိစေနိုင်ရန် စီးပွားရေးအခွင့်အလမ်းများဖန်တီးပေးရန် တောင်းဆိုခဲ့သည်။ *"ကျွန်တော့်အနေနဲ့တော့ သူတို့ကို ပြည်သူတွေအတွက် အလုပ်*

322 Source #20 တွင်ကြည့်ပါ။
323 Source #20 တွင်ကြည့်ပါ။
324 Source #21 တွင်ကြည့်ပါ။
325 Source #3 တွင်ကြည့်ပါ။
326 Source #16 တွင်ကြည့်ပါ။
327 Source #1 တွင်ကြည့်ပါ။

*အကိုင်တွေဖန်တီးပေးဖို့ စဉ်းစားစေချင်တယ်။ အဲ့ဒါမှ ပြည်သူတွေအနေနဲ့ ဝင်ငွေရှိပြီး သက်တောင့်သက်သာ နေနိုင်မှာဖြစ်တယ်။ [...] ဒီဒေသမှာက နေ့စားအလုပ်တွေ အမြဲတမ်းမရှိဘူး။"* [328]

အထက်တွင်ဖော်ပြထားသည့်အတိုင်း နေရပ်ပြန်သူများသည် အဖွဲ့အစည်းများနှင့် အာဏာပိုင်များထံမှ ၎င်းတို့အတွက် ပြန်လည်နေရာချထားရေးဆိုင်ရာ အထောက်အပံ့များနှင့် နောက်ဆက်တွဲအခြေအနေ စုံစမ်းမေးမြန်းမှုများ မရှိခြင်းနှင့်ပတ်သက်ပြီး မီးမောင်းထိုးပြခဲ့သည်။ ဒူးပလာယာခရိုင်၊ ခ--- ကျေးရွာမှ နော်ဘ---က KNU၊ KRC နှင့် ဒုက္ခသည်များအား ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်တွင် ပါဝင်သည့် အခြားအဖွဲ့အစည်းအချို့မှ ၎င်းတို့ကတိကဝတ်ပြုထားသည့်အတိုင်း သင့်လျော်သည့်အထောက်အပံ့များ ချမှတ်ပေးရန်နှင့် နေရပ်ပြန်သူများ၏အခြေအနေကို ပုံမှန်စောင့်ကြည့်စစ်ဆေးပေးရန်အတွက် ပျက်ကွက်ခဲ့ကြောင်း ထောက်ပြခဲ့သည်။ *"ကျွန်မအနေနဲ့ ထောက်ပြချင်တာကတော့ သူတို့တွေက အပြောနဲ့အလုပ်မညီဘူး။"* [329] ဒူးပလာယာခရိုင်၊ ထီးသဘာလုခီး ကျေးရွာသို့ UNHCR ၏အစီအစဉ်ဖြင့် ပြန်လာခဲ့သော ဒေါ်စ--- ကလည်း အလားတူအခြေအနေကို တင်ပြခဲ့သည်။ *"ကျွန်မတို့ကို အထောက်အပံ့ပေးမယ့်သူတစ်ယောက်မှမရှိဘူး။ ကျွန်မတို့ဒီကိုပြန်လာတာ တစ်နှစ်လောက်ရှိပြီ။ [...] ကျွန်မထင်တာကတော့ သူတို့ [KNU နဲ့ မြန်မာအစိုးရ] တွေအနေနဲ့ လာကြည့်သင့်တယ်။ ဒါပေမယ့် ဘယ်သူမှမလာဘူး။ သူတို့အနေနဲ့ လာပြီးအားပေးတာ၊ အကြံဉာဏ်ပေးတာနဲ့ ထောက်ပံ့တာတွေ လုပ်ပေးသင့်တယ်။ သူတို့တွေ ဒေသခံလူကြီးတွေကို အထောက်အပံ့တွေပေး၊ မပေးတော့ ကျွန်မတို့လည်းမသိဘူး။ ကျွန်မတို့က ပညာမတတ်တော့ အဲ့ဒါနဲ့ပတ်သက်ပြီး အဲ့ဒီလောက်မသိဘူး။"* [330] ထို့ကြောင့် တာဝန်ရှိသောအဖွဲ့အစည်းသို့မဟုတ် ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်တွင် ပါဝင်သောအဖွဲ့အစည်းများအနေဖြင့် ၎င်းတို့၏ လိုအပ်ချက်များကိုသိရှိရန်နှင့် လိုအပ်သည့်အထောက်အပံ့များရရှိစေရန်အတွက် နေရပ်ပြန်သူများ၏ အခြေအနေများအား ပုံမှန်စောင့်ကြည့် စစ်ဆေးသင့်သည်။

ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ မရှိသည့်အတွက် နေရပ်ပြန်သူအများအပြား စိုးရိမ်နေကြသည်နှင့်ပတ်သက်၍ ဘားအံခရိုင် မယ်လတလောသောမှ UNHCR ၏ အစီအစဉ်ဖြင့် နေရပ်ပြန်လာခဲ့သော နော်ကျ--- က *"သူတို့တွေအနေနဲ့ ကျွန်မတို့လိုအပ်တဲ့ အထက်တန်းကျောင်းတွေ ဆေးရုံတွေကိုတော့ ထောက်ပံ့ပေးသင့်တယ်။"* [331] ဒူးပလာယာခရိုင်၊ ခ--- ကျေးရွာတွင်နေထိုင်သည့် နော်ဘ--- က ဒုက္ခသည်များ နေရပ်သို့ပြန်မလာမီ နေရပ်ပြန်လာမည့်သူများအတွက် လိုအပ်သည်များအားလုံးကို ပြင်ဆင်ထားရန် အရေးကြီးကြောင်း ဤသို့ဖော်ပြခဲ့သည်။ *"နေရပ်ပြန်မယ့်သူတွေအတွက် နေစရာပေးသင့်တယ်။ ဒုက္ခသည်တွေ မပြန်လာခင်မှာ သူတို့အတွက်လိုအပ်တဲ့ ပညာရေး၊ ကျန်းမာရေးနဲ့ အသက်မွေးဝမ်းကျောင်းအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေကို ကြိုတင်ပြီးပြင်ဆင်ထားပေးသင့်တယ်။ နေရပ်ပြန်သူများအတွက် အကာအကွယ်တွေ လုံခြုံရေးတွေ ထားပေးသင့်တယ်။"* [332]

အခြေခံလိုအပ်ချက်များအား ထောက်ပံ့ပေးခြင်းအပြင် KNU နှင့် မြန်မာအစိုးရတို့အကြား အပြန်အလှန်ယုံကြည်မှုများတည်ဆောက်ရာတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုပြုလုပ်ဆောင်ရန် အကြံပြုခဲ့သည်။ ထို့အပြင် အရပ်သားများအား ကာကွယ်ရန်အတွက် အချင်းချင်းကြားတင်းမာမှုများကို နိုင်ငံရေးအရ ညှိနှိုင်းအဖြေရှာမှုများ ပြုလုပ်ရန်အတွက် အကြံပြုခဲ့ကြသည်။ ခလယ်လွီထူခရိုင်၊ လော်မူသောဒေသ (ထူတော်လူ ရပ်ကွက်) မှ စောအအိ--- က *"ကျွန်တော့်အနေနဲ့တော့ နှစ်ဖက်စလုံး အတူတူထိုင်ပြီးဆွေးနွေးညှိနှိုင်းပြီးတော့ ယုံကြည်မှုအပြည့်အဝတည်ဆောက်စေချင်တယ်။ သူတို့တွေကြားမှာ ပဋိပက္ခဖြစ်ရင် အကောင်းဆုံးအဖြေကို ရှာဖို့အတွက် ဆွေးနွေးညှိနှိုင်းသင့်တယ်။ မဟုတ်ရင်တော့ တကယ်လို့ တစ်ခုခုပြင်းပြင်း ထန်ထန်ဖြစ်ပြီဆိုရင် အရပ်သားတွေက အရမ်းနစ်နာရတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ကတော့ သူတို့တွေအချင်းချင်းကြား ယုံကြည်မှုပိုပြီး*

[328] Source #34 တွင်ကြည့်ပါ။
[329] Source #23 တွင်ကြည့်ပါ။
[330] Source #15 တွင်ကြည့်ပါ။
[331] Source #14 တွင်ကြည့်ပါ။
[332] Source #2 တွင်ကြည့်ပါ။

*တည်ဆောက်စေချင်တယ်။"* [333] ခလယ်လ္ဂီထူခရိုင်၊ နို့ရှဲသို့ ပြန်လည်နေထိုင်သည့် စောက--- က ဒေသခံပြည်သူများ၏အမြင်သဘောထားများအား ထုတ်ဖော်ပြောဆိုခွင့်ပေးသည့် အဆင့် များဖော်ဆောင်ပေးရန်နှင့် NCA အား ဖော်ဆောင်သွားရန် ထပ်လောင်းဖော်ပြခဲ့သည်။ *"အဖွဲ့အစည်းတွေအနေနဲ့ရွာသားတွေရဲ့အမြင်သဘောထားကို မှတ်တမ်းတင်တဲ့နေရာမှာ ကူညီပေးသင့်တယ်။ ပြီးတော့ JMC* [334] *အနေ နဲ့လည်း လက်နက်ကိုင်တပ်ဖွဲ့တွေရဲ့ လှုပ်ရှားမှုတွေကို သေချာစောင့်ကြည့်ပြီး ပဋိပက္ခဖြစ်အောင်လုပ်တာတွေ အရပ်သားတွေကို ထိခိုက်စေတာတွေနဲ့ ပတ်သက်ပြီး ကာကွယ်ပေးမှုတွေ လုပ်သင့်တယ်။"* [335]

[333] Source #34 တွင်ကြည့်ပါ။

[334] ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) ကို ၂၀၁၅ ခုနှစ်ကုန်ခါနီးတွင် မြန်မာနိုင်ငံရှိပြည်နယ်နှင့်တိုင်းအဆင့်စတင်ဖွဲ့စည်းပြီး ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်အား လက်မှတ်ထိုးထားသောအဖွဲ့များမှထိန်းသိမ်းလိုက်နာမှုရှိမရှိကို စောင့်ကြည့်ရန်အတွက်ဖြစ်သည်။ ၎င်းတို့၏စောင့်ကြည့်ရေးသည် ဒေသအလိုက်ဖြစ်ပေါ်သော ပဋိပက္ခများအပေါ် အများဆုံးတွေးတောထားသော်လည်း NCA ၏လိုက်နာရမည့်ကတိကဝတ်များအားဖောက်ဖျက်ခြင်းများကြောင့် တိုင်တန်းမှုများအပေါ် တုံ့ပြန်မှုနှေးကွေးခြင်းနှင့် တရားဝင်တိုင်ကြားမှုယန္တရား သို့မဟုတ်လုပ်ပိုင်ခွင့်အာဏာနည်းပါးခြင်းအား တွေ့ရှိနေပါသည်။ သတင်းအပြည့်အစုံကိုဖတ်ရှုရန် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လတွင် The Irrawaddy မှထုတ်ဝေသော "Majority of joint ceasefire monitoring committee complaints are territorial disputes" ကိုကြည့်ပါ။

[335] Source #8 တွင်ကြည့်ပါ။

# နိဂုံးချုပ်

KHRG မှ တွေ့ဆုံမေးမြန်းခဲ့သော နေရပ်ပြန်သူအများစုက ၎င်းတို့အား ဒေသခံလူမှုအသိုက်အဝန်းများနှင့် ပြန်လည်ပေါင်းစည်းရာတွင် အခက်အခဲမျိုးစုံကို ရင်ဆိုင်ကြုံတွေ့ကြရသည်။ UNHCR ၏အကူအညီဖြင့် နေရပ်ပြန်ခြင်းအစီအစဉ်က ဒုက္ခသည်များအတွက် ဘေးကင်းလုံခြုံမှု၊ ဂုဏ်သိက္ခာရှိမှုနှင့် ရေရှည်တည်တံ့သော နေရပ်ပြန်ခြင်းကိုရည်ရွယ်သော်လည်း ဤအစီရင်ခံစာ၏ဖော်ပြချက်အရ လက်ရှိ UNHCR အစီအစဉ်ဖြင့် နေရပ်ပြန်သူများသည် မိမိအစီအစဉ်ဖြင့် နေရပ်ပြန်သူများကြုံတွေ့နေရသော အခက်အခဲများကဲ့သို့ အလားတူရင်ဆိုင်နေကြရသည်။ ပြန်လည်နေရာချထားရေးစခန်းများတွင် ဝင်ငွေရရှိနိုင်သော အလုပ်အကိုင်အခွင့်အလမ်းများမရှိသည့်အပြင် UNHCR ၏ ကနဦးအထောက်အပံ့များသည် နေရပ်ပြန်သူများအတွက် ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းစတင်ရန် လုံလောက်မှုမရှိကြောင်း သက်သေပြနေသည်။ *"နေရပ်ပြန်သည့် ကနဦးအချိန်ကာလများတွင် အသက်ရှင်ရပ်တည်နိုင်ရန်နှင့် အခြေခံဝန်ဆောင်မှုများအားရရှိရန်"* သည် မိမိဆန္ဒအလျောက်နေရပ်ပြန်ခြင်း၏ အဓိကအစိတ်အပိုင်းတစ်ခုဖြစ်သော်လည်း ထိုဒေသများတွင် အခြေခံဝန်ဆောင်မှုများမရှိခြင်းသည် အဓိကစိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။[336]

UNHCR အနေဖြင့် နေရပ်ပြန်သည့်ဒုက္ခသည်များ၏ ပြန်လည်ပေါင်းစည်းမှု အခြေအနေနှင့်ပတ်သက်ပြီး စောင့်ကြည့်ခြင်းများ ပြုလုပ်သွားမည်ဟုဆိုသော်လည်း ဒေသခံအာဏာပိုင်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအပါအဝင် ၎င်းတို့၏နောက်ဆက်တွဲအခြေအနေ လာရောက်စစ်ဆေးမှုများ မရှိခြင်းသည် အဓိကကိစ္စရပ်များထဲမှ တစ်ခုဖြစ်ကြောင်း မေးခွန်းဖြေကြားသူများက တင်ပြခဲ့ကြသည်။ ထိုနည်းတူစွာ "အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် အခြေခံဝန်ဆောင်မှုများရရှိရန်အတွက် ဖော်ဆောင်ပေးမည့် လူထုအခြေပြုစီမံကိန်းများ"[337] သည် UNHCR အနေဖြင့် လုပ်ဆောင်မည်ဟု ကတိကဝတ်ပြုထားသော်လည်း နေရပ်ပြန်သူများအတွက် စီးပွား ရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအား ဖော်ဆောင်ပေးနိုင်ခြင်းရရှိစေခြင်းမရှိဟု KHRGမှလူတွေ့မေးမြန်းသူများက ထုတ်ဖော်ပြောဆိုခဲ့သည်။ ထို့အတွက်ကြောင့် UNHCR ၏အစီအစဉ်ဖြင့် နေရပ်သို့ပြန်လာသော မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ဒုက္ခသည်များ၏လိုအပ်ချက်များကို သိရှိနိုင်ရန်နှင့် လုံလောက်သောအထောက်အပံ့များပေးအပ်နိုင်ရန်အတွက် ၎င်းတို့၏လက်ရှိအခြေအနေအား စောင့်ကြည့်စစ်ဆေးပေးရန် လိုအပ်သည်။ ထို့အပြင် မိမိဆန္ဒအလျောက် နေရပ်ပြန်ခြင်းများ၏ အခက်အခဲစိန်ခေါ်မှုများကို ဖြေရှင်းပေးပြီး နောင်တွင်နေရပ်ပြန်မည့် ဒုက္ခသည်များအနေဖြင့် အလားတူအခြေအနေများကို ရင်ဆိုင်ရခြင်းမရှိစေရန်အတွက် သေချာအောင် ဆောင်ရွက်ပေးရမည်။

တစ်ချိန်တည်းမှာပင် မိမိ၏အစီအစဉ်ဖြင့် နေရပ်ပြန်သူဒုက္ခသည်များနှင့် IDPများ၏ အဓိကလိုအပ်ချက်များကို သိရှိနိုင်ရန်နှင့် ဂုဏ်သိက္ခာရှိစွာဖြင့် ၎င်းတို့၏ဘဝများအား ပြန်လည်ထူထောင်ရာတွင် ကူညီမှုများပေးနိုင်ရန်အတွက် မြန်မာအစိုးရနှင့်သက်ဆိုင်သည့် ပါဝင်ပတ်သက်သူများမှပူးပေါင်းပြီး လုပ်ဆောင်ရမည်ဖြစ်သည်။ နေရပ်ပြန်သူများအတွက် လိုအပ်သည့်အကူအညီနှင့် ဝန်ဆောင်မှုများကို ကူညီထောက်ပံ့မှုများပေးနေသည့် အဖွဲ့အစည်းများအား ဖော်ထုတ်ပြီး ၎င်းတို့၏လုပ်ငန်းအတွက် လိုအပ်သည့်အရင်းအမြစ်များကို လုံလောက်စွာ ကူညီထောက်ပံ့ပေးရမည်။

[336] UNHCR မှ ၂၀၀၄ ခုနှစ်တွင် ထုတ်ဝေထားသော "Handbook for Repatriation and Reintegration Activities" တွင်ကြည့်ပါ။

[337] UNHCR မှ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ထုတ်ဝေထားသော "Third group of Myanmar refugees return home from Thialand with UNHCR support" တွင်ကြည့်ပါ။

# ဓာတ်ပုံ - အရှေ့မျက်နှာဖုံးနှင့် အနောက်မျက်နှာဖုံး

## အရှေ့မျက်နှာဖုံး

ဤပုံကို ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ထိုင်း-မြန်မာနယ်စပ်၌ရှိသော နို့ဖိုးယာယီစခန်းတွင် ရိုက်ယူခဲ့ပါသည်။ ဒုက္ခသည်များသည် UNHCR နှင့် ထိုင်း-မြန်မာအစိုးရတို့၏ တတိယအကြိမ် ပြန်လည်နေရာချထားရေးအစီအစဉ်ဖြင့် မြန်မာပြည်သို့ပြန်ရန် အထုပ်အပိုးများအားစီစဉ်ပြီး သယ်ယူပို့ဆောင်ခြင်းအတွက် စောင့်စားနေကြပါသည်။ ဤတတိယအကြိမ်ပြန်လည်နေရာချထားရေးအစီအစဉ်တွင် နယ်စပ်ရှိဒုက္ခသည်စခန်းငါးခုမှ ဒုက္ခသည် ဦးရေ ၅၀၀ ကျော်ပါဝင်ခဲ့ပါသည်။

## အနောက်မျက်နှာဖုံး

ဤပုံကို ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၇ ရက်နေ့တွင် တောအူး (တောင်ငူ) ခရိုင်၊ ဒွေါဖာခို့ (သံတောင်ကြီး) မြို့နယ်ရှိ ကမ်းနားတစ်ခုတွင် ရိုက်ယူခဲ့ပါသည်။ အီးတူထာစခန်းတွင်နေထိုင်ကြသော IDP တစ်စုသည် တောအူးခရိုင်ရှိ ၎င်းတို့၏ မူလကျေးရွာသို့ ပြန်သွားကြသောပုံဖြစ်ပါသည်။ IDP များသည် ၎င်းတို့ပြန်သွားရာတွင် ပုံမှန်အားဖြင့် ထောက်ပံ့မှုအနည်းငယ်စီ ရရှိကြပါသည်။ ဤ IDP များသည် ၎င်းတို့၏ အထုပ်အပိုးများအားသယ်၍ သယ်ယူပို့ဆောင်ရေးကားဖြင့် လာကြိုမည့်နေရာဖြစ်သည့် ခဲမဖြူဆိပ်ကမ်းသို့ ခြေလျင်ဖြင့်ခရီးနှင်ခဲ့ကြပါသည်။



၂၀၁၅ ခုနှစ် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးပြီးနောက်ပိုင်း နေရပ်ပြန်လည်ပို့ဆောင်ရေးလုပ်ငန်းအစပြုလုပ်ဆောင်ခြင်းများရှိလာသည်နှင့်အမျှမြန်မာပြည်တွင်း၌ဒုက္ခသည်များနှင့်ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်သူ(IDP)များ နေရပ်သို့ပြန်သွားခြင်းများမှာလည်း တစ်ဖြည်းဖြည်းပို၍တိုးများလာခဲ့ပါသည်။ မြန်မာပြည်၏အနာဂတ်တွင် တိုင်းရင်းသားလူနည်းစုများအတွက် တန်းတူညီမျှမှုကိုအာမခံချက်ပေးလိုလျှင် ပြန်လည်အခြေချနေထိုင်သူများ၏ နိုင်ငံရေး၊ စီးပွားရေးနှင့်လူမှုရေးပြန်လည်ပေါင်းစည်းမှုများသည် အရေးကြီးလှပါသည်။ မြန်မာပြည်အရှေ့တောင်ပိုင်း ကျေးလက်ဒေသများတွင် ပြန်လည်နေထိုင်သူဒုက္ခသည်များနှင့် IDP များ၏အခြေအနေသည် လွန်စွာခက်ခဲနေသေးသဖြင့် အများစုသည် အခြေခံလိုအပ်ချက်များအတွက်ရုန်းကန်နေရပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်စတင်ရန်အတွက်လည်း လိုအပ်ချက်များစွာ ရှိနေသေးသည်။

KHRG မှ တွေ့ဆုံမေးမြန်းခဲ့သော နေရပ်ပြန်သူအများစုက ၎င်းတို့အား ဒေသခံ လူမှုအသိုက်အဝန်းများနှင့် ပြန်လည်ပေါင်းစည်းရာတွင်အခက်အခဲမျိုးစုံကို ရင်ဆိုင်ကြုံတွေ့ကြရသည်။ UNHCR ၏အကူအညီဖြင့် နေရပ်ပြန်ခြင်းအစီအစဉ်က ဒုက္ခသည်များအတွက် ဘေးကင်းလုံခြုံမှု၊ ဂုဏ်သိက္ခာရှိမှုနှင့် ရေရှည်တည်တံ့သော နေရပ်ပြန်ခြင်းကိုရည်ရွယ်သော်လည်း ဤအစီရင်ခံစာ၏ ဖော်ပြချက်အရလက်ရှိ UNHCR အစီအစဉ်ဖြင့် နေရပ်ပြန်သူများသည် မိမိအစီအစဉ်ဖြင့် နေရပ်ပြန်သူများကြုံတွေ့နေရသော အခက်အခဲများကဲ့သို့အလားတူ ရင်ဆိုင်နေကြရသည်။ ပြန်လည်နေရာချထားရေးစခန်းများတွင် ဝင်ငွေရရှိနိုင်သော အလုပ်အကိုင်အခွင့်အလမ်းများမရှိသည့်အပြင် UNHCR ၏ ကနဦးအထောက်အပံ့များသည် နေရပ်ပြန်သူများအတွက် ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းစတင်ရန် လုံလောက်မှုမရှိကြောင်း သက်သေပြနေသည်။

နေရပ်ပြန်သူများရင်ဆိုင်နေရသည့် အခက်အခဲများကို သတိမူလာကြစေရန် ယခုအစီရင်ခံစာတွင် မီးမောင်းထိုးပြသထားပါသည်။ သို့မှသာလျှင် ရေရှည်တည်တံ့ပြီးဂုဏ်သိက္ခာရှိသည့်ပြန်လည်နေရာချထားရေးလုပ်ငန်းများ ပို၍ကောင်းမွန်လာစေရန် လုပ်ဆောင်နိုင်မည်ဖြစ်သည်။ *"ကျွန်မ သိလိုက်တာက မြန်မာနိုင်ငံမှာ ကျွန်မတို့အတွက် ဘာအာမခံချက်မှ မရှိဘူး။ [...] နေရပ်ပြန်မယ့်သူတွေအတွက် နေစရာပေးသင့်တယ်။ ဒုက္ခသည်တွေမပြန်လာခင်မှာ သူတို့အတွက်လိုအပ်တဲ့ ပညာရေး၊ ကျန်းမာရေးနဲ့ အသက်မွေးဝမ်းကျောင်းအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေကို ကြိုတင်ပြီး ပြင်ဆင်ထားပေးသင့်တယ်။ နေရပ်ပြန်သူများအတွက် အကာအကွယ်တွေ လုံခြုံရေးတွေ ထားပေးသင့်တယ်။"*

နော်ဘ---၊ ခ--- ကျေးရွာ၊ နို့တကော (ကြာအင်းဆိပ်ကြီး) မြို့နယ်၊ ဒူးပလာယာခရိုင်

KHRG

ကရင်လူ့အခွင့်အရေးအဖွဲ့အား ၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ပြီး မြန်မာပြည်အရှေ့တောင်ပိုင်း ကျေးလက်ဒေသများရှိရွာသားများနှင့် ဒေသခံလူထုများ၏အခြေအနေများအား ၎င်းတို့နှင့်တိုက်ရိုက်တွေ့ဆုံမေးမြန်းခြင်းများ၊ ဓာတ်ပုံနှင့်အခြားအထောက်အထားများအားဖြင့် မှတ်တမ်းတင်မှုများပြုလုပ်ပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့သည် သီးခြားလွတ်လပ်စွာလှုပ်ရှားဆောင်ရွက်သော အဖွဲ့အစည်းဖြစ်ပြီး မည်သည့်နိုင်ငံရေး သို့မဟုတ် အခြားအဖွဲ့အစည်းများနှင့် ပတ်သက်ခြင်းမရှိပါ။